

www.burmeseclassic.com
ဆုမြတ်မွန်မွန်
သင်ဇ၏ အလွမ်းအား အခမ်းအနားဖြင့် ကြိုဆိုပါမည်
L ဏင်
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## သင်၏အလွမ်းအား အခမ်းအနားဖြင့် ကြိုဆိုပါမည်။


စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၈၇၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၃၉၈၀၅၁၂

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

ဆုမြတ်မွန်မွန်

သင်၏အလွမ်းကို အခမ်းအနားဖြင့် ကြိုဆိုပါမည်၊ ဆုမြတ်မွန်မွန် (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၂

၂၈၈-စာ၊ ၁၂×၁၈ စင်တီ

(၁) သင်၏အလွမ်းကို အခမ်းအနားဖြင့် ကြိုဆိုပါမည်


BURMESE CLASSIC .com

### နိုင်ငံတော်၏ အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com





# ဆူပြတ်မွှန်မွှန်

## သင်ဇ၏ အလွမ်းအား
## အခမ်းအနားဖြင့် ကြိုဆိုပါမည်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ငါ့ရင်ဘတ်ထဲက လိပ်ပြာတွေအကုန်လုံး
တောင်ပံခတ် ထွက်ပြေးသွားတဲ့အခါ ...
ရင်ခွင်တစ်ခုလုံး ဟောင်းလောင်းဖြစ်ကျန်ရစ်ခဲ့တယ်
အဲဒီဗလာရင်ခွင်ထဲ
ချစ်ခြင်းတွေ အပြည့်ထည့်ပေးခဲ့တာက
မင်းပါ ရှို ...။

ရယူလိုခြင်းကင်းစင်တဲ့ နှလုံးသားနဲ့
သွေးပျက်မတတ် ချစ်ခဲ့လည်း ...
မင်းဟာ ငါ အိပ်မက်တောင့်မှ ပိုင်ဆိုင်ခွင့် မရတော့မယ့်
ငါ့ရဲ့ အဝေးရောက် ကမ္ဘာလေး တစ်ပွင့်ပါ။ ။

မှေဝတ်ရှာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# ၁

မန္တလေးမြို့ပြင်ကိုအထွက် ပြင်ဦးလွင်ကိုတက်သော ကားလမ်းကို ရောက်ပြီဆိုကတည်းက မြင်ကွင်းတွေမှာ စိမ်းစို လန်းဆန်းသွားတာပါ။ ဒီလိုမြင်ကွင်းတွေနဲ့ ဝေးနေတာကြာပြီဖြစ်တဲ့အတွက် သူက ရေမြေပတ်ဝန်းကျင် သဘာဝရှုခင်းတွေကို အသာငေးမောရင်း ကားကိုဖြည်းဖြည်းပဲ မောင်းလာခဲ့သည်။ အားပါး … ရှူရတဲ့လေတောင် အရသာခြင်း မတူပါ။ ရန်ကုန်က လေထုက ဘာတွေရောပါမှန်းမသိ ပါကာ ရှူလိုက်ရတာတောင် အသက်ရှူမဝတော့သလို့ ခံစားရသေးသည်။

ဒီလိုဒေသက လေထုကတော့ ဟိုး အဆုတ်ထဲထိ အားပါးတရ ရှိုက်သွင်းလိုက်ရင် လူက အားပြန်ဖြည့်လိုက်သလို လန်းဆန်းလတ်ဆတ်သွားသည်။ ရှုခင်းသာဖြစ်သည့် (၅၀)မိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



အရောက်မှာတော့ သူက ကားရပ်လိုက်သည်။ ကားပေါ်မှဆင်းကာ ရှေ့ခင်းသာကို ငေးမောကြည့်ရင်း သူ ငယ်ငယ်က မေမေ အမြဲ ညည်းနေလေ့ရှိသော သီချင်းတစ်ပိုင်းတစ်စလေးကိုတောင် သတိရ သွားသေးလေသည်။

"မေမြို့ သို့မဟုတ် ပြင်ဦးလွင် xxx မြူမှိုးလေးများ အုံ့ဆိုင်းသာလို့ပင် xxx စခန်းသာခေါ်တွင် xxx ပန်းကမ္ဘာ မျှော်စင် xxx မြေလိမ်မြေကောက်လမ်းများ ဖြစ်ကျော်လာ ခဲ့ရင် xxx

မြေပြင်ရှိုင့်ဝှမ်း မန္တလေး xxx အဝေးမှာ မှုန်ဝါး ထင်"

အင်း ... အရင်တုန်းက သူ ငယ်ငယ်တုန်းကထက် စာရင်တော့ သစ်ပင်တွေဟာ ဒီထက်များပြီး စိမ်းလမ်းစိုပြည်တာ ပေါ့လေ။ ဒီနေရာကို ရောက်ပြီဆိုတာနဲ့ ရာသီဥတုက သိသိသာသာ ကို စိမ့်လာတော့တာ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ရန်ကုန်နဲ့စာရင် တော့ ရာသီဥတုက အသိသာကြီး ကွာခြားနေသေးသည်။

သူက မေမေ ဆိုဖူးသော သီချင်းလေးကို သတိရရင်း မေမေ့ကိုပါ ဖုန်းဆက်ဖို့ သတိရသွားသည်။ အဲဒီအချိန်မှာပဲ သူ့ ဘောင်းဘီအိတ်ကပ်ထဲရှိ ဖုန်းက မြည်လာတာ ဖြစ်ပါသည်။

"ဟယ်လို ... မေမေ"





"အေး ... သားလေး။ ဘယ်ရောက်နေလဲ"

"(၂၁)မိုင်မှာ မေမေ။ ခုပဲ မေမေ့ကို ဖုန်းဆက်တော့မလို့"

"ဪ ... ကားရပ်ထားသလား သား"

"ဟုတ်တယ် မေမေ။ ခုပဲ ကားရပ်ပြီး ဖျူးကြည့်နေတာ။ မန္တလေးဘက်ကို မှုန်ပျပျ လှမ်းမြင်နေရတော့ မေမေဆိုပြ ခဲ့တဲ့ သီချင်းလေးကို သွားသတိရနေတာ"

"အံမာလေး ... ငါ့သားလေးက မအေကို ချွဲနေလိုက်တာ"

"ချွဲတာ မဟုတ်ပါဘူး မေမေရာ။ ရင်ထဲရှိတာကို တကယ် ပြောတာပါ၊ ဒီမှာ ရာသီဥတု အရမ်းကောင်းတယ် မေမေ ရ။ မေမေလည်း အမြန်ဆုံးလိုက်လာဖို့ ပြင်ထား"

"အေးပါ သားရယ်။ သား စိတ်ချမ်းသာတယ်ဆိုရင် ပြီး တာပါပဲ။ ကျန်းမာရေးလည်း ဂရုစိုက်နော် သား ...

ကားတွေ ဘာတွေ မောင်းရင်လည်း သေချာဂရုစိုက် မောင်းဦး။ နယ်ဆိုတော့ ဆိုင်ကယ်တွေရော ရထားလုံးတွေ ရောနဲ့ ရှုပ်ယှက်ခတ်နေမှာ ...

ညဘက်လည်း အကျႌလက်ရှည်လေးလောက်တော့ ဝတ်အိပ်။ နေ့ခင်း ဘယ်လောက်ပဲပူပူ ညဘက်တော့အေး တယ်"

"မေမေ အဲဒါတွေက အိမ်မှာလည်း ပြောပြီးသားတွေလေ။ သား အလွတ်တောင် ရနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အလွတ်ရလည်း ထပ်ပြောမှာပဲ။ သားကသာ တစ်ယောက်တည်း ဖြစ်ပါတယ်၊ ရွှတ်ပြောနေလို့သာ လွှတ်လိုက်ရတာ ...

မေမေဖြင့် သားတစ်ယောက်တည်းသွားတာ၊ စိတ်ကို မချဘူး"

"စိတ်ချပါ မေမေရာ။ သားက လွတ်လွတ်လပ်လပ် နေချင်လို့ပါ။ ဒီမှာလည်း ဟိုတယ်မှာ နေမှာပဲ ...

အဆင်ပြေမှာပါ။ အိုခေလေ မေမေ။ ဒါဆိုလည်း သား ခရီးဆက်လိုက်ဦးမယ်။ နောက်မှ ထပ်ဆက်မယ်"

"အေး ... အေး ... သားလေး"

သူ့အမေက ဖုန်းချသွားလျှင် သူက အသာပြုံးပြီးနောက် ဖုန်းကိုအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ သူ့အမေဟာ တခြားမိခင်တွေ သားသမီးကို ချစ်ပါတယ် ဆိုတာထက် ပိုချစ်သော မိခင်တစ်ယောက် ဖြစ်ပါသည်။ သူ ဆယ်နှစ်သားအရွယ်၌ ဖခင်ဖြစ်သူက အက်ဆီးဒင့်တစ်ခုနှင့် ဆုံးပါးသွားပြီးသည့်နောက်ပိုင်းတွင် မေမေက သူ့ကို မိခင်မေတ္တာရော၊ ဖခင်မေတ္တာပါ အပြည့်အဝ ပေးအပ်ခဲ့ပြီး အစွမ်းကုန် ချစ်ပြခဲ့တာဖြစ်သည်။

ထို့အတွက် သူ့မှာ တခြားဖတဆိုး မိတဆိုးတွေလို စိတ်အားငယ်ခဲ့ရတာမျိုး သိပ်မရှိဘဲ ငယ်ငယ်တည်းက ရဲရင့်လုံခြုံ





ခဲ့ရသည်။ မေမေပေးသော စိတ်ဓာတ်ခွန်အားကြောင့် ရဲရင့်ခဲ့ရသလို မေမေ ကြိုးစားခဲ့သောကြောင့်လည်း စီးပွားရေးဟာ ဖေဖေရှိတုန်းကထက်ပင် ဒီရေအလား တိုးတက်မြန်ဆန်ခဲ့သည်။

ပညာတတ်ချင်လွန်း၍သာ နိုင်ငံခြားမှာ ကျောင်းသွားတက်ခဲ့သော်လည်း ကျောင်းပြီးတာနှင့် သူက မေမေ့အလုပ်တွေကို ကူညီဖို့ဟန်ပြင်သည်။ သူ ဝါသနာပါတာက Hotel လုပ်ငန်းတွေဖြစ်တာမို့ သူက Hotel Management ဘာသာရပ်ကို ဆည်းပူးသည်။ ပြီးတော့ သူ့အမေကို ကူညီခဲ့ပါသည်။ အခုလည်း အသစ်ဆောက်လုပ်မည့် ဟိုတယ်အတွက် ပြင်ဦးလွင်သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။

မန္တလေးမှာ အသစ်တိုးချဲ့ထားသည့် ဟိုတယ်ဗုန်မှာလည်း ဟိုတယ်ဆောက်ဖို့ အလုပ်ကိစ္စတွေရှိသဖြင့် အထက်မြန်မာပြည်နဲ့ သူနဲ့ကတော့ စတင်တွေ့ဆုံပြီဟု သတ်မှတ်ရတော့မှာဖြစ်သည်။ သိပ်မကြာခင်မှာပဲ ခပ်သွက်သွက်မောင်းလာသော သူ့ကားလေးဟာ ပြင်ဦးလွင်မြို့အဝင်သို့ စတင်ရောက်ရှိလာသည်။ မြို့အဝင်ကို ဖြတ်ကျော်ပြီး သိပ်မကြာခင်မှာပဲ သူ့မျက်လုံးတွေက ကားလမ်းဘေး တစ်နေရာမှာ ဖွင့်ထားသော Nature House ဆိုသည့် ဆိုင်လေးတစ်ဆိုင်ကို ဖျတ်ခနဲ မြင်လိုက်ရလျှင် ဘာရယ်မဟုတ်ပဲ စိတ်ဝင်စားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးအိမ်လေးနှင့်အတူ ခြံဝင်းထဲမှာလည်း နိုက်ခင်းလေးများကြားမှာ စားပွဲလေးတွေ ချထားတာက စိတ်ဆွဲဆောင်စရာ ကောင်းနေသည်။ သူက ဟိုတယ်သမားပီပီ ဒီလိုမျိုး အနုပညာဆန်ဆန် ဖန်တီးထားသော ဆိုင်လေးတွေဆို သဘောကျနှစ်ခြိုက်တတ်၊ အင်မတန် စိတ်ဝင်စားတတ်တာကြောင့် ရုတ်တရက်ပေါ်လာသော စိတ်ကူးနှင့်အတူ ဆိုင်ရှေ့သို့ ကားကိုထိုးရပ်လိုက်သည်။

ကြည့်စမ်းပါဦး။ သဘာဝရဲ့အငွေ့အသက် ကျေးလက်ရဲ့အငွေ့အသက်မျိုး စိတ်ရှိလက်ရှိကို ဖန်တီးထားတာပါလား။ ဘယ်သူ့စိတ်ကူး Idea မျိုးပါလိမ့်။ သူ ချီးကျူးမိသည်။ ရန်ကုန်မှာတောင် ဒီလိုမျိုး သူ မတွေ့ဖူးခဲ့ချေ။ အေးလေ ... ရန်ကုန်လိုနေရာမျိုးမှာလည်း ဒါမျိုးက ဖန်တီးလို့မှ မရတာ။

"ကြွပါ ... အစ်ကို။ အေးအေးဆေးဆေး နားလို့ရပါတယ်"

ဆယ့်သုံးလေးနှစ်အရွယ် ချာတိတ်လေးတစ်ယောက်က တိုင်းရင်းသားလေသံဝဲဝဲဖြင့် သူ့ကို ခရီးဦးကြိုပြုသည်။ ဘာစားမလဲလို့ မမေးဘဲ အေးအေးဆေးဆေးနားဖို့ပြောသော ဒေသခံတွေရဲ့ ဖော်ရွေသောနှုတ်ဆက်သံကြောင့် သူက ပြုံးမိသည်။

"ဆိုင်လေးက အရမ်းမိုက်တယ်ကွ"

"ဟုတ်ကဲ့ အစ်ကို။ ဒီရှေ့ကဖြတ်သွားတဲ့သူ တော်တော်များများက အဲဒီလိုမြင်ပြီး ဝင်လာနားကြတာ များပါတယ်"





"နားရုံပဲလားကွ။ ဘာမှမစားရဘူးလား"

"စားချင်ရင်လည်း ရပါတယ် အစ်ကို။ Breakfast ရပါတယ်"

"ဟုတ်လား ... Breakfast က ဘာတွေရလဲ"

"ဒီမှာ ... မီနူးပါ အစ်ကို"

ကောင်လေးက မီနူးကို သူ့အားကမ်းပေးသလိုပါးစပ်ကလည်း ပြောသေးသည်။

"ကျွန်တော်တို့ Nature House က Organic စစ်စစ်တွေနဲ့ပဲ ဝန်ဆောင်မှု ပေးတာပါ အစ်ကို ...

ကော်ဖီဆိုလည်း သဘာဝအတိုင်း အရောနှောကင်းတဲ့ ကော်ဖီပါ။ ဒီမှာရတဲ့ မုန့်တွေကလည်း Organic စစ်စစ်ဖြစ်အောင် လုပ်ထားတဲ့ မုန့်တွေပါ ...

နွားနို့ဆိုလည်း ခြံထွက်နွားနို့စစ်စစ်ပါပဲ အစ်ကို။ အဓိက ပြောချင်တာကတော့ ကျွန်တော်တို့ ဆိုင်က Organic ပစ္စည်း အသီးအနှံတွေဖြစ်ဖို့ ရည်ရွယ်ထားတာပါ"

"အင်း ... ဟုတ်ပါပြီ။ ကော်ဖီတစ်ခွက်နဲ့ ပေါင်မုန့်မီးကင်ပေးပါ။ ပြီးတော့ ကြက်ဥပြုတ်ဖရိုက်နှစ်လုံးပေါ့"

"ခဏလေးစောင့်ပေးပါ အစ်ကို"

"အိုခေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် မျက်လုံးအကြည့်တို့ကို ထပ်မံကစားလိုက်သည်။ အပင်မျိုးစုံ စိုက်ပျိုးထားသော၊ စတော်ဘယ်ရီခင်းလေးတွေ ဖန်တီးထားသော ခြံဝင်းလေးကို သူ အတော်ကြီး သဘောကျနေသည်ဟု ဝန်ခံပါသည်။ ဘာတဲ့ ဒီဆိုင်လေးရဲ့ အစားအစာမှန်သမျှဟာ Organic တဲ့။ ဆိုင်ရှင်ဟာ ကျန်းမာရေးအသိအမြင်ရှိပြီး ပညာတတ်တစ်ဦးဖြစ်လိမ့်မည်ဟုလည်း သူ ခန့်မှန်းပါသည်။

"သုံးဆောင်ပါ ခင်ဗျာ။ အဆင်မပြေတာရှိရင် ပြောပါ"

"အိုခေ။ ဒါနဲ့ တစ်ခုလောက် မေးချင်တယ်။ ဒီဆိုင်ရှင်က ဘယ်သူလဲဟင်"

"အဟင်း ... အစ်ကိုက ကျွန်တော်တို့ဆိုင်လေးကို သိပ်စိတ်ဝင်စားနေပြီနဲ့တူတယ်။ ဆိုင်ရှင်က လောလောဆယ် မရှိဘူး အစ်ကို ...

အပြင်ခဏသွားပါတယ်"

"ဪ"

"အစ်ကို့ကြည့်ရတာ ဧည့်သည်နဲ့တူတယ်၊ အားတဲ့အခါ လာလည်ပါ အစ်ကို။ ကျွန်တော်တို့က အမြဲကြိုဆိုနေပါတယ်"

"အေးပေါ့ကွာ။ မင်းတို့ဆိုင်လေးကို နောက်ထပ် ခဏခဏ ရောက်ဖြစ်နေဦးမှာပါ"





"လာခဲ့ပါ အစ်ကို။ ဒီမှာက စားသောက်စရာတွေကို သူ့အချိန်နဲ့သူ ရောင်းပေးပါတယ် ...

မနက်ခင်း Breakfast က ဆယ်နာရီခွဲပြီးရင် မရတော့ပါဘူး။ နေ့ခင်းပိုင်းကတော့ Organic အစားအစာတွေဖြစ်တဲ့ အသီးဖျော်ရည်တို့ ကော်ဖီတို့ တခြားရာသီစာ အစားအစာမျိုးတွေ ရနိုင်ပါတယ် ...

ဪ ... မြို့ထဲက နာရီစင်နားမှာလည်း Organic အသီးအနှံနဲ့ ပေါင်မုန့် ကိတ်မုန့်တွေ ရောင်းတဲ့ဆိုင်ရှိတယ် ခင်ဗျ။ သူကတော့ အရောင်းသီးသန့်ပါပဲ ...

မြို့ပြင်ထိ လာဝမယ်နိုင်တဲ့လူတွေ အတွက်ပေါ့လေ"

"အိုခေ ... ခုလို စိတ်ရှည်လက်ရှည် ရှင်းပြပေးတာ ကျေးဇူးပါပဲ"

"အာ ... မဟုတ်တာ။ ကျွန်တော်တို့ကတောင် ကျေးဇူးတင်ရမှာပါ၊ သုံးဆောင်ပါ အစ်ကို"

ကောင်လေးက ဦးညွှတ်ပြီး အလိုက်တသိနှင့် ပြန်ထွက်သွားချိန်ဝယ် သူက ကော်ဖီကို တစ်ငုံ ငုံမိသည်။ ဘယ်နိုင်ငံကမှ တင်သွင်းလာသော ကော်ဖီစေ့မဟုတ်ဘဲ ပြင်ဦးလွင်ဒေသထွက် သဘာဝကော်ဖီမှုန့်ကို နွားနို့စစ်စစ်ဖြင့် နှပ်ဖျော်ထားတာမို့ အရသာက သဘာဝအတိုင်း ထွက်နေပါသည်။ အ[illegible]တော့

www.burmeseclassic.com



Breakfast ကို ဟိုတယ်ရောက်မှစားဖို့ စိတ်ကူးထားပေမယ့် Nature House က ဆွဲဆောင်မှု အားကောင်းနေခဲ့သည်။

Organic ဖြစ်သော အစားအစာတွေကိုသာ ရောင်းချသည်ဟူသော စိတ်ကူးကောင်းသည့် ဆိုင်လေးကို တကယ်ပဲ နှစ်သက်နေမိခဲ့ပြီတည်း။

"ရှင်းမယ်"

"ဟုတ်ကဲ့ အစ်ကို။ ထောင့်ငါးရာပါ ခင်ဗျာ"

သူက ကျသင့်ငွေ ရှင်းပေးလိုက်ပြီးနောက် ထိုင်ရာမှ ထလိုက်သည်။ ကောင်လေးက သူ့ကို ခေါင်းညိတ်နှုတ်ဆက်သည်။

"နောက်လည်း လာပါ အစ်ကို"

"အေး ... လာတာပေါ့ကွာ။ ဆီးယူ"

သူက ပြန်လည်နှုတ်ဆက်ပြီးနောက် ရပ်ထားသော ကားရှိရာသို့ ပြန်လည်လျှောက်လာခဲ့သည်။ သူ့လိုပဲ တခြားခရီးသွားကားတွေကလည်း ဒီဆိုင်လေးကို စိတ်ဝင်စားသည်ထင်။ ကားရပ်နားကာ စားသောက်ဖို့ ဆင်းလာကြသည်။ ထိုအချိန်တွင် မိန်းကလေးတစ်ယောက်က ဂျစ်ကားတစ်စီးကို မောင်းလာကာ ဆိုင်ရှေ့မှာ ထိုးရပ်လိုက်ရင်း ကားပေါ်က ဖျတ်ခနဲ ခုန်ဆင်းလိုက်သည်။ အပြာနုရောင် ရှပ်အင်္ကျီကွက်ကို လက်ခေါက်ဝတ်ဆင်





ထားပြီး ခပ်မွဲမွဲဂျင်းတစ်ထည်နှင့် မိန်းကလေးဟာ ခရီးသွားမီးခိုးတန်းလေးတော့ ဟုတ်ဟန်မတူပါ။

အညိုရင့်ရောင် ဆံနွယ်ရှည်တွေကို တစ်ချက်ပင့်တင်လိုက်ရင်း ဒီဘက်သို့ ကြည့်လိုက်လျှင် သူနှင့်အကြည့်ချင်းဆုံသွားသည်။ ခဏလေးပါပဲ တကယ်ကို ခဏလေးပဲဖြစ်သည်။ ရုပ်ရှင်တွေထဲက ပြကွက်အတိုင်း ပြောရလျှင်တော့ တစ်ယောက်နဲ့တစ်ယောက် ဖျတ်ခနဲ ဆုံစည်းသွားကြပုံဟာ Slowmotion နဲ့ပြရင်တော့ အကြာကြီးပဲပေါ့။

သူကလည်း ဘာရယ်မဟုတ် သူမကို စိုက်ကြည့်မိသွားသလို သူမကလည်း သူ့အား တည့်တည့်ပြန်စိုက်ကြည့်သလိုဖြစ်သွားသည်။ အဲဒီအချိန်တွင် သူ့ရင်ထဲ၌ တစ်မျိုးမျိုးတော့ဖြစ်သွားခဲ့ပါသည်။ သူက ကားပေါ်တက်လိုက်ချိန်ဝယ် သူမက ဆိုင်လေးထဲသို့ ဝင်ရောက်သွားသည်။

သူသည်လည်း မြို့ထဲသို့ ကားဆက်မောင်းလာခဲ့သည်။ ပြင်ဦးလွင်သည် ရထားလုံးတို့၏ ခြူသံဝေဝေဆာဆာဖြင့် သူ့ကို ကြိုဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ နေကောင်းတယ်နော်"

ဝတ်လွှာရဲ့ တိုးဖွဖွနှုတ်ဆက်သံကို မာမီက ကြားလိုက်တဲ့အလား အနားက သစ်ရွက်တွေက လေမတိုက်ပါဘဲနှင့် ရှဲခနဲ တစ်ချက်လွင့်စဉ်သွားကြသည်။ ဝတ်လွှာက အသာပြုံးလိုက်မိရင်း လက်ထဲကပန်းစည်းကို မာမီရဲ့အုတ်ဂူပေါ်သို့ တင်ပေးလိုက်သည်။

ကွယ်လွန်သူတို့ တည်ရှိရာ သုသာန်သည် လေတိုက်သံ၊ သစ်ရွက်ကျသံ၊ ငှက်တစ်ချို့ အော်သံတို့မှတစ်ပါး ငြိမ်သက်နေသည်ဟု ပြော၍ရသည်။ ဝတ်လွှာကတော့ သုသာန်ကို မသတီစရာ၊ ကျက်သရေကင်းမဲ့သည်ဟု မမြင်ဘဲ အေးချမ်းနေသည်ဟုပဲ မြင်ပါသည်။





"မာမီ ဒီနေရာလေးကို ရောက်လာတာ တစ်နှစ်ပြည့်ခဲ့ပြီနော်။ ဒါပေမဲ့ ဝတ်လွှာအတွက်တော့ မနေ့တစ်နေ့ကလိုပဲ မာမီ ...

ပြီး ... ပြီးတော့လေ ဝတ်လွှာ အားလုံးအဆင်ပြေပါတယ်"

ဝတ်လွှာရဲ့စကားသံအဆုံးတွင် သစ်ရွက်လေးတစ်ရွက်က ရှဲခနဲလွင့်လာပြန်သည်။ ဝေ့တက်လာသော မျက်ရည်စများကြားမှ ဝတ်လွှာက အသာအယာပြုံးကာ စကားဆက်ဆိုမိလေသည်။

"နောင်လွမ်း၊ အိုက်လုံနဲ့ စိုင်းနော်တို့လည်း လိမ္မာကြပါတယ် မာမီ။ ဝတ်လွှာတို့တစ်တွေ မာမီကို အမြဲသတိရနေပါတယ် ...

ဒါ ... ဒါကြောင့် မာမီ ဘာမှစိတ်မပူပါနဲ့နော်။ နောက်ဆံလည်းမတင်းပါနဲ့။ ဝတ်လွှာတို့ အားလုံးအဆင်ပြေပါတယ် ...

မာမီအတွက် နေ့တိုင်း ကုသိုလ်ကောင်းမှု လုပ်ပေးနေတာကိုလည်း သာဓုခေါ်ပါ မာမီ ...

မာမီ့ကို ဝတ်လွှာ ကန်တော့ပါရစေ"

ဝတ်လွှာက အုတ်ဂူဖြူဖြူလေးရဲ့ခြေရင်းမှာ ထိုင်ပြီးနောက် မာမီ့ကို ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်သည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမျှ ဒူးထောက်နေပြီး မျက်လုံးများကို မှေးမှိတ်ထားမိလေသည်။ မျက်လုံးထဲတွင် နူးညံ့ဖွာပြုံးတတ်သော မာမိရဲ့ရုပ်သွင်ကို ပြန်မြင်ယောင်လာသည်။

ဘယ်အကြောင်းအရာနဲ့ပဲ ကြဲ့လာ ကြဲ့လာ သိပ်စိတ်မလှုပ်ရှားနဲ့ သမီးလေး။ ဘဝကို အရိုးသားဆုံးနဲ့ အအေးချမ်းဆုံးဖြစ်အောင် တည်ဆောက်သွားပါ။

မာမိရဲ့စကားသံတွေက ဝတ်လွှာရဲ့နားထဲတွင် ပြန်ကြားယောင်လာသည်။ အင်း ... မာမီဟာ ဝတ်လွှာရဲ့အနားမှာ သက်ရှိထင်ရှား မရှိတော့ပေမယ့် မာမိရဲ့နှလုံးသားဝိညာဉ်တွေကတော့ ပျံ့ဝဲနေဆဲပဲ ထင်ပါရဲ့။ မာမိအကြောင်း စဉ်းစားတွေးတောလိုက်တာနှင့် တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားကာ နွေးထွေးသွားရလေ့ရှိသည်။

ဝတ်လွှာက အုတ်ဂူအဖြူလေးကို ခပ်နက်နက်စိုက်ကြည့်ပြီးနောက် ထိုင်ရာမှ မတ်တတ်ထရပ်လိုက်သည်။

"ဝတ်လွှာ ... သွားတော့မယ် မာမီ"

အဲဒီနောက် ဝတ်လွှာက အုတ်ဂူအဖြူလေးကို ချာခနဲကျောခိုင်းပြီး လှည့်ထွက်လာခဲ့သည်။ အဖြူရောင်ကုတ်အင်္ကျီရဲ့အိပ်ကပ်ထဲသို့ လက်နှစ်ဖက်နှိုက်ပြီး ထင်းရှူးပင်များကြားမှဖြတ်သန်းကာ ရပ်ထားသောကားထဲသို့ ခပ်ဖြည်းဖြည်းပဲ ပြန်လျှောက်လာရင်း ကိုယ့်ဘဝအကြောင်း ကိုယ်စဉ်းစားမိလာသည်။





မာမိ မရှိတော့ပေမယ့် မာမီက ဝတ်လွှာကို စိတ်ဓာတ်ခွန်အားတွေ အများကြီးပေးခဲ့သည်။ အဲဒီခွန်အားတွေနှင့် ဝတ်လွှာသည် ဘဝကို အကောင်းဆုံးတည်ဆောက်ဖို့ ကြိုးစားနေသလို ပတ်ဝန်းကျင်ကို ကောင်းကျိုးပြုသော မိန်းကလေးတစ်ယောက်ဖြစ်ဖို့လည်း လုံ့လထုတ်နေသေးသူ ဖြစ်လေသည်။

ဒါကြောင့် မာမိ မရှိတော့ပေမယ့် စိတ်ဓာတ်ကျနွမ်းကြေနေသည့် ဝတ်လွှာရဲ့ပုံစံကို မြင်ရမည် မဟုတ်ဘဲ တက်ကြွကာ ရဲရင့်သော၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော ဝတ်လွှာကိုသာ တွေ့ရမည် ဖြစ်ပါသည်။ ဝတ်လွှာက ရပ်ထားသော ကားပေါ်သို့ မတက်ခင် မာမိရှိရာ အုတ်ဂူလေးဆီသို့ လှည့်ပြန်ရပ်ကြည့်မိသည်။ သစ်ပင်ကွယ်လေး တစ်ခုကနေ မာမိရပ်ကြည့်နေသယောင်ယောင် မြင်ယောင်လာမိသည်မှာလည်း ထူးဆန်းသော စိတ်ခံစားမှုတစ်ခုပဲ ဖြစ်ပါလိမ့်မည်။

ဝတ်လွှာကအပြုံးတစ်ချက်နှင့် ခေါင်းဆတ်ပြပြီးနောက် ကားပေါ်တက်ကာ အညိုရောင် Police မျက်မှန်ကို တပ်လိုက်သည်။ အဲဒီနောက် မာမိထာဝရနားခိုသော နေရာလေးမှ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ နံနက်ခင်းနေရောင်ခြည်က သိပ်မပူပြင်းတာမို့ ဝတ်လွှာက ကားကိုပုံမှန်မောင်းလာရင်း လည်ပင်းမှာ ပတ်ထားသော ပဝါလေးကို လေတိုးပြီး တဖျပ်ဖျပ်ရိုက်ခတ်နေသော အရသာကို ခံစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပဝါလေးဟာ ဝတ်လွှာကို မာမီလက်ဆောင်ဝယ်ပေးထားခဲ့တဲ့ ပဝါလေးလေ။ မာမီဟာ သူကိုယ်တိုင်လည်း လည်တိုင်မှာ ပဝါဆင်ရတာကို သဘောကျနှစ်ခြိုက်ခဲ့သလို ဝတ်လွှာကိုလည်း ပဝါလေးတွေ စည်းပေးတတ်သည်။ ဒါကြောင့်လည်း ဝတ်လွှာဟာ မအေတူသမီး ပီသစွာ ပဝါလေးတွေကို မြတ်နိုးခဲ့ရသည်။

ဒီပဝါလေးဆိုရင်လည်း ...

ဟင် ...။ ဝတ်လွှာရဲ့အတွေးတောင် မဆုံးလိုက်သေးချေ။ မှုညိထားတာပဲ မမြဲတာလား။ လေကပဲ တိုးလွန်းသောကြောင့်လားတော့ မပြောတတ်ပါ။ ဝတ်လွှာရဲ့ပဝါလေးသည် လည်ပင်းကနေ လျှောခနဲ ကျွတ်သွားကာ ကားပေါ်မှ လွင့်သွားလေသည်။ သိသိလိုက်ခြင်းပဲ ဝတ်လွှာက ကားကိုအရှိန်လျှော့ကာ ဘရိတ်ဖမ်းပြီး ရပ်လိုက်သည်။

ကားပေါ်မှဆင်းပြီး နောက်ဘက်သို့ ကြည့်လိုက်လျှင် ဝတ်လွှာရဲ့ပဝါမှာ နောက်ကမောင်းလာနေသော ကားတစ်စီးရဲ့မှန်မှာ ဘတ်ခနဲပဲ သွားကပ်တာကို မြင်လိုက်ရသည်။ တစ်ဖက်ကကားသမားလည်း အတော်ကိုးရိုးကားရား ဖြစ်သွားပုံပေါ်သည်။ ကားကို အရှိန်လျှော့ပြီးနောက် လမ်းဘေးမှာ အမြန်ထိုးရပ်လိုက်တာကို တွေ့ရသည်။





ဝတ်လွှာနှင့် ထိုကားမှာ ကိုက်ငါးဆယ်လောက်သာ ဝေးတော့တာမို့ ဝတ်လွှာက Harrier ကားလေးရှိရာသို့ လျှောက်လှမ်းလာခဲ့သည်။ ဝတ်လွှာရဲ့ ပဝါအကွက်လေးမှာ တစ်ဖက်ကကားမှန်၌ တမင်ချိန်လုပ်ထားတဲ့အလား ကွက်တိကို ကပ်နေလေသည်။ ဝတ်လွှာအနားသို့ ရောက်သွားလျှင် တစ်ဖက်က ကားမောင်းသူကလည်း ကားပေါ်မှ ဆင်းလာသည်။ ထင်းခနဲပင် မြင်သာသောမြင့်မားသည့် အရပ်အမောင်းရယ်၊ ယောကျ်ားပီသသော မေးရိုးကျကျ မျက်နှာကျရယ်ကြောင့် ဘာရယ်မဟုတ် ဖျတ်ခနဲ စိုက်ကြည့်မိသွားသည်။

သူကလည်း ဝတ်လွှာကို တောက်ပသောမျက်လုံးများဖြင့် စိုက်ကြည့်နေတာနှင့် ကြုံရပါသည်။

"ဆောရီး ... အဲဒီပဝါဟာ ကျွန်မဟာပါ"

"ဪ"

သူက ဪ ... တစ်လုံးရေရွတ်ကာ ကားမှန်မှာ ကပ်နေသော ပဝါလေးကို လှမ်းယူရင်း ဝတ်လွှာကို ကမ်းပေးသည်။ ဝတ်လွှာက အသာအယာ လှမ်းယူပြီးနောက် ...

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာ ပဝါပြန်ရောက်လာပြီမို့ ဝတ်လွှာက လှည့်ထွက်ဖို့ပြင်သည်။ သို့သော် တစ်ခုခုက ညှို့ယူထားသလို ခြေထောက်တွေက အဲဒီနားမှ မခွာနိုင်အောင် ဖြစ်နေတာကတော့ ထူးဆန်းလှသည်။ ဘာသဘောပါလိမ့်။ ဝတ်လွှာ ဆိုတာ စိတ်ဓာတ် ခိုင်ကြည်ပြီး ဘယ်လိုအရာမျိုးကိုမှ မမှုတတ်အောင် မာမီက လေ့ကျင့်ပေးထားခဲ့တာလေ။

"ခွင့် ပြု ပါ ဦး"

ဝတ်လွှာက သေချာသွားလို့ရနိုင်သော နှုတ်ဆက်စကားကို ဆိုပြီးနောက် လှည့်ထွက်ဖို့ပြင်သည်။ ဝတ်လွှာလိုပဲ သူကလည်း ဝတ်စုံတစ်ခု ညှို့ယူခံနေရသလို ငေးမောကြည့်နေရာမှ ဖျတ်ခနဲ သတိပြန်ဝင်လာသလိုဖြစ်ကာ ...

"ဟို ... ခဏ ... လောက်"

အဲဒီအသံကြောင့် လှမ်းထွက်တော့မည့် ဝတ်လွှာ၏ ခြေအစုံမှာ ရပ်တန့်သွားသည်။ သူ ဘာပြောမလို့ပါလိမ့်။ သူနဲ့ ဝတ်လွှာကြားမှာ ဘာစကားမှ သိပ်ပြောစရာမရှိဘူး ထင်တာပဲလေ။

ဝတ်လွှာက သူ့ဘက်သို့ အသာခေါင်းလှည့်ကာ ကြည့်မိသည်။ သူက ဝတ်လွှာကို အချိုမြိန်ဆုံး ပြုံးပြနေကာ ...

"ခင်ဗျားကို ကျွန်တော် မြင်ဖူးသလိုပဲ။ ကျွန်တော်တို့ ဆုံဖူးကြသလားဟင်"





ဟက်ခနဲ တစ်ချက်ရယ်မလို လုပ်ပြီးတော့မှ လျှောင်သလို ဖြစ်သွားမှာ စိုးသဖြင့် မရယ်ဖြစ်တော့ချေ။ အဲဒီလို မရယ်ရက်အောင်ဘဲ သူ့ပုံစံက Gentleman ကျကျ တည်ကြည်နူးညံ့နေသည်။ ဒါကြောင့် ဝတ်လွှာသည် သူ့ကို အသာအယာပဲ ပြန်ပြောမိလေသည်။

"ဟင့်အင်း ...။ ကျွန်မ ရှင့်ကို တစ်ခါမှ မမြင်ဖူးတာ သေချာပါတယ်"

"ဩော် ... ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ကျွန်တော်က ဒီမြို့က မဟုတ်ဘူးဗျ။ ဧည့်သည်ပါ"

"........."

ဝတ်လွှာက ဘာမှပြန်မပြောမိဘဲ ခေါင်းသာတစ်ချက် ဆတ်ပြလိုက်မိ၏။ သို့သော် သူ့ထံက စကားသံ ဆက်ထွက်လာပါသည်။

"ဒါနဲ့ ... ခင်ဗျားကို ကျွန်တော် တွေ့ဖူးတာ Nature House ရှေ့မှာဗျ။ ဟုတ်တယ် ... ဒီဂျစ်ကားနဲ့ပဲ၊ ခင်ဗျား ကားပေါ်ကဆင်းပြီး ဆိုင်ထဲကို ဝင်သွားတာ"

အဲဒီစကားကြောင့် ဝတ်လွှာက ပါးစပ်အဟောင်းသား ပွင့်တော့မလို ဖြစ်သွားသည်။ အစတည်းက တွေ့တွေ့ချင်း မြင်ဖူးတယ်လို့ ပြောတာတောင် သက်သက်လာကြောင်တယ်ဟု



www.burmeseclassic.com

www.burmeseclassic.com



မထင်ခဲ့သော ဝတ်လွှာမှာ သူ အခုလို ပြောလိုက်သောအခါ ဘာပြန်ပြောရမှန်းမသိဘဲ SHOCK ဖြစ်သွားလေသည်။ သူ အမှန်တွေ ပြောနေတာပဲ။

"ဟုတ်လား ... အဲဒီဆိုင်ကို ခင်ဗျား သွားဖူးလား"

အဲဒါ ကျွန်မဆိုင်ပဲလေဟု ဝတ်လွှာ ပြောမထွက်ချေ။ သူ ရောက်လာမှာစိုးလို့လား။ ဟာ ဟ ... အဲဒီအတွေးသာ ဒီတစ်ယောက်သိရင် ဘယ်လောက်တောင်များ ရယ်မောနေမှာပါလိမ့်။

"အင်း ... သွားတော့ သွားဖူးသလိုပဲ"

"အိုခေ ... ဒါဆိုရင် ခင်ဗျားကို ကျွန်တော် အဲဒီမှာတွေ့ခဲ့ဖူးတာ အသေအချာပဲပေါ့ ...

ဒါဟာ ဒုတိယအကြိမ်မြောက်တွေ့ဆုံခြင်းပဲ။ ခင်ဗျားကို ကျွန်တော် တကယ်မြင်ဖူးခဲ့တယ်ဆိုတာ ယုံပြီမဟုတ်လား"

"ယုံပါတယ်"

ဝတ်လွှာရဲ့စကားက ဘာမှလဲ ရယ်စရာမပါဘဲနှင့် သူက အသာရယ်မောသည်။ ကာကီရောင် လှုငယ်ဂျာကင်ကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားပြီး ယောကျ်ားပီသသော သူက ဝတ်လွှာကို ရူးစူးနင့်နင့် စိုက်ကြည့်ရင်း ဆက်ပြောသည်။





"ကျွန်တော့်နာမည် နေမင်းချိုပါ။ ရန်ကုန်ကလာတဲ့ ဧည့်သည်ပေါ့။ ဒီမှာ ရှိနေဦးမှာပါ"

"ဟုတ်ကဲ့"

ဝတ်လွှာက ကိုယ့်ကိုယ်ကိုယ် ပြန်မိတ်မဆက်ဘဲ နေ့နေမိလျှင် သူက တစ်ခဏတော့ စောင့်ကြည့်နေပြီးမှ ခေါင်းတစ်ချက်ဆတ်သည်။

"ခင်ဗျား Nature House ကို မကြာခဏသွားလေ့ရှိလား ဟင်"

ဝတ်လွှာ ပြုံးမိတော့မလို ဖြစ်သွားသည်။ ဒါပေမဲ့ ချက်ချင်းပဲ အပြုံးကို ထိန်းသိမ်းထားနိုင်လိုက်ပါသည်။

"အင်း ... ဆိုပါတော့"

"အိုခေလေ။ ဒါဆို ကျွန်တော်တို့ ဆုံဖြစ်ကြမှာပါ"

"ကျွန်မကို ခွင့်ပြုပါဦး"

ဝတ်လွှာက ဒီတစ်ခါတော့ တကယ်သွားတော့မည့် ပုံစံမျိုးဖြင့် အတည်ပြုနှုတ်ဆက်ပြီးလျှင် ထိုနေရာမှ လှည့်ထွက်လာခဲ့သည်။ သုံးလေးလှမ်းလောက်ပဲ ရှိဦးမည်။ သူ့ထံက ခေါ်သံထပ်ထွက်လာသည်။

"ဒီမှာ"

ဝတ်လွှာက ခြေစုံရပ်မိသွားသော်လည်း လှည့်တော့ မကြည့်ဖြစ်သေးချေ။ သူ့ထံက စကားသံ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခါ ထပ်ဆုံခဲ့ရင် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ခွင့် ရှိမယ် မဟုတ်လား"

အခုတစ်ကြိမ်ကတော့ မိတ်ဆွေဖြစ်ဖို့ မလုံလောက်သေးဘူးပေါ့။ သူ့စိတ်ဓာတ်ကို ဝတ်လွှာ လေးစားသွားရသည်။ ပဝါလေးတစ်ထည်ကို အကြောင်းပြုပြီး ပြင်ဦးလွင်–လားရှိုး အဝေးပြေးလမ်းမကြီးပေါ်မှာ မိတ်ဆွေမဖွဲ့ချင်သေးသော၊ တစ်နည်းအားဖြင့် ဝတ်လွှာကို Respect ပေးပုံရသော သူ့ကို တကယ်ပဲ အမှတ်တထင် ရှိနေတော့မှာပဲလေ။

ဝတ်လွှာက ခန္ဓာကိုယ်ကို မလှည့်ဘဲ ဦးခေါင်းတင် ၄၅ စောင်းငဲ့ကြည့်မိသည်။ သူက ဝတ်လွှာကို ရင်းနှီးနွေးထွေးသော အပြုံးတစ်ခုဖြင့် လက်ပိုက်ကြည့်နေသည်။ ဝတ်လွှာသည် သူ့စတိုင်လ်ကို သဘောတကျဖြင့် နှစ်နှစ်မြိုက်မြိုက် ပြုံးပြကာ ခေါင်းတစ်ချက်ညိတ်ပြလိုက်မိသည်။ အဲဒီအခိုက်တွင် သူ့သွားတန်းလေးက ဖွေးခနဲ ညီညီစီစီ ပေါ်လာကာ ဝတ်လွှာကို လက်ပြင်းကျန်ရစ်ခဲ့လေသည်။

ဝတ်လွှာက ကားပေါ်တက်ရင်း မောင်းထွက်လာခဲ့သည်။ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်မိတော့ သူ့ကားက ချက်ချင်းပါမလာပါ။ တမင်လိုက်မလာတာ နေမှာပေါ့လေ။ တကူးတက ဖန်တီးရတဲ့လုပ်ရပ်မျိုးကို ဝါသနာပါသူ မဟုတ်ဟု မှတ်ချက်ချရသည်။ ဘာပဲဖြစ်ဖြစ် မာမီ့ကိုပဲ သတိရမိပါသည်။



မာမီရေ ... မာမီ့ဆီကအပြန် လူတစ်ယောက်နဲ့ ဝတ်လွှာဆုံခဲ့ရတယ်။ မာမီ့ပဝါလေးနဲ့ ပတ်သက်ပြီးတော့လေ။ သူနဲ့ထပ်ဆုံရလိမ့်မယ်လို့ ဝတ်လွှာ ထင်နေတယ် မာမီ။

♣ ♥ ♣

www.burmeseclassic.com

www.burmeseclassic.com



၃

"အူး ... မောင်မျိုးရေ၊ ပြီးရင်တော့ ငါ့အတွက် ကော်ဖီ တစ်ခွက်နဲ့ ဆေးတစ်မျိုးမျိုး စီစဉ်ပေးစမ်းကွာ ...

အခြေအနေ မကောင်းချင်တော့ဘူး"

သူက နားထင်ကို လက်နှင့်အသာထောက်ရင်း ပြောလိုက်ပြီးနောက် ဆိုဖာပေါ်မှာ ခပ်လျှော့လျှော့ ပစ်လှဲထိုင်လိုက်သည်။ မနေ့တည်းက ပြင်ဦးလွင်ကနေ၍ မန္တလေးသို့ ဟိုတယ်ဖုန်ကိစ္စအတွက် ဆင်းလာခဲ့တာဖြစ်ပြီး အလုပ်တွေ ဆက်တိုက်လုပ်ခဲ့သည်။ နေပူမိသွားသောကြောင့်လားတော့ မသိချေ။ ခေါင်းတွေကိုက်ကာ လူက Air Con ဖွင့်ထားသော ရုံးခန်းထဲရောက်ပြန်တော့ အပူရှပ်ပြီး ဖျားချင်သလိုလို ဖြစ်လာသည်။

"ပြီးရင် ငါ့ကားကို ဆီထည့်ခိုင်းလိုက်ကွာ"





သူ့ရဲ့လက်ထောက်ကောင်လေး မောင်မျိုးက သူ့ကို အံ့ဩသလိုကြည့်ကာ ...

"အစ်ကို ဒီည ပြန်မလို့လား"

"အေးလေ ... ဘာဖြစ်လို့လဲ"

"နေကောင်းတာလည်း မဟုတ်ဘဲနဲ့ အစ်ကိုရယ်၊ မနက်ကျမှ ပြန်ပါလား"

"ရပါတယ်ကွာ၊ ဒီလောက်လေးနဲ့ နမနေပါဘူး"

"ဩော် ... တစ်နေကုန်လည်း ပင်ပန်းထားတာကို အစ်ကိုရယ်၊ ညဘက်အိပ်ပြီး မနက်စောစော ထပြန်ပေါ့ ...

ဒါမှမဟုတ်လည်း ကျွန်တော် လိုက်မောင်းပေးမယ်လေ"

"ရပါတယ်ကွာ။ မန်းလေးနဲ့ ပြင်ဦးလွင်များ ခဏလေးနဲ့ ရောက်သွားမှာပဲ။ အဲလောက်လည်း မဟုတ်ပါဘူး"

"ဧကန္တတော့ ... ဧကန္တပဲ၊ ဟဲ ... ဟဲ ...။ စောင့်နေမယ့်သူ ရှိနေပြီလား အစ်ကိုရ"

အဲဒီစကားကြောင့် သူက ဟက်ဟက်ပက်ပက်ရယ်မိသည်။ ရယ်ရင်းနဲ့မှ တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရမိရင်တော့ ရင်ထဲမှာ တစ်မျိုးဖြစ်သွားတာကို ဝန်ခံရပါမည်။ သူ့ကြောင့်များ သူမက ခေါင်းထဲရောက်လာတာပါလိမ့်။ ဟာဥပုံ



www.burmeseclassic.com

www.burmeseclassic.com



Police မျက်မှန်ကို အင်္ဂျနီလာဂျိုလီ တပ်တာကလွဲပြီး ဘယ်မိန်းမ နဲ့မှ မလိုက်ဖက်ဘူး ထင်ထားခဲ့တာ။

ခုတော့ သူမက ဂျိုလီတပ်ထားတာထက်တောင် ကြည့်ကောင်းနေသေးသည်။

"ဟော ... ပြောရင်း ငိုင်သွားတယ်။ ဘာလဲ အစ်ကို။ ပြင်ဦးလွင်မှာ တကယ်တွေ့နေပြီလား။ ပြင်ဦးလွင်သူတွေ က တကယ်ချောတာနော်"

"မတွေ့ပါဘူးကွာ။ တွေ့စရာလား မင်းကလည်း။ ငါရောက်တာမှ နှစ်ပတ်လောက်ပဲ ရှိသေးတဲ့ဟာ"

"ဟား ဟား ... ဒါဆိုရင် ကြာလာရင်တော့ တွေ့မယ့်သဘော ရှိတယ်။ အိုခေ ... အစ်ကို၊ ကျွန်တော် ဆီသွားထည့်လိုက် ဦးမယ်"

မောင်မျိုးက အပြင်ထွက်သွားပြီးနောက် ခဏအကြာ တွင် မွေးပျံ့နူးညံ့သော ဆီချက်ခေါက်ဆွဲတစ်ပွဲရယ်၊ ကော်ဖီတစ် ခွက်ရယ်နှင့်အတူ ဆေးတစ်ခွက်စာရယ်က ရောက်လာသည်။ သူက ညစာအဖြစ် ဆီချက်စားပြီးတော့မှ ကော်ဖီနဲ့ဆေးကို သောက်လိုက်သည်။ စားသောက်ပြီး လူကလည်း ပင်ပန်းထား သဖြင့် ငိုက်တိုက်တိုက် ဖြစ်လာကာ ဆိုဖာပေါ်မှာ မှေးခနဲဖြစ် သွားသေးသည်။





သို့သော် စိတ်ဒုံးဒုံးချပြီး အိပ်တာမဟုတ်သောကြောင့် ဆတ်ခနဲ နိုးလာချိန်ဝယ် မောင်မျိုးက ဘေးမှာပြုံးစိစိဖြင့် ကြည့် နေသည်။

"အစ်ကိုရာ ... ဒီမှာပဲ ညအိပ်လိုက်ပါဆိုတာကို ဘာလို့ လက်မခံချင်ရတာလဲ။ ဟိုမှာ မျက်နှာမြင်ချင်လှတဲ့သူလည်း ရှိတာမဟုတ်ဘဲနဲ့"

သူက ဘာမှမပြောတော့ဘဲ ဝါးခနဲ သမ်းရင်း အညောင်းဆန့်လိုက်သည်။ နာရီကိုကြည့်မိတော့ ဆယ်နာရီထိုး နေပြီ။ သူက စားပွဲပေါ်မှ ကားသော့ကို ကောက်ယူလိုက်ပြီး နောက် ...

"အိုခေ ... ငါ သွားတော့မယ် မောင်မျိုး။ မနက်ဖြန် ရုံး ကိစ္စကိုတော့ မင်းပဲ အဆင်ပြေအောင်လုပ်လိုက်။ မနက် ဖြန် သောကြာဆိုတော့ အဲဒီနေ့ပဲ အပြီးလုပ်လိုက်ကွာ။ စနေနေ့ကို မင်းနား။ တနင်္ဂနွေကို ပြင်ဦးလွင် တက်ခဲ့လိုက်။ ဟုတ်ပြီလား ... ညနေဘက်လောက်ဖြစ်ဖြစ်ပေါ့။ တနင်္လာ ကျရင် ရွှေလီဘက်က အဝယ်တော်တစ်ယောက်နဲ့ တွေ့ဖို့ ရှိတယ်"

"Yes Sir ... အားလုံး အဆင်ပြေစေရပါမယ်ခင်ဗျာ"

"အိုခေ ... ဒါဆို ငါ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက မန္တလေးရုံးခန်းရှေ့မှာ ရပ်ထားသော သူ့ကားပေါ်သို့တက်ကာ မောင်းထွက်လာခဲ့သည်။ ညဘက်မို့ မန္တလေးရဲ့အပူရှိန်သည် သိပ်မပြင်းတော့ဘဲ လေနအေးတွေတောင် တိုက်ခတ်နေသည်။ သူက သဘာဝရဲ့လေနအေးတွေကိုပဲ သဘောကျနှစ်မြို့က်သူမို့ ကား Air Con တောင် မဖွင့်တော့ဘဲ မှန်တွေချကာ မောင်းလာခဲ့သည်။

ပြင်ဦးလွင်ဘက်ကိုအထွက် အောင်ပင်လယ်ဘက်က လယ်ကွင်းတွေမှာ ညရဲ့လရောင်အောက်၌ တိတ်ဆိတ်နေကြသည်။ သူက လင်းလင်းရဲ့စီဒီတစ်ချပ်ကိုဖွင့်ရင်း ကားကို ပုံမှန်ပဲမောင်းလာခဲ့သည်။ အင်း ... ဒီလိုအချိန် သူ့နံဘေးမှာ အဖော်လေးတစ်ယောက်လောက်ပါရင် သိပ်ကောင်းမှာပဲ။ ညရဲ့လရောင်အောက်က သဘာဝရှုခင်းတွေကို ငေးမောရင်း ဘေးကအဖော်လေးတစ်ယောက်နဲ့ စကားစမြည်လေး ပြောသွားရရင်လေ ...။

ဒီအဖော်ဟာ သူငယ်ချင်းတစ်ယောက်ယောက် ဒါမှမဟုတ် သူ့ချစ်သူ ရည်းစားလေးတစ်ယောက်လောက်ဖြစ်ဖြစ်ဆို ဘယ်လောက်ကောင်းမလဲ။ အင်း ... ရည်းစားဆိုမှပဲ သူ့ကိုယ်သူ ရည်းစားမရှိတာ တော်တော်ကြာပြီဟု သတိရမိသည်။ ဘဝမှာ ရည်းစားလေး နှစ်ယောက်တစ်ပိုင်းသာ ထားဖူးလျက် ခုတော့လည်း ကိုယ့်လမ်းကိုယ်လျှောက်ကာ ဘယ်တွေတောင် ရောက်နေမှန်းမသိ





တော့ပါ။ တကယ်ပဲ စူးစူးနင့်နင့် မချစ်ခဲ့လို့လားတော့ မပြောတတ်ချေ။ ကွဲကွာခဲ့တော့လည်း ဘာမှထူးထူးခြားခြား မခံစားခဲ့ရပါ။ နိုင်ငံခြားမှာ ကျောင်းတက်စဉ်က တွဲခဲ့တာမို့ ရည်းစားဆိုတာထက် ပါတနာလိုမျိုးသာ ဖြစ်ခဲ့တာရယ်ပါ။

အင်း ... အချစ် ... အချစ်။ လူတွေ ပြောပြောနေကြတဲ့၊ လူတွေရူးသွပ်နေကြတဲ့ အချစ်။ သူလည်း တစ်စုံတစ်ယောက်ကို ရူးသွပ်စွာ မြတ်နိုးစွာ ချစ်ပစ်လိုက်ချင်သေးသည်။ ခက်တာက သူ့နှလုံးသားကို အဲဒီလောက် လွှမ်းပြုစားနိုင်သော မိန်းကလေးမျိုးကို မတွေ့သေးတာပါပဲ။

အင်း ... ဒါပေမဲ့ ...။

အဲဒီအနိုက်တွင် သူ့အာရုံထဲ၌ မိန်းကလေးတစ်ယောက်ရဲ့ ပုံရိပ်က ဖျတ်ခနဲ ပေါ်လာသည်။ Police မျက်မှန်ဘဲဥပုံတပ်ထားကာ ဘာဘာရီအကွက်ပဝါလေးကို လည်ပင်းမှာ ပတ်ထားလျက် ကုတ်အင်္ကျီဖြူကို ဝတ်ထားသော နွေးထွေးသည့် အပြုံးပိုင်ရှင် သူမ။ အမှတ်တမဲ့ တွေ့ခဲ့ရသည့် မိန်းကလေးတစ်ယောက်ကို ဘာကြောင့်များ သတိတရ ဖြစ်နေပါလိမ့်နော်။ အင်း ... သူမက ကြည့်ကောင်းလို့ နေမှာပါ။ ကြည့်ကောင်းချောမောတဲ့ မိန်းကလေးတစ်ယောက်ကို သတိရမိတာ မဆန်းပါဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားမောင်းနေတာမို့ အမှတ်တရ မိန်းကလေးကို ခေါင်းထဲက ဖယ်ထုတ်လိုက်ကာ ခပ်သွက်သွက် ဆက်မောင်းလာခဲ့သည်။ ပြင်ဦးလွင် ရောက်ခါနီးမှာတော့ လူက ပင်လည်းပင်ပန်းနေပြီ ဖြစ်သောကြောင့် စိတ်လျှော့ကာ မောင်းလိုက်သည်။ အပြင်ကဝင်လာသော လေနအေးက သူ့ကို ချော့သိပ်နေသည့်အလားဖြစ်ကာ အိပ်ငိုက်စေသည်။ ကိုယ့်ကိုယ်ကိုယ် အိပ်ငိုက်နေပြီဟု သိသောကြောင့် စိတ်ကိုထိန်းကာ မျက်လုံးကို အတင်းပဲဖြဲမောင်းရသည်။

ဒါပေမဲ့ ကမ္ဘာပေါ်မှာ အလေးဆုံးအရာဟာ မျက်ခွံမဟုတ်လား။ သူ့မျက်လုံးတွေဟာ ပိတ်,ပိတ်ဆင်းသွားသည်။ တစ်ချိုမှာတော့ မျက်လုံးက စင်းပြီးငိုက်အသွားမှာ' ရှေ့ကကားဟွန်းတီးသံ ပွမ်ခနဲ ကြားလိုက်ရသည်၊ အဲဒီမှာ ထိတ်ခနဲဖြစ်သွားပြီး မျက်လုံးက ရှေ့တည့်တည့်သို့ ကြည့်မိလျှင် သူ့ကားဦးခေါင်းက တစ်ဖက်ကလာသော ကားတစ်စီးထံ ခေါင်းတည့်နေတာကို တွေ့လိုက်ရလေသည်။

"ဟာ"

အဲဒီခါမှ သူက ခေါင်းနပမ်းကြီးသွားပြီး စင်တီရာတိုင်ကို ကမန်းကတန်း အမြန်လှည့်ရသည်။ ကံကောင်းထောက်မစွာဖြင့် သူ့ခေါင်းဟာ တစ်ဖက်ကားနှင့် သီသီလေး လွတ်သွား





သည်။ သို့သော် ကံမကောင်းသေးတာက အလှည့်လွန်ပြီး သူ့ကားဟာ လမ်းဘေးက သစ်ပင်ကြီးတစ်ပင်ဆီသို့ ဦးတည်ပြီးပြေးဝင်သွားလျှင် သူက ကမန်းကတန်းဖြင့် ဘရိတ်ဖမ်းနင်းသော်လည်း မမီတော့။

ကားခေါင်းနှင့် သစ်ပင်တိုက်မိပြီးနောက် စင်တီရာတိုင်နှင့် သူ့နဖူးဆောင့်မိကာ မူးဝေမေ့လျော့သွားလေတော့သည်။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း"

ဝတ်လွှာသည် သတင်း Website တစ်ခုမှာ သတင်းဖတ်နေရာမှ ဒုန်းခနဲမြည်သော အသံကျယ်ကြီးကို ကြားလျှင် လန့်ဖျပ်သွားရသည်။ ဘာသံကြီးပါလိမ့်။ နာရီကိုယောင်ယမ်းပြီး ကြည့်မိသောအခါ ညဆယ့်တစ်နာရီခွဲနေပြီ။ ဒီအချိန်ကြီးမှ ကြားရတာ ဘာသံကြီးပါလိမ့်နော်။ ကားတိုက်တာများလား။ ဒီလိုတွေးမိတော့မှပဲ ထိုင်ရာမှ ဆတ်ခနဲထကာ အခန်းထဲကထွက်၊ အပေါ်ထပ်ကနေ၍ အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

ခြံရဲ့ထောင့်၊ နောက်ဘက်စွန်းစွန်းနေရာမှာ ဝတ်လွှာနေထိုင်သော အဖြူရောင်သစ်သားပျဉ်ထောင်အိမ် နှစ်ထပ်လေးရှိသည်။ အောက်ထပ်မှာ မွေးစားထားသော ပအိုဝ့်မလေးနှစ်ယောက်ကို ထားထားပြီး ဆောဘက်က တန်းလျားလေးတွင်တော့ ခြံထဲနှင့်ဆိုင်မှာ အလုပ်လုပ်သည့် ကောင်လေးတွေရှိသည်။ ဝတ်လွှာ



သည် လက်နှိပ်ဓာတ်မီးကို ယူပြီးနောက် တန်းလျားက တံခါးကို ထုကာ၊ စိုင်းနော်ကို နှိုးသည်။

"စိုင်းနော် ... စိုင်းနော် ... ထစမ်း"

"အင် ... လာ ... လာပြီ ... မမ"

"အိုက်လုံ ... ထ ... ထ ...။ မမ နှိုးနေတယ်"

ဒါမျိုးဆို စိတ်ချရသော စိုင်းနော်က မနှိုးနိုင်းပါဘဲနှင့် အိုက်လုံကိုပါနှိုးသည်။ အိပ်ချင်မူးတူးဖြင့် ထလာကြသော နှစ်ယောက်သားကိုခေါ်ကာ ဝတ်လွှာက အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"အိမ်ရှေ့မှာ ဘာဖြစ်လဲ မသိဘူး။ အသံကျယ်ကြီးတစ်ခုကို ကြားလိုက်ရတယ်"

ဝတ်လွှာက ဆိုင်ရှေ့မှာ မီးထွန်းထားသော်လည်း ကောင်းကောင်းမမြင်ရသဖြင့် ဓာတ်မီးနှင့် ထိုးကြည့်လိုက်လျှင် မျက်ခုံးအစုံမှာ ပင့်တက်သွားရသည်။ အလိုလေး ... တန်ဖိုးကြီးမား အပျံစားကား ဟာရီယာမှာ ခြံရှေ့က ပျဉ်းမပင်ကြီးကိုတိုက်ကာ ရပ်နေပါလား။

"ဟယ် ... ဒုက္ခပဲ။ အထဲကလူတွေ သေကုန်ပြီလား မသိဘူး"

"အပြင်ထုတ်ရမလား မမ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... ထုတ်ရမှာပေါ့။ ထုတ် ... ထုတ်။ မြန်မြန်လေး"

စိုင်းနော်နှင့် အိုက်လုံက ကားတံခါးကိုဖွင့်ကာ အထဲကလူကို ဆွဲထုတ်ဖို့ ကြိုးစားသည်။ တော်သေးတာပေါ့။ ကားတံခါးကို အလွယ်တကူ ဖွင့်လို့ရလိုက်တာ။ ဒီလိုကားမျိုး စီးသူတွေက မှန်အလုံပိတ်ပြီး Air Con ဖွင့်ကာ စီးတတ်သူတွေလေ။ စိုင်းနော်က အတွင်းမှလူကို ထုတ်ဖို့ကြိုးစားရင်း အော်သည်။

"မမ ... အထဲမှာ လူက တစ်ယောက်တည်း ပါတာဗျ။ သိလား ... မောင်းတဲ့သူ တစ်ယောက်တည်းပဲ"

"ဟုတ်လား။ အေး ... အေး ... ကောင်းတာပေါ့"

"သွေးတွေတော့ ထွက်နေတယ် မမရေ။ ခေါင်းကွဲသွားတယ်နဲ့တူတယ်"

"ဟုတ်လား။ အင်း ... နင်တို့တန်းလျားရဲ့ ထိပ်ဆုံးအခန်းကို ခေါ်သွားလိုက်။ သူ့ကိုချပြီးရင် အိုက်လုံက ရေမွေးတည်၊ ပြီးရင် ငါ့ဆေးသေတ္တာကို သွားယူခဲ့"

"ဟုတ်ကဲ့"

ဝတ်လှာက ခါတ်မီးဖြင့် ကားကိုလှည့်ပတ်ကြည့်မိသည်။ ကားရှေ့ပိုင်းရဲ့ညာဘက်မီးခွက် ကွဲနေပြီး ပိန့်ရှုံ့နေသည်က လွဲ၍ တခြားနေရာကတော့ ကြီးကြီးမားမား မပျက်စီးပါ။ အင်း ...



ဒီကားကို ဒီအတိုင်းထားလို့တော့ ဖြစ်မှာမဟုတ်ဆိုတော့ ခြံထဲသို့ သွင်းရဦးမည်။ အိုက်လုံနှင့် စိုင်းနော်က ကားပေါ်လူကိုမ,၍ ခြံထဲ ဝင်သွားလျှင် ဝတ်လှာသည် ကားပေါ်တက်ပြီး စက်နှိုးကြည့်လိုက်သည်။

အင်း ... ကားကောင်းတို့ရဲ့ ထုံးစံအတိုင်း ဒီလောက်နဲ့တော့ ဘာမှမဖြစ်ပါဘူး ဆိုတဲ့သဘောလား။ ကားစက်ကနိုးသွားလျှင် ဝတ်လှာက နည်းနည်းတောင် ပြုံးမိသွားရသည်။ ဝတ်လှာက ကားကို ဘက်ဂ်ီယာထိုးပြီး ပြန်ဆုတ်ကာ ခြံထဲသို့ မောင်းသွင်းလိုက်သည်။ ပြီးတော့ ဒဏ်ရာရထားတဲ့လူရှိရာ အခန်းထဲသို့ အပြေးဝင်လာခဲ့သည်။ ထိုအခန်းလေးမှာ ဝတ်လှာ ဆေးကုပေးသော ဆေးကုခန်းဆိုလည်းဟုတ်၊ ညသည် ဘာညာ လာခဲ့လျှင်လည်း ပေး၍တည်းခိုစေသော အခန်းဆိုလည်း ဟုတ်လေသည်။

"ရေမွေးရပလား"

"ရပြီ မမ။ ဒီမှာ"

"အေး ... အေး"

ဝတ်လှာက လက်အိတ်ကို ကောက်စွပ်လိုက်ပြီး နောက် ခုတင်ပေါ်မှာ သတိမေ့နေသော လူနာအနားသို့ တိုးကပ်လာခဲ့ရင်း မျက်နှာသို့ ကြည့်မိလိုက်လျှင် ပါးစပ်အဟောင်းသား ပွင့်သွားရသည်။ "ဟင်"ခနဲ မြည်သွားသံက ပါးစပ်က ထွက်မလာ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရင်ထဲမှာသာ မြည်ဟီးသွားသည်။ နားထဲတွင် ဒီတစ်ယောက် ပြောသွားခဲ့သော စကားတို့ကို ကြားယောင်လာသည်။

{နောက်တစ်ခါ ထပ်ဆုံခဲ့ရင် ခင်ဗျားနဲ့ မိတ်ဆွေဖြစ်ခွင့် ရှိမယ် ထင်ပါတယ်နော်}

အလိုလေး ... ဒီလိုပုံစံနဲ့တော့ ရှင်ကို ပြန်ဆုံတွေ့ရလိမ့်မယ်လို့ ဘယ်လိုမှ မျှော်လင့်မထားခဲ့တာပါ သူစိမ်းလူရယ်။ ဝတ်လွှာက ပင့်သက်တစ်ချက်ကို ရှိုက်လိုက်ပြီးနောက် ပုဂ္ဂလိက အတွေးတွေကို မောင်းထုတ်ပစ်လိုက်ကာ ဆရာဝန်နှင့် လူနာ စိတ်သာ ထားလိုက်သည်။ သူ့ဒဏ်ရာတွေကို စစ်ဆေးကြည့်လိုက်လျှင် ခေါင်းကွဲသွားသဖြင့် သုံးချက်လောက် ချုပ်ရတော့မည်ဟု ခန့်မှန်းမိသည်။ အင်း ... သူ သတိလစ်နေတုန်း ချုပ်ရတာပေါ့။

"မမ ဒီလူနာက စိုးရိမ်ရလားဟင်"

"မစိုးရိမ်ရပါဘူး။ ဘာဖြစ်လို့လဲ၊ စိုးရိမ်လို့လား"

"ဟဲ ... မဟုတ်ပါဘူး။ မေးကြည့်တာပါ။ ကားတိုက်တယ် ဆိုတော့လေ"

"အရှိန်သိပ်မပြင်းလို့ပါ။ ကြည့်ရတာ အိပ်ငိုက်ရင်း မောင်းတယ်နဲ့တူတယ်"

"မမ အစိမ်းချုပ်နေတာလား"

"ဒါပေါ့"





"နိုးလာရင်ရော"

ရိုးသားစွာ အူကြောင်ကြောင် မေးနေသော အိုက်လုံရဲ့အမေးကို ဝတ်လွှာက ဟက်ခနဲ ရယ်မိသည်။ ဒီကလေးတွေနဲ့ နေရတာ တကယ်စိတ်ချမ်းသာဖို့ ကောင်းလှသည်။

"နိုးလာရအောင် အိပ်ပျော်နေတာမှ မဟုတ်တာ အိုက်လုံရယ်"

"အဟီး ... ဟုတ်သားပဲ"

"သူ့ကြည့်ရတာ မူးလည်းမူးနေပုံပဲ။ သက်သာသွားအောင် ဆေးတစ်လုံးလောက် ထိုးပေးမှဖြစ်မယ်"

ပြောလည်းပြော၊ လက်ကလည်း ကျွမ်းကျင်စွာချုပ်နေသော ဝတ်လွှာကို အိုက်လုံနှင့် စိုင်းနော်က ငေးကြည့်နေကြသည်။ ဝတ်လွှာက ဒဏ်ရာကို သွက်သွက်လက်လက်ပဲ ချုပ်ပြီးနောက် သူ့ရဲ့ကိုယ်ပူရှိန်ကို တိုင်းလိုက်သည်။ တကယ်ပဲ အဖျားသွေးလည်း ရှိနေတာမို့ ဆေးတစ်လုံး ထိုးပေးလိုက်လေသည်။ အင်း ... မနက်ကျရင်တော့ ဒီတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် နိုးလာမှာပါ။

"နင်တို့ထဲက တစ်ယောက်တော့ သူ့ကို စောင့်အိပ်ပေးမှဖြစ်မယ်"

"ကျွန်တော် အိပ်မယ်လေ မမ"



www.burmeseclassic.com

www.burmeseclassic.com



အိုက်လုံက သွက်သွက်လက်လက်ပင် ဝင်ပြောသည်။

ဝတ်လွှာက ခေါင်းတစ်ချက် ဆတ်ပြရင်းမှ ...

"မနက် သူ နိုးလာရင် တကယ်လို့ ဒီဒဏ်ရာတွေ ဘယ်ကဆရာဝန်နဲ့ ကုပေးလဲမေးရင် မြို့ထဲကခေါ်လာတယ် ပြောမယ်နော်။ သိလား ...

ငါဆိုတာ လုံးဝပါးစပ်က မ,ဟမိစေနဲ့။ တခြားလူ တွေပါ ပြောထားမယ်"

"ဟုတ်ကဲ့ မမ"

"အင်း ... ဒါဆိုရင် ငါ သွားတော့မယ်။ သေချာကြည့် လုပ်ထားလိုက်ကြ။ မနက် သူနိုးရင် ငါ့ကိုလာခေါ် ...

ဪ ... သူ့ပစ္စည်းတွေ ငါ့ကိုပေး"

ဝတ်လွှာက သူ့ရဲ့ကားသော့၊ ပိုက်ဆံအိတ်နှင့်အတူ ဖုန်းကိုပါ ယူဆောင်ပြီး ကိုယ့်အခန်းရှိရာသို့ ပြန်လာခဲ့သည်။ နာရီကိုကြည့်လိုက်သောအခါ တစ်နာရီထိုးနေလေပြီ။ သို့သော် ဘာကြောင့်မှန်း မသိဘဲ မျက်လုံးတွေက လုံးဝမအိပ်ချင်ဘဲ ပြူးကျယ်နေကြသည်။ စားပွဲပေါ်မှာတင်ထားသော iPhone မည်းမည်း လေးဆီသို့ အကြည့်တစ်ချက် ရောက်သွားကာ မျက်လုံးလွှဲလိုက် သည်။





သူ့အိမ်ကို ဆက်သွယ်ဖို့ လိုအပ်ရင်တော့ ဝတ်လွှာက ဖွင့်ကြည့်ရင် ကြည့်ဖြစ်မည်။ အခုတော့ မလိုအပ်သဖြင့် ကြည့်ဖို့လည်း စိတ်ကူးမရှိတော့။ ပိုက်ဆံအိတ်လေးကိုရော ???။ LV တံဆိပ် ပိုက်ဆံအိတ်လေးက ဝတ်လွှာကို တစ်ချက်လောက်တော့ လာကြည့်ပါဦးဟု ဖိတ်ခေါ်နေသယောင် ရှိလေသည်။ ဝတ်လွှာက နှုတ်ခမ်းကို တစ်ချက်ကိုက်လိုက်ကာ ပိုက်ဆံအိတ် လေးကို ဖွင့်ကြည့်လိုက်သည်။

ငါးထောင်တန်၊ တစ်ထောင်တန်များဖြင့် ပြည့်နေသော ပိုက်ဆံအိတ်ထဲတွင် သူ့ရဲ့ကားလိုင်စင်ကိုလည်း တွေ့ရသည်။

ဝတ်လွှာသည် စိတ်ဝင်စားမှု တဒိတ်ဒိတ်ဖြင့် သူ့ရဲ့ ကားလိုင်စင်ကို ထုတ်ယူကာ ကြည့်လိုက်သည်။ သူ့နာမည်က နေမင်းချို ဆိုပါလား။ နေမင်းချိုတဲ့။ အင်း ... အရင်တစ်ခါတွေ့ တုန်းကတော့ သူ့နာမည်ကို ပြောပြခဲ့သေးတာပဲ။ မာကျောမလိုလိုနဲ့ နူးညံ့သွားတဲ့ နာမည်မျိုးပဲ ဖြစ်လေသည်။ သူ့မျက်နှာကိုပြေးပြီး မြင်ယောင်ကြည့်မိသောအခါ နာမည်နှင့်လူ လိုက်ဖက်မှုရှိသည်ဟု Comment ပေးမိလေသည်။

အဲဒီနောက် ဝတ်လွှာ တွေ့ရတာက သူ့ရဲ့မှတ်ပုံတင်ဖြစ်သည်။ မွေးသက္ကရာဇ်မှာ သူက ဝတ်လွှာထက် ခုစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတာကို တွေ့ရပါသည်။ သူ့မွေးနေ့က ဖွန်လ ဆယ့်ငါးရက် နေ့ဆိုပဲ။ သိပ်မကြာခင် ရောက်တော့မှာပေါ့။ ဝတ်လွှာက မှတ်ပုံ တင်နှင့် ကားလိုင်စင်ကို သူ့အိတ်လေးထဲမှာ ပြန်ထည့်ထားပေး လိုက်သည်။

ပြီးတော့ ခုတင်ပေါ်သို့ အသာယာလှဲချမိကာ အနား ယူမိသည်။ သူ့ဒဏ်ရာကလည်း ပြောပလောက်အောင် ကြီးကြီး ကျယ်ကျယ် မဟုတ်သည့်အတွက် ဘယ်သူ့ကိုမှလဲ အကြောင်း ကြားနေစရာ မလိုတော့ဘူးဟု ထင်သည်။ မနက်ကျရင် သူ နိုး လာမှာပဲလေ။ နိုးလာတော့မှသာ ကာယကံရှင်ရဲ့ဆန္ဒအတိုင်း အားလုံးဖြစ်စေရမည်ပေါ့။



၄

မွေးလိုက်တာ။ အရမ်းမွေးတာပဲ။ ဒီအနံ့ကို သူသိ သည်။ လန်းဆန်းလတ်ဆတ်နေသော ဒီမွေးရနံ့ကို ရင်းရင်းနှီးနှီး ပဲ သူ ရှူဖူးလေသည်။ မွေးရနံ့တွေနှင့်အတူ တစ်ပြိုင်နက် သူ ခံစားလိုက်ရတာကတော့ ဦးခေါင်းဆီမှ နာကျင်ကိုက်ခဲသည့် ဝေဒနာဖြစ်သည်။ ဘာကြောင့် နာကျင်နေရတာလဲ။

သူ့မျက်လုံးတွေက ရုတ်တရက် ဖွင့်မရသေးတာမို့ သူက ဖွင့်ဖို့အားယူကြိုးစားရင်းမှ မှတ်ဉာဏ်တွေကို ပြန်လည်စုစည်း နေရသည်။ တဖြည်းဖြည်းနှင့် သူ ဖြစ်ခဲ့တာတွေက အာရုံထဲမှာ ပြန်လည်ချိတ်ဆက်လို့ ရလာသည်။ သူ မန္တလေးမှ နေသိမ် ကောင်းဘဲနှင့် ထွက်လာတာ၊ ပြင်ဦးလွင်သို့ တစ်ယောက်တည်း ကားမောင်းလာတာ၊ နောက် အိပ်ငိုက်လာတာ၊ နောက်ဆုံးတော့

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ကလာသော ကားတစ်စီးကိုရှောင်ရင်း သစ်ပင်နှင့်ကား ဝင်တိုက်မိတာ စသဖြင့် အားလုံးကို Recall လုပ်လို့ရလာသည်။

ဒါဖြင့်ရင် အခု သူ ဘယ်ရောက်နေတာလဲ။ ဆေးရုံလား။ ဆေးရုံဆိုရင် ပိုးသတ်ဆေးအနံ့တွေ နံမနေဘဲ ဘာကြောင့်မွှေးရနံ့တွေ ရနေရတာလဲ။ သူ သေသွားလို့များလား။ အဲဒီအတွေးကြောင့် သူက ထိတ်လန့်ချောက်ချားသွားရကာ မျက်လုံးကို ကြိုးစားဖွင့်ပြီးကြည့်သည်။ ဆေးအပြာရောင်သုတ်ထားသော အခန်းလေးထဲတွင် နေရောင်ခြည်က နွေးထွေးစွာ ဖြာကျနေပြီး နှင်းဆီပန်းရနံ့တို့က မွှေးထုံနေသည်။ ဒါဟာ ဆေးရုံတော့ မဖြစ်နိုင်ပါ။

"ရှင် သတိရလာပြီလား"

သူ့နားထဲသို့ ချိုသာအေးကြည်သော အသံတစ်သံက တိုးဝင်လို့လာသည်။ သူက အသံလာရာကို ရှာဖွေနေတုန်းမှာပဲ အသံပိုင်ရှင်က သူ့ဘေးနားမှာ လာရပ်သည်။ အညိုရင့်ရောင်ဆံနွယ်ပျော့ပျော့များ ဝဲဖြာဆင်းနေသောကြားမှ ဝင်းပစွာ ဖူးပွင့်နေသော မျက်နှာထား၊ နေဇီပြာရောင် စတစ်ချည်သားအင်္ကျီဖြင့် သူ့ကို ပြုံးပြီးကြည့်နေသော မိန်းကလေးတစ်ယောက်ကို အမြင်မှာတော့ ပါးစပ်အဟောင်းသားပွင့်ကာ လက်ညှိုးထိုးမိသွားသည်။

သူ့မက ဟုတ်ပါတယ်ဟူသော အပြုံးမျိုးဖြင့် ခေါင်းတစ်ချက်ညိတ်ပြသည်။





"ကျွန်မတို့ ထပ်ဆုံကြပြန်ပြီနော်"

"ခင် ... ခင်ဗျား"

သူ ဘာတွေပြောချင်နေလဲဆိုတာ သူမက ကြိုသိသည့်အလား ခေါင်းတစ်ချက်ဆတ်ရင်း ဆက်ပြောသည်။

"ရှင် ... ကျွန်မတို့ခြံရှေ့မှာ ကားဆက်ဆီးဒင် ဖြစ်တာလေ။ ည ဆယ့်တစ်နာရီခွဲလောက်ကပေါ့။ ကျွန်မနားထဲမှာ ကားတိုက်သံကြားတာနဲ့ ထွက်ကြည့်တော့ ရှင့်ကားက သစ်ပင်နဲ့ ဝင်တိုက်မိနေတာကို တွေ့ရတာ ...

ဒါကြောင့် ခေါ်လာပြီး ဆေးကုပေးထားတာပါ။ ရှင့်ခေါင်းမှာ ဒဏ်ရာရထားတယ်။ ခေါင်းကွဲသွားလို့ သုံးချက် ချုပ်ထားရတယ်လေ"

"ဟုတ်လား ... ကျွတ် ... ကျွတ် ...။ ဒါကြောင့် နာပါတယ် မှတ်နေတာ"

"အင်း ... အခုရော ဘယ်လိုနေလဲ။ သက်သာလား"

"သက်တော့ သက်သာပါတယ်။ နာနေတာကလွဲပြီး fresh တော့ ဖြစ်တယ်"

"ရှင် ထနိုင်လား။ မျက်နှာသစ် သန့်ရှင်းရေးလုပ်လို့ရတယ်"

"ဩော် ... ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက အားယူပြီး ထလိုက်စဉ်မှာပဲ ဘယ်နားက နာမှန်းမသိဘဲ အောင့်ခနဲ ဖြစ်သွားရသည်။ အင်း ... ပခုံးတစ်ဖက် အောင့်နေတာပဲ။

"အိုက်လုံ"

"ဟုတ်ကဲ့ မမ"

သူမရဲ့ခေါ်သံအဆုံးမှာ ပုပုလုံးလုံးနှင့် တိုင်းရင်းသား ရုပ်ရည်ရှိသော ကောင်လေးတစ်ယောက်က လင်ပန်းတစ်ချပ်ကို သယ်မ,ကာ အခန်းထဲသို့ ဝင်လာသည်။ ပြီးတော့ စားပွဲပေါ်မှာ ချပြီး လက်နှစ်ဖက်ကိုပိုက်ကာ သူမဘေးမှာ ဝင်ရပ်သည်။

"သူ့ကို ကူညီပေးလိုက်ပါဦး။ ထ,ရတာ နည်းနည်းခက်မယ် နဲ့တူတယ်"

"ဟုတ်ကဲ့"

ကောင်လေးက သွက်သွက်လက်လက်ပဲ သူ့ထံပြေး လာကာ အထိုင်အထကို ကူညီပေးပြီး သန့်စင်ခန်းထဲ လိုက်ပို့သည်။ သူက မျက်နှာသစ်၊ ရေလေးဘာလေး ဟိုဖျန်းဒီဖျန်းလုပ်ပြီးသွား သောအခါ နည်းနည်းပိုလန်းလာသည်။ အခန်းထဲ ပြန်ရောက်လာ သောအခါ ကောင်လေးကပဲ သူ့ကို မျက်နှာသုတ်ပဝါ အသေးစား တစ်ထည် ကမ်းပေးသည်။





သူက မျက်နှာသုတ်ပြီးနောက် သူမကိုလှမ်းကြည့်မိ သည်။ ငြိမ်းအေးသောအပြုံးပိုင်ရှင် သူမက သူ့ကို လက်ဆန့်တန်း ပြကာ စားစရာတွေကို ညွှန်ပြသည်။

"Breakfast သုံးဆောင်လိုက်ပါဦး။ ဘာကြိုက်တတ်မှန်း မသိတော့ အဆင်ပြေမယ် ထင်တာပဲ ရွေးလုပ်ထားတယ်"

ဩော် ... ကြိုက်တာ သိရင်တော့ အကြိုက်လုပ်ပေး ဦးမယ်ဆိုတဲ့ သဘောပေါ့။ စကားကို ရင်အေးအောင် တကယ် ပြောတတ်တာပဲ။ သူက ကျေးဇူးတင်သော အပြုံးတစ်ခုနှင့် သူမ ကို လှမ်းကြည့်လိုက်ပြီးနောက် စားပွဲမှာဝင်ထိုင်လိုက်သည်။

ကော်ဖီတစ်ခွက်၊ ကြက်ဥဟာပ်ဖရိုက်နှင့်အတူ ပေါင်မုန့်ထောပတ်သုတ်တို့ကို ပူပူနွေးနွေး စားချင့်စဖွယ် တွေ့မြင်လိုက် ရလေသည်။ အစားအသောက်ကို မြင်တော့မှပင် ဗိုက်ထဲက ဂွီခနဲ ဆာလာတယ်ဟုတောင် ထင်မိရသည်။

"အားနာစရာပဲဗျာ။ ကျွန်တော့်အတွက်နဲ့ သက်သက်အလုပ် ရှုပ်နေရပြီ"

"အားမနာပါနဲ့၊ လူလူချင်း စာနာထောက်ထားပြီး ကူညီ တာပါ"

"ကျေးဇူးပဲ"

"အေးအေးဆေးဆေး သုံးဆောင်ပါ။ ကျွန်မ ရှင့်ပစ္စည်းတွေ သွားယူလိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမက လှည့်ထွက်မည်အလုပ်မှာ သူကပဲ ထပ်မံ၍ မေးမြန်းလိုက်သည်။

"ဘာပစ္စည်းတွေလဲဟင်"

"ဪ ... ရှင့်ပိုက်ဆံအိတ်၊ ဖုန်းနဲ့ ကားသော့တွေလေ"

သူက ခေါင်းညိတ်ပြလိုက်လျှင် သူမက လှည့်ထွက်သွားသည်။ ကောင်လေးကလည်း အနားကနေ၍ လှစ်ခနဲပျောက်သွားလျှင် သူက တစ်ယောက်တည်းပဲ Breakfast ကို စားမိသည်။ ကော်ဖီသောက်နေရင်းမှ ဒီကော်ဖီရဲ့အရသာကို သူ ခံစားဖူးသလိုဖြစ်လာသည်။ ပြီးတော့ သူမကို တွေ့ခဲ့ဖူးသော Nature House ရဲ့အရှေ့။ ဒါဆိုရင် အခု သူ ရောက်နေတာ ဘယ်နေရာပါလိမ့်။ ဘယ်နေရာပဲဖြစ်ဖြစ် သူမနဲ့ပတ်သက်သော နေရာတစ်ခုဆိုတာတော့ သေချာပါမည်။ အဲဒီအတွေးနှင့်အတူ ကြည်နူးစိတ်ဖြင့် သူက နံနက်စာကို မြိန်မြိန်ရှက်ရှက် သုံးဆောင်မိသည်။ စားသောက်အပြီး ဗိုက်လည်းအပြည့် ကော်ဖီသာ အနည်းငယ် ကျန်တော့သည့်အချိန်မှာ သူမ ပြန်ရောက်လာပါသည်။

သူ့ရှေ့သို့ သူ့ပစ္စည်းတွေကို ချပေးရင်း စကားဆိုသည်။

"ရှင့်ကားကတော့ ခေါင်းပိုင်း နည်းနည်းထိသွားတယ်။ ကျန်တာတော့ ကောင်းပါတယ်"





"ကျေးဇူးတင်တယ်ဆိုတဲ့ စကားထက် ပိုလေးနက်တဲ့စကား ရှိရင် ပြောချင်တယ်ဗျာ"

"ကိစ္စမရှိပါဘူး။ ကျွန်မအတွက် အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်လေ။ ခင်ဗျားက ကျွန်တော့်ကို ကျေးဇူးပြုဖူးတဲ့သူတစ်ယောက် ဖြစ်သွားပါပြီ ...

အဟင်း ... ကျွန်တော့်ရဲ့ကျေးဇူးရှင် နာမည်ကိုတော့ ခုထိ သိခွင့်မရသေးဘူးနော်"

သူ့စကားကို သူမက သဘောကျသလိုဖြင့် ပြုံးသည်။ အဲဒီလိုပြုံးတိုင်းသာ ပန်းတစ်ပွင့် ပွင့်ရကြေးဆို ကမ္ဘာကြီးတစ်ခုလုံး ပန်းတွေနှင့် ဖုံးသွားနိုင်သည်အထိ အပြုံးတွေက လှပအသက်ဝင်ပါသည်။

"ကျွန်မနာမည် နွေဝတ်လွှာပါ"

နာမည်ကြားလိုက်စဉ်မှာ ဘာမှပြန်မပြောနိုင်အောင်ပဲ ဖြစ်သွားရသည်။ နွေဝတ်လွှာတဲ့။ သိပ်ကိုလှပတဲ့ နာမည်လေးပဲဟု ပြောချင်သော်လည်း သူ့ပါးစပ်က ပြောမထွက်ချေ။ နွေးထွေးသော အပြုံးပိုင်ရှင်ဆိုပေမယ့်လည်း သူမကို သူ နည်းနည်းတော့ရှိန်သေးသည်။ ဘာလို့လဲတော့ သူ မသိချေ။

"ဪ ... ဒါ ခင်ဗျား အိမ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ဒါဆို မြို့အဝင်မှာပေါ့။ Nature House နားမှာပေါ့"

"အခု ရှင် ရောက်နေတာ Nature House ပဲလေ"

"ဟင် ... ဟုတ်လား။ ဟာ ... ဒါများဗျာ။ ဟိုတစ်ခါ တွေ့တုန်းက Nature House ကို မကြာခဏ ရောက်ဖြစ်လားဆိုတော့ ... အင်းတဲ့"

သူ့စကားကို သူမက သွားဖြူတန်းလေးများ ပေါ်သွားအောင် ဟက်ခနဲ ရယ်မောသည်။ အင်း ... သူမဟာ ဘယ်လိုနေနေ ကြည့်ကောင်းချောမောတဲ့သူပဲ။

"အဲဒါလည်း မှန်တာပဲ မဟုတ်လား"

"အင်း ... ထားပါတော့ဗျာ၊ ကျွန်တော် ခင်ဗျားကို ဝတ်လှာလို့ ခေါ်မယ်နော် ဖြစ်လား"

"အဆင်ပြေသလို ခေါ်လို့ရပါတယ်"

"အား ... နံနက်စာစားရတာ ကောင်းပါတယ်။ ဒါကြောင့် ဒီကော်ဖီရဲ့အရသာကို သိသလို ဖြစ်နေတာကိုး ..."

ကျွန်တော့်ကို ကူညီရတာ တော်တော်အလုပ်ရှုပ်သွားမှာပဲနော်။ ညကြီး မင်းကြီး ဆရာဝန်ခေါ်ရ ဘာခေါ်ရနဲ့"

"ဆရာဝန်က နီးပါတယ်။ ဒီနားကပဲ"

"........"



သူက ခေါင်းတစ်ချက်ညိတ်ပြရင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ သူ သွားရတော့မလား။ အင်းလေ ... စကားတောင် ထူထူထောင်ထောင် ပြောနိုင်နေပြီဆိုတော့လည်း အိမ်ရှင်အတွက် အလိုက်သိရတော့မှာပေါ့။ သူက ဖုန်းကိုကောက်ယူလိုက်ရင်းမှ သူမကို စကားလှမ်းပြောလိုက်သည်။

"ကျွန်တော် ပြန်လို့ရပြီလား"

"ရှင် ... ကားမောင်းနိုင်လို့လား"

"ကျွန်တော့်ဝန်ထမ်းတွေ ခေါ်လိုက်ရင် ရပါတယ်"

"ဪ ... ဒါဆိုလည်း ခေါ်လေ။ ရှင် ဆေးခန်းဆက်ပြဖို့တော့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ ... ပြမှာပါ"

"ဒါဆို ကျွန်မ ဆိုင်ထဲက စောင့်နေပါ့မယ်"

သူမက အရင်ထွက်သွားသည်။ သူက ဖုန်းဖွင့်ပြီးနောက် သူတို့တည်းခိုခန်းမှ မန်နေဂျာကို လှမ်းခေါ်လိုက်သည်။ ပြီးတော့ သူမရှိနေမည့် ကော်ဖီဆိုင်လေးထဲသို့ လျှောက်လှမ်းလာခဲ့သည်။ Nature House ခြံဝင်းမှာ ကျယ်ဝန်းသည်ဟု ပြော၍ရပြီး သစ်ပင်ပန်းမန်များဖြင့် စိမ်းစိုလှပါသည်။ ထင်းရှူးရနံ့နှင့်လေသန့်ကာ မွှေးကြိုင်ပေသည်။ အခုမှ တွေ့ရတာက အလှမွှေး

www.burmeseclassic.com

www.burmeseclassic.com



ငှက်တွေပဲဖြစ်၏။ နောက် အလှမွေးထားဟန်ရှိသည့် ဆန်းတပြားပြားများ ကြက်ကလေးများ။ ကြည့်ရတာ မြန်မာကြက်မျိုးလည်း ဟုတ်ဟန်မတူပါ။

နွေဝတ်လွှာဟာ ထူးထူးဆန်းဆန်း အကောင်ပလောင်တွေလည်း မွေးရတာ ဝါသနာပါသူ ထင်ပါရဲ့။ ကော်ဖီဆိုင်ထဲတွင် သူမကို နိုင်ငံခြားသား အဘိုးကြီး အဘွားကြီး လင်မယားနှင့် စကားပြောနေတာကို တွေ့ရသည်။ အမှတ်တမဲ့ ကြားလိုက်ရသော သူမရဲ့အင်္ဂလိပ်လေယူလေသိမ်းမှာ လူကိုသာမြင်မနေရဘူးဆိုလျှင် ဘိုမတစ်ယောက် ပြောနေသလား မှတ်ရအောင် ကောင်းမွန်ပါသည်။

ကြည့်ရတာ **Nature House** ကို နိုင်ငံခြားသားတွေလည်း တော်တော်သဘောကျကြဟန်တူသည်။ သူ ဝင်လာတာ မြင်သောအခါ သူမက နိုင်ငံခြားသားတွေကို နှုတ်ဆက်ပြီးနောက် သူ့အနားသို့ ရောက်လာသည်။

"ဝတ်လွှာရဲ့ဆိုင်က အောင်မြင်တယ်နဲ့ တူတယ်နော်"

သူမက ဘာမှမပြောဘဲ ပြုံးရုံသာပြုံးသည်။

"ကျွန်တော် ဒီမှာ ရှိနေဦးမှာ ဝတ်လွှာ"

"ဟုတ်ကဲ့၊ အကူအညီ လိုတာရှိလည်း ပြောလေ"





"အင်း ... ကျွန်တော်က ဟိုတယ်ဆောက်ဖို့ကိစ္စနဲ့ လာခဲ့တာ။ မန္တလေးမှာရောပေါ့။ ဒါပေမဲ့ မန္တလေးကပူတော့ မနေနိုင်ဘဲ ပြင်ဦးလွင်မှာပဲ ရုံးထိုင်နေရတာ ..."

မန္တလေးနဲ့ ပြင်ဦးလွင်တော့ အိမ်ဦးနဲ့ကြမ်းပြင်ပေါ့ဗျာ။ လက်ရှိတော့ ကျွန်တော် ဒီဇင်ဘာဧည့်ရိပ်သာမှာ နေတယ်"

"သြော် .. အဲဒါကို ပြန်ဝယ်လိုက်တာ ရှင်လား"

"ဟုတ်တယ်။ ဒီဇင်ဘာကိုလည်း မိုတယ် အဆင့်လောက် ပြောင်းဖို့ စီစဉ်နေတာလေ။ ပြန်ဖျက်ဖို့ကျတော့လည်း သူက ဘန်ဂလိုလေးတွေ ဆောက်ထားတာဆိုတော့ ဒီအတိုင်းလေးကလည်း အဆင်ပြေလို့"

"အင်း"

"ဝတ်လွှာ"

သူက ခေါ်လိုက်လျှင် သူမက မျက်လွှာတစ်ချက် ပင့်တင်ကြည့်ကာ ထူးသည်။

"ကျွန်တော်တို့ မိတ်ဆွေတွေ ဖြစ်သွားပြီနော်"

"အဲလို သတ်မှတ်လည်း ရပါတယ်"

"ကျွန်တော် ဝတ်လွှာကို ကျေးဇူးတင်တယ်။ မကြာ မကြာ လာလည်လို့ ရတယ်မဟုတ်လား ဝတ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက အသာပြုံးကာ ခေါင်းညိတ်ပြသည်။ မင်း ပြုံးပဲပြုံးတတ်သလား ဝတ်လွှာရယ်။ ယောကျ်ားတစ်ယောက် ပြောသမျှကို ပြုံးပြုံးလေး နေပေးတတ်တဲ့ မိန်းမတစ်ယောက်ကို ယောကျ်ားတွေက ဘယ်လောက်ကြွေတယ်ဆိုတာ မသိလို့ မင်း ဒီလိုနေ့နေတာပါ။

"ဝတ်လွှာရဲ့ဖုန်းနံပါတ်ကို သိရမလား"

သူမက ကြိုးဖုန်းနံပါတ်တစ်ခုကို ရွတ်ပြသည်။ ဒီခေတ်ထဲမှာ ဝတ်လွှာလို မိန်းကလေးက လက်ကိုင်ဖုန်းမသုံးဘူးတဲ့လား။ သိပ်စွက်ဖက်ရာကျမှာစိုးသဖြင့် သူက ဆက်မမေးတော့ဘဲ ပေးတဲ့ဟာကိုသာ မှတ်ထားလိုက်သည်။ အဲဒီအချိန်မှာပဲ သူ့မန်နေဂျာက ဆိုင်ထဲသို့ ဝင်လာရင်း ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေနေလျှင် သူက လက်ပြလိုက်သည်။ ပြီးတော့ သူမကို နှုတ်ဆက်သည့်အကြည့်ဖြင့် ထိုင်ရာမှ ထလိုက်ပါသည်။

"လာကြိုပြီ ဝတ်လွှာ။ ကိုယ် သွားတော့မယ်။ အားလုံးအတွက် ကျေးဇူးတင်ပါတယ်"

"ကောင်းပါပြီ"

သူမက ခေါင်းညိတ်ရင်း ဆိုသည်။ သူက မန်နေဂျာမောင်းသော ကားပေါ်တက်သည်။ တပည့်တစ်ယောက်က သူ့ကားကို မောင်းပေးသည်။ ကားပေါ်တက်၍ ကားထွက်ခါနီးတွင်





သူက သူမကို ငုံ့ကိုင်းကာ လှမ်းပြီးလက်ပြမိသည်။ သူမကလည်း ပြန်လည်လက်ပြပါသည်။

ကားထွက်လို့ လူက ကားပေါ်မှာ ပါလာခဲ့ပေမယ့် သူ့စိတ်နှလုံးသားတို့က Nature House မှာ ကျန်ခဲ့သည်ဟုထင်သည်။ အေးချမ်းသာယာသော ခြံဝင်းလေး၊ အေးချမ်းလှပသော မိန်းကလေး။ အေးချမ်းမှုများနှင့် ပြင်ဦးလွင်။

♣ ♥ ♣



www.burmeseclassic.com

www.burmeseclassic.com



## ၅

သူ အက်ဆီးဒင့် ဖြစ်တာကို မေမေ စိတ်ပူမှာစိုးသဖြင့် သူက ပြောမပြခဲ့ချေ။ သို့သော် IT ခေတ်မှာ နေထိုင်သူ မေမေသည် ချက်ချင်းပဲ သတင်းရသွားခဲ့ကာ ရန်ကုန်ကနေ မန္တလေးသို့ လေယာဉ်နှင့်ဆင်း၊ မန္တလေးမှ ပြင်ဦးလွင်သို့ နေ့ချင်းပင် ရောက်လာခဲ့လေသည်။ သူကတော့ ဘာမှမသိ။ ခေါင်းက ဒဏ်ရာကြောင့် အပြင်မထွက်ဘဲ အခန်းထဲမှာပဲ အလုပ်,လုပ်နေရာ မေမေက ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာခဲ့တာဖြစ်သည်။

"ကြည့်စမ်း သားချို။ အမယ်လေး ... ခေါင်းမှာဒဏ်ရာနဲ့။ မင်း မေမေ့ကိုများ မပြောဘဲ ဘယ်အချိန်ထိ ဖုံးထားဦးမှာလဲ"

"ဟင် ... မေမေ။ ဘယ်တုန်းကရောက် ..."





"ဘယ်တုန်းကရောက်လဲ ဆိုတာတွေ ဘာတွေ မေးမနေစမ်းပါနဲ့။ ခုရောက်လို့ ခုမြင်ရတာပေါ့။ ငါက မင်းဆီကို အရင်မလာဘဲ ရက္ခဝေဒဥယျာဉ်ထဲ အရင် အပန်းဖြေသွားမယ် ထင်နေလို့လား"

သူက မေမေရဲ့အငေါ်တူးစကားကြောင့် တဟားဟားအော်ရယ်လျှင် သူ့အမေက မျက်စောင်းတစ်ချက်ကို လှပစွာထိုးသည်။ အဲဒီမျက်စောင်းကြောင့် မေမေ့အသက်မှာ ရှိရင်းစွဲထက် ငါးနှစ်လောက် ပိုငယ်သွားသည်ဟု ထင်ရလေသည်။ ကိုယ့်အမေမို့ ကိုယ်ပြောတာ မဟုတ်ပါ။ မေမေဟာ အခုမှ လေးဆယ့်ခြောက်နှစ်ထဲ ဝင်ခါစ ဖြစ်သော်လည်း ဘယ်လိုမှ 46 ဟု ထင်စရာမရှိချေ။ အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်သွယ်လျလျနှင့် စတိုင်လ်ကျကျဝတ်စားတတ်သူ တစ်ယောက်မို့ ဘယ်သူ့မေးမေး အလွန်ဆုံးရှိ သုံးဆယ့်ရှစ်ပေါ့ဟုသာ ခန့်မှန်းကြပြီး လေးဆယ်ဆိုတာမျိုးထိ ရအောင် အမှန်းမခံခဲ့ရတဲ့သူ ဖြစ်သည်။

ကျန်းမာထွားကျိုင်းသော သူနှင့် သားအမိနှစ်ယောက် တွဲသွားရင်တောင် ဘယ်သူကမှ သားအမိလို့ မထင်ကြပါ။

"စိတ်လေး နည်းနည်းလျှော့ပါ မေမေရာ။ သား ဘာမှ မဖြစ်ပါဘူး။ အခု မေမေ မြင်နေတာ အကောင်းတိုင်းပဲ လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကောင်းလဲ။ မင်းကို မေမေမွေးထားတုန်းက ခေါင်းက ပတ်တီးပါလား"

"ဟက် ... ဟက်။ တို့မေမေတို့ကတော့ စကားကို ကပ်ကပ် ပြောပြီ။ ဒီပတ်တီးက ပါးပါးလေးပါ မေမေရာ။ သုံးချက်ထဲပါ ...

ဟင်း ဟင်း"

"ဘုရားရေ ... မင်း ရယ်နိုင်သေးတယ်နော် သားရို။ မေမေမှာဖြင့် မင်းကို စိတ်ပူရလွန်းလို့ သေတော့မယ်။ ကြားကြားချင်း မိုက်ခနဲကို ဖြစ်သွားတာပဲ ...

ဘယ်လိုဖြစ်ရတာလဲ သားရယ်။ မသေကောင်း မပျောက်ကောင်း။ မေမေ့မှာ ဒီသားလေးတစ်ယောက်တည်းရှိတာ"

သူက ရယ်သွမ်းသွေးရင်းမှ အဖြစ်သနစ်အစုံကို မေမေ့အား ပြောပြလိုက်သည်။ သူ့စကားဆုံးလျှင် မေမေက ရင်ဘတ်ဖိကာ ...

"အမယ်လေး ... တကယ့်ကို သေဘေးနဲ့ သီသီလေးပါလား။ ဘာလို့ ညတွင်းချင်းကြီး ပြန်လာရတာတုန်း။ ဒီကလေးနှယ် ခက်လိုက်တာ ...





သား အဲဒီလို ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက် လုပ်နေရင် မင်းကို မေမေ ဘယ်လိုလုပ် စိတ်ကျတော့မလဲ။ ကိုယ်နေမကောင်းဖြစ်နေရင် ကိုယ့်အခြေအနေ ကိုယ်သိပြီး ဂရုစိုက်ရမှာပေါ့"

"စိုက်ပါတယ် မေမေရာ။ အခုလည်း သား ဘာဖြစ်တာမှတ်လို့"

"ဟဲ့ ... ဘာလို့ ဘာမှမဖြစ်ရမှာလဲ။ ခုကိုပဲ ထိပ်ပေါက်ခေါင်းကွဲဖြစ်နေပြီ မဟုတ်လား"

အဲဒီလို ဖြစ်တာတောင် သားက ကျေနပ်နေတာပါ ဟုတော့ သူက ထည့်မပြောဖြစ်တော့ချေ။ စိတ်ထဲတွင် နွေဝတ်လွှာကို ချက်ချင်းပင် သတိရလာသည်။ ဒီအချိန် သူမ ဘာများလုပ်နေမှာပါလိမ့်။ သူမနှင့်အတူ ချယ်ရီပင့်ရိပ်အောက်မှာ စပေါ်ဘယ်ရီတစ်ခွက်လောက် သောက်ချင်လာသည်။

"ဒါနဲ့ သားကို ကူညီခဲ့တဲ့ သူကရော"

"အင်း ... အဲဒီနားက ခြံတစ်ခြံကပဲ မေမေ"

"တော်သေးတာပေါ့။ ကူညီတဲ့သူရှိလို့"

"သား ဖြစ်ဖြစ်ချင်းပဲ ချက်ချင်းရောက်လာတာဆိုတော့ သား အများကြီး ကံကောင်းသွားတာပေါ့ မေမေရာ။ အသံကြားတဲ့သူက မအိပ်သေးဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



“အင်း … ဖြစ်ရမယ်။ ဒီလိုတွေ မလုပ်စမ်းပါနဲ့ ငါ့သားရယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှပေါ့။ ဒီပုံတိုင်းဆို သားကို မေမေ ဘယ်လိုလုပ် စိတ်ချမလဲ”

“စိတ်ချပါ မေမေရာ။ နောက်တစ်ခါ ဒီလို မဖြစ်စေရပါဘူး။ ကဲ … မေမေ နားလိုက်ဦး။ ပင်ပန်းနေပြီ။ ပြီးရင် သားတို့ ထမင်းအတူတူ စားကြမယ် …

ညနေဘက်ကျရင် မေမေ့ကို သား အရမ်းအေးချမ်းတဲ့ နေရာလေးတစ်ခုကို ခေါ်သွားမယ်”

မေမေက သူ့ကို မပြောချင်တော့ဘူး ဟူသော ပုံစံဖြင့် မျက်စောင်းတစ်ချက်ထိုးလျှင် သူက မေမေ့ကို ချစ်မြတ်နိုးစွာ ပွေ့ဖက်မိသည်။ မေမေ့အနေနဲ့လည်း ဒီသားလေးတစ်ယောက်တည်း ရှိတာမို့ အချစ်ပိုရသလို သူ့အနေနဲ့ကလည်း ဒီအမေလေးတစ်ယောက်တည်းမို့ရော၊ ဖတဆိုးဖြစ်သည့်သူ့ကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အတွက်ရော အချစ်ကြီး ချစ်ရသည့်အမေ ဖြစ်လေသည်။





# ၆

နေရောင်ခြည်၏အပူရှိန်က လုံးဝကျသွားပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံးက ဖျော့တော့ အေးဆိတ်သွားပြီဖြစ်သည်။ ဝတ်လွှာသည် ဆည်းဆာဘက်သို့ ကူးလုလုရောင်ခြည်အောက်မှ အဆုံးမရှိ လှပသော ဂန္ဓမာပန်းခင်းကြီးကိုကြည့်ကာ ကျေနပ်စွာဖြင့် ပြုံးမိသည်။ ဝတ်လွှာ၏ဂန္ဓမာပန်းခင်းကြီးမှာ သာမန်အဖြူအဝါများ မဟုတ်ကြဘဲ ဆန်းကြယ်သော အရောင်စပ်နည်းများဖြင့် စမ်းသပ်စိုက်ပျိုးထားကြသော သစ်ခွလိပ်ပြာ၊ စိမ်းပြာနီ၊ ပတ္တမြား စသော နာမည်တွေနှင့် နိုင်ငံခြားမျိုး ကီလိုဂန္ဓမာအဆန်းတွေဖြစ်သည်။

“ပန်းတွေကြည့်ပြီး စိတ်ချမ်းသာနေတာလား တူမကြီး”



www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်ကိုခဲရင်း အနားရောက်လာသော ဝါရင့်ခြံစိုက်ပျိုးရေးသမားကြီး ဦးအုံ့တူက မေးလျှင် ဝတ်လွှာက အသံာပြုံးပြုံးမိသည်။ မာမီ ရှိစဉ်တည်းက ပြောရလျှင်တော့ မာမီငယ်ငယ်တည်းက ခြံအလုပ်တွေကို မျက်နှာလွှဲခဲ့ရသော ဦးအုံ့တူသည် ခုထိလည်း ယုံကြည်စိတ်ချစွာ မျက်နှာလွှဲနေရဆဲဖြစ်သည်။ သူ့ရဲ့သက်တမ်းရင့် အတွေ့အကြုံရယ်၊ ဝတ်လွှာရဲ့ ခေတ်မီသောအတွေးအခေါ်ရယ်တွေနှင့် ပေါင်းစပ်ထားမှုကြောင့် မာမီရဲ့ဘိုးဘွားပိုင် ကော်ဖီခြံ၊ လိမ္မော်ခြံနှင့် ပန်းစိုက်ခင်းများမှာ အခုထိတိုင်အောင်အောင်မြင်မြင်နှင့် ရပ်တည်နိုင်ဆဲဖြစ်သည်။

"မမေမီသာ ရှိရင်တော့ သူ့ပန်းခင်းကြီးကြည့်ပြီး သိပ်ကျေနပ်နေမှာပဲ။ အင်းလေ ... သူ့ပန်းခင်း ဆိုတာထက် သူ့သမီးလေးကိုကြည့်ပြီး ပိုကျေနပ်နေမှာပါ။ သူ့သမီးလေးက ဆရာဝန်အလုပ်ထက် သူ့မိခင်ရဲ့ဝါသနာ၊ မိရိုးဖလာလုပ်ငန်းကို ဆက်ခံခဲ့ပြီး အောင်မြင်အောင် လုပ်နိုင်လို့လေ"

"ဝတ်လွှာ ဆေးကုရတာကိုလည်း ဝါသနာပါ,ပါတယ်။ ဒါပေမဲ့ တကယ်တမ်း ယှဉ်ရွေးစတမ်းဆိုရင် သစ်ပင်တွေကြားထဲမှာ နေရတာကို ပိုပျော်တယ် ...

ပျော်တဲ့နေရာ စိတ်ချမ်းသာတဲ့နေရာမှာ အလုပ်လုပ်တော့ ပိုအောင်မြင်တာပေါ့ ဦးကြီးအုံ့ရယ်"





"ဒါပေါ့ဗျာ ... ဒါပေါ့။ ပကာသနမရှိ ပွပင်လော့ဘမရှိဘဲ သမီးကို မြင်ရတာ တကယ်အေးချမ်းတာကိုး"

"အင်း ... အေးချမ်းအောင် နေတတ်ရင် အေးချမ်းတာပါပဲ ဦးကြီးအုံ့ရယ်။ ကဲ ... နေလည်းစောင်းပြီ။ ဝတ်လွှာ ပြန်တော့မယ် ...

ဆေးတွေကတော့ သန်ဘက်ခါမှပဲ ရောက်မယ်ထင်တယ်။ အဲဒီကျမှပဲ အိုက်လုံတို့ဖြစ်ဖြစ် ပို့နိုင်းလိုက်တော့မယ်"

"အေးပါကွယ် ... အေးပါ"

"ဦးကြီးအုံ့လည်း ကျန်းမာရေးကို ဂရုစိုက်ဦး။ ဝတ်လွှာပေးထားတဲ့ အားဆေးတွေလည်း ပုံမှန်သောက်တယ် မဟုတ်လား"

"သောက်ပါတယ် သမီးရာ၊ စိတ်ချချနေပါ"

"ဟုတ်ပြီ။ ဒါဆိုရင် ဝတ်လွှာ သွားတော့မယ်နော်"

"အေး ... အေး။ သမီးလေး ကားကို ဂရုစိုက်မောင်းဦး"

"ဟုတ်"

ဝတ်လွှာက နှောင်ခမ်းကြီးမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ဝတ်လွှာတို့ရဲ့စိုက်ပျိုးရေးခြံများမှာ နှောင်ခမ်းကြီးတောင်နားတွင်ရှိသည်။ နှောင်ခမ်းကြီးတောင်ကို နိုင်ငံခြားသားအချို့



www.burmeseclassic.com

www.burmeseclassic.com



လည်း တက်ကြသည်။ သိပ်အမြင့်ကြီးမဟုတ်သော ထိုတောင်ကို ဝတ်လွှာ ငယ်ငယ်က မာမီနှင့်အတူတူ တက်ခဲ့ဖူးတာကိုလည်း သတိတရ ရှိနေပါသေးသည်။

ဝတ်လွှာ မောင်းလာသောကားမှာ Nature House ရှေ့သို့ ထိုးရပ်လိုက်လျှင် ဆိုင်ရှေ့မှာ ကားတွေသုံးလေးစီးရောက်နေတာကို တွေ့ရသည်။ ကားအမည်းကြီးတစ်စင်းကတော့ ထူးထူးခြားခြားကို တောက်ပြောင်သားနားနေလေသည်။ ဝတ်လွှာက ဆိုင်ထဲသို့ ဝင်လာလိုက်တာနှင့် တစ်စုံတစ်ယောက်က လက်လှမ်းပြတာကို တွေ့လိုက်ရသည်။ ခေါင်းမှာ ပတ်တီးအဖြူ၊ မီးခိုးရောင်ဆွယ်တာ လက်ရှည်ကို တံတောင်ဆစ်နားထိ လက်ပင့်တင်ဝတ်ထားလျက် အနက်ရောင်ဖစ်တင် ဘောင်းဘီရှည်ဖြင့် မြင့်မားကြည့်ကောင်းသော ယောကျာ်းသည် ဝတ်လွှာကို ကြည်လင်နွေးထွေးစွာ ရယ်ပြနေသည်။

ဝတ်လွှာက နှုတ်ဆက်သလို ပြုံးပြပြီးမှ တစ်စုံတစ်ရာကို အကဲခတ်မိသွားသည်။ သူ့ဘေးက အမျိုးသမီးတစ်ယောက် ...။ အထူးသဖြင့် တောက်ပစူးရှသော ထိုအမျိုးသမီး၏ မျက်လုံးများမှာ ဝတ်လွှာရဲ့ခန္ဓာကိုယ် အနံ့ပြားသို့ စူးစူးရှရှ အကဲခတ်နေကြသည်။ မြင်လိုက်တာနဲ့ကို အထက်တန်းလွှာက ကြွယ်ဝချမ်းသာသူတစ်ယောက်ဟု သိသာစေသော သူမဟာ မာန်တစ်မျိုးရှိပြီး အဲဒီ





မာန်နှင့်လည်း လူတွေကို ခွဲခြားဆက်ဆံနိုင်သော သွင်ပြင်ဟန်ပန်မှုရာ ရှိလေသည်။

"ဝတ်လွှာ ... ဘယ်ကပြန်လာတာလဲ"

သူက အနားရောက်လာသော ဝတ်လွှာကို ဖော်ရွေစွာနှုတ်ဆက်သည်။ ဝတ်လွှာက သူ့ကို ထိုင်ပါဟူသော သဘောမျိုးဖြင့် လက်ကိုဆန့်တန်း ညွှန်ပြလိုက်ကာ ...

"မြဲဘက်ကပါ"

"ဝတ်လွှာနဲ့ မိတ်ဆက်ပေးမလို့လေ။ ဒါ ရန်ကုန်က ကျွန်တော့်အစ်မ"

ဝတ်လွှာက မျက်ခုံးနှစ်ပက်ကိုပင့်ကာ အသံမထွက်ဘဲ အာမေဍိတ်ပြုမိသည်။ အင်း ... ဒါကြောင့် ဒီအမျိုးသမီးနဲ့ သူဟာ ရုပ်ချင်းက တော်တော်ဆင်တာကိုး။

"ဟုတ်လား။ တွေ့ရတာ ဝမ်းသာပါတယ်ရှင့်။ ကျွန်မ နွေဝတ်လွှာပါ"

"သားကို ကူညီခဲ့တယ်လို့ သိရတယ်။ ကျေးဇူးအများကြီးတင်တယ် နွေဝတ်လွှာ"

ကျေးဇူးတင်တာတောင် အထက်စီးကတင်သည့် ကျေးဇူးမျိုးဟု ဝတ်လွှာက မှတ်ချက်ချမိသည်။ ဒါကြောင့် ဘာမှ ပြန်မပြောတော့ဘဲ အသာပဲ ပြုံးနေမိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာထားလဲ ကိုနေမင်းချို။ တစ်ခုခု သုံးဆောင်ဦးလေ"

"မေမေ့ကို ဒီက Orgenic ဖျော်ရည် တိုက်မလို့။ ခမမေက လိမ္မော်သီးစစ်စစ်ဖျော်ရည်ကို အရမ်းကြိုက်တာလေ"

"ဪ ... မှာလေ"

စာပွဲထိုးသည့် ကောင်လေးတစ်ယောက်က အနားသို့ ရောက်လာလျှင် သူကမှာသည်။

"လိမ္မော်ရည်တစ်ခွက်၊ နောက် ... ကော်ဖီနဲ့ ပူတင်း"

"ခဏစောင့်ပေးပါ ခင်ဗျာ"

ကောင်လေး ထွက်သွားလျှင် သူက ဝတ်လွှာကို ပြုံးကြည့်ကာ ...

"ဝတ်လွှာရဲ့ မိဘတွေကရော"

"မိဘတွေ မရှိကြတော့ပါဘူး"

"ဪ ... ဆောရီး။ ဝတ်လွှာ ငယ်ငယ်တည်းကလား"

"မာမီ ဆုံးသွားတာ တစ်နှစ်ပြည့်တဲ့နေ့က ရှင်နဲ့ဆုံဖြစ်တာပဲလေ။ ပဝါပြုတ်ကျခဲ့တဲ့နေ့ပေါ့"

သူက ဘာမှမပြောရသေးဘဲ သူ့အမေက ဝင်ပြောသည်။

"ဒါဆို မွေ့ဝတ်လွှာနဲ့ သားနဲ့က အရင်တည်းက သိကြတာပေါ့"



"ကျွန်မတို့ အမှတ်တမဲ့ ဆုံဖူးကြတာပါ။ သိတယ်လို့လည်း ပြောလို့မရပါဘူး"

"ဟုတ်လား။ အဲဒီနေ့က ဝတ်လွှာအမေဆုံးတာ တစ်နှစ်ပြည့်တာကိုး။ ဪ ... စိတ်မကောင်းပါဘူး ဝတ်လွှာရာ"

"ရပါတယ်။ ဒဏ်ရာရော သက်သာရဲ့လား ကိုနေမင်းချို"

"သက်သာပါတယ်။ ခေါင်းမလျှော်ရတော့ နည်းနည်းစိတ်ညစ်တာပေါ့ဗျာ။ နောက်တစ်ပတ် ဆိုရင်တောင် ချုပ်ရိုးဖြေရတော့မယ် ပြောတယ်"

"ဪ"

ဝတ်လွှာက ဪတစ်လုံးနှင့် ခေါင်းညိတ်မိစဉ်မှာပဲ သူ့အစ်မထံမှ အသံထွက်လာသည်။

"မွေ့ဝတ်လွှာက ပြင်ဦးလွင်သူ အစစ်လား"

ဘာကြောင့်မေးမှန်း မသိပေမယ့် ဒီမေးခွန်းဟာ အလာပသလ္လာပ မေးသော မေးခွန်းဟု ဝတ်လွှာ မထင်ချေ။ ပြီးတော့ Personal တွေ မေးတာကိုလည်း မကြိုက်လှပါ။

"အရေးကြီးလို့လား အစ်မ"

"ဘယ်လို ! "

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာရဲ့ ပြန်မေးသော မေးခွန်းကို သူ့အစ်မက အံ့သြထူးဆန်းသွားဟန်တူသည်။ မျက်မှောင်တစ်ချက်ကြုတ်လျက် ဘယ်လို ! ဟူသော အသံထွက်လာသလို သူ့ဆီကလည်း ရယ်သံတစ်ခု ထွက်လာသဖြင့် ဝတ်လွှာက နေမင်းချိုဘက်သို့ လှည့်ကြည့်မိသည်။

"ဟား ဟား ... ဝတ်လွှာက တကယ်ပဲ ကျွန်တော့်အစ်မလို့ ထင်နေတာကိုး။ မေမေ ... ဝတ်လွှာကို ညစာကောင်းကောင်း ဖိတ်ကျွေးလိုက်တော့"

"ဘာရယ် ... မေမေ ! ဟုတ်လား"

"ဟား ဟား ... ဟုတ်တယ် ဝတ်လွှာ။ ဒါ ကိုယ့်မေမေပါ။ ဘယ်လိုလဲ အစ်မလို့ ထင်ရအောင် သိပ်နုနေတယ် မဟုတ်လား"

ဝတ်လွှာက ဘာမှပြန်မပြောနိုင်ဘဲ ယောင်ပြီး ထိုအမျိုးသမီးကို ကြည့်မိသွားသည်။ သူမကတော့ ဝတ်လွှာကို စူးစူးရှရှပဲ ပြန်စိုက်ကြည့်နေလေသည်။

"ကိုယ့်မေမေပါ ဝတ်လွှာ။ ဒေါ်ဝတ်ရည်ချိုလို့ ခေါ်တယ်။ ကိုယ့်မှာ ဖေဖေတော့ မရှိတော့ဘူး။ မေမေပဲရှိတာ ... မေမေက ကိုယ့်ကို ငယ်ငယ်လေးနဲ့ မွေးခဲ့တာလေ"





"ဩော် ... ဆောရီးပါ အန်တီ"

"ဟား ... ဟား ... ရပါတယ် ဝတ်လွှာရဲ့။ မမခေါ်လည်း မေမေက စိတ်ဆိုးမှာ မဟုတ်ပါဘူး။ ဟုတ်တယ်မှုလား မေမေ"

သူ့အမေက သူ့သားစကားကို အဖက်တောင်မလုပ်ဘဲ ခုနကစကားကိုသာ ပြန်ဆက်ဖို့ ကြိုးစားသည်။

"နေပါဦး ... နွေဝတ်လွှာက ပြင်ဦးလွင်သူအစစ် ဟုတ်မဟုတ်ဆိုတာ ဖြေဖို့ရာ အဲလောက် ခက်ခဲလား"

"ခက်ခဲတယ်တော့ မဟုတ်ပေမယ့် ကျွန်မ ဖြေဖို့ သိပ်ဆန္ဒမရှိလို့ပါ"

ဝတ်လွှာ တစ်ယောက် အဲဒီလိုဖြေမည်ဟု ထင်မထားသဖြင့် သူတို့သားအမိနှစ်ယောက်လုံးက ကြောင်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသွားကြသည်။ အဲဒီအချိန်မှာပဲ မှာထားသော စားသောက်စရာများ လာချပေးသဖြင့် ဝတ်လွှာက မတ်တတ်ထရပ်ကာ နှုတ်ဆက်လိုက်သည်။

"အေးအေးဆေးဆေး သုံးဆောင်ကြပါ။ ကျွန်မ အလုပ်လေးနည်းနည်းရှိသေးလို့ ခွင့်ပြုပါဦး"

ဝတ်လွှာက ပြောပြီးတာနှင့် လှည့်ထွက်လာခဲ့သျှင် သူက ဘာမှပြန်မပြောနိုင်ဘဲ ကျန်ရစ်ခဲ့လေသည်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာ သေချာသိနိုင်တာတော့ ဝတ်လွှာရဲ့နောက်ကျောမှာ သူ့အမေရဲ့မျက်လုံးတွေ စူးရှစွာ ကပ်ပါလာလိမ့်မည် ဆိုတာပဲဖြစ်သည်။

ပြီးတော့ အတွေးတွေ ပွားတော့မည်။ ပွားပါစေလေ။ ဝတ်လွှာ ခံယူထားသည်မှာ ကိုယ့်စိတ်ထဲက ရှိသည့်အတိုင်းနေဖို့ ဖြစ်ပြီး ဘယ်သူ့ကိုမှ အားမနာတတ်အောင် ကျင့်ကြံနေတာ ဖြစ်လေသည်။

♣ ❤ ♣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။





"မေမေတော့ လုံးဝသဘောမကျပါဘူး"

နံနက်ခင်းစောစောမှာ Breakfast စားနေရင်း ရှမ်းခေါက်ဆွဲကို တူနှစ်ချောင်းနှင့် ဆောင့်ထိုးမွှေနှောက်ရင်းမှ မကျေမနပ်သံဖြင့် ထပြောလျှင် သူက မေမေ့ကို အံ့ဩစွာ မော့်ကြည့်မိသည်။ ဖျတ်ခနဲပဲ သူ့စိတ်ထဲမှာ ဘာကိုဆိုလိုကြောင်း ချက်ချင်းရိပ်မိလိုက်လျှင်ပဲ မသိချင်ဟန်ဆောင်ကာ မေးလိုက်သေးသည်။

ညတုန်းကလည်း ဘာမှမပြောဘဲ မနက်ကျမှ ကောက်ကာငင်ကာ ထပြောတာကတော့ ထူးဆန်းသည်လေ။

"ဘာကို သဘောမကျတာလဲ မေမေရဲ့။ ရှမ်းခေါက်ဆွဲရဲ့အဆင်းနဲ့အနံ့ကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ။ မဟုတ်က ဟုတ်က။ သားရဲ့ကယ်တင်ရှင် နွေဝတ်လွှာကို ပြောတာ"

"ဘာလို့ သဘောမကျတာလဲ မေမေ။ သူသာ မကူညီခဲ့ရင် ခုချိန်မှာ သား ဘာဖြစ်နေမလဲဆိုတာ မပြောနိုင်ဘူးလေ"

"အင်း ... အဲဒါက သားတို့ချင်း သိပြီးသားမို့ ကူညီတာပဲ မဟုတ်ဘူးလား"

"မသိပါဘူး မေမေရာ။ သူ ပြောခဲ့သလိုပဲ လမ်းမှာအမှတ်တမဲ့ ဆုံခဲ့ဖူးတာ၊ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆွေဖွဲ့ခဲ့တာလည်း မရှိဘူး ...

ည ဆယ့်တစ်နာရီခွဲကြီး ကားတိုက်တာကို သူက လည်း သားမှန်း ဘယ်လိုလုပ် သိမှာလဲ။ အားလုံးဟာ တိုက်ဆိုင်သွားတာပါ မေမေရာ။ နွေဝတ်လွှာက စိတ်သဘောထား ပြည့်ဝတဲ့ပုံပါ"

"ဒါပေမဲ့ သူ့ပုံစံကို မေမေ သဘောမကျတာတော့ အမှန်ပဲ"

သူ့အမေက ရှမ်းခေါက်ဆွဲတစ်လုတ်ကို ပါးစပ်ထဲသို့ သေသေသပ်သပ် ထိုးထည့်ကာ တိတ်တဆိတ် ဝါးနေသည်။ သူက မေမေ့ကို တစ်ချက်မော့ကြည့်ပြီးမှ ဟက်ခနဲ ရယ်လိုက်သည်။





"ဘာလဲ ... မေမေ့ကို သွားအဖြဲသားနဲ့ ဖားယားမနေလို့လား"

"ကြည့်စမ်း ... ဒီကောင်လေးတော့လား။ မအေကို အဲလိုပြောစရာလား"

သူ့အမေက အမှန်တွေကို ပြောသောကြောင့် စိတ်ဆိုးသွားသည်။ သူ့အမေဟာ ကိုယ်တိုင်ကလည်းချော၊ အရည်အချင်းကလည်း ရှိသည့်အပြင် ငွေကြေးကလည်း ကျိကျိတက်ချမ်းသာသောကြောင့် မေမေ့ကိုဆိုလျှင် ပတ်ဝန်းကျင်ကလူတွေဟာ အလိုလိုက် အကြိုက်ဆောင်တာ များလှသည်။ ပြီးတော့ ခပ်မိုက်မိုက်သားလေးတစ်ယောက်ကို မွေးထားသော အမေဆိုတော့လည်း သားရှင်တွေကြားထဲမှာ မျက်နှာပွင့်ရသလို သူ့ကိုနှစ်သက်သော ကောင်မလေးတွေက အန်တီ ... အန်တီချင်း မိုးမွှန်အောင်ဖားတာကိုလည်း မေမေက တိတ်တဆိတ် ကျေနပ်နေတာဖြစ်သည်။

တကယ်တော့ လူတွေကလည်း မြင်လိုက်တာနဲ့ကို အရှိန်အဝါတစ်မျိုး ကပ်ငြိနေသော မေမေ့ကို အရေးပေးဆက်ဆံကြပြီး မေမေမှာလည်း အဲဒီလိုဆက်ဆံခြင်း ခံရလောက်အောင် ဓာတ်တစ်မျိုးက ကိန်းဝပ်နေတာ ဖြစ်ပါသည်။ ဒါပေမဲ့ နွေဝတ်လွှာကိုယ်၌ကလည်း အဲဒီလို တောက်ပခမ်းနားသော မိန်းကလေးတစ်ယောက် ဖြစ်သည်ဆိုတော့ (အားမနာတမ်း စိတ်ထဲမှ ဝေဖန်ရလျှင်)



www.burmeseclassic.com

www.burmeseclassic.com



မေမေဟာ သူနဲ့ထပ်တူ ဖြစ်နေသော မိန်းကလေးတစ်ယောက်ကို သဘောမကျနိုင်ခြင်းပဲ ဖြစ်လိမ့်မည်။

"သူ့ဟာသူ နားအေးပါးအေး နေတတ်တဲ့ မိန်းကလေးမျိုးနဲ့ တူပါတယ် မေမေရာ ...

တချို့လူတွေက ပုံစံတစ်မျိုးလေ။ အဲဒီမိန်းကလေးကြည့်ရတာ သူ့ဖိုးလိန်နဲ့သူ အေးဆေးငြိမ့်နေတတ်တဲ့ ပုံစံမျိုးပဲ။ သားတော့ ကြိုက်တယ်"

နောက်ဆုံးစကားကို သူက ပျစ်ပျစ်နှစ်နှစ်ကြီးပဲ ပြောလိုက်လျှင် မေမေက သူ့ကို စူးခနဲပဲ မော့်ကြည့်သည်။

"ဘာကြိုက်တာလဲ သား"

"ဩော် ... ကြိုက်တယ်ဆိုတာ ကြိုက်တာပေါ့ မေမေရာ။ လေဒီဂါဂါကို ကြိုက်သလိုပေါ့"

"လေဒီဂါဂါက အဆိုတော်လေ။ သူက ဘာလဲ။ သာမန်မိန်းမတစ်ယောက်ပဲ။ သာမန်မိန်းမတောင်မှ နယ်မှာနေတဲ့ ရိုးရိုးသာမန်မိန်းမပဲ။ ဘာကြိုက်စရာ ရှိလို့လဲ"

ကလေးတစ်ယောက်လို ဖွတ်ပြောနေသော မေမေ့ကို ကြည့်ကာ သူက ချစ်စနိုးဖြင့်ရယ်မိသည်။ မေမေရယ်... ဒီမိန်းကလေးကို ကြည့်မရတာကနည်းနည်း သားကိုတိုထွာနေတယ်ဆိုတာ သူ သိတာပေါ့။





"သားနော် ... ဒီမှာနေရင်လည်း အေးအေးဆေးဆေးနေစမ်း။ ရုတ်ရုတ် ... ရုတ်ရုတ်ဆိုလို့ကတော့ မင်းကို မေမေ ရန်ကုန်ပြန်ခေါ်မှာ"

"ဟာ ... အဲဒီကျရင် ဒီကအလုပ်တွေ ဘယ်သူလုပ်မှာလဲ"

"မေမေ့မှာ နိုင်းစရာလူတွေ ပေါလွန်းလို့။ မင်းကို ဘာမှမနိုင်းဘဲ ဒီအတိုင်း ထိုင်ဖြုန်းနိုင်းရင်တောင် ရတယ်ဆိုတာ မသိဘူးလား"

"သိပါတယ် မေမေရာ။ သားအမိချင်း အဲလောက် ကြွားမနေစမ်းပါနဲ့။ သား ရန်ကုန်မှာလည်း မနေချင်ဘူး မေမေ။ ဒီမှာ ပျော်တယ် ... ဟဲ ဟဲ"

သူ့ရဲ့အပိုးမကျိုးသောပုံစံကို သူ့အမေက မျက်စောင်းတစ်ချက်ထိုးသည်။

"သားချို့နော်။ ရှုပ်ရှုပ်ယှက်ယှက်တွေ မေမေ မကြားချင်ဘူး။ ပြီးတော့ တစ်ခါတည်း ပြောထားမယ်။ သားရဲ့အိမ်ထောင်ရေးက သား တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက်နဲ့ လုံးဝမပြီးဘူးနော်။ သား ရွေးချယ်တဲ့ မိန်းကလေးဟာ မေမေနဲ့လည်း အများကြီးဆိုင်ကာ ...

အဲဒါ သား မြဲမြဲမှတ်ထား"

"မေမေရော ပေါင်းမှာမို့လို့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ … မင်း မကြားဖူးဘူးလား။ မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုတယ်ဆိုတာ အဲဒီယောကျ်ားတစ်ယောက်တည်းနဲ့ပေါင်းရတာ မဟုတ်ဘူး။ အသိုင်းဝန်းတစ်ခုလုံးနဲ့ ပေါင်းရတယ် ဆိုတာလေ …

မေမေ့မှာ သားသမီးဆိုလို့ ဘယ်ဘက်ကပဲ ရေရေ၊ မင်းတစ်ယောက်ပဲရှိတာ သားချို။ မင်းယူမယ့် မိန်းမဟာ မေမေ့အတွက် အရာအားလုံးထက်ကို အရေးကြီးတယ် …

မေမေ့ဘဝမှာ တစ်ယောက်ပဲ ပတ်သက်ရမယ့် ချွေးမဟာ မေမေ စိတ်ချမ်းသာရမယ့် ချွေးမဖြစ်ဖို့ အလိုအပ်ဆုံးပဲ"

မေမေ့စကားတွေက မြင့်လာပြီမို့ သူက လျှော့ချရပါတော့မည်။ ဘာမှမဟုတ်သေးသော ဒီလိုအခြေအနေမျိုးမှာ မေမေနှင့် အချေအတင် စကားမပြောချင်သေးပါ။

"ကဲပါ မေမေရယ်။ စောစောစီးစီးမှာ စကားတွေအများကြီး မပြောပါနဲ့။ သားတို့နှစ်ယောက် တွေ့တုန်းလေး အေးအေးဆေးဆေး နေကြရအောင်ပါ …

တခြားအလုပ်ကိစ္စတွေလည်း ပြောစရာတွေ အများကြီးရှိတယ်"

မေမေက သူ့ကို မယုံသင်္ကာဟန်ဖြင့်ကြည့်ကာ …

"မင်း ပြင်ဦးလွင်မှာ နေချင်တာ တခြားအကြောင်းတော့ မရှိပါဘူးနော်"

"ဟာ … ရှိစရာလား မေမေရာ။ ရန်ကုန်မှာ ဒီလောက် ပူနေတာ၊ ပြီးတော့ လူတွေကများ ကားတွေကများ။ မွန်းကျပ် ပိတ်လှောင်နေတာပဲ …

ဒီမှာက အရမ်းအေးဆေးပြီး ဘယ်လောက်သာယာလဲ။ သားဆို ဒရင်ဘတ်တစ်လုံးနဲ့ ပွဲကောက်(ရေတံခွန်) သွားပြီး အိပ်ချင်အိပ်နေတာ၊ စာဖတ်တယ်၊ အိပ်တယ်။ တအားစိမ့်ကျတာ။ Air Con ခန်းထဲက အေးစိမ့်မှုမျိုးနဲ့ လုံးဝမတူတဲ့ သဘာဝရေတံခွန်က အေးစိမ့်မှုက ဘာနဲ့မှ မလဲနိုင်တဲ့ ဖီလင်ပေါ့"

"အေးပါ … ပြီးမှ ဘာသံ ညာသံ မကြားချင်ဘူး။ ဒါပဲ"

မေမေက တစ်ချက်လွှတ်အမိန့် ထုတ်ပြန်လိုက်လျှင် သူက ကြောက်ချင်ဟန်ဆောင်ပြီး ပခုံးကကျုံ့ပြလိုက်သည်။ အင်း … ဒီအချိန်မှာ အရာရာဟာ ပြောဖို့စောသေးတယ် မဟုတ်လား မေမေရယ်။ သူကတော့ အေးချမ်းနေတဲ့ မြို့ကလေးမှာ ဘာကိုမှ အလောတကြီး မလုပ်ချင်ပါ။

သူ့အလိုလျောက်တိုင်း ပြောင်းလဲတာက သဘာဝ အကျဆုံးပဲ မဟုတ်လားလေ။

♣ ♥ ♣



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာသည် နှင်းဆီခင်းကြီးရဲ့ အစပ်နားမှာ ကြိမ်ဆက်တီပေါ်၌ အသာပြေလျော့ အနားယူထိုင်နေရင်းမှ ဘာသာပြန်စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ဖတ်ရှုနေမိသည်။ ဇာတ်လမ်းက အရှိန်တက်နေသည်မို့ စာအုပ်ထဲ စိတ်ပါဝင်စားနေတုန်းမှာပဲ အနားကနေ၍ ချွတ်ခနဲ အသံကြားလိုက်လျှင် မော့ကြည့်မိသည်။

မြင်လိုက်ရလျှင် နှစ်လိုဖွယ် အပြုံးတစ်ခုနှင့် အမြဲနွေးထွေးစွာ ပြုံးပြတတ်သော သူ။ သူဟာ ဝတ်လွှာ ရှိရာသို့ ရောက်လာပြန်ပြီ။

"နေကောင်းတယ်နော် ဝတ်လွှာ"





သူက ဝတ်လွှာရဲ့ဘေးမှာ လာရပ်ရင်း ပြုံးကာမေးသည်။ ဝတ်လွှာက ပြေလျော့ မှီလျော့ ထိုင်နေရာမှ ကိုယ်ကို အနည်းငယ် မတ်လိုက်ရင်း ...

"ကျွန်မက မေးရမှာပါ။ နေကောင်းသွားပြီလား"

သူ့ခေါင်းမှာ ပတ်တီးမရှိတော့တာကို ရည်ညွှန်းပြီး မေးလိုက်တာဖြစ်သည်။ သူက အနည်းငယ် ရယ်လိုက်စဉ်မှာပဲ ဝတ်လွှာက ရှေ့ကခုံကို လက်ဆန့်တန်းပြလိုက်ရင်းမှ သူ့ကို ထိုင်လေဟု ဆိုမိသည်။ သူက လက်ထဲကအထုပ်ကို အနီးရှိ စားပွဲပုလေးပေါ် တင်ပေးပြီးနောက် ဝင်ထိုင်ရင်းဆိုသည်။

"ကိုယ့်အမေကို မန္တလေး လိုက်ပို့တာလေ။ အဲဒါ ဝတ်လွှာအတွက် မန္တလေးပြန်လက်ဆောင်တွေ ဝင်ပေးတာ။ ရည်မွှန်က လက်ဖက်နှပ်ရယ်၊ နှစ်ပြန်ကြော်၊ နောက် ... မြင့်မြင့်ခင်က မုန့်တွေရယ်"

"ကျေးဇူးပါပဲ"

"ဘာစာအုပ်တွေ ဖတ်နေတာလဲ ဝတ်လွှာ"

သူက ဝတ်လွှာကို ပြုံးငေးကာမေးသည်။ ဒီတစ်ယောက်ဟာ ဝတ်လွှာကိုတွေ့တိုင်း ဘာကြောင့် ပြုံးငေး ငေးကြည့်နေတတ်တာလဲ။ သူ ပြုံးကြည့်နေပုံဟာ အနှစ်နှစ်အလလက ခွဲခွာရသူကို သတိရလို့ ပြုံးပြီးကြည့်နေတဲ့ ပုံစံမျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမောင်မိုးသူရဲ့ ဘာသာပြန်ဝတ္ထုလေ။ သားသတ်သူ"

"ဝတ်လွှာက စာဖတ်တာ ဝါသနာပါလား"

"ပါတယ်။ စာဖတ်နေရတဲ့အချိန်က ကျွန်မအတွက် အငြိမ်းချမ်းဆုံးပဲ။ ဒီလို နှင်းဆီခင်းနားမှာ စာအုပ်လေးတစ်အုပ်၊ ကော်ဖီလေးတစ်ခွက်နဲ့ နေရတဲ့ဘဝလောက် ငြိမ်းချမ်းတာ မရှိဘူးလို့ ထင်တာပဲ"

"အင်း ... ကောင်းသားပဲ။ ကိုယ်ဆိုလည်း ပွဲကောက် ဒါမှမဟုတ် BE fall မှာ ဒရင်းဘတ်တစ်လုံးနဲ့ ဂျာနယ်လေးတစ်စောင်လောက် ဖတ်ချင်ဟန်ဆောင်ပြီး အိပ်ပျော်သွားရတာကို အရမ်းကြိုက်တယ် ...

ပွဲကောက်မှာ သွား ... သွား အိပ်တယ်"

ဝတ်လွှာသည် သူ့စကားကြောင့် မျက်ခုံးပင့်ကာ ရယ်သွမ်းသွေးမိသည်။ ဒီလူဟာ ထူးထူးဆန်းဆန်းတွေ အတော်လုပ်တတ်သူပဲ။

"ဟား ... ပွဲကောက်မှာ သွားအိပ်တယ် ... ဟုတ်လား"

"ဟုတ်တယ်။ ကားပေါ်မှာ ဒရင်းဘတ်တစ်လုံး တင်သွားပြီး ပွဲကောက်ရဲ့အရိပ်ကောင်းကောင်း သစ်ပင်အောက်မှာ သွားအိပ်တာပဲ ...





ပထမတော့ ရေစီးသံလေး ကျေးငှက်သံလေးတွေ နားထောင်ပြီး စာဖတ်တာပေါ့။ နောက်တော့ မျက်လုံးစင်းလာပြီး အိပ်ပျော်သွားရော။ အေးစိမ့်နေတဲ့ အရိပ်အာဝါသအောက်မှာ ရေစီးသံလေးတွေ နားထောင်ပြီးအိပ်ဖို့ အခွင့်အရေးဆိုတာ ရန်ကုန်မြို့မှာ ဘယ်ရနိုင်မလဲဗျာ"

သူ့စကားကြောင့် ဝတ်လွှာက သဘောတကျ ပြုံးမိသည်။ အင်း ... သူ့အမေနဲ့ သူ့သားကတော့ တခြားစီပဲ ထင်ပါရဲ့။ သူ့အမေကတော့ မျက်ဝန်းတွေက မာနရောင်တွေ လွှမ်းလွှမ်းသည်ဟု ထင်မိသည်။

"တစ်ခုခု စားပါလား။ ဘာစားမလဲ"

ဝတ်လွှာက မလှမ်းမကမ်းကနေ၍ ဘာလိုအပ်သလဲ လာကြည့်သော အိုက်လုံကို ခေါင်းတစ်ချက်ညိတ်ကာ ခေါ်လိုက်သည်။ သူက ဝတ်လွှာကို ပြုံးပြီးကြည့်လာကာ ...

"အိမ်ရှင်ဧည့်ခံတာ စားမှာပေါ့။ ကိုယ်က Nature House ကို လာတာမှ မဟုတ်တာ"

"ရှင် ဗိုက်ဆာသလား"

"အင်း ... ကားမောင်းလာတာဆိုတော့ နည်းနည်းတော့ ဆာတယ်"

"အိုက်လုံ ... ဟမ်ဘာဂါတစ်လုံးနဲ့ လိမ္မော်ရည် လုပ်ခဲ့ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မမ။ နေကောင်းသွားပြီလား အစ်ကိုကြီး"

အိုက်လုံကပါ သူ့ကို ရင်းနှီးခင်မင်စွာ နှုတ်ဆက်သည်။

"အေး ... ကောင်းသွားပါပြီကွာ။ မင်းတို့အတွက်တောင် မုန့်တွေဝယ်လာတယ်ကွ"

"ဟုတ်ကဲ့ ... ကျေးဇူးပဲဗျ"

အိုက်လုံက ဝတ်လွှာကမ်းပေးသော အထုပ်ကိုယူရင်း အနားမှ ထွက်သွားသည်။ သူက ဝတ်လွှာကို ပြုံးစစဖြင့် စိုက်ကြည့်လာရင်း ...

"ဝတ်လွှာကတော့ ကိုယ့်ကို အရှက်ကွဲအောင်လုပ်ပြီ"

"ဘာများပါလိမ့်ရှင်"

"ဟမ်ဘာဂါ ကျွေးတယ်လေ"

"အဲဒီတော့ ..."

"ကိုယ်က ဝတ်လွှာရှေ့မှာ ပါးစပ်ကြီးဖြဲပြီး ဟမ်ဘာဂါ စားရတော့မှာပေါ့။ ရှိုးပွဲတာပေါ့ကွာ ... ဟား ဟား"

သူ့ဟာသူပြောပြီး သူ့ဟာသူ သဘောတကျ ရယ်နေသော သူ့ကို ဝတ်လွှာက ပြုံးကြည့်မိသည်။

"အဲဒီလို မရည်ရွယ်ခဲ့ပါဘူး။ ဒီက ဟမ်ဘာဂါကို ရှင်မစားဖူးသေးလို့ ကျွေးတဲ့သဘောပါ ..."





"ဘာဖြစ်လဲ ... ကျွန်မရှေ့မှာလည်း လွတ်လွတ်လပ်လပ် ပါးစပ်ဖြဲပြီး စားလို့ရပါတယ်"

"ဟား ဟား ... ရပါတယ်။ ကျွေးတဲ့သူက စေတနာရှိရှိနဲ့ကျွေးမှတော့ စားရပြီပေါ့"

သူက လွတ်လွတ်လပ်လပ်ရယ်ကာ ပြောသည်။ လေတစ်ချက်အဝေ့မှာ သူ့ဆီက မွှေးရနံ့တစ်ခု သင်းပျံ့လာသည်ဟု ထင်သည်။ ချိုချိုအီအီရနံ့လေးဟာ ဘာရေမွှေး အမျိုးအစားလည်း ဆိုတာတော့ ဝတ်လွှာ မသိပါ။

"နှင်းဆီပန်းတွေက အရမ်းလှတာပဲ။ ဝတ်လွှာက ပန်းစိုက်တာ ဝါသနာပါလား"

"အင်း ... အရင်ကတော့ မပါဘူး။ မာမီက ပိုဝါသနာပါတယ်။ မာမီ့ကြောင့် ဝါသနာပါသွားတာ"

"ဒီပန်းတွေက ရောင်းတာလား"

"အင်း ... ဖလော်ရယ်ဆားဗစ်တစ်ခုကို ပေးတယ်လေ။ အဲဒီက လိုချင်တဲ့ပန်းမျိုးစုံ ဒီမှာရတယ် ...

ဘာလဲ ... ကျွန်မစီးပွားရေးကို စိတ်ဝင်စားနေတာလား။ သိပ်စိတ်ဝင်စားစရာ မရှိပါဘူး"

"စီးပွားရေးကို စိတ်ဝင်စားတာ မဟုတ်ပါဘူး။ ဝတ်လွှာရဲ့ အေးချမ်းတဲ့ life style ကို စိတ်ဝင်စားတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာ ကြည့်ရတာ လက်ရှိဘဝကို တော်တော်လေး ကျေနပ်ပြီး စိတ်ချမ်းသာနေတဲ့ပုံ ပေါက်တယ်"

"ဪ ... လူဆိုတာ ကိုယ့်ဘဝကိုယ် စိတ်ချမ်းသာအောင် နေတတ်ရမယ် မဟုတ်လားရှင်"

သူက ဟုတ်ပါပြီ ဟူသောပုံစံနှင့် ဝတ်လွှာကိုပြုံးပြီး ကြည့်သည်။

"ဒါပေမဲ့လည်း ဝတ်လွှာပုံစံကတော့ သိသိသာသာထူးထူး ခြားခြား စိတ်ချမ်းသာတဲ့ပုံ ပေါက်နေလို့ပါ။ အဲဒီ အကြည့်တွေက အားနားကလူတွေကိုတောင် ကူးစက်စေတယ် လေ"

"ဟုတ်လား"

ဝတ်လွှာက ကိုယ့်ရဲ့မူပိုင်စတိုင်လ်အတိုင်း မျက်ခုံးလေးပင့်ရှိကာ ပြန်မေးမိလျှင် သူက ပြုံးစိုက်ပြီး ငေးနေတာနဲ့ပဲ ကြုံရလေသည်။ ဘယ်လိုဖြစ်တာလဲ။ ဒီတစ်ယောက်ဟာ ဝတ်လွှာကို တွေ့လေတိုင်း ဘာကြောင့် တစ်မျိုးသော အဓိပ္ပာယ်သက်ရောက်တဲ့ အကြည့်တွေနဲ့ပဲ ကြည့်နေရတာလဲ။

ထိုအချိန်မှာပဲ အိုက်လုံက ဟမ်ဘာဂါနှင့် လိမ္မော်ရည် လာချပေးသည်။

"သုံးဆောင်ပါဦး"





သူက ဟမ်ဘာဂါကို စားသည်။ လိမ္မော်ရည်ကို သောက်သည်။ ပြီးတော့ ခေါင်းတညိတ်ညိတ်ဖြင့် ...

"ရန်ကုန်က တကယ့်နာမည်ကြီး ဟမ်ဘာဂါတွေကို ဒီက Nature House က ပျင်းသနားတယ်နော်။ လိမ္မော်ရည်က လည်း တကယ့် အော်ဂန်းနစ်စစ်စစ်ဆိုတော့ ကျန်းမာရေးနဲ့ အထူးညီညွတ်တာပေါ့"

"မြှောက်မနေပါနဲ့ရှင်။ အလကား ကျွေးတာပါ။ ပိုက်ဆံမပေးရပါဘူး"

"ပိုက်ဆံမပေးရတာမို့ ပိုစားကောင်းတာလေ။ စေတနာနဲ့ဆိုတော့ ပိုက်ဆံပေးရတာထက် ပိုကောင်းတာပေါ့"

"ရန်ကုန်သားတွေ စကားပြောကောင်းတယ်ဆိုတာ ယုံသွားပြီ"

"ကိုယ်ကလည်း ပြင်ဦးလွင်သူတွေ စမတ်ဖြစ်တယ်ဆိုတာ ဝတ်လွှာကို တွေ့မှပဲ ယုံသွားတော့တယ်"

ဝတ်လွှာက ဘာမှပြန်မပြောတော့ဘဲ အသာရယ်မောနေမိလေသည်။ သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ လိမ္မော်ရည်လေးသောက်ကာ သောက်ကာဖြင့် ဆက်ပြောသည်။

"ဝတ်လွှာ ... ကိုယ့်ကို မိတ်ဆွေတစ်ယောက်အဖြစ် သဘောထားလား"



www.burmeseclassic.com

www.burmeseclassic.com



"မေးခွန်းရဲ့နောက်ကွယ်မှာကိုက ပြောချင်တာတစ်ခုခု ရှိနေတဲ့ပုံပဲ။ ပြောချင်တာကိုသာ တိုက်ရိုက်ပြောပါ"

သူက ဖျားတယ်ဟူသော ပုံစံဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြသည်။

"မိတ်ဆွေဆိုတာ ညီသည်တစ်ယောက်ကို မြို့ရဲ့အထင်ကရနေရာလေးတွေ လိုက်ပို့ရတယ် မဟုတ်လား"

"ရှင့်အနေအထားက ညီသည်လို့ ပြောလို့ရတော့တဲ့အနေထား မဟုတ်ပါဘူး"

"ညီသည်ဟာ ညီသည်ပဲပေါ့ ဝတ်လွှာရယ်။ ဘာလဲ ... ဝတ်လွှာက အိမ်ရှင် ဖြစ်စေချင်လို့လား"

သူ့စကားက ဘာအဓိပ္ပာယ်ကို ဆောင်ပါလိမ့်။ ဝတ်လွှာက သူ့ကို ဖျတ်ခနဲ မျက်လုံးလှန်ကြည့်လိုက်လျှင် သူက ဝတ်လွှာကို ငေးပြီးကြည့်နေတာနှင့် ကြုံရသည်။ အဲဒီအကြည့်တွေကို ဝတ်လွှာက ရင်ဆိုင်ရဲစွာနှင့် တန်ပြန်ကြည့်မိလျှင် တစ်ယောက်နဲ့တစ်ယောက် စူးနင့်စွာ စိုက်ကြည့်မိသလို ဖြစ်သွားလေသည်။

လူတစ်ယောက်နှင့်တစ်ယောက် ရင်ထဲသို့ ထွင်းဖောက်ဝင်အောင် ကြည့်တတ်သော အကြည့်မျိုးကို ကြည့်ဖူးပါသလား။ တစ်ယောက်ရင်ထဲမှာ ဘာရှိတယ်ဆိုတာကို တစ်ယောက်က သိနိုင်သော အကြည့်မျိုးတွေလေ။





"ကောင်းပြီလေ ... ရှင် ဘယ်သွားချင်လို့လဲ"

"ဘုရား"

"ဘယ်လို"

"ဪ ... ရှင်းရှင်းလေးပါ။ ဝတ်လွှာနဲ့ ဘုရားတက်ချင်တယ်။ မဟာအံ့ထူးကံသာဘုရားကြီး သွားဖူးချင်တယ်"

"အဆန်းပါပဲလား။ ဘုရားကို မရောက်ဖူးသေးဘူးလား"

"အဟက် ... ပြောရရင်တော့ ရယ်စရာ ဖြစ်နေတော့မှာပဲ။ ကိုယ် ဘုရားကို မရောက်ဖြစ်တာ တော်တော်ကိုကြာပြီ။ ဘယ်လောက်ကြာသွားပြီ ဆိုတာတောင် မမှတ်မိတော့ဘူး ...

ခုတော့ ဘုရားသွားချင်စိတ်တွေ အရမ်းပေါက်နေတယ်။ ဝတ်လွှာနဲ့အတူတူ ဘုရားတက်ချင်တယ်"

ဝတ်လွှာက ဘာမှပြန်မပြောမိသေးဘဲ အသာပြုံးမိသည်။

"ဟင် ... ? ။ ဘယ်လိုလဲ ဝတ်လွှာ"

"ရတယ်လေ။ ဘယ်နေ့လောက် သွားမလဲ"

"ဝတ်လွှာ အားတဲ့အချိန်ပေါ့"

"ကျွန်မက အဆင်ပြေပါတယ်"

"မနက်ဖြန်က ကိုယ့်မွေးရက်လေ။ မနက်ဖြန် ညနေခင်းလောက် Sunset ကြည့်ရင်းနဲ့ဆို အဆင်ပြေနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာက နှုတ်ခမ်းထောင့်စွန်းလေး ကွေးတက်ရုံ သရော်တော်တော် ပြုံးရင်းမှ ပြန်မေးမိသည်။

"မနက်ခင်းကတော့ ရှင် မနိုးလို့ မဟုတ်လား"

"ဟား ... သိနေတယ်။ ကြည့်စမ်း"

သူက ရွှင်မြူးသလိုဆိုလျှင် ဝတ်လွှာက မျက်စောင်းထိုးမိတော့မလို ဖြစ်သွားသည်။ ဘာကြောင့်များ သူ့ကို လိုက်လျှောမိနေတာလည်း မသိပါဘူးနော်။ ဒါပေမဲ့လည်း သူ့ကို ဝတ်လွှာ စိတ်ထဲမှာ တရင်းတနှီးရှိနေတာကတော့ ထူးဆန်းသည်။

နွေဝတ်လွှာရဲ့ဘဝမှာ ဘယ်ယောကျ်ားကိုမှ ဒီလောက်ရင်းနှီးတဲ့ ဖီလင်မျိုး မရှိခဲ့ဖူးဘူးလေ။

"အိုကေလေ ... ကိုယ် အဲဒီနေ့ကို အမြန်ဆုံး ရောက်ချင်နေပြီ"

သူ့ရဲ့ကြည်ကြည်နူးနူး ပြောသံအဆုံးတွင် ဝတ်လွှာရင်ထဲသို့ တစ်စုံတစ်ရာက ဖြတ်ပြေးစီးဝင်လာသည်ဟု ထင်မိသည်။ ဝတ်လွှာသည် မေးကလေးထောက်ကာ ဘာရယ်မဟုတ်ဘဲ သူ့ကို ငေးကြည့်မိသွားသည်။

နေမင်းချိုနဲ့ နွေဝတ်လွှာတဲ့။ နှစ်ယောက်လုံးက ပူပြင်းတဲ့သဘောကိုတော့ ဆောင်နေတာပဲနော်။

♣ ❤ ♣



၉

Westlife အဖွဲ့ရဲ့ If I let you go တေးသွားသံစဉ်ကို လေတချွန်ချွန်ဖြင့် ညည်းရင်း သူက ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိုင်းနေမိသည်။ ဘုရားသွားမယ် ဆိုပေမယ့် ပုဆိုးတွေ၊ စတစ်ကော်လာတွေ မလုပ်မိဘဲ သူ ဝတ်နေကျပုံစံအတိုင်းပဲ ဝတ်ဖို့ ဆုံးဖြတ်လိုက်သည်။ ကော်လာနှင့် လက်ခေါက်အပတ်မှာ အဖြူ၊ ကိုယ်ထည်က အပြာရောင်စင်း ရှပ်အင်္ကျီဖစ်တင်ကို စတိုင်လ်ဖစ် ဘောင်းဘီအနက်ဖြင့် တွဲဖက်ဝတ်ဆင်ပြီးနောက် ဆံပင်ကို ဂျယ်လ်နှင့် ပုံသွင်းပေးနေတုန်းမှာပဲ ဖုန်းလာသည်။

ကြည့်လိုက်သောအခါ ဝတ်လွှာရဲ့ဖုန်း ဖြစ်နေခဲ့သည်။ သူက ထိတ်ခနဲ ဝမ်းသာသွားသောစိတ်ဖြင့် ဖုန်းကိုဖွင့်ထူးမိသည်။

www.burmeseclassic.com

"ဟယ်လို"

"ရှင် ရယ်ဒီပဲလား ကိုနေမင်းချို"

"အင်း ... ပြီးပြီ။ ဘယ်လိုသွားမလဲ။ ဝတ်လွှာက လမ်းသင့်တော့ ဝတ်လွှာ ဝင်ခေါ်မလား"

"ခေါ်မယ်လေ။ ကျွန်မမောင်းတဲ့ကားကို စီးချင်တယ်ဆိုရင်တော့ လိုက်ခဲ့ပေါ့"

"ဟာ ... ဝမ်းမြောက်ဝမ်းသာနဲ့ကို လိုက်တာပေါ့။ အိုခေ ကိုယ်စောင့်နေပြီ ဝတ်လွှာ"

"ဆယ့်ငါးမိနစ် မကြာခင် ကျွန်မ ရောက်လာမယ်"

သူမ ဖုန်းချသွားလျှင် သူက လုပ်လက်စကို သွက်သွက်လေး လုပ်ရသည်။ အပြင်မှာထွက်ပြီး Ready စောင့်နေသော သူ့ကို ဝေယျာဝစ္စလုပ်ပေးသည့် ရန်ပိုင်က နှုတ်ဆက်သည်။

"ဟာ ... ဆရာ။ မွေးကြိုင်လန်းဆန်း ပဲရစ်အစွမ်း ... အဲလေ ဟုတ်ပါဘူး၊ မွေးကြိုင်လန်းဆန်း နေပါလား။ ဘယ်သွားမလို့လဲ"

"အင်း ... မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားလို့ပါကွာ"

"ဟုတ်လား။ ကျွန်တော် မောင်းပို့ရမလား"

"နေ ... နေ ... သူ လာခေါ်မှာပါ"

"သြော် ... ဟင် ... ဟိုမှာ ကားတစ်စီး ဝင်လာတယ်"





သူက လှမ်းကြည့်လိုက်လျှင် ဒိတ်ခနဲ ရင်ခုန်သွားသည်။ အမိုးဖွင့်ဂျစ်ကားလေးကို ကျင်လည်စွာ ကွေ့မောင်းရင်း ဆံနွယ်လေးတွေ တလွင့်လွင့်ဖြင့် သူ့အနားသို့ ရောက်လာသော ဝတ်လွှာ။ တကယ်ကိုပဲ ဝတ်လွှာ ဆိုတဲ့နာမည်နဲ့ လိုက်အောင် ပွင့်ဖတ်ဝတ်လွှာလေးလို နူးညံ့နေသော မိန်းကလေးဖြစ်သည်။

လည်ပင်းမှာ အနက်နဲ့အဖြူ ဘောလုံးပြောက်ပဝါလေးကို လှပစွာ ချည်ထားသော သူမသည် ညနေခင်းရဲ့အိန်ဂျယ် တစ်ပါးဆိုလည်း မမှားပါ။ သူက သူမဘေးကခုံသို့ လှားခနဲ တက်လိုက်လျှင် ရန်ပိုင်က မျက်လုံးပြူးကြည့်ကာ ကျန်ရစ်ခဲ့သည်။

"တော်သေးတာပေါ့။ ကိုယ်နဲ့ ဝတ်လွှာ ဟာမိုနီ ဖြစ်နေလို့"

"ဘာကို ဆိုလိုတာပါလိမ့်"

"သြော် ... ဝတ်လွှာလည်း ဘောင်းဘီပဲ ဝတ်ခဲ့တာလေ၊ ကိုယ်က ဝတ်လွှာကို လုံချည်တွေ ဘာတွေများ ဝတ်လာမလားလို့ ...

ခုတော့ နှစ်ယောက်လုံး ဘောင်းဘီနဲ့ဆိုတော့ ဟာမိုနီ ဖြစ်သွားတာပေါ့"

"ကိုယ် ဖီးလ်လာတာဝတ်တာပဲ ကောင်းပါတယ်၊ ဘုရားတက်ရင် လုံချည်နဲ့မှဆိုတဲ့ အယူအဆကတော့ နည်းနည်း သတ်မှတ်ချက်တစ်ခုလို ဖြစ်သွားတာပေါ့ ...

www.burmeseclassic.com



အဓိက,က လုံခြုံပြီး မရိုင်းဖို့က အဓိကပါ။ အဲဒါ အရေးကြီးဆုံးပဲ။ ကျွန်မကတော့ အဲလိုပဲ ခံယူထားတယ်"

"ဟုတ်တယ် … ကိုယ်လည်း အဲလိုပဲ။ ပုဆိုးကို စိတ်ထဲမှာ အရမ်းဝတ်ချင်တဲ့စိတ်ရှိရင် ဝတ်လိုက်တယ်။ ဝတ်သင့်တယ်ဆိုပြီးတော့ မဝတ်တတ်ဘူး …

ဒါဆို ဝတ်လွှာနဲ့ ကိုယ်က စိတ်ချင်းနီးစပ်တာပေါ့နော်"

သူ့စကားကို သူမက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးသည်။ ဂျေမီ ဆိုသလို ဆိုပြလိုက်ရမလား။ ငါ ရုပ်တည်နဲ့ ပြောတာကိုလည်း မင်းက ပြုံးပြန်ပြီ။ မထွက်သွားလိုက်ပါနဲ့ ငါ့ရင်ဘတ်ကို စုန်ကန်ပြီး မင်းကလွဲရင် မက်မောစရာ ငါ့မှာ ရုပ်နာမ်မရှိ။

သူမက လမ်းမတစ်လျှောက် ကားကိုကျင်လည်စွာ မောင်းနှင်နေသည်။ သူမ ကားမောင်းနေပုံမှာ သက်သောင့်သက်သာရှိပြီး ဘေးနားမှာ သူရှိနေပါလားလို့လည်း ရှိုးတိုးရှန့်တန့်မဖြစ်လှပါ။

"ကိုယ့်ဘဝမှာ မိန်းမတစ်ယောက်မောင်းတဲ့ကားကို စီးဖူးတာ ဒါ ဒုတိယမြောက်ပဲ"

"ဟုတ်လား။ ပထမတစ်ယောက်က ရှင့်အမေနဲ့တူတယ်"





ပိုင်နိုင်သေချာသလို အပြောကြောင့် သူက လှည့်ကြည့်မိလျှင် သူမကလည်း သူ့ဘက်သို့လှည့်ကာ ဟုတ်တယ်မှလား ဟူသော သဘောဖြင့် မေးဆတ်ပြလျှင် အဲဒီပုံစံလေးကို အကြီးအကျယ် ကြွေသွားလေသည်။ သေချာပါတယ် မွေဝတ်လွှာရယ်၊ မင်းကို ကိုယ် ချစ်မိသွားပြီ ထင်ပါတယ်။

"ဘာလို့ အဲလို ပြောနိုင်ရတာလဲကွာ"

"ယောက်ျားတစ်ယောက်က ကိုယ်နဲ့ရင်းနှီးတဲ့ မိန်းကလေးရှေ့မှာ ကိုယ့်အမေအကြောင်းကလွဲပြီး တခြားမိန်းမတွေအကြောင်း ပြောလေ့မရှိဘူး"

"ဟား … ဝတ်လွှာက စာတွေအရမ်းဖတ်လို့နဲ့တူတယ်၊ သိပ်သိတာပဲ"

သူမက ဒါပေါ့ဟူသော စကားကိုတော့ မဆိုပါ။ ပြုံးရုံသာ ပြုံးနေခဲ့သည်။ မဟာအံ့ထူးကံသာ ဘုရားကြီးသို့ ရောက်သောအခါ သူမက ကားနောက်ခန်းရှိ ခြင်းထဲတွင်ထည့်ထားသော နှင်းဆီပန်းတွေကို ယူကာပေးပါသည်။

"လှလိုက်တဲ့ ပန်းတွေ။ ဝတ်လွှာတော့ နောက်ဘဝ ဒီထက်အများကြီး ချောဦးမှာပဲ"

"ရှင်လည်း ချောမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံးစစဖြင့် ပြန်ပြောသည်။ ဘာသဘောနဲ့ ပြောတာမှန်း မသိပေမယ့် သူ ရင်တော့နည်းနည်းခုန်သွားပါသည်။ အဲဒီနောက် ဘုရားကိုပန်းကပ်၊ သေချာရှိခိုးကန်တော့ပြီးနောက် ဘုရားရင်ပြင်တော်ပေါ်မှာ တစ်ပတ် ပတ်ကြသည်။ နောက်တော့ တောင်တန်းတွေကို လှမ်းမြင်နေရသည့် ရင်ပြင်တစ်နေရာမှာ မတ်တတ်ရပ်ရင်း လေညှင်းခံကြလေသည်။

အနက်ရောင် ဘလောက်စ်တစ်ထည်ကို နို့နှစ်ရောင် အသားပျော့ပျော့ ဘောင်းဘီရှည်လေးဖြင့် တွဲဖက်ဝတ်ဆင်ကာ လည်တိုင်မှာ ပဝါလေးစည်းထားသော သူမသည် သူ့မျက်လုံးထဲတွင်တော့ အကောင်းဆုံး ဝတ်စားဆင်ယင်တတ်သူ ဖြစ်၏။

"ဒီဘုရားကြီးက ကိုယ်တို့ ငယ်ငယ်ကဆို မရှိဘူးနော်။ နောက်မှ ပေါ်လာတာ။ အဲဒါကို ဂိုက်က နည်းနည်းပါးပါး ရှင်းပြဦးလေ"

"ရှင် သိတယ် မဟုတ်လား"

"သိပ်မသိပါဘူး ပြောပြပါ"

သူမက သူ့ကို ဖြစ်ရတယ်ဟူသော အကြည့်မျိုးနှင့် ကြည့်ကာ အဝေးသို့ငေးရင်း ပြောပြသည်။

"ဒီ မဟာအံ့ထူးကံသာဘုရားကြီးက စကျင်ကျောက်နဲ့ထု ထားတာလေ။ ဘုရားကို တရုတ်ပြည်မှာပူဇော်ဖို့ ဒီကနေ





ပင့်သွားတာ။ ဒါကြောင့် ဘုရားရဲ့ရုပ်ပုံတော်ကို ကြည့်လိုက်ရင် ထုလုပ်ထားတဲ့ ပန်းပုဒီဇိုင်းက တရုတ်ဘုရားလို ဖြစ်နေတယ် ...

အဲဒီလို ပင့်ဆောင်သွားတဲ့အခါ ကားကစောင်းပြီး မှောက်သွားတယ်၊ ဘုရားကြီးကို ထပ်ပင့်ဖို့ ကြိုးစားပေမယ့် မအောင်မြင်ခဲ့ဘူးတဲ့။ ဘုရားက အိပ်မက်လည်းပေးတယ်ပေါ့လေ။ အဲဒါတွေကတော့ တစ်ဆင့်စကားတွေပါ။ မှန်ရင်လည်း မှန်မယ်။ ပြောလို့တော့ မရဘူးပေါ့ ...

ဘာပဲဖြစ်ဖြစ် ဘုရားကိုတော့ ဒီနေရာမှာပဲ ပူဇော်လိုက်ကြတယ်။ ပြည်ချစ်ဘုရားကြီးဆိုပြီး လူတွေက အရမ်းကြည်ညိုကြတယ်လေ။ ပြင်ဦးလွင်မှာ အထင်ကရနေရာတစ်ခု ထပ်တိုးတာပေါ့"

"အင်းပေါ့ ... ဘာပဲဖြစ်ဖြစ် ဘုရားပေါ်ကမြင်ရတဲ့ ရှုခင်းကလည်း လှတာပဲလေ။ အရမ်းအေးချမ်းတာပဲနော်"

"ဟုတ်တယ်။ ကျွန်မက ဒီဒေသကို ဒါကြောင့်ချစ်တာ။ ဒီလိုအေးချမ်းတဲ့ဒေသမှာ နေထိုင်ခွင့်ရတာ ကံကောင်းတယ်လို့ ထင်တယ်"

"ရန်ကုန်တွေ မန္တလေးတွေရော မကြိုက်ဘူးလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်လည်းမကြိုက်ဘူး။ ပြင်ဦးလွင်ပဲ ကြိုက်တယ် ... ဟဲ ဟဲ"

သူ့စကားကို သူမက နှုတ်ခမ်းလေး အနည်းငယ်ထော်ပြီး ပြုံးသည်။ အဲဒီလို ပြုံးတတ်ဖို့ ဘယ်လိုများ ကျင့်ထားပါလိမ့်။ သူ့မျက်လုံးထဲမှာတော့ သူမ ဘာပဲလုပ်လုပ် ကြည့်ကောင်းနေတာသည် အချစ်စိတ်တွေကြောင့်ပဲ ဖြစ်ပါမည်။

ရာသီဥတုကလည်း ကိုယ့်ဘက်ပါနေသလို သဘာဝပတ်ဝန်းကျင်ကလည်း နေခြည်ဖျော့ဖျော့မှာ ရွှေရည်သော့သော့။ ထင်းရှူးရနံ့သန့်စင်မွှေးကြိုင် ... ...။ ဘေးမှာက ချစ်သောမိန်းကလေးတစ်ယောက်။ ကိုယ်ချစ်တဲ့သူရဲ့အကြောင်းဆို ဘယ်သူမဆို စိတ်ဝင်စားကြတာပဲလေ။

သူသည် ဝတ်လွှာရဲ့ ချက်နှာကို ငေးရင်းမှ ရင်ထဲတွင် ဆွတ်ပျံ့လာသည်။

"ဝတ်လွှာ"

သူမက နှုတ်ခမ်းနဲ့မထူးဘဲ မျက်ဝန်းတွေနှင့်ထူးသည်။

"ဝတ်လွှာရဲ့အကြောင်းလေးတွေ ကိုယ် စပ်စုချင်တယ်။ ဖြေမှာလား"





"မေးကြည့်လေ။ ဖြေချင်တဲ့စိတ်ဆန္ဒ ရှိရင်တော့ ဖြေမှာပေါ့"

အင်း ... ဒီလောက်ဆိုရင် အခြေအနေက မဆိုးဟု သတ်မှတ်ရသည်။

သူက တဲ့တွေးတစ်ချက် မျိုချလိုက်ရင်းမှ ...

"ဝတ်လွှာ ဘာနဲ့ကျောင်းပြီးတာလဲ"

"အဲဒါက ဘာစိတ်ဝင်စားစရာ ကောင်းလို့လဲ"

သူ့စိတ်ထဲမှာ တစ်မျိုးခံစားလိုက်ရပါသည်။ ဝတ်လွှာဟာ ဘာကြောင့်များ သူမရဲ့အကြောင်းအရာတွေကို လျှို့ဝှက်ရတာပါလိမ့်။

"ကိုယ့်အတွက်တော့ စိတ်ဝင်စားစရာ ကောင်းတာပေါ့ ဝတ်လွှာရယ်"

သူမက နားလည်ရခက်သော မျက်ဝန်းညိုကြီးများနှင့် ကြည့်လာသည်။

"အဲဒါတွေ သိတော့ရော ရှင့်အတွက် ဘာထူးခြားသွားမှာမို့လို့လဲ"

"ဘာမှတော့ ထူးခြားမသွားဘူးပေါ့။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ ကျေနပ်မှု တစ်ခုခုတော့ ရမယ်ထင်တာပဲလေ ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာနဲ့ ပတ်သက်တဲ့ အကြောင်းအရာလေးတွေကို စိတ်ဝင်စားရုံသက်သက်ပါ၊ ဝတ်လွှာ ငါးတန်းပဲအောင်တယ်ဆိုလည်း ကိုယ့်စိတ်ထဲမှာ ဘယ်လိုမှမနေပါဘူး"

သူမက ဟက်ခနဲ ရယ်မောသည်။ ပြီးတော့ သူ့ကို ညှို့ယူသလို ကြည့်လာကာ ...

"ကျွန်မရုပ်က ငါးတန်းပဲ အောင်မယ့်ရုပ်ပေါ့ ... ဟုတ်လား"

"ဟား ... ဝတ်လွှာက တကယ် မထင်ရဘူးနော်။ ဒါကြောင့် ပြောတာ၊ မိန်းမတို့မည်သည် မြစ်တွေလိုပဲ ကွေ့ကောက်တတ်၏ ... တဲ့"

သူ့စကားကို သူမပင်လျှင် မျက်စိလည်သွားဟန်တူသည်။ သူ့ကို မျက်တောင်ပုတ်ခတ် ပုတ်ခတ်ဖြင့် နားမလည်သလို ကြည့်လာကာ ...

"ဘ ... ဘာရယ်။ ဘာတွေ လာပြောနေတာလဲ။ ဘာကွေ့ကောက်တာလဲ"

"ဪ ... ကွေ့ကောက်တယ်ဆိုတာ စိတ်ပုပ်တာ ဘာညာကို ပြောတာ မဟုတ်ပါဘူး။ ကိုယ် ထင်ထားတာက ဝတ်လွှာက ပွင့်ပွင့်လင်းလင်း ရှိတယ်။ စကားကို အကျအန မကောက်တတ်ဘူး ထင်ထားတာလေ ...

ခုတော့ ..."





"ခုတော့ အကျအန ကောက်တယ်ပေါ့"

"အင်း ... အဲလိုလည်း မဟုတ်ပါဘူး။ မသိရင် ရစ်နေသလားပဲ"

"ဟား ဟား ... ရှင်ပြောမှပဲ စုံသွားတော့တယ်"

"ထားပါလေ။ ဝတ်လွှာ မဖြေချင်လည်း ဖွတ်မမေးပါဘူး။ ကိုယ့်ကြောင့် ဝတ်လွှာ စိတ်ရှုပ်သွားရမှာမျိုး မဖြစ်စေချင်ဘူး။ အဲဒါ တကယ်ပါ"

"ကျွန်မကလည်း လူတစ်မျိုးလေ။ အများသတ်မှတ်ထားတဲ့စံနဲ့ ကျွန်မသတ်မှတ်ထားတဲ့ စံက သိပ်မတူတတ်ဘူး ...

တစ်ခါတလေတော့လည်း လောကကြီးမှာ သူ့ဟာနဲ့သူ အလိုက်သင့်နေသွားရတာက စိတ်ချမ်းသာဖို့ အကောင်းဆုံးပဲ"

"အင်း ... ကိုယ်လည်း စိတ်ချမ်းသာချင်ပါတယ် ဝတ်လွှာရယ်။ ဒီနေ့ ဒီအချိန်ကစပြီး ဝတ်လွှာအကြောင်းတွေ မစပ်စုတော့ဘူး"

သူမက ဟုတ်လိုလား ဟူသော ပုံစံဖြင့်ကြည့်သည်။ သူကတော့ စိတ်ထဲကနေ၍ မဟုတ်တာ သေချာတယ်ဟု ပြန်ပြောနေတာကို ဝတ်လွှာ သိနိုင်မည် မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားဆိုတာ လွယ်လွယ်နဲ့ လက်လျှော့ရိုးထုံးစံမရှိဘူးဆိုတာ မင်း မသိလေရော့လား ဝတ်လှာရယ်။ မင်းလို မိန်းကလေးတစ်ယောက်ရဲ့သတင်းကို မင်းဆီမေးမှ သိနိုင်တာမှ မဟုတ်တာ။ ကိုယ် လက်ဖျောက်တစ်ချက်တီးလိုက်ရင် မင်းသတင်း အပြည့်အစုံဆိုတာ ... ... ...။



## ၁၀

နံနက် ကိုးနာရီဝန်းကျင်မှာ သူ အိပ်ရာကနိုးပါသည်။ ခါတိုင်းရက်တွေကတော့ ရှစ်နာရီလောက်မှာ ထလေ့ရှိသော်လည်း ဒီနေ့ကတော့ တနင်္ဂနွေနေ့မို့ အချိန်ပိုနပ်နေခြင်းဖြစ်သည်။ သူ နိုးလာပြီးနောက် ရန်ပိုင်ကို ဖုံးဆက်ကာ မြီးရှည်တစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် မှာလိုက်သည်။ ဘန်ဂလိုရဲ့အရှေ့ ကြိမ်ဆက်တီလေးတွင် ဂျာနယ်တစ်စောင်ဖတ်ကာ ထိုင်စောင့်နေတုန်း ရန်ပိုင်က စားသောက်စရာတွေနှင့် ရောက်လာလေသည်။

"အေး ... ရန်ပိုင်။ ခဏ ထိုင်ပါဦးကွ။ မင်း အားတယ်မဟုတ်လား"

"ဟုတ် ... အားပါတယ် ဆရာ။ ဘာနိုင်းချင်လို့လဲ"

"မခိုင်းပါဘူးကွာ။ မေးချင်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူက မြီးရှည်ကို နယ်ဖတ်ရင်းမှ ရန်ပိုင်ကို တစ်ချက်ကြည့်လိုက်သည်။ ရန်ပိုင်က သူ ဘာမေးမလဲ ဆိုတာကို စိတ်ဝင်စားစွာ စောင့်စားနေ၏။

"မင်း ပြင်ဦးလွင်အဝင်က Nature House ကို သိတယ် မဟုတ်လား"

"သိတယ်လေ ဆရာရဲ့။ မနေ့က ဆရာကို လာခေါ်တဲ့ အစ်မက အဲဒီက ပိုင်ရှင်ပဲဟာ"

"အင်း ... ဟုတ်တယ်။ သူက ငါ့မိတ်ဆွေပဲ။ ဪ ... အေး ... မင်း သိတာပဲ။ ငါ အက်ဆီးဒင့် ဖြစ်တုန်းကလည်း ကူညီထားဖူးတယ်လေ ...

မင်း သူ့အကြောင်း ဘယ်လောက်သိလဲ"

"ဗျာ ... ဘာကိုပြောတာလဲ ဆရာ"

"ဪ ... သူ့အကြောင်းပါဆိုမှ အကုန်ပေါ့ကွာ"

"သူက အဲဒီဆိုင်ကိုပိုင်တယ် ဆရာရာ။ ပြီးတော့ ကော်ဖီခြံ၊ လီမွော်ခြံ၊ ပန်းစိုက်ခင်း အဲဒါမျိုးတွေလည်း လုပ်တယ်။ မြို့ထဲမှာလည်း မုန့်တွေ ဘာတွေ ရောင်းတဲ့ဆိုင်လေးလည်း ဖွင့်ထားသေးတယ်။ အော်ဂင်းနစ်ဆိုလား ဘာဆိုလား မသိပါဘူး ဆရာရယ်။ အရာရှိတော်တော်များများနဲ့ နိုင်ငံခြားသားတွေ ဝယ်စားကြတာ များတယ်"





သူ သိပြီးသား အကြောင်းအရာတွေ ဖြစ်ပေမယ့် ရန်ပိုင် အရှိန်ပျက်မှာ စိုးတာကြောင့် သူက အင်း ... လိုက်ပြီး နားထောင်ပေးလိုက်သည်။

"သူ့စတိုင်လ်နဲ့ သူ့ပုံစံကြောင့် မြို့မှာ အတော်လေးပေါ်ပြူလာဖြစ်ပေမယ့် သူကတော့ ဘယ်သူ့ကိုမှ တွဲတယ်မရှိဘဲ တော်တော်ကြာအောင်တော့ တစ်ယောက်တည်း နေခဲ့ဖူးတယ်"

"တစ်ယောက်တည်း နေခဲ့ဖူးတယ် ဆိုတော့ ..."

"ရည်းစားတွေ ဘာတွေ မရှိတာကို ဆိုလိုတာပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်ကတော့ လူကြီးသား တစ်ယောက်က သူ့ကို တော်တော်လေးကြွေပြီး ခဏတဖြုတ်တော့ တွဲလိုက်ကြသေးတယ်"

ရန်ပိုင်က သူ့စကားကို လေးနက်စေရန် ခဏတဖြုတ် နားနားပြီးမှ ပြောသည်။

"အဲဒီနောက် သိပ်မကြာပါဘူး။ ကောင်လေးနဲ့ သူ့ကို ကောင်လေးဘက်က သဘောမတူလို့ ခွဲလိုက်ကြတယ်လေ"

"ဪ ... သူတို့က ရည်းစားတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"တချို့ကလည်း ရည်းစားတွေလို့ ပြောကြတယ်။ တချို့ကျတော့လည်း တွဲရုံပဲလို့ ပြောတယ်။ သေချာတာတော့ ဟိုကောင်လေးက သူ့ကို တော်တော်ကြွေတာ။ (......)သားလေ ဆရာရဲ့ ...

သူငယ်ချင်းတွေနဲ့ ခရီးထွက်လာရင်း သူ့ကိုမြင်သွားပြီး ဒီမှာကို အိမ်ဝယ်ပြီး နေလိုက်တော့တာ အဲလို။ ဒါပေမဲ့ ဘယ်လောက်ပဲချစ်ချစ် မရပါဘူး။ မိဘတွေက သဘောမတူတော့လည်း ကွဲရတာပဲ"

သူ့မျက်လုံးထဲတွင် လောကကြီးကို အရွဲ့တိုက်ချင်သလို ဖြစ်နေသည့် မျက်ဝန်းများပိုင်ရှင်ကို မြေးမြင်ယောင်မိသည်။ မင်း တော်တော်များ ခံစားခဲ့ရလား နွေဝတ်လွှာရယ်။

"ဒါပဲလား ... သူ့အကြောင်းက"

"ကျွန်တော် သိသလောက်ကတော့ အဲဒီလောက်ပဲ။ ဆရာက ဘာထပ်သိချင်သေးလို့လဲ"

"သူ့မှာ ဆွေမျိုးသားချင်း မောင်နှမတွေ ဘာတွေ မရှိဘူးလား"

"မရှိဘူး။ အရင်တုန်းကတော့ သားအမိနှစ်ယောက် နေကြတာပေါ့။ ပအို့လေးသုံးယောက်က ဟိုးငယ်ငယ်လေးတည်းက သူ့အမေက မွေးစားထားခဲ့တာလေ ...



သူ့အမေက ပြီးခဲ့တဲ့ နှစ်ကမှ ဆုံးသွားတာ။ အဲဒီတော့ သူနဲ့အလုပ်သမားတွေရယ်၊ မွေးစားထားတဲ့ ကလေးသုံးယောက်ရယ် ဒါပဲနေကြတာ"

"ဪ"

သူက ခေါင်းတဆတ်ဆတ်ညိတ်မိလျှင် ရန်ပိုင်က သူ့ကို တစ်ခုခု မေးချင်နေသော မျက်လုံးများဖြင့်ကြည့်သည်။ သို့သော် ... မေးရမှာလည်း မဝံ့မရဲ ဖြစ်နေပုံမျိုးမို့ သူက လမ်းဖွင့်ပေးလိုက်ပါသည်။

"မင်း ငါ့ကို တစ်ခုခု ပြောချင်နေတယ်မှလား။ ပြောပါ စိတ်မဆိုးပါဘူး"

"ဆရာက သူ့ကို ဟို ... စိတ်ဝင်စားနေလို့လား ... လို့"

"အေးပေါ့ကွာ၊ ဒါမဟုတ်ဘဲ မင်းကို ဘယ်မေးမလဲ။ ဟုတ်တယ်မှလား"

သူက ပြုံးစေ့စေ့ ပြောလိုက်လျှင် ရန်ပိုင်က အားတက်လာဟန်တူသည်။

"ဒါဆိုလည်း မြန်မြန်လှုပ်ရှားလေ ဆရာရာ။ ဆရာနဲ့သူနဲ့က လိုက်တယ် ... ဟီး ဟီး"

"ဟ ... ဘာလိုက်တာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး ဆရာရာ။ နှစ်ယောက်လုံးက ကြည့်ကောင်းချောမောနေတာကို ဆိုလိုတာ။ ဆရာသာ ပြင်ဦးလွင်သား လုပ်လို့ကတော့ ကျွန်တော်တို့က ဝမ်းသာရမှာပဲ ...

ရန်ကုန်က ပူပါတယ် ဆရာရယ်။ ပြင်ဦးလွင်မှာပဲ နေ ပြင်ဦးလွင်သားပဲ လုပ်ပါ ... ဟဲ ဟဲ"

"အေးပါကွာ ... ကြိုးစားတာပေါ့"

သူက ရန်ပိုင်ကို ပြန်ပြောရင်း တစ်ယောက်သော သူ့ရဲ့ပုံရိပ်ကို မျက်လုံထဲမှာ မြင်ယောင်ပြီးလာသည်။ နွေဝတ်လွှာရေ ... မင်းကို တကယ်ပဲ ချစ်မိပြီဆိုတာ သေချာပါပြီ။ မင်းဟာ ဘာပဲဖြစ်ဖြစ်လေ။

♣ ❤ ♣





## ၁၁

"အား ... ကျွတ် ... ကျွတ်"

"ဟား ဟား ... အရမ်းနာနေလား။ အပ်တုံးတုံးနဲ့ထိုးတာ မဟုတ်ပါဘူး ဦးကြီးအံ့ရယ်။ ပြီးပြီ ... ပြီးပြီ ... ခဏလေး။ အင့် ...

ကဲ ... စိုင်းနော်ရေ၊ ဦးကြီးအံ့ကို ဆေးချေပေးလိုက်ပါဦး"

ဝတ်လွှာက ဦးကြီးအံ့ကို ဆေးထိုးအပြီး ဆေးထိုးအပ်ကို ဆွဲနုတ်ပြီးတာနဲ့ ဖယ်ပေးလိုက်လျှင် ဘေးမှာရပ်နေသော စိုင်းနော်က တင်ပါးသို့ ကြိတ်ချေပေးသည်။ ဝတ်လွှာကတော့ ဆေးသေတ္တာကိုဖွင့်ရင်း သောက်ရမည့်ဆေးတွေကို စပ်ရင်းမှ ဦးကြီးအံ့ကို ဆူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် ပြောတာပေါ့။ စောစောစီးစီးတည်းက ဝတ်လျှာကို ဖုန်းဆက်ပါလား။ ဖြစ်နေတာကို ကျိတ်ခံပြီး ဆေးမြီးတို သောက်နေရလား ...

ခုတော့ ခံရပြီပေါ့။ ဟင်း ... ခက်တယ်"

"ဩော် ... ခါတိုင်းတော့ ဆေးမြီးတိုနဲ့ ပျောက်တာပဲလေ တူမကြီးရယ်"

"ခါတိုင်းနဲ့ မတူတော့ဘူးလေ ဦးကြီးအုံရယ်။ ပြီးတော့ ဆေးမြီးတိုဆိုတာ ဆေးယဉ်သွားတာပေါ့။ အဲလို မလုပ်ပါနဲ့။ နေမကောင်း ဖြစ်တယ်ဆိုရင် ချက်ချင်းပြောပါ။ ဝတ်လျှာက ကားလေးမောင်းပြီး လာရတာ ဘာမှအပန်းမကြီးဘူး။ မဟုတ်လည်း ခြကိစ္စနဲ့ လာနေရတာပဲ"

ဝတ်လျှာက တကယ်စိတ်ပူပြီး ကရုဏာဒေါသနှင့် ပြောနေမှန်းသိလျှင် ဦးကြီးအုံက လေပြည်ထိုးသည်။

"စိတ်မဆိုးပါနဲ့ တူမကြီးရယ်။ နောက်ဆို ဦးကြီး ပြောပါ့မယ်။ မဟုတ်လည်း ဦးကြီးက ဒီနေ့တော့ ဖုန်းဆက်တော့မလို့ပါ။ မြင့်ဝေက သွားပြောတာနဲ့"

"ကဲ ... ရော့။ ဒီမှာ သောက်ရမယ်ဆေးတွေ။ အခု ဆန်ပြုတ်သောက်ပြီးတာနဲ့ ဆေးသောက်ပြီး အိပ်ရမယ်နော်။ ခြံထဲ လုံးဝမဆင်းနဲ့"





"အေးပါ တူမကြီးရယ်"

"မဝတ်လျှာ ... ဟိုဘက်ခြံက အဘွားကြီးကလည်း နေမကောင်းဖြစ်နေတယ် ပြောတယ်။ သူ့မြေးလေးရော"

"ဟုတ်လား၊ အင်း ... သွားကြည့်မယ်လေ"

ဝတ်လျှာက နားကြပ်ကို သေတ္တာထဲထည့်ကာ သိမ်းလျှင် စိုင်းနော်က အလိုက်တသိ ကောက်ဆွဲသည်။ ဝတ်လျှာသည် ဆရာဝန်ဘွဲ့ကို ရထားကာ ဆမ လက်မှတ်ရထားသော်လည်း ဆရာဝန် မလုပ်သော သူတစ်ယောက်ဖြစ်သည်။ ကိုယ် ဆရာဝန်ဆိုတာကိုလည်း နီးစပ်ရာ ခြံအလုပ်သမား ဆင်းရဲသားများမှလွဲ၍ ဘယ်သူ့ကိုမှ လူသိမခံပါ။ တတ်ထားသော ဆေးပညာဖြင့် လုံးဝငွေမယူဘဲ မရှိဆင်းရဲသားများကိုသာ ဆေးကောင်းဝါးကောင်းများဖြင့် အိတ်စိုက်ကုသပေးသူဖြစ်သည်။ အဲဒီလို ကုသပေးရတာကိုလည်း အင်မတန်ကျေနပ်ကာ စိတ်ချမ်းသာ ပျော်ရွှင်သည်။

ပြင်ဦးလွင် အနီးတဝိုက်က ရွာလေးတွေမှာ ဝတ်လျှာသည် ကိုယ့်ကားကိုယ်မောင်းကာ အခမဲ့ဆေးလိုက်ကုပေးသူဖြစ်သည်။ အိုက်လုံနှင့် စိုင်းနော်ကိုလည်း ကြက်ခြေနီသင်တန်းတက်နိုင်းထားသောကြောင့် သူတို့ဆီကလည်း ကောင်းကောင်းအထောက်ကူရသည်။ စေတနာရဲ့အကျိုးပေးဟာ အံ့မခန်းဖြစ်စေသည်။ ဝတ်လျှာ ကုသပေးလိုက်သော လူနာတွေဟာ တော်ရုံရောဂါဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လူတွေတောင် ရက်မကြာဘဲ ပျောက်ကင်းသွားတတ်ကြသလို ဆေးကုပြီး ပိုက်ဆံမရှာလို့လားတော့ မပြောတတ်။ အခြားလုပ်ငန်းတွေက ဝင်ငွေတွေ အင်မတန် ကောင်းတာကိုလည်း ကြားရသည်။

ဝတ်လွှာသည် တစ်ဖက်ခြံက အလုပ်သမားအဘွားကြီးနှင့် သူ့မြေးလေးကို ဂရုတစိုက် ဆေးကုသပေးပြီးသောအခါ ဒီဘက်သို့ ပြန်အလာ မျက်လုံးတွေက ရပ်ထားသော Harrier ကားအနက်ရောင်ကို လှမ်းမြင်လိုက်ရလျှင် ရင်ထဲမှာ ဒိတ်ခနဲတောင် မြည်သွားရသည်။

"စိုင်းနော် ... ဆေးသေတ္တာကို မမြင်စေနဲ့။ သွား ... သွား ... နင် ဟိုဘက်က ပတ်သွားပြီးမှ ကားပေါ်မှာ မမြင်အောင် တင်ထား"

"ဟုတ်ကဲ့ ... မမ"

စိုင်းနော်က နောက်ဘက်သို့ လှစ်ခနဲ ပြန်ပြေးသွားသည်။ ဝတ်လွှာက ဒီလူတစ်ယောက် ဒီထိအောင် ဘာများလိုက်လုပ်တာပါလိမ့်ဟု တွေးပြီး ဦးကြီးအံ့ရဲ့သစ်သားအိမ်လေးနားသို့ တိုးကပ်လာခဲ့သည်။ အိမ်ထဲမှာ စကားပြောသံ သဲ့သဲ့ကိုကြားရလေသည်။ အထဲဝင်လိုက်သောအခါ ဦးကြီးအံ့နှင့် နေမင်းချိုကို စကားပြောနေတာ တွေ့လိုက်ရသည်။ အဖြူရောင် ပြင်ဦးလွှင်





ဆွယ်တာအပါးသားကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသောသူဟာ အသံကြားတာနှင့် လှည့်ကြည့်ပြီး ဝတ်လွှာကို ပြုံးပြသည်။ ယောကျ်ားတစ်ယောက်ရဲ့ နှစ်လိုဖွယ်အပြုံးကို ဝတ်လွှာက ငေးခနဲ ဖြစ်သွားပြီးမှ နှုတ်ဆက်သလို ခေါင်းတစ်ချက်ဆတ်ပြလိုက်သည်။

"ရှင် ဘယ်ကနေ ဘယ်လို ရောက်လာတာလဲ"

"Nature House ကို ရောက်သွားတော့ အိုက်လုံက ဝတ်လွှာတို့ နောင်ခမ်းကြီးကို သွားတယ်ဆိုတာနဲ့ လိုက်လာတာ ...

ကိုယ်လည်း ဒီဘက်တွေ တစ်ခါမှ မရောက်ဖူးတာနဲ့လေ"

ဝတ်လွှာက ဦးကြီးအံ့ဘက်သို့ မသိမသာ လှည့်ကြည့်မိသည်။ ဦးကြီးအံ့ရဲ့မျက်လုံးတွေက ဒီကောင်လေး ဘာမှမသိပါဘူးဟု အသံတိတ် ပြောပြနေလေသည်။

"တူမကြီး ညှိသည့်တဲ့။ ဦးကြီး မိုးနီကို ဆတ်သားခြောက်ဖုတ်ပြီး ခေါပုတ်ကြော်နိုင်းထားတယ်။ ရေနွေးကြမ်းလေးနဲ့ မြည်းကြပေါ့"

"အားနာစရာကြီး ဦးကြီးရယ်။ ရပါတယ် ကျွန်တော့်ကြောင့် နေမကောင်းတဲ့ကြားထဲက အလုပ်ရှုပ်နေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မရှုပ်ပါဘူးကွာ။ ဦးကြီးတို့က ညှိသည်လာရင် ပျော်နေကြတာ။ နောက်လည်း လာလည်လေကွာ။ ဒီမှာက ပျင်းတော့ ပျင်းစရာကောင်းပေမယ့် နားအေးပါးအေးကြိုက်တဲ့ သူတွေအတွက်တော့ ဖိမ်ပဲပေါ့ ...

စာရေးဆရာတွေဆို ဒီဘက်ကို သိပ်ကြိုက်တာ"

"ဟုတ်ကဲ့။ ကျွန်တော်လည်း ကြိုက်ပါတယ်။ နောက်လည်း ဦးကြီးဆီကို လာလည်ပါဦးမယ်။ ခြံလုပ်ငန်းတွေ အပင်တွေကို ကျွန်တော်လည်း စိတ်ဝင်စားတယ်"

"ဦးကြီးအံ့ ... နားလိုက်ဦးလေ။ ဝတ်လွှာတို့ ကွပ်ပျစ်ပေါ်မှာပဲ စကားပြောလိုက်ဦးမယ်"

"အေး ... အေး"

ဝတ်လွှာက ဦးဆောင်ပြီး တောင်စောင်းလေးနားရှိ ကွပ်ပျစ်သို့ ဦးဆောင်ကာ ခေါ်လာခဲ့သည်။ ချယ်ရီပင်အောက်မှာရှိသော ကွပ်ပျစ်လေးက သူ့ကို ဖမ်းစားထားဟန်တူသည်။ သူက ကွပ်ပျစ်လေးအား ငေးမောကြည့်ရှုနေတာနှင့် ကြုံရသည်။

"ရန်ကုန်မှာမရှိတဲ့ ကွပ်ပျစ်ပဲ ... ထိုင်"

ဝတ်လွှာက ပြောလိုက်လျှင် သူက သဘောကျသလိုရယ်ကာ ကွပ်ပျစ်မှာ တင်ပျဉ်လွှဲ ဝင်ထိုင်သည်။ ပြီးတော့ မြင်နေရသော ရှုခင်းပတ်ပတ်လည်ကို တရှိုက်မက်မက်ဟန်ဖြင့် ငေးကြည့်ကာ ...





"ဒီနားက ရှုခင်းက တော်တော်ကို မိုက်တာပဲ ဝတ်လွှာရယ်။ ဒီ ကွပ်ပျစ်လေးပေါ်မှာ တစ်ရေးလောက် အိပ်လိုက်လို့ကတော့ ဖိမ်ပဲ"

"ရှင်က တော်တော်အအိပ်မက်လား"

"မက်တာပေါ့။ အိပ်ရတာ ဘယ်လောက်ကောင်းလဲ။ ဝတ်လွှာ မအိပ်ဖူးဘူးလား"

သူက ရယ်စစနှင့် ပြန်ပြောလျှင် ဝတ်လွှာက နှာခေါင်းထဲမှ လေထွက်ရုံ ဟက်ခနဲ ရယ်မိသည်။ ထိုအချိန်မှာပဲ အိုက်လုံက ရေနွေးကြမ်းအိုး၊ ဆတ်သားခြောက်ဖုတ်နဲ့အတူ ခေါပုတ်ကြော်ကို လာချပေးလျှင် သူက သူ့အိမ်သူ့ရာ သူ့နေရာသဖွယ် ရေနွေးကြမ်းငုံ့သည်။ ဆတ်သားခြောက်တစ်ဖပ်ကို ကောက်ဝါးကာ မြုံ့သည်။

"ကောင်းလိုက်တာ။ ကိုယ်က ဒါမျိုးတွေ သိပ်ကြိုက်တာ။ တကယ်မိုက်တယ်။ ဒါကြောင့်လည်း တောတောင်သဘာဝ တရားနားမှာ နေထိုင်တဲ့လူတွေက ကျန်းမာကြတာနဲ့တူတယ်နော်"

ဝတ်လွှာက ဘာမှမပြောမိဘဲ သူ့ကို စိုက်ကြည့်နေမိသည်။ သူက ရေနွေးကြမ်းတစ်ခွက် ငုံ့ပေးရင်း ဝတ်လွှာကို ပြုံးကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လွှာ ... ကိုယ့်ကို ဘာကြည့်နေတာလဲ။ ချောလို့လား"

"မဟုတ်ပါဘူး။ အထွေအထူး ကိစ္စမရှိဘဲနဲ့ ဒီထိ ဘာလို့လိုက်လာတာလဲ၊ စဉ်းစားနေမိတာပါ"

"ဟင် ... ဒါများ။ သိပ်ခက်တဲ့ဟာမှ မဟုတ်တာ။ အထွေအထူးကိစ္စ ရှိတာပေါ့"

ဝတ်လွှာက ဘာများပါလိမ့်ဟု မျက်နှုံးပင့်ကြည့်မိလျှင် သူက ခေါ်ပုတ်ကြော်ကို ဝါးကာ ဆက်ပြောသည်။

"ဝတ်လွှာကို တွေ့ချင်တဲ့ကိစ္စဟာ ထူးတဲ့ကိစ္စပေါ့ ဝတ်လွှာရဲ့"

"တွေ့ချင်တယ်။ အေးလေ ... အဲဒီလို တွေ့ချင်တာ ဘာအကြောင်းကိစ္စလဲလို့"

"သတိရလို့ပေါ့ ဝတ်လွှာရယ်"

ဝတ်လွှာက သူ့ကို ငေးပြီးကြည့်နေမိသည်။ သူကလည်း ဝတ်လွှာကိုပြန်ပြီး တရှိုက်မက်မက်လေး ငေးကြည့်နေလေရာ အကြည့်နှစ်ခုတို့သည် ဆုံမှတ်တစ်ခုမှာ ရပ်တန့်နေကြသည်။ တစ်ခုခုပြောဖို့ ကြိုးစားနေသော ဝတ်လွှာရဲ့နှုတ်ခမ်းများမှာ ဘာမှထွက်မလာကြဘဲ စကားလုံးတွေက အငွေ့ပျံပျောက်ဆုံးနေသည်။



ရှင် ဘာတွေလာပြောနေတာလဲဟု ငေါက်ငမ်းငမ်းပြောဖို့ရာတောင် ဝတ်လွှာရဲ့စိတ်နှလုံးတွေက ခွင့်မပြုချေ။ အလေးအနက် ပြောနေသော စကားဆိုတာ သူ့မျက်လုံးတွေက သက်သေခံနေလေသည်။

"ဝတ်လွှာကို အမြဲတမ်းလိုလို သတိရမိတယ်။ နောက်သတိရလာတာတွေ အရမ်း ဒီဂရီတက်လာတဲ့အခါ တွေ့ချင်မြင်ချင်လာတယ် ...

ဝတ်လွှာနဲ့အတူ ရှုခင်းကောင်းကောင်းလေးကိုကြည့်ပြီး စိတ်ချမ်းချမ်းသာသာနဲ့ စကားပြောနေရတာကို အနှစ်သက်ဆုံးပဲ"

ဝတ်လွှာက ဘာမှပြန်မပြောသေးဘဲ သူ့ကို ငေးကြည့်နေမိတုန်းပင်။ စိတ်ထဲကတော့ သူ ဘာအဓိပ္ပာယ်နဲ့ပြောသော စကားတွေလည်း ဆိုတာကို ခွဲခြမ်းစိတ်ဖြာနေမိတာ ဖြစ်သည်။

"ဝတ်လွှာ ... ကိုယ် ပြောတာ ကြားရောကြားရဲ့လား"

"အင်းဟင် ... ကြားပါတယ်"

"ဘာတွေ စဉ်းစားနေတာလဲ"

"ဩော် ... အဲဒီ အနေအထားလေး အတိုင်းပဲ ကောင်းပါတယ်လို့။ ရှင် အဲဒီနေရာလေးမှာပဲ ရပ်နေရင် ဒါဟာ ... Very Romantic ပဲ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘာဖြစ်လို့လဲ ဝတ်လွှာ"

"ဒီ့ထက် အခြေအနေတွေ တက်မယ်ဆိုရင် ရှင့်မှာ ပူလောင်မှုတွေ ပါလာတော့မယ်လေ"

"ဘာလဲ ... အချစ်ဆိုတာ ပူလောင်မှုတွေလို့ ဝတ်လွှာက ဆိုလိုချင်တာလား"

"အိုး နိုး နိုး။ ရှင့်စကားတွေ ဘောင်ကျော်နေပြီ၊ ကျွန်မ ပြောတဲ့အထဲမှာ အချစ်လို့ တစ်လုံးမှ မပါဘူးနော်"

"ဒါပေမဲ့ ကိုယ့်အခြေအနေက ဒီ့ထက်ပိုဆိုးလာရင် အဲဒီလို ဖြစ်ဖို့ပဲ များတယ်လေ ဝတ်လွှာ"

"ကဲ ... ထားပါတော့။ ဒါနဲ့ ရှင် ရန်ကုန်ပြန်ဖို့ ဘယ်တော့ ရှိလဲ"

"စကားတွေ မလွှဲပါနဲ့လား ဝတ်လွှာရာ"

"ပြဿနာပဲ။ ကျွန်မက ဘာကို စကားလွှဲရမှာလဲ"

"အခုန အကြောင်း ဆက်ပြောကြမယ်လေ"

"ဘာအကြောင်း ပြောမှာလဲ"

"အချစ်အကြောင်း ပြောမယ်လေ"

ဝတ်လွှာက စိတ်ရှုပ်သလို ပုံစံမျိုးဖြင့် ဟက်ခနဲ တစ်ချက်ရယ်မိသည်။ သူကတော့ လိုက်မရယ်ဘဲ ဝတ်လွှာရဲ့ မျက်နှာကို နင့်နင့်နဲ့နဲ့ ငေးမောနေလေသည်။





"တကယ်ပြောတာပါ ဝတ်လွှာ။ ကိုယ်နဲ့ ဝတ်လွှာ အချစ်အကြောင်း နည်းနည်းဆွေးနွေးကြည့်ရအောင် ...

အချစ်ဆိုတာ ဝတ်လွှာ ယုံလား"

"ယုံတယ် မယုံဘူးဆိုတဲ့ ခံစားမှုမျိုးကို ရှိမနေတာ။ ရင်ခွင်မှာ ဗလာဘဲ"

သူက ဝတ်လွှာရဲ့စကားကို ဟုတ်ထိတယ်ဟူသော ပုံစံမျိုးဖြင့် ဟားခနဲအော်ကာ ရင်ဘတ်ကိုဖိသည်။ အဲဒီလို မိုင်ဝိုပုံစံတွေကြောင့် ဝတ်လွှာက သူ့ကို မျက်စောင်းထိုးမိတော့မလို ဖြစ်တာလည်း ခဏခဏပဲ ဖြစ်လေသည်။

"ဗလာဆိုတော့ ... ကောင်းတာပေါ့"

သူက ဆတ်သားခြောက် နှစ်မြောင်းလောက်ကို ပါးစပ်ထဲ ပစ်ထည့်ကာ ဝါးရင်းပြောလျှင် ဝတ်လွှာက သူ့စကားကို စိတ်ဝင်တစား စူးစိုက်ရသည်။ သူ့ပုံစံကတော့ တကယ်ကို သူ ပိုင်ဆိုင်ရာမြို့ထဲ အလည်ရောက်နေသည့်အလား ရေမွှေးကြမ်း သောက်လိုက်၊ ဆတ်သားခြောက်လေး မြည်းလိုက်ဖြင့် ဟန်ကျနေသည်။

"ဘာကောင်းတာလဲ"

"ဗလာဆိုတာ အလွတ်လေ။ အလွတ်ထဲကို အကုန်ထည့်လို့ရတယ် မဟုတ်လား။ ဝတ်လွှာရဲ့ရင်ခွင်က ဗလာဆိုတော့ ဘာမှမရှိနေတဲ့သဘောပဲပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမျိုးကို ကိုယ်က သဘောကျပါတယ်"

"ဟက် ... အဟင်း ... ဟင်း။ ရှင် တော်တော်ရယ်ရတဲ့လူပဲ။ ကဲ ... ကျေးဇူးရှင် ... ရှင် စားချင်ရင်လည်း ဒီမှာပဲနေခဲ့တော့။ ကျွန်မက အလုပ်တွေ ရှိသေးတယ်။ ပြန်မယ်"

"ဟာ ... နေပါဦး ဝတ်လွှာရယ်။ အချစ်အကြောင်း ပြောမယ်ဆိုပြီး ဘာမှလဲ မပြောရသေးဘူး ...

ဒီလို သာယာလှပတဲ့ ညနေခင်းလေးမှာ အချစ်အကြောင်းပြောရတာ ဘယ်လောက် ရိုမန့်ဖြစ်လဲကွာ"

"သိပ်မရှုးစမ်းပါနဲ့ရှင်"

ဝတ်လွှာက အဲဒီစကားတစ်ခွန်းထဲကိုသာ ဆိုပြီးနောက် ချာခနဲ လှည့်ထွက်လာခဲ့သည်။ သူက လှမ်းခေါ်သော်လည်း လှည့်မကြည့်တော့ပါ။ ဝတ်လွှာသည် ကိုယ့်ကိုယ်ကိုယ်ဆိုက်ကိုဆန်သောသူဟု သတ်မှတ်မိသည်။

အဘယ်ကြောင့်ဆိုသော် ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ နှစ်ဖက်ရင်ခုန်စိတ်ကို ဒီအတိုင်းလေးပဲထားချင်သောကြောင့် ဖြစ်လေသည်။

♣ ❤ ♣





## ၁၂

ဘယ်လိုလုပ်မလဲ ? ? ။ မိန်းကလေးတစ်ယောက်ကို ချစ်နေမိပြီဆိုတာ သေချာသွားလျှင် ဘယ်လိုလုပ်သင့်တယ်တဲ့လဲ။ ချစ်မိနေမှတော့ ဖွင့်ပြောပေါ့ အဖြေတောင်းတော့ပေါ့ဟု အကြံပေးကြလိမ့်မည်။

သူ့အနေနှင့် ဝတ်လွှာသည် အဲဒီလိုနည်းလမ်းတွေသုံးလို့ရသော မိန်းကလေးမဟုတ်ဟု ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် ကိုယ်ချစ်သော မိန်းကလေးရဲ့အနားမှာ နေချင်ကြတာကတော့ ယောကျ်ားလေးတိုင်းရဲ့ တူညီသောစိတ်ခံစားမှုပဲ ဖြစ်ပါလိမ့်မည်။ ဒါကြောင့် သူက မန္တလေးသို့အဆင်းတွင် ဝတ်လွှာထံ ဝင်ချင်၍ အချိန်တစ်နာရီကျော်လောက်ကြိုထွက်လာခဲ့သည်။ ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာ ဆို



www.burmeseclassic.com

www.burmeseclassic.com



သည့်စကားဟာ ဒီနေ့ခေတ်ထိတော့ မှန်နေဆဲပါ။ နွေဝတ်လွှာအတွက်တော့ မိန်းမကြိုက်လို့ မျှော်လိုက်တာ ဖြစ်မှာတော့မဟုတ်ဘူး ထင်သည်။

Nature House သို့ သူ ရောက်သွားသောအချိန်မှာမနက်ခုနစ်နာရီခန့်ပဲ ရှိသေးသည်။ ညှိသည့်ကားတစ်စီးကိုတွေ့ရပြီး ခြံဝင်းကြီးတစ်ခုလုံးမှာ ကျေးငှက်သံလေးများဖြင့်သာယာလှပနေသည်။

နေခြည်ဖျော့တော့အောက်မှာ အပင်များရဲ့ သစ်ရွက်များသည် ရွှေရောင်တောက်ပနေကြလေသည်။

"မမဆီ လာတာလား အစ်ကို"

စိုင်းနော်က သူ့ကို နှုတ်ဆက်သည်။ ကလေးတွေရှေ့မှာ မျက်နှာပူသော်လည်း ဘာမှမတတ်နိုင်ပါ။ ရယ်ကျဲကျဲနှင့်အေးကွာဟု ပြောရင်း သူ့မျက်လုံးတွေက တစ်နေရာသို့ ဇွဲဝဲရှာဖွေနေမိသည်။

"မမ နှင်းဆီခင်းထဲမှာ"

"အင်း ... လိုက်သွားလိုက်ဦးမယ်"

သူက နှင်းဆီခင်း ရှိရာဘက်သို့ လျှောက်လာခဲ့သည်။ သူ့မ အလှမွေးထားသော ပုပုလုံးလုံး ရွှေတဆုပ်ကြက်လေးတွေက ခြံထဲမှာ ဟိုဒီပြေးလွှားနေကြသည်။ ဝတ်လွှာဟာ အပင်တွေ





တိရစ္ဆာန်တွေကိုတော့ အတော်ချစ်တတ်တဲ့ မိန်းကလေးပဲ။ ဒီလိုမိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားဟာ နူးညံ့ကြင်နာတတ်မည်ဟုတော့ (မရဲတရဲ)မှတ်ချက်ချရတာပဲလေ။

တွေ့ပါပြီ နွေဝတ်လွှာကို။ အနီရောင် ဖလန်ထည်ကွက် ရုပ်အင်္ကျီကို ဂျင်း(န်)ဘောင်းဘီထဲ ထည့်ဝတ်ထားကာ ဂျူဦးထုပ်ဆောင်း၍ နှင်းဆီပန်းတွေကို ကတ်ကြေးတစ်လက်ဖြင့်ရှုးဆွတ်နေသည်။

"ဝတ်လွှာ ... စောစောစီးစီး ကြိုးစားလှချည်လား"

အကြင်နာချို့တဲ့သူကြီးက သူ လာတာကို သိလျက်နှင့် လှည့်တောင်မကြည့်ဘဲ စကားပြန်ပြောသည်။

"ပန်းအပွင့်(၁၀၀) ချက်ချင်းအော်ဒါရောက်လာလို့လေ။ ကလေးတွေလည်း မအားကြဘူးဆိုတော့ ကျွန်မ ကိုယ်တိုင်ပဲ"

သူ့မစကားက တိုးလိုးတန်းလန်း ရပ်သွားသော်လည်းနားထောင်လို့ ကောင်းပါသည်။

"ကိုယ် ကူခူးပေးမယ်လေ"

"နေပါ ... ရှင် ခူးတတ်တာလည်း မဟုတ်ဘဲနဲ့"

"အထင်သေးလိုက်တာကွာ။ လေယာဉ်တောင် မောင်းတတ်တယ်ဆိုတာ သိထားပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက ကော်လာကိုထောင်ကာ ပြောလိုက်လျှင် သူမက ဟက်ခနဲ တစ်ချက်ရယ်သည်။ သူမကို အဲဒီလိုရယ်အောင် လုပ်နိုင်တဲ့အတွက် သူ များစွာဂုဏ်ယူကျေနပ်ပါသည်။ ချစ်သူကို ရယ်မောပျော်ရွှင်အောင် လုပ်နိုင်တာ ယောကျ်ားကောင်းတို့ရဲ့ အရည်အချင်းပဲ မဟုတ်လား။

"ဝတ်လွှာ ... ပိုချောလာတယ်ဆိုရင် ကိုယ့်ကြောင့်ပဲ"

"ရှင်းစမ်းပါဦးရှင်"

သူမက နှင်းဆီတစ်ပွင့်ကို ကတ်ကြေးနှင့် ထောက်ခနဲညှပ်ကာ ဘေးကခြင်းထဲသို့ထည့်သည်။ ဆေးမဆိုးထားသော၊ လည်သည်းပန်းချီ ဒီဇိုင်းဖော်မထားသော လက်ချောင်းလေးတွေဟာ အော်ဂန်းနစ် အစားသောက်တွေစားပြီး ပန်းသွေးရောင်ပြေးနေကြသည်။ ရှည်သွယ်ပြီး ဖောင်းအိနေသော လက်ချောင်းလေးများကို ဘယ်တော့များမှ နွေးထွေးဆုပ်ကိုင်ခွင့် ရမှာပါလဲနော်။

"ဝတ်လွှာက ကိုယ် တစ်ခုခုပြောလိုက်တိုင်း အမြဲရယ်လေ။ အဲဒီလို တစ်ခါရယ်ရင် တစ်ခါပိုလှမှာပေါ့"

သူမက မဲ့ပြုံးလိုလို ဘာလိုလို ပြုံးသည်။ သူက ကတ်ကြေးတစ်လက်ကိုယူကာ ပန်းညှပ်ရင်းမှ ဆက်ပြောမိသည်။

"အဲဒီတော့ ကိုယ်က ဝတ်လွှာကို နေ့တိုင်းရယ်အောင် လုပ်ပေးမယ်လေ၊ မကောင်းဘူးလား"





"မကောင်းပါဘူး"

"ဘာလဲ ... အရမ်းလှနေမှာ စိုးလို့လား။ ဝတ်လွှာ ပန်းကူရွေးပေးတဲ့အနေနဲ့ ပြီးရင် ကိုယ့်ကို Brekfast ကျွေးပါလားဟင်"

"အံ့ဩစရာ။ ရှင် ဘာမှစားမလာခဲ့ဘူးပေါ့ ... ဟုတ်လား"

"အင်း ... ကိုယ် မန္တလေးဆင်းမလို့လေ။ အဲဒါ ဝတ်လွှာဆီ ဝင်မယ်ဆိုပြီး စောစောကြီးထွက်လာတာ။ ဘာမှမစားခဲ့ဘူး။ ဒီရောက်ရင် တစ်ခုခုကျွေးမယ်ဆိုတာ သိတယ်"

"ဖြစ်ရတယ်"

"ပန်းကူရွေးပေးမယ်လေ။ ပြီးရင် မုန့်ကျွေးမယ်မှလား ... အား"

နောက်ဆုံးစကားကို သူက ဝတ်လွှာရဲ့မျက်နှာလေးကို ငေးကြည့်ကာ မေးမိစဉ်မှာပဲ နှင်းဆီဆူးက အမှတ်တမဲ့ လက်ကိုစူးသွားလေသည်။ အသွားချွန်သော နှင်းဆီဆူးသည် လက်ကို ဖောက်ခနဲ စိုက်ဝင်ကာ သွေးတွေက ချက်ချင်းပဲ စိမ့်အိုင်ပြီး ထွက်လာသည်။

"ရှင် ... ဆူးစူးသွားပြီ မှလား။ အဲဒါကြောင့် ပြောတာပေါ့။ မလုပ်တတ်ဘဲနဲ့ ဝင်မလုပ်ပါနဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဆူးစူးတာလောက်များ ပြဿနာမရှိပါဘူးကွာ။ ဒီလိုလုပ်လိုက်တော့ ပြီးတာပဲ မဟုတ်လား"

သူက ဆူးစူးသောလက်ညှိုးကို ပါးစပ်ထဲ လှစ်ခနဲ သွင်းကာ ငုံထားလိုက်ပြီး သူမကို မျက်ခုံးပင့် မျက်လုံးပြူးပြထားလျှင် သူမက သူ့ကို မျက်လုံးအဝိုင်းသား နှုတ်ခမ်းမပွင့်တပွင့်ဖြင့် ခဏတာ ငေးကြည့်နေလေသည်။ ပြီးတော့မှ သက်ပြင်းရှိုက်ပြီး ခေါင်းကို အသာယမ်းကာ ...

"ကဲ ... တော်ပါတော့ရှင်၊ ရှင် ခရီးသွားရဦးမှာမလား။ မုန့်စားပြီး သွားတော့"

"ဝတ်လွှာလည်း စားလေ"

"ရှင် ကံကောင်းတယ်။ ဒီနေ့ ကျွန်မတို့ ရှမ်းခေါက်ဆွဲ လုပ်စားကြမလို့လေ"

"ဟာ ... ဝတ်လွှာလက်ရာ စားရမှာပေါ့"

သူမက ဘာမှမပြောဘဲ လက်အိတ်ကို ချွတ်နေသည်။ စနစ်ကျ ကြော့ရှင်းလှပသော သူမရဲ့ဆောင်းမှာ ရပ်နေရင်း သူမဆီက မွှေးရနံ့ပျော့ပျော့တစ်ခုကိုရ၏။ ဘာရေမွှေးများ သုံးတာလဲ နွေဝတ်လွှာရယ်။

ဝတ်လွှာက သူ့ကို ဆိုင်ထဲသို့ ခေါ်သွားသည်။



"စိုင်းနော်ရေ ... မမ ဆူးထားတာ တစ်ဝက်လောက်တော့ ပြီးသွားပြီ။ ကျန်တာ ဆက်ခူးလိုက်နော်"

"ဟုတ်ကဲ့ မမ"

သူမက သူ့ကို စားပွဲတစ်လုံးသို့ ညွှန်ပြကာ မြင်နေရသော kitchen ထဲသို့ဝင်သွားသည်။ သူမတို့ဆိုင်ရဲ့ ထူးခြားမှုတစ်ခုက လာရောက်စားသောက်သူတွေဟာ kitchen ကို မြင်နေရတာပဲဖြစ်သည်။ ဒါကြောင့် သန့်ရှင်းလား ဘယ်လိုစီမံဆောင်ရွက်နေလဲဆိုတာ အကဲခတ်နိုင်သည်။

kitchen ထဲမှာ ရှမ်းခေါက်ဆွဲ သွားလုပ်နေသော သူမကို သူက လှမ်းမြင်နေရပါသည်။ သန့်ရှင်းသော လက်နှစ်ပက်က ကျွမ်းကျင်စွာဖြင့် ရှမ်းခေါက်ဆွဲလုပ်နေတာကို ကြည့်ပြီး နွေဝတ်လွှာဟာ သူ့ရဲ့အိမ်ထောင်ရှင်မလေး ဖြစ်လာလျှင် ဘယ်လောက်ကောင်းမလဲဟု ကျူးကျူးကျော်ကျော်ပဲ စိတ်ကူးယဉ်ပစ်လိုက်လေသည်။

ခဏကြာသောအခါ သူ့ရှေ့သို့ ပူနွေးပျော့အိသော ရှမ်းခေါက်ဆွဲ၊ လတ်ဆတ်သန့်ရှင်းသော မုန်ညှင်းချဉ်စိမ်းဖန့်ဖန့်လေးများ၊ ကြက်ခြေထောက်များက နူးအိနေသောဟင်းချိုစတာတွေ ရောက်ရှိလာသည်။ ခါးဆိမ့်မွှေးပျံ့သော ကော်ဖီလေးတစ်ခွက်လည်း အဆစ်ပါသည်ပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



"မြင်တာနဲ့တင် တော်တော်ကောင်းမယ်လို့ သိနေရပြီ။ ဒီလို Breakfast မျိုး မနက်တိုင်းစားရရင် ဘယ်လောက်ကောင်းမလဲ ဝတ်လွှာရယ်"

"ရှင် ဒီ့ထက်ကောင်းတဲ့ Breakfast တွေ စားနေရတာပါ။ အပိုတွေ လျှောက်ပြောမနေနဲ့"

"ဟာ ... တကယ်ပြောနေတာ။ ကိုယ် စားရတာတွေက ဆိုင်က ဝယ်ကျွေးကြတာပါ။ ပြီးတော့ ဒီလိုပုံစံနဲ့ ဒီလိုအနံ့ အရသာမျိုးလည်း မဟုတ်ဘူး ...

နောက် ဝတ်လွှာနဲ့ အတူတူစားရတာလည်း မဟုတ်ဘူးလေ"

သူ့ရဲ့နောက်ဆုံးစကားကို သူမက ရင်ခုန်စဖွယ် မျက်လုံးရွဲကြီးများကို အသာပင့်တင်ကာ ကြည့်သည်။ ဘာမှတော့ ပြန်မပြောဘဲ ရှမ်းခေါက်ဆွဲကို တိတ်တဆိတ် စားနေလေသည်။

"မန္တလေးကို ဘာမှာဦးမလဲ ဝတ်လွှာ"

"ကျွန်မ မမှာလည်း ရှင် လက်ဆောင်တွေ ဝယ်လာမယ်။ ပြီးရင် ဒီကိုဝင်ပေးမယ်။ ပြီးရင် ရှင့်ကို ကော်ဖီတိုက်ရမယ် ...

ဒါပဲ မဟုတ်လား"

"ခြော် ... ဝတ်လွှာနဲ့ တွေ့ဖို့ဆိုတာ ဒီလိုနည်းလမ်းတွေပဲ ရှိတာလေ"





သူမက ဘာမှပြန်မပြောဘဲ ရှမ်းခေါက်ဆွဲကိုသာ ခပ်တည်တည် စားနေသည်။ အဲဒီလို ပြန်မပြော နားမထောင် ထုံပေပေပုံစံလေးကလည်း နွေဝတ်လွှာရဲ့ Trade Mark တစ်ခုပဲ ဖြစ်လိမ့်မည်။

"ဝတ်လွှာ"

သူမက ဘာလဲဟူသော ပုံစံဖြင့် မျက်လုံးလှန်ကြည့်သည်။ သူက ကိုယ်ကို ရှေ့တိုးကာ အသံကိုနှိမ့်ပြီး ပြောလိုက်သည်။

"နောက်ထပ် ဘာနည်းလမ်းတွေ သုံးရဦးမလဲဟင်"

"ရှင် တော်တော်ရယ်ရတဲ့သူပဲ"

"တကယ်ပြောနေတာ။ ကိုယ် မိန်းကလေးတစ်ယောက်ကို ဘယ်လိုချဉ်းကပ်ရမယ်ဆိုတာ မသိဘူး။ ကိုယ် ချဉ်းကပ်တာ ပုံစံရောမှန်ရဲ့လား မသိပါဘူး ဝတ်လွှာရယ်"

"အဲဒါ ပြောတာပေါ့။ ရှေးလူကြီးတွေက ဆုံးမခဲ့တာ။ နားရွက်တိုနဲ့ ခြေနစ်ချောင်း မကယ်ကောင်းတဲ့"

"နားရွက်တိုနဲ့ ခြေနစ်ချောင်းဆိုတာ ဘာကောင်လဲဟင်"

"ရှင် မှန်ကြည့်တိုင်း အမြဲတမ်းမြင်ရတဲ့ အကောင်လေ"

အဲဒီစကားကြောင့် သူက တခွီးခွီး ထရယ်မိသွားသည်။ ဝတ်လွှာကို စိတ်ဝင်စားပြီး ချစ်ခဲ့ရတာ အဲဒီလိုအပြော



www.burmeseclassic.com

www.burmeseclassic.com



လေးတွေကြောင့်လည်း ပါ,ပါသည်။ တခြားမိန်းကလေးတွေနဲ့ ကွဲပြားခြားနားသော၊ သူက သည်းသည်းလှုပ်သလောက် သူ့ကို သည်းသည်းမလှုပ်သော ဒီမိန်းကလေးကို ဘာနဲ့မှမတူအောင် တန်ဖိုးထားပြီး ချစ်မြတ်နိုးရပါသည်။

"ဝတ်လွှာ … ကိုယ် မန္တလေးမှာ တစ်ရက် နှစ်ရက်လောက် ကြာမယ်။ ညဘက် ဖုန်းဆက်မယ်နော် သိလား"

သူမရဲ့ထုံးစံအတိုင်း မျက်လုံးတစ်ချက် လှန်ကြည့်ပြီးနောက် ဘာမှပြန်မပြောပေ။ ဝတ်လွှာဟာ နားလည်ရခက်သော မိန်းကလေးတစ်ယောက် ဖြစ်ပေမယ့်လည်း သူကတော့ မိုးမြေအဆုံး နားလည်ပေးချင်ခဲ့သည်။ ကမ္ဘာပေါ်မှာ ရှိသမျှလူတွေ အံ့သြသွားအောင် ဝတ်လွှာကို ချစ်ပြချင်ခဲ့ပါသည်။





## ၁၃

ကွန်ပျူတာကို ကြည့်နေရာမှ မျက်လုံးတွေက နည်းနည်းကျိန်းစပ်စပ်ဖြစ်လာလျှင် ဝတ်လွှာက ကွန်ပျူတာရှေ့မှ ခွာကာ ပြတင်းတံခါးဆီသို့ လျှောက်လာရင်း တံခါးဝမှာ မတ်တတ်ရပ်မိသည်။ ညလေပြည်ကို ပင့်သက်ရှိုက်ရှုမိကာ လေပြည်နှင့် အတူ ပါလာသော နှင်းဆီရနံ့တွေကိုပါ ရှူရှိုက်မိလေသည်။ အဲဒီ အချိန်မှာပဲ တစ်စုံတစ်ယောက်က အာရုံမှာ ပေါ်လာသည်။

အပြုံးချိုချိုများ၊ သမုဒယဆန်သော စကားများဖြင့် ဝတ်လွှာကို တီမ်းမူးစေခဲ့သူ။ သူ့အပေါ်မှာ ဝတ်လွှာရဲ့သဘောထားက ဘယ်လိုရှိလဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိသည်။ အဲဒီ မေးခွန်းကို ဝတ်လွှာ ပြန်မဖြေနိုင်ခဲ့ပါ။ သစ်ရွက်လေး လှုပ်တာကို ရယ်မောတတ်တဲ့အရွယ် မဟုတ်ပေမယ့်လည်း ဘာမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြောလေးတွေ စကားလေးတွေကအစ စိတ်ကြည်နူးရတယ်ဆိုလျှင် ဒါဟာ ဘာဖြစ်ချင်လို့ပါလိမ့်။

အင်း ... ဒီအခြေနေတိုင်းလေးပဲ ကောင်းပါတယ် နေမင်းချိုရယ်။ အချိန်တန်တော့လည်း ရှင်က အိမ်ပြန်မယ့်သူ မဟုတ်လား။

"တီ တီ တီ ... တီ တီ တီ ..."

တိတ်ဆိတ်သောညမှာ ရုတ်တရက် ထမြည်လာသော ဖုန်းသံကြောင့် ဝတ်လွှာက ဆတ်ခနဲတောင် ဖြစ်သွားသည်။ ပြတင်းပေါက်နားမှာ နောက်သို့ လှည့်ကြည့်လိုက်လျှင် ခုတင်ဘေးက စားပွဲပေါ်ရှိ ဖုန်းအနီရောင်လေးက တကယ်ပဲ မြည်နေသည်။

သူ ဆက်တာဟုသော သေချာပေါက် အသိက ဘာ့ကြောင့် ဝင်နေတာပါလိမ့်။ ဝတ်လွှာက ဖုန်းကိုကိုင်လိုက်သည်။

"ဟယ်လို"

"ဝတ်လွှာ ... ကိုယ်ပါ"

ဝတ်လွှာ ရင်ထဲမှာ နှလုံးခုန်သံဟာ နည်းနည်းမြန်သွားသည်ဟု ထင်သည်။ အခုပဲ သူ့အကြောင်း စဉ်းစားနေခဲ့တာလေ။

"အင်း ... ပြော"





"အိပ်နေပြီလား ဝတ်လွှာ"

"မအိပ်သေးပါဘူး။ စာဖတ်နေတာ"

"ဘာစာဖတ်နေတာလဲ"

"အင်း ... website တစ်ခု ကြည့်နေတာပါ"

"သြော် ... ကွန်ပျူတာ သုံးနေတာပေါ့"

"အင်း"

"ဝတ်လွှာ ဂျီမေးရှိတယ် မဟုတ်လား။ ကိုယ့်ကိုပေးပါလား၊ ကိုယ် အခုပဲ ဝတ်လွှာကို စာပို့ချင်လို့"

"အခုလည်း ရှင် ဖုန်းပြောနေတာပဲ မဟုတ်ဘူးလား"

"မတူလို့ပေါ့ ဝတ်လွှာရာ။ နော် ... ပေးပါ"

"nature house 2006"

"အိုခေ ... သင့်ခ်ယူ။ ကိုယ် အခုပဲ ပို့လိုက်ပြီ"

ခဏကြာသောအခါ ဝတ်လွှာထံ နေမင်းချိုဟူသော နာမည်ဖြင့် အီးမေးတစ်စောင် ရောက်လာသည်။ ဝတ်လွှာက ဖွင့်ကြည့်လိုက်သောအခါ နှင်းဆီပန်းစည်းလေးတစ်စည်းပုံ ဖြစ်ပြီး I miss you so mauch ဟူသော စာတန်းလေးလည်း ပါဝင်တာကို တွေ့ရသည်။ ဝတ်လွှာရဲ့နှုတ်ခမ်းတွေက ဖျတ်ခနဲတော့ ပြုံးသွားသည်ဟု ထင်ပါသည်။

"ရလား ... ဝတ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရသားပဲ"

"အဟင်း ... ဝတ်လွှာရော ကိုယ့်ကို တစ်ခုခု ပြန်မပို့ချင်ဘူးလား"

"ပို့ချင်ပါဘူး"

"ကပ်စေးမနဲပါနဲ့ ဝတ်လွှာရယ်။ ဆယ်မိနစ်လောက်တော့ ကိုယ့်ကို အချိန်ပေးပါ"

ဝတ်လွှာက ဘာမှမပြောဘဲ ငြိမ်သက်နေမိလျှင် သူက ဆက်ပြောသည်။

"မင်းကို ကိုယ် တကယ်အရမ်းလွမ်းနေမိတယ် ဝတ်လွှာ။ ကိုယ်လေ မင်းနဲ့ ပတ်သက်တဲ့ ခံစားချက်တွေ အများကြီး ခံစားခဲ့ရတယ်။ အဲဒါတွေကို ဆန်းစစ်ကြည့်လိုက်တော့ မင်းကို သိပ်ချစ်နေမိပြီဆိုတဲ့အဖြေပဲ ထွက်တယ်"

"........."

"ကိုယ်ပြောတာ ကြားရဲ့လား ဝတ်လွှာ"

"အင်း ... ကြားသားပဲ"

"တစ်ခုခု ပြန်ပြောဦးလေ ဝတ်လွှာ"

"ရှင် ပြောချင်တာတွေ ကျွန်မက နားထောင်ပေးရုံပဲ မဟုတ်လား။ ဆယ်မိနစ်ပြည့်ရင် ဖုန်းချမယ်"





"ဝတ်လွှာ ... ကိုယ် တကယ်ပြောနေတာပါကွာ။ နည်းနည်းလောက် စာနာပေးပါ"

"ဘာကို စာနာရမှာလဲရှင့်"

"ကိုယ့်နှလုံးသားကိုလေ"

"ကဲ ... ပြောချင်တာ ဒါပဲ မဟုတ်လား"

အဲဒီလိုသာ ပြောလိုက်သော်လည်း ဝတ်လွှာရဲ့နှလုံးသားတွေ ပူနွေးနေသည် ဆိုတာတော့ ကိုယ့်ဟာကိုယ် သိသည်။ ယောကျ်ားတစ်ယောက်ရဲ့ချစ်စကားဟာ တကယ်အမှန်တွေပြောနေတာပဲဟု ကိုယ်တိုင်ခံစားနားလည်ရတာလောက် ကြည်နူးလိုက်ဖွယ်ရာမရှိဟု ထင်ပါသည်။

"ဝတ်လွှာ ... ကိုယ် ဝတ်လွှာဆီက အချစ်ကို လိုချင်တယ်"

"လူတွေက အဲဒါပဲနော်။ ကိုယ့်ဘာသာ ချစ်နေရုံနဲ့ ဒီလောကကြီးက မပြီးဘူးလား။ ဘာဖြစ်လို့ အပေးအယူတွေ လုပ်ချင်နေရတာလဲ"

"ဘာရယ်။ အပေးအယူ ဟုတ်လား ဝတ်လွှာ"

"အင်းလေ"

"ဟာ ... စွဲချက်ကတော့ ပြင်းထန်ပြီကွာ"

"ဟုတ်တယ်လေ။ ရှင် ချစ်တယ်ဆိုလည်း ရှင့်ဟာရှင်ချစ်ပေါ့။ ကျွန်မဆီက အချစ်ကို ဘာဖြစ်လို့ ပြန်တောင်းခံနေသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုယ်ချစ်တဲ့လူဆီက အချစ်ကို ပြန်လည်ပိုင်ဆိုင်ချင်တာ အချစ်ရဲ့သဘာဝတရားကြီးပါ ဝတ်လွှာ ...

အဲဒါ အတ္တကြီးတာလည်း မဟုတ်ဘူး။ အပေးအယူဆန်တာလည်း မဟုတ်ပါဘူး။ တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းမြဲမြဲတွဲထားပြီး ဘဝခရီးကို လျှောက်လှမ်းချင်ကြတာပါ"

အပြောကောင်းလွန်းသော ရွှေမင်းသားရဲ့ တော်ကီကျောမှာ ဝတ်လွှာ မျောသွားသည်။ အင်း ... ကျွန်မလည်း ချမ်းအေးလွန်းတဲ့ ဒီဇင်ဘာလို အခါသမယမျိုးမှာ ရှင့်ရင်ခွင်ထက်မှာ နွေးထွေးချင်သလို ရှိသားပဲနော်။

"ပြီးတော့ ဝတ်လွှာကို ဒီလိုတစ်ယောက်တည်းလည်း စိတ်မချဘူး"

"အောင်မယ် ... ကျွန်မက ဘာဖြစ်နေလို့လဲ"

"ဝတ်လွှာ ... အရည်အချင်းရှိမှန်း သိပါတယ်။ ဒါပေမဲ့ ဒါက ကိုယ့်ဘက်က ခံစားချက်ကို ပြောတာပါ။ ဝတ်လွှာအနားမှာ အမြဲနေပေးချင်တယ်။ ဝတ်လွှာကို ကြင်နာယုယမှုတွေ ပေးချင်တယ်။ တကယ်တော့ ကိုယ်က ပေးဆပ်နေချင်တာပါ ဝတ်လွှာရယ်"





သူ့စကားတွေကြောင့် သူလည်း အနားမှာမရှိပါဘဲနှင့် ရှက်သွေးတွေ ဖြာသွားတာကို ကိုယ်ကိုယ်တိုင်ပဲ သိလေသည်။ ယောက်ျားတစ်ယောက်ရဲ့ အကြင်နာစကားတွေက ဒီလောက်တောင်ပဲ ရှက်အားပို အစွမ်းထက်စေလားတော့ မပြောတတ်တော့ချေ။ ထူးဆန်းသော (တစ်ခါမှ မဖြစ်ဖူးသော) ကိုယ့်ရှက်စိတ်ကို ကိုယ့်ဟာကိုယ် အံ့သြပြီး ဖုန်းချဖို့ စကားဖြတ်လိုက်လေသည်။

"ကျွန်မ အိပ်တော့မယ်။ ဂွတ်နိုက်ပါ"

နှုတ်ဆက်စကား ... (နှုတ်ဆက်ရင်း) ဖုန်းချလိုက်တာမို့ သူ ကြေကွဲသွားမယ်လို့တော့ မထင်ပါ။ ခဏနေတော့ သူ့ဆီက အီးမေးလ်တစ်ခု ထပ်ရောက်လာပြန်သည်။ အီးပို့စကတ်လေးတစ်ခု ပို့လိုက်တာဖြစ်ပြီး လက်ခုပ်လေးနှစ်ခုက အနီရဲရဲ နှလုံးသားလေးတစ်ခုကို ကမ်းပေးနေတာဖြစ်ပြီး just for you ဟူသော စာတန်းလေးက ပါရှိသည်။

အဲဒီညက တော်တော်နှင့် ဝတ်လွှာ အိပ်မပျော်ခဲ့ပါ။

♣ ♥ ♣



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မန္တလေးမှာ နှစ်ရက်လောက်ပဲ ကြာလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း တကယ်တမ်းက နှစ်ဆတိုးကာ လေးရက်တောင် ကြာခဲ့သည်။ တစ်နေ့ကုန်လည်း အလုပ်ရှုပ် ပင်လည်း ပင်ပန်းသောကြောင့် နေ့ခင်းဘက်လောက်သာ ဝတ်လှာထံဖုန်း ဆက်ဖြစ်၍ ညဘက်တွေတောင် မဆက်ဖြစ်ခဲ့ချေ။ နေ့ပူထဲသွားလာလှုပ်ရှားတာတွေများပြီး ဒီတစ်ခေါက်လည်း သူ ဖျားသည်။

ဒါကို ပြင်ဦးလွင်သို့ ရအောင်တက်ခဲ့လေသည်။ ညနေ ခြောက်နာရီခွဲလောက်မှာ ပြင်ဦးလွင်ရှိ Nature House သို့ ရောက်၏။ သူ သိပ်တွေ့ချင်သော ဝတ်လှာကို ဆိုင်ထဲမှာပဲ ဖော်ရိန်နာတွေနှင့် စကားပြောနေတာကို တွေ့ရသည်။ သူ့ကိုမြင်သွားသောအခါ စကားစကိုဖြတ်ပြီး ထလာသည်။





"ရှင် နေမကောင်းဘူးလား"

သူ့ပုံစံက အဲဒီလို မေးရအောင်ကို သိပ်သိသာနေဟန် တူပါသည်။ စားပွဲတစ်လုံးမှာ ခြေပစ်လက်ပစ်ဝင်ထိုင်ပြီးနောက် သူမကို ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ဖျားနေတာလား"

"ဝတ်လှာ စမ်းကြည့်လေ"

အဲဒီစကားကြောင့် သူမက မျက်စောင်းတစ်ချက်ထိုးသည်။ ခရမ်းရောင်အကွက်ကျဲကျဲ ချည်သားအင်္ကျီ ရှပ်လက်ရှည်ကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော ဝတ်လှာအား မတွေ့ရသည့် လေးရက်စာ သူက အတိုးချပြီး အလွမ်းမပြေစူးနင့်စွာ စိုက်ကြည့်မိသည်။ ဝတ်လှာရယ် ... မင်းကို တွေ့ချင်လွန်းလို့ ညတွင်းချင်းပဲ ပြန်လာခဲ့ရတဲ့ကောင်ပါ။

ဒါတွေကို ရင်ဘတ်ချင်းနီးပြီး ခံစားနားလည်ပေးနိုင်ရင် ဘယ်လောက်ကောင်းမလဲနော်။

"သာမိုမီတာ တိုင်းမလား"

"ဒေါက်တာ့ သဘောပါဗျာ။ ဒေါက်တာကုပေးတာ ခံမှာပေါ့"

သူ့စကားကြောင့် သူမက ဆတ်ခနဲ ဖြစ်သွားသည်။

"ဘာဒေါက်တာလဲ။ ဘာကိစ္စ အဲလိုခေါ်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ဝတ်လွှာပဲ ကိုယ့်ကို ဆရာဝန်မေးသလို မေးနေတာကိုး။ ဒါကြောင့် နောက်တာပါကွာ။ အား ... တကယ် ခေါင်းတွေကိုက်နေတယ် ဝတ်လွှာ ...

အရင်တစ်ခါလို ဖြစ်မှာစိုးလို့ ကိုယ် ဆေးတောင် သောက်မလာခဲ့ဘူး။ အိပ်ငိုက်သွားမှာစိုးလို့"

"အင်း ... ဖြစ်ရမယ်။ ခဏနေဦး"

သူမက အဖျားတိုင်းသည့် သာမိုမီတာကို သွားယူလာကာ သူ့ကို အဖျားတိုင်းသည်။ သာမိုမီတာကိုကြည့်ရင်း "180"ပဲဟု ပြောသည့်ပုံစံလေးမှာ တကယ်ပဲ ဆရာဝန်မလေးတစ်ယောက်နှင့်တူသည်ဟု ခံစားရလေသည်။ ဆေးမဆိုး၊ လက်သည်းပန်းရိုး အလှမဆင်သော ရှည်ရှည်သွယ်သွယ် လက်ချောင်းလေးများမှာ တကယ်ပဲ ဆရာဝန်လက်ကလေးနှင့် တူလှသည်။

"ရှင် ဖျားနေတာပဲ။ ဆေးသောက်ရင်တော့ သက်သာသွားမှာပါ"

သူက ခေါင်းညိတ်ပြမိသည်။ သူမက သူ့ကိုစိုက်ကြည့်လာကာ ...

"တစ်ခုခု စားပြီးမှ ဆေးသောက်လေ။ ဘာစားချင်လဲ"

"ရပါတယ်။ ဝတ်လွှာပဲ အဆင်ပြေတာ စီမံပေးပါ"





သူမက စားပွဲထိုးတစ်ယောက်ကို ခေါ်လိုက်ပြီး မှာကြားသည်။

"ကြက်သားနဲ့ မြူစွမ်တစ်ပွဲလောက် ပြုတ်ခဲ့။ ရေပုလင်းယူခဲ့။ ဆေးဘူးလေးပါ ယူခဲ့နော်"

သူက ပါလာသော အထုပ်တွေကို ဆားမှာချထားရာမှ စားပွဲပေါ်သို့ တင်ပေးရင်း ပြောလိုက်သည်။

"ဒါတွေကတော့ မုန့်တွေ အကြော် လက်ဖက်တွေလေ ဝတ်လွှာ။ မန္တလေးလက်ရာတွေပေါ့။ အင်း ... ဒါကတော့ ဝတ်လွှာ ကြိုက်,မကြိုက် မသိဘဲနဲ့ လက်ဆောင်ပေးချင်လို့ ဝယ်လာခဲ့တာ"

သူမက ဘာများပါလိမ့်ဟု မမေးဘဲ သူ့လက်ဆောင်အိတ်ကို မြင်တာနှင့် ဘာဆိုတာ သိပါလိမ့်မည်။ ခမ်းနားကြီးကျယ်သော ပိုးချိတ်ဘူးတွေကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"ဒါတွေကို ကျွန်မက ဘာလုပ်ရမှာလဲ"

"မသိဘူး။ ကိုယ်ကတော့ အဲဒါတွေကို မြင်တာနဲ့ ဝတ်လွှာကို လက်ဆောင်ပေးချင်စိတ် ပေါ်လာတာနဲ့ ဝယ်လာလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့စတိုင်လ်အတိုင်း မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်ရင်း နှာခေါင်းမှ လေထွက်ရုံ ဟက်ခနဲ ရယ်သည်။

"မကြိုက်တောင် သိမ်းထားပေးပါ ဝတ်လှ။ ကိုယ့်ရဲ့ သတိရစိတ်လေးကို ထောက်ထားသောအားဖြင့်ပေါ့"

သူမက ဘာမှပြန်မပြောတော့ချေ။ သူကတော့ မတွေ့ရတာကြာသည့် ရွှမ်းဆွတ်သည့် မျက်နှာလေးကို ငေးနေမိသည်။

"ကိုယ် နေမကောင်းရက်နဲ့ ဘာကြောင့် ညတွင်းချင်းပြန်လာတာလဲ၊ ဝတ်လှ သိလား"

"သိလည်းပဲ ဘာမှမထူးခြားပါဘူး"

"အင်းလေ ... ဝတ်လှအတွက်တော့ ဘယ်ထူးခြားမလဲ"

"ကဲ ... တော်လောက်ပါပြီ။ စကားတွေ အများကြီးပြောမနေနဲ့တော့။ အဲဒီမှာ မြူစွမ်သောက်၊ ပြီးရင် နွားနို့သောက်။ ဆေးသောက် ... ပြီးရင် မှောက်တော့"

"ဟင် ... ဝတ်လှက ဆေးထိုးပေးမလို့လား"

"ဘာကိစ္စ ဆေးထိုးပေးရမှာလဲ။ မှောက်တော့ ဆိုတာ ရှင့်နေရာရှင်ပြန်ပြီး အိပ်တော့ နားတော့လို့ ပြောတာ ...

ရော့ ဒီဆေးတွေကို ရှင် One cose ပြည့်အောင် သောက်လိုက်"





သူမက ဆရာဝန်သဖွယ် ဆေးသုံးကြိမ်စာပေးလျှင် သူက ကြည်နူးကျေနပ်သွားသည်။ ချစ်ဖို့ကောင်းသော ဝတ်လှကိုလည်း အရမ်းပဲ ချစ်စနိုးဖြစ်ကာ စချင် နောက်ချင်စိတ်တွေလည်း ပေါ်လာလေသည်။

"ဝတ်လှက ဆေးလည်းစပ်တတ်တယ်နော်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ ဝတ်လှ တိုက်တာမို့ သေလည်းမကြောက်ပါဘူး ...

ဒါပေမဲ့ မသေခင် အဖြေလေးတော့ လိုချင်တာပေါ့"

သူမက ချစ်စရာကောင်းသော မျက်စောင်းတစ်ခုကို ထပ်မံပို့လွှတ်သည်။

"ရှင် ကောင်းကောင်းမနေရင် ကျွန်မ ထထွက်သွားတော့မှာ"

"ဟာ ... အဲလိုတော့ မလုပ်ပါနဲ့။ အိုခေ ... ကိုယ် စားလိုက်ဦးမယ်။ အားပါး ... မြူစွမ်လေးက တကယ်ကောင်းမယ့်ပုံပဲ"

သူ ထင်ထားတာမမှားချေ။ အရသာရှိသော မြူစွမ်ပန်းကန်လုံးကြီးမှာ ခဏလေးနှင့် ပြောင်သွားသည်။ နွားနို့နွေးနွေးလေးကိုလည်း နှစ်ခါလောက်ပဲ မော့လိုက်တာနှင့် ကုန်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရေနဲ့ ဆေးနဲ့ သောက်ပြီးသွားသောအခါ တော်တော်မိုက်လေးသွားပြီဖြစ်သည်။

"ကိုယ် တော်တော်မိုက်လေးသွားပြီ ဝတ်လွှာ"

"ကောင်းတာပေါ့။ ရှင့်အခန်း ပြန်ရောက်တာနဲ့ တစ်ခါတည်း အိပ်လိုက်တော့။ မနက်ကျရင်လည်း ဆေးထပ်သောက်ပေါ့။ ဒါဆိုရင် ဆေးထိုးစရာ မလိုဘဲ ရှင်သက်သာသွားမှာပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ။ ခုတောင် ရောဂါတစ်ဝက်ပျောက်နေပါပြီ။ ဝတ်လွှာ ..."

သူက တိုးဖွဖွခေါ်လိုက်လျှင် သူမက နွေးထွေးသောမျက်ဝန်းများဖြင့် မော့ကြည့်သည်။ အဲဒီမျက်လုံးတွေက စိမ်းကားရိပ်တွေမရှိလျှင် သူ့ရင်ထဲမှာ များစွာချမ်းမြေ့ရပါသည်။

"ကိုယ့်ကို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင်တယ်လို့ မပြောချင်ဘူး"

"ဟား ... ရှင်ကတော့ တကယ့်ဟာသပဲ"

"ဟုတ်တယ်လေ။ ကျေးဇူးတင်တယ်ဆိုတာ သူစိမ်းဆန်လို့ပါ။ ကိုယ်က ဝတ်လွှာရဲ့သူစိမ်းလူမှ မဟုတ်တာ၊ ဟုတ်တယ်မလား"



BURMESE CLASSIC .com



သူမက ဘာမှပြန်မပြောဘဲ အသည်းယားစဖွယ်ပြုံးထေ့ထေ့သာ လုပ်နေခဲ့သည်။ နေမကောင်းသောကြောင့် နှုတ်ဆက်ပြီး စောစောပြန်ခဲ့ရပေမယ့် သူ့ရင်ထဲမှာ အပျော်တွေစုပုံနေခဲ့သည်။ ကိုယ် နေထိုင်မကောင်း ဖြစ်နေချိန်မှာ ချစ်သူက စောင့်ရှောက်ကြင်နာမှု ပေးတာလောက် ပီတိဖြာစရာမရှိဟု သူကတော့ မှတ်ယူပါသည်။

✤ ❤ ✤

ငွေမန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

ဝတ်လွှာသည် မြို့ထဲကဆိုင်သို့ လိုအပ်တာလေးတွေ လာကြည့်ရင်း ခြံက Nature House အတွက်လည်း လိုအပ်သော ပစ္စည်းလေးတွေ စတိုးဆိုင်တစ်ခုမှာ ဝယ်နေမိတုန်းမှာပဲ နောက်ပါးဆီက ခေါ်သံကြား၍ လှည့်ကြည့်မိသည်။ ကြည်လင်သန့်စင်သောအပြုံးနှင့် ဝတ်လွှာကို ငေးကြည့်နေသူတစ်ဦး။

"ဝတ်လွှာ ... ရှောပင်းပေါ့လေ"

သူ့ကို တွေ့မယ်လို့ လုံးဝထင်မထားသဖြင့် ဝတ်လွှာမှာ ငေးခနဲ ဖြစ်သွားသည်။ ကျေးဥစိမ်းရောင် ရှပ်အင်္ကျီကို လက်ခေါက်ဝတ်ဆင်ထားကာ အနက်ရောင်ဘောင်းဘီဖြင့် သူ့ပုံစံဟာ ထင်းလင်းရှင်းဝင်းနေသည်။

"ရှင်ကိုး"





"ကိုယ်က ဒီဘက်က ဆိုင်မှာ ဧည့်သည်တွေကို ထမင်းလိုက်ကျွေးတာ။ ပြန်အထွက်မှာပဲ ဝတ်လွှာကို မြင်လို့ လိုက်ဝင်တာလေ"

သူ့ရဲ့ရှင်းပြသလို အပြောလေးကို နားထောင်ပြီး ဝတ်လွှာ ရင်ထဲမှာ တစ်စုံတစ်ရာ လှိုက်ဖြာပြီးလာသည်။ ယောကျာ်းတစ်ယောက်ရဲ့အချစ်ရိပ်တွေ ပြည့်လျှံနေတဲ့ အကြည့်ဟာ မိန်းကလေးတစ်ယောက်ရဲ့နှလုံးသားကို ဒီလောက်တောင် ပူနွေးတုန်ယင်အသက်ဝင်စေသတဲ့လား။ ဝတ်လွှာသည် သူ့ကို ငေးကြည့်ရင်းမှ တစ်စုံတစ်ရာဟာ အလိုလို ကပ်ငြိလာပြီဆိုတာကို ကိုယ့်ကိုယ်ကိုယ် သိမြင်လို့ လာလေသည်။

"ကိုယ် နေကောင်းသွားပြီ ဝတ်လွှာ။ ဆေးလည်း အခုထမင်းစားပြီးတော့ သောက်လိုက်တယ်နော် ချာမ။ ဟဲ ... ဟဲ ... တော်ကြာ ဆေးမသောက်ဘူး ထင်မှာစိုးလို့"

ဝတ်လွှာက ဘာမှပြန်မပြောမိဘဲ အသာပြုံးမိသည်။ ရင်ထဲမှာ ဘာနဲ့ပြည့်မှန်းမသိ ပြည့်နေတော့ ဘာပြောရမှန်းမသိအောင်ပဲလေ။

"ဝတ်လွှာ"

"ဟင်"

"ဒီအတိုင်းပဲ ရပ်နေတော့မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်း မရပ်လို့ ဘာလုပ်စေချင်လို့လဲ"

"feel မှာ ကိုယ် မုန့်လိုက်ကျွေးမယ်လေ"

"ဟင် ... ရှင် အခုပဲ ထမင်းစားပြီးတယ် မဟုတ်လား"

"ဝတ်လွှာ ... မစားရသေးဘူး မဟုတ်လား။ တစ်ခုခုစားပေါ့။ ကိုယ်တော့ ဂျူ့စ်တစ်ခုခုသောက်မယ်လေ"

ဝတ်လွှာက စဉ်းစားနေတုန်းမှာပဲ သူ့ထံက လောဆော်သော စကားသံက ထပ်ထွက်လာသည်။

"လာပါ ဝတ်လွှာရယ်။ သိပ်စဉ်းစားမနေပါနဲ့။ ဝတ်လွှာလည်း ဒီတိုင်းဆိုရင် ရောက်ဖြစ်တာမှ မဟုတ်တာ ...

အဲဒီက သာသာယာယာလည်းရှိတယ်လေ။ ဝတ်လွှာကိုလည်း ဒီလိုကြုံတုန်း မုန့်ကျွေးချင်လို့ပါ။ နော် ... ဝတ်လွှာ"

"ပြီးရောလေ ... ဒါပေမဲ့ အခု ကျွန်မ ဈေးဝယ်လို့ မပြီးသေးဘူး"

"ဝယ်လေ ... ရပါတယ်။ ကိုယ်ပါ ဝယ်ပေးမှာပေါ့၊ ပြောဘာတွေလဲ။ ပေး ... ပေး ... ကိုယ် ခြင်းဆွဲပေးမယ်"

သူက ပြောပြောဆိုဆို ဝတ်လွှာရဲ့လက်ထဲမှခြင်းကို ဆွဲယူသည်။ ရုတ်တရက်မို့ ဘာမှမပြောနိုင်ခင်မှာပဲ သူ့လက်ထဲသို့ ခြင်းပါသွားလေသည်။ အဲဒီနောက် ဈေးဝယ်ပြီးသောအခါ နှစ်ယောက်သား ကိုယ့်ကားကိုယ်မောင်းပြီး ကန်တော်ကြီးနားရှိ



Feel စားသောက်ဆိုင်လေးသို့ ရောက်လာခဲ့ကြသည်။ ပြင်ဦးလွင်သို့ လှာလည်ကြသော ဧည့်သည်တွေသာ အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ သွားရင်း Feel မှာ စားသောက်ဖြစ်ကြသော်လည်း ဝတ်လွှာကတော့ သိပ်မရောက်ဖြစ်ချေ။

သူ ပြောသလို အပြောင်းအလဲကတော့ ဖြစ်ပါသည်။

"ဝတ်လွှာ ... ဟဲဗီးတစ်ခုခု ဆွဲလေ"

"အင်း ... ကျွန်မ ဂျူ့စ်ပဲ သောက်မယ်"

"ဟာ ... မဟုတ်တာ။ ဒီအချိန်က ထမင်းစားတဲ့အချိန်ပဲ၊ စားပါ ဝတ်လွှာရာ။ ဘာကြိုက်တတ်လဲဟင် ... ထမင်းနဲ့ဟင်းနဲ့ စားမလား"

"ဟင့်အင်း။ တစ်ယောက်တည်းဆိုတော့ အဲလိုတွေ မစားချင်ပါဘူး။ အိုခေ ... ကျွန်မ ကမ်ချီထမင်းကြော်ပဲ စားမယ်"

"ကမ်ချီထမင်းကြော်ရယ်၊ ရေသန့်တစ်ဘူး၊ နောက် ... ထောပတ်သီးဖျော်ရည်တစ်ခွက် လုပ်ပေးပါ"

သူက စားပွဲထိုးကို မှာကြားပြီးနောက် ဝတ်လွှာကို ခပ်ပြုံးပြုံး ကြည့်လာသည်။ သူ့အကြည့်တွေကို ဝတ်လွှာကလည်း တန်ပြန်ရင်ဆိုင်ပြီး ကြည့်ခဲ့ပါသည်။ နှစ်ယောက်သားအကြည့်တွေ အကြာကြီးဆုံပြီးမှ သူက ဝတ်လွှာကို စကားစတင်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဝတ်လွှာကို မြင်လိုက်ရတော့ အရမ်းပျော်သွားတာ"

ဟုတ်လား ဆိုသော စကားကို စိတ်ထဲကသာ ပြန်ပြောမိသည်။ သို့သော် သူကပဲ စကားဆက်ပြောပါသည်။

"ကိုယ် ဆေးသောက်တော့တောင် ဝတ်လွှာကို သတိရနေတာလေ။ အဲဒါ ပြီးရင် ဖုန်းဆက်မယ်လို့တောင် စဉ်းစားထားတာ။ ဖျတ်ခနဲ ဝတ်လွှာကို မြင်လိုက်တော့ အရမ်းကို ဝမ်းသာသွားတာကွာ၊ တကယ် ...

အဲဒါမျိုး ချာတိတ်တွေ ဖြစ်သလိုဖြစ်တာ။ ကိုယ်ချစ်နေတဲ့ ကောင်မလေးတစ်ယောက်ကို တကူးတကသွားကြည့်တာမျိုး မဟုတ်ဘဲ အမှတ်တမဲ့ တွေ့လိုက်ရင် အရမ်းပျော်တယ်ဆိုတဲ့ ခံစားချက်မျိုး ကိုယ်တိုင်ကြုံဖူးမှ ခံစားတတ်တာကွ"

ဝတ်လွှာက ဟုတ်ပါပြီဟူသော အပြုံးမျိုးဖြင့် ပြုံးမဲ့မဲ့လုပ်ပြမိသည်။

"ဘာလဲ ... ဝတ်လွှာက မယုံဘူးလား"

"ယုံပါတယ်"

"ဘယ်လို ! ယုံတယ်။ ဟုတ်လား ဝတ်လွှာ"





သူ့မျက်လုံးတွေက တောက်ပလာပြီးနောက် ဝတ်လွှာကို အားတက်သရော ကြည့်လာသည်။ ဝတ်လွှာက ကြိမ်ဆက်တီမှာ အသာမှီလျော့ထိုင်ရင်း သူ့ကို ခပ်ပြုံးပြုံးလေးနဲ့ ပြန်စိုက်ကြည့်မိသည်။

"ကိုယ်ပြောတာတွေကို ယုံတယ်၊ ဟုတ်လား ဝတ်လွှာ"

"အင်း ... ယုံပါတယ်လို့ ဖြေပြီးပြီပဲလေ ရှင်ရယ်"

"ဟာ ... ဒါဆို။ ကိုယ့်အချစ် ... ကိုယ့်အချစ်ကိုလည်း ယုံတယ်ပေါ့၊ ဟုတ်လား ဝတ်လွှာ"

"အင်း ... ယုံသလိုလိုတော့ ရှိသား"

"ဟား ... ဝတ်လွှာရယ်။ ဒီတစ်ခါတော့ တကယ်ကျေးဇူးတင်သွားပြီ"

"အံမယ် ... ဖြစ်ရသေးတယ်"

"တကယ်ပါ ဝတ်လွှာရယ်။ ကိုယ်ကလေ မင်း ကိုယ့်အချစ်ကို မယုံကြည်မှာ အရမ်းစိုးရိမ်နေခဲ့ရတာ ...

မင်းကို အပျော်သက်သက် စိတ်ဝင်စားတယ်။ ဒီမှာ ရောက်တုန်း လျှောက်အီနေတယ်ထင်မှာ အရမ်းစိုးတယ်။ ကိုယ် ဝတ်လွှာကို လေးလေးနက်နက်နဲ့ ချစ်တာပါ။ ဘဝလက်တွဲဖော်အဖြစ်"

"မဖြစ်နိုင်ပါဘူး ကိုနေမင်းချို"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဝတ်လွှာက ကမ်ချီထမင်းကြော်ကို အသာမွှေနှောက်ရင်းမှ ပြန်ပြောမိလျှင် သူက မျက်မှောင်ကြုတ်၍ ကြည့်သည်။

"ဘာကို မဖြစ်နိုင်တာလဲ ဝတ်လွှာ"

"ရှင် မျှော်လင့်ထားသလို ကျွန်မတို့ ချစ်သူတွေဖြစ်လာဖို့ ဆိုတာပေါ့"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

သူ့အသံက ခပ်ဆတ်ဆတ်မို့ ဝတ်လွှာက ထမင်းကြော်ကို တစ်ဇွန်းစားရင်းမှ အသာပြုံးမိသည်။ ထမင်းစားနေသဖြင့် ဘာမှပြန်မဖြေသော ဝတ်လွှာကို သူက စိတ်မရှည်သလိုဖြင့် ဆက်မေးသည်။

"ဟင် ... ? ။ ဝတ်လွှာ ဘာလို့ မဖြစ်နိုင်တာလဲ"

"အခြေအနေတွေ အကြောင်းတရားတွေကြောင့်ပေါ့"

"ဘာအခြေအနေတွေလဲ ဝတ်လွှာ။ ကိုယ်က ဝတ်လွှာကို ချစ်တယ်။ ဝတ်လွှာကလည်း ကိုယ့်ကို ပြန်ချစ်တယ်ဆိုရင် ပြီးပြီပဲလေ ...

လူနှစ်ယောက်ချစ်တာ အခြေအနေ အသိုင်းဝန်းတွေ မလိုပါဘူး"

"ယောက်ျားတွေက သွေးပူနေတုန်းမှာတော့ ဒီလိုပဲ ပြောခဲ့ကြတာပဲလေ"





အဲဒီစကားကြောင့် သူက ဝတ်လွှာကို စူးခနဲမော့ကြည့်သည်။ အဲဒီအကြည့်တွေမှာ သူ တစ်စုံတစ်ရာကို သိထားတယ်ဆိုသော အရိပ်ရောင်တွေကို တွေ့နေရသည်။ အင်းလေ ... သိပ်တော့လည်း မထူးဆန်းပါ။ သူဟာ ဝတ်လွှာကို ချစ်နေတဲ့ ယောက်ျားတစ်ယောက်ဆိုတော့ ဝတ်လွှာနဲ့ပတ်သက်သမျှစုံစမ်းမှာပဲ မဟုတ်လား။

"ဝတ်လွှာ ... တွေ့ဖူးခဲ့တဲ့ ယောက်ျားမျိုး မဟုတ်ပါဘူး။ အဲဒါတွေ မေ့လိုက်ပါတော့ ဝတ်လွှာ"

"ဘယ်တုန်းကမှလဲ သတိမရခဲ့ဖူးဘူး။ ဒါကလည်း တိုက်ဆိုင်လို့ ပြောပြတာ"

"ထားပါတော့လေ။ ဝတ်လွှာက ကိုယ်ကို ပြန်ချစ်ဖို့အရေး ဘာတွေ လျှောက်တွေးနေတာလဲကွာ ...

ကိုယ်နဲ့ချစ်ဖို့အရေး အများကြီး မစဉ်းစားပါနဲ့"

အဲဒီစကားကြောင့် ဝတ်လွှာက သူ့ကို မျက်စောင်းထိုးမိသည်။

"နော် ... ဝတ်လွှာ"

"စဉ်းစားဦးမယ်"

"ဘာရယ် ... ဟာ။ တကယ် ... တကယ်ပြောတာလား ဝတ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းသာအားရပုံစံဖြင့် ထခုန်မတတ်မေးလျှင် ဝတ်လွှာက သူ့ကို ငေးကြည့်မိသွားသည်။ ဒီကိစ္စက အဲဒီလောက်တောင် ဝမ်းသာစရာကောင်းလား နေမင်းချိုရယ်။ ရှင့်ရဲ့တရိုက်မက်မက် အကြည့်တွေက တစ်ယောက်ရင်ထဲက အကြင်နာတွေကို ရှင် ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ ပြောပြနေသလိုပဲ အဲဒီ အကြည့်တွေကပဲ ကျွန်မရင်ထဲက အချစ်တစ်ခုကို မွေးဖွားပေးခဲ့တယ် ဆိုရင်ရော ? ? ? ။

"ဝတ်လွှာ ... တကယ် စဉ်းစားမယ်ပေါ့ ... ဟုတ်လား။ ကိုယ့်အချစ်ကိုလေ"

ဝတ်လွှာက ခေါင်းညိတ်ပြုံးပြလိုက်လျှင် သူက ကြည်နူးလှိုက်ဖြာသော အပြုံးနှင့် စိုက်ကြည့်လာသည်။ အဲဒီအကြည့်တွေက တစ်ယောက်ရင်ထဲက အကြင်နာတွေကို တစ်ယောက်ထံသို့ ကူးလူးဆက်ဆံပေးသလိုရှိသည်။

နေမင်းချိုရယ် ... အချစ်ဆိုတာ အဲသလို စဉ်းစားလို့မရဘဲ နှလုံးသားထဲက ဖြစ်ဖျားခဲ့လာတယ်ဆိုတာ သတိရရင် ရှင် ဒီနေ့ညပဲ အိပ်မက်လှလှ မက်နိုင်ပြီလေ။

♣ ❤ ♣





၁၆

"အတူတူတွဲထားခဲ့တဲ့ လက်တွေ xx ဘယ်တော့မှ မဖြုတ်တော့ဘူးကွာ ... ဒီလို အမြဲပြောခဲ့တဲ့ မင်းရဲ့စကားတွေ xx ငါ ယုံကြည်နေဆဲပါ xx ရင်ခုန်ခြင်းနဲ့ အချစ်ရဲ့သက်သေ xx နင် ပေးတဲ့ ကြင်နာတဲ့ အနမ်းများ"

နားထဲမှာ ဘယ်ကသီချင်းသံပါလိမ့်ဟု တွေးရင်း နိုးတစ်ဝက် မနိုးတစ်ဝက် ဖြစ်နေသော သူသည် နောက်ဆုံးမှာတော့ ထပ်ခါ ထပ်ခါ လာနေသော သူ့ရဲ့ Ring Tone ဖုန်းမြည်သံဆိုတာ သိသွားသည်။ ကြည့်စမ်း ... ဒီအချိန်ကြီး ဘယ်ကဖုန်းလဲ။ သူက လူးလဲထကာ နာရီကိုကြည့်လိုက်ရင် အချိန်က တစ်နာရီတောင် ခွဲနေခဲ့ပြီ။

"ဟယ်လို"

"........."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ၊ ဘယ်သူလဲ မသိဘူး"

"ဆောရီး ... ရှင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပြီနဲ့တူတယ်"

တိုးဖွဖွနှင့် ရှတတ အသံလေးကြောင့် သူ့မျက်လုံးတွေ ကျယ်သွားရသည်။ ဒီအသံပိုင်ရှင်လေးဟာ ... ... ...။ သူ ဖျတ်ခနဲပဲ ထထိုင်မိလေသည်။

"ဝတ် ... ဝတ်လွှာ"

"အင်း ... တစ်ရေးနိုးမေးတောင် ဒီအသံကိုတော့ မှတ်မိတုန်းပဲပေါ့နော်"

"ဝတ်လွှာ ... ဘာဖြစ်လို့လဲဟင်။ ဘာကိစ္စပေါ်လို့လဲ"

သူ့ရဲ့စိုးရိမ်တကြီး အသံကြောင့် သူမက တိုးဖွဖွလေး ရယ်သည်။ ဒီပုံစံအတိုင်း ဆိုလျှင်တော့ သူမမှာ ရေးကြီးခွင်ကျယ်ကိစ္စတော့ ရှိနေမှာ မဟုတ်တော့ပါ။ ဒီအတွက်တော့ နည်းနည်း ရင်အေးသွားရသည်။

"ဘာကိစ္စ ! အင်း ... ရှင့်အတွက် အရေးကြီးတဲ့ကိစ္စပေါ့"

"ဘယ်လို ! ကိုယ့်အတွက် အရေးကြီးတယ် ! ဟုတ်လား"

"အင်း"

သူက မျက်မှောင်ကြုတ်ကာ စဉ်းစားနေတုန်းမှာပဲ သူမထံမှ စကားသံ ထွက်လာသည်။





"ရှင့်ဆီကို ကျွန်မ အီးမေးလ်ပို့ထားတယ် ကိုနေမင်းချို"

"ဗျာ"

"ခုပဲ ဖွင့်ကြည့်လိုက်ပါ၊ ဒါပဲနော်"

"ဟာ ... ဟေ့ ... ဟေ့ ... ဝတ်လွှာ ... ဝတ်လွှာ"

သူမက ပြောချင်ရာပြောပြီး ဖုန်းချသွားလျှင် သူက မျက်လုံးကိုပွတ်ကာ စကားတွေကို ပြန်စဉ်းစားရသည်။

"အီးမေးလ် ပို့ထားတယ်။ ခုပဲ ဖွင့်ကြည့်တဲ့ ... ဟား ... ဘာလဲ မသိဘူး"

သူက တဒိတ်ဒိတ်ခုန်လာသော ရင်အစုံဖြင့် မီးတွေ ထဖွင့်ကာ ကွန်ပျူတာကိုပါ ဖွင့်လိုက်သည်။ အဲဒီနောက် အွန်လိုင်းတက်တာကိုပါ မြန်မြန်ဆန်ဆန် အိုခေ ... ညပိုင်းဆိုတော့ ကွန်နက်ရှင်ကလည်း ကောင်းနေသည်။ ရတနာပုံတယ်လီပေါ့နဲ့ ကလည်း နီးနီးလေးပဲ မဟုတ်လား။

တွေ့ပါပြီ။ သူမထံက အီးမေးလ်ကို။ သူက ရင်ခုန်စွာဖြင့် ဖွင့်လိုက်သည်။ အဲဒီအချိန်မှာ ကိုယ့်ကိုယ်ကိုယ် သတိထားမိတာ တစ်ခုကတော့ စိတ်လှုပ်ရှားနေတယ် ဆိုတာပဲ ဖြစ်သည်။ သူ့ကို စိတ်လှုပ်ရှားစေသော မိန်းကလေးဟာ ဘဝမှာတော့ ဒီတစ်ခါပဲ ရှိဖူးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ မြင်လိုက်ရသော သူမရဲ့အိမ်မေးမှာ အကြောင်းအရာတစ်ခု မဟုတ်ဘဲ ကဗျာလေးတစ်ပုဒ် ဖြစ်တာကို အံ့သြစွာ တွေ့လိုက်ရလေသည်။ ကဗျာကို ဖတ်နေသော သူ့နှလုံးသားများဟာ တဖြည်းဖြည်း ပူနွေးတုန်ယင်လာသည်။

"ငါ့ရင်ဘတ်ထဲက လိပ်ပြာတွေအားလုံး
တောင်ပံခတ် ထွက်ပြေးသွားတဲ့အခါ
ရင်ခွင်တစ်ခုလုံး ဟောင်းလောင်းဖြစ်ကျန်ရစ်ခဲ့တယ်
အဲဒီဗလာရင်ခွင်ထဲ
ချစ်ခြင်းတွေ အပြည့်ထည့်ပေးခဲ့တာက ...
မင်းပါ ... ချို ...
... ...
... ... ...

နွေဝတ်လွှာ"

ကဗျာလေးက ဒီလိုပဲ တစ်ပိုင်းတစ်စဖြစ်သည်။ သူ့ကို ချစ်ပါတယ်ဟု တစ်လုံးမှ မပါဝင်သော်ငြားလည်း သူ့ရင်ဘတ်ကြီးကတော့ နိမ့်ချည် မြင့်ချည် ဖြစ်လာသည်။ ဒီလို အချိန်ကြီးမှာ နိုးတယ်၊ ပြီးတော့ ကဗျာပို့တယ်။

သူက သူမဆီသို့ ခပ်သွက်သွက်ပဲ ဖုန်းပြန်ခေါ်လိုက်သည်။ သူ့ ဖုန်းခေါ်မှာကို သိနေသည့်အလား သူမက ချက်ချင်းပဲ ဖုန်းကိုင်ပါသည်။





"ဝတ်လွှာ ... အဲဒါ ဘာအဓိပ္ပာယ်လဲဟင်"

"ဘာအဓိပ္ပာယ်လို့ ရှင် ထင်လဲ"

"ကိုယ် မပြောတတ်ဘူး ဝတ်လွှာ။ ကိုယ်က ဝတ်လွှာပြောတာကိုပဲ ကြားချင်တာပါ"

"ကျွန်မ ရှင့်ကို တစ်ညလုံးပဲ သတိရနေခဲ့တယ်။ ပြီးတော့ ကဗျာရေးချင်စိတ် ပေါ်လာပြီး အဲဒီ ကဗျာလေးကို ရေးတယ်"

"အဲ ... အဲဒါက ..."

"မသိဘူးလေ၊ အဲဒါ ကျွန်မဖြစ်နေတဲ့ ခံစားချက်ကို ရှင့်ကို ပြောပြတာပဲ"

"အာ ... ဝတ်လွှာက စားပြီကွာ။ ဝတ်လွှာ ကိုယ့်ကိုချစ်တယ် ... ချစ်တယ် မဟုတ်လားဟင်"

"အဲဒီလိုများ ဖြစ်နေမလားလို့ပဲလေ"

ဟာ ... ဘာကြီးလဲ။ ဝတ်လွှာဟာ တော်တော်နားလည်ရခက်မည့် မိန်းကလေးဆိုတာ ခုမှပဲ နားလည်သွားရတော့တာဖြစ်သည်။ သူ့မှာ ထပဲခုန်ရတော့မလို ထိုင်ပဲငိုရတော့မလိုဖြင့် စိတ်ညစ်သွားရသည်။

"ဝတ်လွှာ ... ကိုယ့်ကို မညှဉ်းဆဲပါနဲ့ ဝတ်လွှာရယ်။ ရှင်းရှင်းလင်းလင်းလေး ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ။ ဒါ အရှင်းလင်းဆုံး ပြောပြနေတာပဲလေ။ ပြောရရင် ကျွန်မရဲ့ခံစားချက်တွေကို အချိန်နဲ့တပြေးညီ ရှင့်ကို live လွှင့်နေတာပဲ။ ဒီအချိန်မှာ ဒီလိုခံစားနေမိပြီး ကဗျာတစ်ပုဒ်တောင် မွေးထုတ်ထားတယ် ဆိုမှတော့ ..."

"ဝတ်လွှာ ... ကိုယ့်ကို ချစ်တယ်ပေါ့၊ ဟုတ်လား"

"အင်း ... ထင်ရတာပဲ"

"ဟာ ... ဝတ်လွှာရာ။ အဲလိုမလုပ်ပါနဲ့။ ကိုယ်က တိတိကျကျ သိချင်တာ။ ချစ်လား ... ပြော"

"ချစ်တယ်လို့ ထင်ရတာပဲလို့ ပြောနေတာပဲလေ"

"ဟာကွာ ... ဘာထင်ရတာလဲ။ အဲဒီ ထင်ရပါတယ်ဆိုတာကြီးကို ဖြုတ်။ ချစ်တယ်ပဲပြော"

"ဟင့်အင်း ... မဖြုတ်ဘူး။ ရှင် ယူဆချင်သလို ယူဆတော့။ ဒါပဲ ကျွန်မ အိပ်တော့မယ်။ ဖုန်းထပ်မဆက်နဲ့"

သူမက ရာဇသံဖြင့် ဖုန်းချသွားလျှင် သူက စိတ်ရှုပေါက်စွာဖြင့် အားခနဲ အော်ဟစ်မိသည်။ ဘယ်လိုကြီးလဲကွာ။ Half feel ကြီးနဲ့ ထားခဲ့ရက်သူဟာ နွေဝတ်လွှာ ဆိုတဲ့ အနီမိန်းမသားတဲ့လား။ သူနဲ့ သူမက ဘယ်လိုတော်စပ်သွားပြီလဲ။

✤ ❤ ✤





## ၁၇

ဘာကြောင့်မှန်းတော့ မသိပါ။ ညက ကောင်းကောင်း မအိပ်ခဲ့ရသော်လည်း ဝတ်လွှာ မာမီ့ကို အိပ်မက်,မက်သည်။ ပြီးတော့ မနက်ခင်းအစောကြီးနိုးကာ အိပ်ရေးဝသလို ဖြစ်နေလျက် ထပ်အိပ်၍လည်း မရတော့ချေ။ မာမီ့ကိုလည်း အထူးတလည်သတိရသလို ကိုယ့်မှာလည်း ထူးခြားမှုတစ်ခုက ရှိနေသောကြောင့် မာမီ့ဆီသွားဖို့ ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် မာမီ ကြိုက်တတ်သော နှင်းဆီတွေကို ခူးကာ လှပစွာထုပ်ပိုးရင်း မာမီ့ဆီသို့ ရောက်လာခဲ့လေသည်။ မာမီ ထာဝရရှင်သန်လှဲလျောင်းရာ အုတ်ဂူဖြူလေးသည် ငြိမ်သက်စွာနှင့် ဝတ်လွှာကို နှုတ်ဆက်နေသလိုပဲရှိသည်။ ဝတ်လွှာက ခွက်ခြောက်လေးတွေကို ရှင်းလင်းပေးပြီးမှ နှင်းဆီပန်းတွေကို အုတ်ဂူပေါ်သို့ အသာယာတင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမိ ... ဝတ်လွှာ ရောက်လာပြီနော်"

လေပြည်လေးတစ်ခုက ဝတ်လွှာ့အနားမှာ အသာယာ ဖြတ်တိုက်သွားသည်။ သက်ရှိလူတစ်ယောက် ရောက်လာသလိုပဲ ရင်ထဲမှာ နွေးထွေးသွားလေသည်။ ဝတ်လွှာက မာမို့ကိုတိုင်တည်ပြီး စကားတွေ ဆက်ပြောမိသည်။

"ဝတ်လွှာလေ ... အခု ထူးခြားပြောင်းလဲနေတဲ့ အဖြစ်မျိုးကြုံတွေ့နေရတယ် မာမိ ...

အရင်တစ်ခါ မာမို့ဆီက ပြန်လာတုန်းက လူတစ်ယောက်နဲ့ ဆုံခဲ့ရတယ်လေ။ အဲဒီလူနဲ့ ဝတ်လွှာ အခု ချစ်သူတွေ ဖြစ်သွားကြပါပြီ မာမိ"

သိပ်လည်း မခြောက်သေးဘဲ ကြွေကျလာသော သစ်ရွက်စိမ်းလေးတစ်ခုက မာမို့ရဲ့အုတ်ဂူထက်သို့ ဖျတ်ခနဲလွင့်ကျလာသည်။ ဝတ်လွှာသည် အဲဒီသစ်ရွက်လေးကိုကြည့်ရင်း မျက်ရည်စတချို့က ဝေ့သီပြီးလာသည်။

"ဝတ်လွှာလေ ... သူ့ ... သူ့ကို မချစ်ဘူးလို့ ဆုံးဖြတ်ထားပေမယ့် ဘယ်လိုမှ ရှောင်လွှဲလို့ မရဘူး မာမိရယ် ... အ ... ရမ်း ... ချစ်မိသွားတယ်"

အချစ်ဆိုတာ ဒီလိုပါပဲ သမီးရယ် ဟုများ မာမိ ပြောလိုက်လေသလား။ ဝတ်လွှာရဲ့နားထဲတွင် မာမိရဲ့အသံတိုးတိုးလေးကို ကြားလာသလိုရှိ၏။





"ဒါပေမဲ့ ဝတ်လွှာ ဘာမှ မမျှော်လင့်ပါဘူး မာမိ။ ဝတ်လွှာ ချစ်နေရုံသက်သက်ပဲ။ ချစ်နေရုံ သက်သက်လေးကပဲ ဝတ်လွှာတို့အတွက် အဆင်ပြေမယ် ထင်ပါတယ် မာမိ"

မာမိ နားထောင်နေမည်၊ ပြီးတော့ နားလည်နေမည်ဟု ထင်ပါသည်။ ဝတ်လွှာသည် သစ်ရွက်လေးကို အသာအယာ ကောက်ယူဖို့ ကြိုးစားစဉ်မှာပဲ သစ်ရွက်လေးက လေမတိုက်ပါဘဲ ရှဲခနဲ နေရာရွေ့သွားသည်။

"သူ့အချစ်ကို ယုံကြည်ပေမယ့် လူတွေကိုတော့ မယုံကြည်ပါဘူး မာမိ။ မာမိ ဝတ်လွှာကို သဘောတူပေးပါနော်"

ဝတ်လွှာက အုတ်ဂူလေးထဲကိုသာ ကြေကွဲစွာဖြင့် စိုက်ကြည့်နေမိသည်။ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းတောင် မသိရဘဲ နောက်သို့ လှည့်ကြည့်မိလျှင် ပါးစပ်ပွင့်သွားသည်အထိ အံ့သြသွားရလေသည်။ တော်တန်ရုံ လူတစ်ယောက်ဆိုရင်တော့ ဒီနေရာမှာ လန့်အော်သွားမိမှာ ဖြစ်ပေမယ့် ဝတ်လွှာကတော့ မလန့်တတ်ချေ။

"ဘယ်အချိန်ထဲက ရောက်နေတာလဲ"

"ဝတ်လွှာ ... ငြိမ်သက်နေကတည်းကပေါ့"

"ဟုတ်လား ... အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာက လှစ်ခနဲ ပျော်ရွှင်သွားသည်။ သူ့ကို မေမေနဲ့ မိတ်ဆက်ပေးလို့ ရပြီလေ။ ဝတ်လွှာက သူ့လက်တွေကိုတောင် ဝမ်းသာအားရဖြင့် လှမ်းဆွဲမိလျှင် သူက အံ့သြသလိုဖြင့် မျက်ခုံးပင့်ကြည့်သည်။

"ရှင့်ကို မာမီနဲ့ မိတ်ဆက်ပေးချင်လို့ပါ"

သူ့လက်တွေကို ဝတ်လွှာက ဆွဲယူပြီးနောက် မာမီရဲ့အုတ်ဂူရှေ့မှာ နစ်ယောက်သား ရပ်မိသည်၊ ခုနကနှင့် ခြားနားစွာ ဝတ်လွှာရဲ့ပုံစံက တက်တက်ကြွကြွ ဖြစ်လာသည်။ မဖိတ်ခေါ်ပါပဲနှင့် ဒီနေရာထိ သူ ရောက်လာတာဟာ ကောင်းတဲ့လက္ခဏာပဲ မဟုတ်လား။ သူ့အချစ်တွေကို ဝတ်လွှာ အံ့သြဘနန်းဖြစ်ရလေသည်။

"မာမီ ... ဒါ နေမင်းချိုတဲ့ မာမီ"

သူက အံ့သြသလိုဖြင့် ဝတ်လွှာကို စောင်းငဲ့ကြည့်မှန်း မျက်လုံးထောင့်ကတစ်ဆင့် သိသော်လည်း ဝတ်လွှာက သိပ်ဂရုမစိုက်မိပါ။

"ဝတ်လွှာရဲ့ချစ်သူပါ မာမီ။ မာမီ သိမှတ်ပြုပေးပါနော်"

သစ်ရွက်လေးသည် ဇာဝဲတိုက်ခတ်ရင်း အဝေးသို့ လွင့်စဉ်သွားလေသည်။ သူ့ထံမှ မသိမသာ သက်ပြင်းရှိုက်သံကို ကြားရပြီးနောက် ဝတ်လွှာရဲ့လက်တစ်ဖက်ကို လာရောက်ဖျစ်ညှစ်သည်။





"ကိုယ် မင်းဆီကိုလာတာ ဝတ်လွှာ။ အိုက်လုံက မင်း ဒီကိုသွားတယ် ဆိုတာနဲ့ လိုက်လာခဲ့တာ"

ဝတ်လွှာက သူ့ကိုမော့ကြည့်ပြီး နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြလိုက်သည်။

"အဲဒါ ကောင်းတာပေါ့။ မာမီနဲ့ ရှင့်ကို ပေးတွေ့လို့ရသွားတာပေါ့။ တမင်လုပ်ထားတာ မဟုတ်ဘဲနဲ့ ဒီလို တိုက်ဆိုင်မှုက ဘယ်လောက် စိတ်ကျေနပ်စရာ ကောင်းလဲ"

"ဝတ်လွှာ"

သူက မသက်မသာဟန်ဖြင့် ခေါ်လိုက်လျှင် ဝတ်လွှာက သဘောပေါက်စွာဖြင့် ပြုံးပြလိုက်သည်။

"ရှင် ဘာပြောချင်လဲဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မ ရူးနေတာ မဟုတ်ပါဘူး။ မာမီ သေသွားပြီ မရှိတော့ဘူးဆိုတာ တကယ့်ဘဝမှာ ကျွန်မ လက်ခံထားတဲ့ အရာတစ်ခုပါ ...

ဒါပေမဲ့ ကျွန်မမှာ တစ်ခုခုခံစားရတိုင်းတော့ မာမီကို ပြောပြချင်တယ်။ မာမီ ထာဝရလှဲလျောင်းရာ နေရာလေးမှာ မာမီကို စကားတွေလာပြောနေရတာ ကျွန်မအတွက် တွက်ပေါက်တစ်ခုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝတ်လွှာရဲ့စကားအဆုံးတွင် တစ်ခုခုကို စာနာနားလည်သလိုဖြင့် ဝတ်လွှာကို ထွေးပွေ့ဖက်လိုက်လျှင် ဝတ်လွှာမှာ အံ့သြပြီး မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။ သူ ဖက်တာကို အလိုက်တသင့် မဖြစ်ဘဲ ခပ်တောင့်တောင့်ကြီး ဖြစ်နေလေသည်။

"ဝတ်လွှာတယ် ... နောက်ဆို ဒီလိုတွေ မဖြစ်တော့ပါဘူးနော်။ မင်းရဲ့ထွက်ပေါက်က ကိုယ် ဖြစ်စေရပါမယ် ...

မင်းအနားမှာ ကိုယ် အမြဲရှိနေမှာပါ အချစ်ရာ"

အို ... ချစ်သူတစ်ယောက်ရဲ့ အားပေးနွေးထွေးမှုဟာ အသည်းထဲထိအောင် စိမ့်တက်သွားစေလား။ အချစ်ရဲ့တန်ခိုးတွေဆိုတာ အဲဒီလောက်တောင်ပဲ ကြီးထွားအစွမ်းထက်သလားကွယ်။ သူ့စကားတွေကြောင့် ဝတ်လွှာဟာ ကြက်သီးမွေးညင်းထအောင် နှစ်သက်ကြည်နူးသွားလျက် နှလုံးသားတစ်ခုလုံး ပျော့ပျောင်းသွားသည်။

ဝတ်လွှာတစ်ကိုယ်လုံးဟာ ခုနကလို တောင့်တောင့်ကြီး မဟုတ်တော့ဘဲ သူ့ရင်ခွင်ထဲမှာ ပျော်ကျသွားသည်။ ရန့်ဖျော့ဖျော့ သင်းနေသော သူ့ရင်ခွင်ဟာ ဒီလောက်နွေးထွေးလုံခြုံမှန်း ဘာလို့မသိခဲ့ရတာပါလဲ။ ကျယ်ပြန့်နေသော သူ့ရင်ခွင်ဟာ ဝတ်လွှာကို နွေးထွေးလုံခြုံမှုတွေ ပေးစွမ်းပါသည်။





ဝတ်လွှာသည် အဲဒီတစ်ကိုယ်စာ ရင်ခွင်လေးထဲမှာ ရင်ခုန်စွာ မှိတ်တွယ်မိလေသည်။

"သင့်ခ်ယူ"

ဝတ်လွှာ တိုးတိုးလေး ပြောလိုက်တာကို သူ ကြားလားတော့မသိ။ ဝတ်လွှာကိုတော့ သူ့ရင်ခွင်ထဲ အနည်းငယ်တိုးဖက်ထားလိုက်ကာ သူ့မေးစေ့နှင့် ဝတ်လွှာရဲ့နဖူးကို ကပ်ထားလိုက်သော ထိတွေ့လိုက်သော အပြုမူလေးကို ဘယ်လိုချစ်သွားမှန်းတောင် မသိတော့ပါချေ။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ချစ်သူရှိသော လူတစ်ယောက်ရဲ့ မနေ့ကနဲ့ ဒီနေ့သည် အတော်လေးတော့ ကွာခြားသွားသည်ဟု သူက ထင်သည်။ ဝတ်လှာနှင့် ချစ်သူဖြစ်ခွင့်ရသော နေ့ရက်များသည် သူ့အတွက်တော့ ခမ်းနားတောက်ပလွန်းသည်ဟု ထင်သည်။ ဝတ်လှာကို သူ အင်မတန်ချစ်မြတ်နိုးရခြင်း အလို့ငှာ သူမမျက်နှာလေးကိုသာ အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်ရလေသည်။

ချစ်သူဖြစ်စမှာတော့ ချစ်စ ခင်စ ကြင်နာစတို့၏ ထုံးစံအတိုင်း နှစ်ဆယ့်လေးနာရီလုံး အသံလေးကြားချင်၊ မျက်နှာလေးမြင်ချင် ဖြစ်ရတကား၊ အမြဲတမ်း ရတက်မအေး ဖြစ်နေရသော သူ့ကို သူမကပဲ စိမ်ပေးရှာသည်။





"သတိရတယ်ဆိုတိုင်း အဲလိုကြီး ပြေးပြေးမလာနဲ့လေ ရှင်ရယ်"

"ဒါဖြင့်ရင် ဘယ်လိုလုပ်ရမှာလဲ ခင်ဗျားရယ်"

သူ့ရဲ့ကျီစယ်စကားကြောင့် သူမက အောက်နှုတ်ခမ်းလေးကို နည်းနည်းတွန်းတင်ပြီး ပြုံးကြည့်သည်။ အဲဒီလို ထူးဆန်းသော အိုက်တင်ကို သူမမို့ပဲ လုပ်တတ်ပေသည်။

"အားတဲ့အချိန်ကျမှ လာပေါ့။ ညနေဆို အလုပ်ပြီးပြီပဲ"

"ကျုပ်က ခင်ဗျားကို အမြဲတွေ့ချင်နေတာလေ"

"ဒါဆိုလည်း ဓာတ်ပုံကြည့်ပေါ့"

သူမပုံကို ဖုန်းနဲ့ဓာတ်ပုံရိုက်ယူထားတာကို ရည်ရွယ်ပြီးပြောတာဖြစ်သည်။

"ဓာတ်ပုံက မျက်တောင်မှ မခတ်တာ"

"ကဲပါ ... နေ့ခင်းဘက်အားရင် အချိန်ရရင် ဒီမှာထမင်းလာစားပေါ့။ ဒါမှမဟုတ်လည်း ညနေဘက် အလုပ်အားပြီဆိုမှ တွေ့ကြတာပေါ့ ...

week end တွေဆိုရင်တော့ အပြင်သွားလို့ ရတယ်လေ"

"မင်းပြောတဲ့ အထဲမှာ တစ်ခုကျန်နေသေးတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညတိုင်း ဖုန်းဆက်ဖို့လေ"

သူမက ဒါကျတော့ တတ်တယ် ဟူသော အပြုံးမျိုးဖြင့် သူ့ကို မျက်စောင်းကဲကြည့်သည်။ အဲဒီအချိန်မှာ သူမက သစ်ခွပင်တစ်ချို့ကို ဆေးထည့်ပေးနေတာမို့ သူက ချစ်စနိုးဖြစ်လာလျက် သူမရဲ့ခါးကို နောက်ကနေ၍ သိုင်းဖက်မိလျှင် သူမက တွန့်ခနဲ ဖြစ်သွားသည်။

"ဘာ လုပ် တာ လဲ"

"မင်းကိုချစ်လို့"

"ချစ်ရင် ခါးဖက်ရတယ်လား"

သူမကလည်း ခေသူမဟုတ်။ ပြန်နောက်တတ်သည်။ သူက သူမထက် မခေသောအခါ ဒီ့ထက် ပိုနောက်တတ်လေသည်။

"အင်း ... ချစ်ရင် နမ်းလည်း နမ်းရသေးတယ်"

"ရှင် တော်တော် မျက်နှာပြောင်တာပဲ"

"ဟာ ... ဒါမျိုးကိစ္စနဲ့ ပတ်သက်လာရင်တော့ ယောကျ်ားတိုင်း မျက်နှာပြောင်ကြတာပဲ။ ရှက်နေလို့မှ မဖြစ်တာ"

"တော်ပြီ ... ရှင့်ပါးစပ်ကို ပိတ်ထားလိုက်တော့"

"ဟား ဟား ... ကိုယ့်ချစ်သူလေး ရှက်သွားပြီ။ ရှက်တဲ့ ပုံစံလေးကို ဓာတ်ပုံရိုက်ဦးမယ် ... ချပ်"





သူက လက်ညှိုးနှင့်လက်မကို ဓာတ်ပုံရိုက်သလို ထောင့်ကာ သူမကို နောက်လိုက်လျှင် ဝတ်လွှာက သူ့ကိုပြုံးပြီး ငေးစိုက်ကြည့်လာသည်။ သူမကြည့်သော အကြည့်တွေက ချစ်ရည်ရွှန်းလဲ့သော အကြည့်တွေမို့ သူပင်လျှင် ရင်ထဲမှာ တစ်မျိုးဖြစ်သွားရသည်။

"ဘာလဲ ဝတ်လွှာ။ ဘာဖြစ်လို့လဲ"

"ရှင်က ချစ်စရာကောင်းလို့ပါ"

"ဟက် ... ချစ်စရာကောင်းတယ် ! ။ ယောကျ်ားတစ်ယောက်က ချစ်စရာကောင်းတယ်ဆိုတာ ရှိလား ဝတ်လွှာရာ ...

ဒါနဲ့ ကိုယ့်ကို မောင်လို့ ခေါ်ပါလားဟင်"

"ခေါ်ချင်ပါဘူး။ ချိုလို့ပဲ ခေါ်မယ်"

"အာ ... ခေါ်စမ်းပါနဲ့ကွာ။ ကြိုက်ပါဘူး၊ ဘာနာမည်ကြီးမှန်းလဲ မသိဘူး။ ချိုတဲ့ ...။ မိန်းမနာမည်ကြီး ကျနေတာပဲ"

"ဟင် ... ရှင့်နာမည်တွေထဲက တစ်ခုပဲလေ"

"ဟင့်အင်း ... အဲဒါ မေမေ့ဘာသာ ပေးထားတာပဲ။ ကိုယ့်ကို မောင်လို့ ခေါ်ပါကွာ ... နော် ...

ကိုယ် အရမ်းကြားချင်လို့ပါ"

သူမက သူ့ရဲ့အသည်းအသန်ပုံစံကို ပြုံးစစဖြင့်ကြည့်ကာ ခေါင်းလေးငုံ့စောင်းပြီး ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ကျွန်မကရော အဲသလို ကြားချင်တာမျိုး မရှိရတော့ဘူးလား"

သူမစကားကို သူက ရုတ်တရက်အားဖြင့် နားမလည်ချေ။ ပြီးတော့မှ တစ်စုံတစ်ခုကို တွေးမိဟန်ဖြင့် ...

"ဘာလဲ ... ကိုယ်က ဝတ်လွှာကို တစ်ခုခု ခေါ်တာမျိုးလား"

သူမက ပြန်မဖြေဘဲ ဒါပေါ့ဟူသော ပုံစံမျိုးဖြင့် ပြုံးနေသည်။

"သြော် ... ကိုယ်က စိတ်ကူးပြီးသားပါ။ ဝတ်လွှာကို ချစ်လို့ခေါ်မယ်လို့"

သူမက ဟာသတစ်ပုဒ် ကြားရသည့်အလား တဟက်ဟက် ရယ်မောကာ ခေါင်းယမ်းသည်။

"တော်ပါပြီရှင်။ ကျွန်မ အလကားပြောတာပါ။ အဲလိုမျိုးတွေ ကျွန်မ မကြိုက်တတ်ပါဘူး။ တကယ်တော့ အခေါ်အဝေါ်ထက် ရင်ထဲက အချစ်ကသာ အရေးကြီးတာပါ ...

ရှင် ကျွန်မကို မောင်လို့ ခေါ်နိုင်းတာထက် ကိုယ့်ကိုယ်ကိုယ် မောင်လို့ သုံးနှုန်းတာ ပိုအဆင်ပြေမယ်ထင်တယ်။ ဒီတော့ တစ်ဖက်လူကလည်း ကြာကြာကြားလာရင် ခေါ်ချင်စိတ် ပေါက်လာမယ် ထင်တယ်"





စကားအပြောအဆိုမှာလိမ္မာကျွမ်းကျင်သော ဝတ်လွှာကို သူက ချစ်ခင်သဘောကျစွာဖြင့် ပါးလေးတစ်ဖက်ကို ဆွဲလိမ်မိသည်။

"ဝတ်လွှာရယ် ... မင်းကို ဘယ်လိုချစ်မှန်း မသိပါဘူးကွာ။ တကယ် အရမ်းချစ်တယ်"

"တကယ်တော့လည်း ချစ်သူတွေကြားမှာ အလိုအပ်ဆုံးက တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်နေဖို့လေ"

အဲဒီစကားကို ဝတ်လွှာက သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်လျှင် သူ့ရင်ထဲမှာ လေမွေတစ်ခု မွှေ့ယမ်းလိုက်သလို လွင့်ခနဲ ဖြစ်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဝတ်လွှာရဲ့မျက်လုံးတွေက ကြယ်တစ်ပွင့်လို တဖျပ်ဖျပ်လက်လျက် တကယ့်အမှန်တရားဆိုတာ နိုင်လုံသေချာနေသောကြောင့် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

နှစ်ယောက်သား လက်ချင်းတွဲကာ ဖြည်းဖြည်းချင်း လမ်းလျှောက်လာရင်းမှ သူက ဝတ်လှာ လျှောက်သလို ဘယ်ညာ ခြေလှမ်းတစ်ထပ်တည်းကျအောင် လျှောက်လျှင် ဝတ်လှာက သူ့ကိုပြုံးကာ မော့်ကြည့်မိသည်။ သူက ဘာကြည့်တာလဲဟူသော ပုံစံဖြင့် ဝတ်လှာရဲ့ပခုံးလေးကို သူ့ပခုံးဖြင့်ဖိတိုက်သည်။ ဝတ်လှာ က အသာပဲ ရယ်မိလေသည်။

လေတစ်ချက် အဲ့ဝေ့မှာ ဝတ်လှာရဲ့ဆံနွယ်တွေ လွင့်သွားသောအခါ သူကပဲ ကြင်နာစွာ သပ်တင်ပေးသည်။ ရာသီဥတုက သာယာကောင်းမွန်သော ညနေခင်းလေးတစ်ခုမှာ သူနဲ့ ဝတ်လှာတို့ ကန်တော်ကြီးဥယျာဉ်ထဲရှိ တံတားပေါ်တွင် လမ်းလျှောက်နေကြခြင်းဖြစ်သည်။





ခုံတန်းလေးရှိသော တစ်နေရာအရောက်မှာတော့ သူက ဝတ်လှာကို ထိုင်မလားဟု မေးသည်။ ဝတ်လှာက ခေါင်း ညိတ်ပြလိုက်လျှင် နှစ်ယောက်သားမှာ ခုံတန်းလေး၌ ထိုင်မိကြ သည်။ ကန်ရေပြင်ထဲတွင် ယှဉ်တွဲနေသော ငန်းဖြူစုံတွဲကို ဝတ်လှာက ငေးကြည့်နေတုန်းမှာပဲ သူ့ထံက စကားသံထွက်လာ သည်။

"ဝတ်လှာ"

"အင်း ... ပြော"

"ကိုယ်နဲ့ ရန်ကုန်ကို လိုက်လည်မလား"

ဝတ်လှာက သူ့ကို စောင်းငဲ့ကြည့်လိုက်လျှင် သူ့ မျက်လုံးတွေက တကယ်မေးနေတယ်ဆိုတာ ဖော်ပြနေသည်။

"ရှင် ရန်ကုန်သွားမလို့လား"

"မောင် ရန်ကုန်ခဏပြန်ရဦးမယ်"

သူက နောက်သလိုဖြင့် မောင်လို့ ထည့်ပြောလိုက် သော်လည်း ဝတ်လှာက မရယ်နိုင်ချေ။ ရင်ထဲမှာ ဆစ်ခနဲဖြစ်သွား သည်။ အင်း... လာပြီလေ။ အဲဒီလို ဝေဒနာတွေ မခံစားဘဲ ချစ်ရုံ သက်သက်ပဲ ချစ်မယ်လို့ နင် သန္နိဋ္ဌာန်ချထားခဲ့တယ် မဟုတ်ဘူး လား နှမဝတ်လှာ။

"ဝတ်လှာ ရန်ကုန်လိုက်ခဲ့ပါလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး"

"ဘာကို မဖြစ်တာလဲ"

"ဩော် ... ကျွန်မက ဟိုမှာ အသိမိတ်ဆွေရှိတာလည်း မဟုတ်ဘူး။ ပြီးတော့ ဘယ်မှာသွားနေရမှာလဲ။ ရှင်က ရှင့်အလုပ်နဲ့ရှင် ရှုပ်နေမယ့်ဟာ"

"ဟား ... ချစ်သူရယ်။ အသိမိတ်ဆွေက ဘာရှိစရာလိုလဲ။ ကိုယ်တစ်ယောက်လုံး ရှိနေတာ ရန်ကုန်တစ်မြို့လုံးနဲ့ညီမျ တယ်။ နေတာလည်း ဝတ်လျှာအတွက် အဆင်ပြေအောင် စီစဉ်ပေးလို့ ရပါတယ်။ ကိုယ့်အိမ်မှာ နေချင်နေ။ အိမ်မှာ မနေချင်ရင် ဘယ်ဟိုတယ်ကြိုက်လဲပြော ...

ဒါမှမဟုတ် ကိုယ် ဝယ်ထားတဲ့ ကွန်ဒို ရှိသေးတယ် လွတ်လွတ်လပ်လပ် နေချင်ရင် အဲဒီမှာ သွားနေလည်း တယ်။ နော် ... ဝတ်လျှာ လိုက်ခဲ့ပါလားကွာ။ ကိုယ်လည်း သိပ်ကြာမှာမှ မဟုတ်တာ။ တစ်ပတ်လောက်ပဲ"

အမှန်တိုင်းပြောလျှင် ဝတ်လျှာ လိုက်သွားချင် သည်။ တိုးတက်သောခေတ်ကို အမြဲရှူးစမ်းနေသူပီပီ အသစ်ဖွင့် ထားသော ရှော့ပင်းမောလ်တွေ ပတ်ချင်သည်။ စားသောက်ဆိုင် တွေ သွားချင်သည်။ စာအုပ်ဆိုင်တွေ ဝင်မွှေချင်သည်။ သူနဲ့အ လည်း ရွှေတိဂုံဘုရားကို တက်ချင်ပါသေးသည်။





သို့သော် ...။ အဲဒီ သို့သော်က ...

"ဝတ်လျှာ လိုက်ခဲ့မယ် မဟုတ်လားဟင်။ ကိုယ် အလုပ် ရှုပ်တယ် ဆိုတာကလည်း အဲလောက်ကြီး မဟုတ်ပါဘူး။ ဝတ်လျှာကို အချိန်ပေးနိုင်ပါတယ်"

"အင်း ... နေပါစေတော့။ နောက်တစ်ခေါက်မှပဲ"

"ဘာ ... နောက်တစ်ခေါက် လုပ်မနေပါနဲ့ကွာ။ ခုတစ် ခေါက်ပဲ လိုက်ခဲ့ပါနော် ... ဝတ်လျှာ"

ဝတ်လျှာ မျက်လုံးထဲတွင် သူ့မိခင်ရဲ့မာန်မာနပြည့် နေသော ရုပ်သွင်ကို ပြန်လည်မြင်ယောင်လာသည်။ ဒီအမျိုးသမီး ကြီးရဲ့ရုပ်သွင်ကို ဝတ်လျှာ ထပ်တွေ့ရဦးမှာလား။

အလိုလိုရနေသော အာရုံအရ သူမနဲ့ဝတ်လျှာ အဆင် ပြေလိမ့်မည်ဟု မထင်ပါ။

"ကျွန်မ ရှင့်အမေနဲ့ တွေ့ရဦးမှာလား"

သူက ဝတ်လျှာကို နားလည်သလို ပြုံးကြည့်လာကာ ဆံပင်လေးတွေကို အသာသပ်ဖွပေးသည်။

"ဝတ်လျှာက ကိုယ့်မေမေနဲ့ မတွေ့ချင်ဘူးလား"

အဲဒီစကားကြောင့် ဝတ်လျှာက အသက်အောင့်မိ တော့မလို ဖြစ်သွားသည်။ သူ့စိတ်ထဲမှာ ဝတ်လျှာ့ ရင်ထဲက ကို သိနေတယ်။ အင်း ... သိမှာပေါ့လေ။ ချစ်သူတွေဆို တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရင်ထဲက ဟာကိုတော့ တစ်ယောက်က သိနေကြမှာပဲ။ ဒါဟာ ဖုံးထားလို့တော့ တော်တန်ရုံ ရတဲ့ကိစ္စမှ မဟုတ်တာ။

"အဲဒီလို သဘောနဲ့ ပြောတာမဟုတ်ပါဘူး"

"ကိုယ် နားလည်ပါတယ်၊ လောကကြီးမှာ တစ်ယောက်နဲ့ တစ်ယောက် စိတ်ထားချင်းတော့ ထပ်တူဘယ်ကျမလဲ။ မေမေကလည်း လူတစ်မျိုး၊ ဝတ်လွှာကလည်း လူတစ်မျိုး ဆိုတော့ အဲဒီနှစ်မျိုး တွေ့တဲ့အခါ Link မဖြစ်တာလေးတွေ ရှိသွားတဲ့သဘောပါပဲ။ ကိုယ့်အမြင်ကတော့ ဒါဟာ ဘာမှ ဆိုးဆိုးဝါးဝါးကိစ္စကြီး မဟုတ်ပါဘူး"

မဟုတ်ဘူး။ ဆိုးဝါးလာလိမ့်မယ် ... အဲဒါ ကျွန်မ ရင်ထဲက သေချာသိနေတဲ့ ကိစ္စတစ်ခုပဲ ဟုတော့ ဝတ်လွှာ ထုတ်မပြောမိတော့ချေ။ ရန်ကုန်လိုက်သွားဖို့ဆိုတာလည်း ဝတ်လွှာစိတ်ထဲမှာ ရင်လေးလို့နေသည်။ စတွေ့တည်းက (သူ့သားရဲ့အသက်ကို ကယ်ခဲ့သူ ကျေးဇူးရှင်ဟု သိသိရက်နဲ့တောင်) ဝတ်လွှာကို မနှစ်မြို့ခဲ့သော မျက်လုံးများဟာ ရန်ကုန် ရောက်လာတော့လည်း ဆီလိုအပေါက်ရှာပြီး ပြောဦးလေမလား။

တော်ပါပြီ ... အေးချမ်းသော နေရာမှာပဲ ဝတ်လွှာ နေချင်ပါသည်။

"နေပါစေလေ၊ ကျွန်မ နောက်မှပဲ ..."





"ဟာ ... ကွာ။ ဝတ်လွှာ လိုက်ချင်နေတယ် မဟုတ်လား။ လိုက်ခဲ့ပါဆိုကွာ။ ကိုယ့်ကားနဲ့ပဲ ကိုယ်ပြန်မှာ ဝတ်လွှာကို ဘေးမှာထားပြီး ဟိုင်းဝေး မောင်းချင်တယ်ကွာ ...

ကိုယ် ညှောင်းရင်လည်း ဝတ်လွှာ တစ်လှည့်မောင်းပေါ့။ ကောင်းဘူးလား"

သူက ဝတ်လွှာရဲ့ပခုံးကို ပစ်တိုက်ပြီးမေးလျှင် ဝတ်လွှာက သူ့ကို မျက်စောင်းထိုးမိသည်။ အင်း ... သူ့လိုပဲပေါ့၊ ဝတ်လွှာလည်း ချစ်သူနဲ့တူတူ စိတ်ပြေလက်ပျောက် ခရီးလေးထွက်ချင်သားပဲ။ ကားလေးကို တူတူမောင်းပြီး ဟိုင်းဝေးခရီးလမ်းမှာ ဘယ်လောက်ပျော်စရာ ကောင်းလိုက်မလဲ။

ဝတ်လွှာရဲ့စိတ်တို့သည် ဟိုယိုင် ဒီယိုင် ယိမ်းထိုးနေလေသည်။

"လိုက်မယ် မဟုတ်လား ဝတ်လွှာ။ လိုက်ခဲ့ပါကွာနော်"

"ကျွန်မကို တစ်ခုတော့ ကတိပေး"

"အင်း ... တစ်ခုပဲ တော်ပြီလား"

"ကျွန်မ အကြောင်းပြောနေတာနော်"

"အင်းပါ။ ဟုတ်ပါပြီ ကိုယ်ကလည်း စေတနာနဲ့အကြောင်းပြောနေတာပါပဲ။ ဝတ်လွှာ တောင်းတဲ့အရာဆိုရင် တစ်ခုမက ပေးနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာက သူ့ကို အတည်အတံ့ မျက်ဝန်းများဖြင့် ကြည့်ရင်း ပြောလိုက်သည်။

"ကျွန်မကို ရှင့်အိမ် အလည်မခေါ်ပါနဲ့"

"အင်း ... ဒါပဲလား"

"ရပြီ ... အဲသလောက်ပဲ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဝတ်လွှာကို ပြုံးကြည့်သည်။ သူလည်း ခေတ်ပညာတတ် အသိဉာဏ်ရှိတဲ့ ယောက်ျားတစ်ယောက်ပဲလေ။ အိမ်ကို အလည်မခေါ်ပါနဲ့ဆိုသော စကားရဲ့အဓိပ္ပာယ်နောက်မှာ အကြောင်းအရာတွေ အများကြီးပါဝင်နေမယ်ဆိုတာ သူလည်း မသိမှာ မဟုတ်ပါ။

"ဝတ်လွှာ ... စိတ်ချမ်းသာတဲ့အတိုင်း ဖြစ်စေရပါမယ် ဝတ်လွှာရယ်"

သူက ဝတ်လွှာရဲ့လက်ဖဝါးလေးကို တစ်ချက်ဖျစ်ညှစ်ရင်းဆိုလျှင် ဝတ်လွှာသည် ဘေးတိုက်မြင်နေရသော သူ့နားသယ်စပ်က မွေးညင်းလေးများကို တရှိုက်မက်မက် နမ်းရှိုက်မိချင်စိတ်အား ထိန်းချုပ်ထားရလေသည်။ ချစ်လိုက်တာကွယ် ဒီယောက်ျားတစ်ယောက်ကို ဘာကြောင့်များ ဒီလောက်တောင် ချစ်မိသွားတာပါလိမ့်။

"ကျေးဇူးတင်တယ် ချို"





"ဘာလို့လဲ"

"ကျွန်မကို နားလည်ပေးတဲ့ အတွက်ပေါ့"

သူက ဝတ်လွှာကို ချစ်စနိုးဖြစ်သွားဟန်ဖြင့် မေးစေ့လေးကို တစ်ချက်ဖျစ်ညှစ်သည်။

"ကျေးဇူးတင်စရာ မလိုပါဘူးကွာ။ ကိုယ်က ဝတ်လွှာကို ချစ်တာပဲ။ ယောက်ျားတစ်ယောက်က သူ ချစ်တဲ့မိန်းကလေးကို တကယ်ချစ်တယ်ဆိုရင် နားလည်ပေးနိုင်ကြတာပဲလေ ... ဒါဟာ အထွေထူးကျင့်ယူရတဲ့ ကိစ္စလည်း မဟုတ်ပါဘူး"

"ဒါဆို ခရီးက ဘယ်တော့ထွက်မှာလဲဟင်"

"သန်ဘက်ခါလောက်ဆို အဆင်ပြေမလား။ ဝတ်လွှာ ... အဆင်ပြေတဲ့အချိန်ကိုပြော"

"သန်ဘက်ခါ ! အင်း ... ရပါတယ်"

"အိုခေလေ ... ဒါဆိုရင် ကိုယ် ရန်ကုန်မှာ ဝတ်လွှာနေဖို့ ကြိုစီစဉ်ထားလိုက်တော့မယ်။ ဝတ်လွှာ ဘယ်မှာနေချင်လဲ။ ဟိုတယ်မှာ နေမလား။ ကွန်ဒိုမှာ နေမလား ...

ကိုယ့် ကွန်ဒိုတစ်ခန်း ဂျွန်းရှင်းမော်တင်မှာရှိတယ်။ ဝတ်လွှာ နေမယ်ဆိုရင် အိမ်ထောင်ပရိဘောဂ အစုံရှိတယ်။ အဆင်သင့် တက်နေရုံပဲ။ ဝတ်လွှာ ကြိုက်တာရွေး"

"အင်း... ဟိုတယ်ကတော့ လူရှုပ်တာပေါ့။ ကျွန်မ ဂျွန်းရှင်း မော်တင်မှာပဲ နေမယ်"



www.burmeseclassic.com

"ကောင်းတာပေါ့။ အဲဒါက မြို့ထဲဆိုတော့ ဝတ်လွှာ သွားချင်တာလဲ၊ အနီးကလေး သွားလို့ရတယ်။ တရုတ်တန်းတို့ ဘာတို့နဲ့လဲ နီးတယ် ...

အိုခေလေ ... ဒါဆိုရင် ကိုယ် လိုအပ်တာလေးတွေ ထပ်လုပ်ခိုင်းထားလိုက်ဦးမယ် ...

ဟား ... ကိုယ့်ချစ်သူလေးက ကိုယ်နဲ့အတူတူ လိုက်လည်မယ်ဆိုလို့ ကျေးဇူးတင်ပြီး ပျော်လိုက်တာကွာ။ ရန်ကုန်ရောက်ရင် ဝတ်လွှာကို အစားကောင်းတွေ အများကြီး ဝယ်ကျွေးမယ် ...

တစ်ပတ်အတွင်း ပေါင်နှစ်ဆယ်လောက်တက်အောင် ကျွေးမယ်"

"ဟင် ... အဲ့ကျတော့ ဝတုတ်ကြီး ဖြစ်သွားရင်ရော"

"ဝတုတ်ကြီးလည်း ချစ်မှာပဲ။ မလှတော့လည်း ချစ်မှာပဲ။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ချစ်မှာပါ ချစ်သူရယ်"

သူက အဲဒီစကားလေးကို နမ်းတာလည်းမဟုတ်၊ မွှေးတာလည်း မဟုတ်ဘဲ သူ့ပါးလေးနှင့် ဝတ်လွှာရဲ့ပါးလေးကို ပွတ်တိုက်ကပ်သွားအောင် ပြောလိုက်လျှင် ဝတ်လွှာရဲ့အသည်းထဲမှာ အေးခနဲ ဖြစ်လို့သွားလေသည်။





အချစ်တဲ့။ ချစ်သူနဲ့အတူတူ နီးကပ်စွာတည်ရှိနေရတဲ့အချိန်တွေလောက် သာယာကျေနပ်စေတာ ဒီကမ္ဘာမှာ မရှိတော့ပါလားလေ။

♣ ❤ ♣

www.burmeseclassic.com



## ၂၀

"မောင် ကားကို မြန်မြန်မောင်းရမလား၊ ဖြည်းဖြည်းပဲ မောင်းရမလား ဝတ်လွှာ"

သူက ခပ်မြူးမြူးလေး လှမ်းမေးလိုက်လျှင် ဝတ်လွှာက သူ့ကိုပြန်ပြီး ပြုံးကြည့်မိသည်။ ဝတ်လွှာနှင့်အတူတူ ခရီးထွက်လာရသောကြောင့် မဖုံးနိုင် မဖိနိုင် ပျော်ရွှင်နေပုံမှာ အထင်းသားပေါ်နေသည်။ မီးပြာရောင်နှင့် အဖြူစင်းရုပ်အင်္ကျီချည်သားကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ရင်း Oaklay မျက်မှန်တပ်ထားသော သူ့ပုံစံမှာ သိပ်ကြည့်ကောင်းလှပါသည်။

အင်း ... ရုပ်လည်းချော ကြင်နာသဘောကောင်းတတ်ပြီး ချမ်းသာကြွယ်ဝတဲ့ အသိုင်းဝန်းက ချစ်သူဟာ မိန်းကလေးတွေ ဘယ်လောက်တောင်များ ဝိုင်းနေမှာပါလိမ့်။





"မှန်မှန်ပဲမောင်း"

"ထမင်းဘယ်မှာစားမလဲ ဝတ်လွှာ။ (၁၁၅)မိုင် ဖြူးက feel မှာ စားချင်လား"

"As you like"

"ပိုင်အိုးနီးယားလည်း ကောင်းတာပဲ။ ဪ ... ဒီလိုလုပ်မယ်လေ။ ခဏနေ မိတ္ထီလာကို ရောက်မှာပဲ။ အဲဒီက Feel မှာ ကိုယ်တို့ခဏနားပြီး နေ့လယ် ဖြူးကိုရောက်မှ ပိုင်အိုးနီးယားမှာ နေ့လယ်စာစားမယ်လေ။ မကောင်းဘူးလား"

"As you like"

သူ ပြောချင်တာတွေကို အားတက်သရော ပြောနေသော သူ့ကို ဝတ်လွှာက ပြုံးပြုံးလေး ပြန်ကြည့်ပြီး ပြောလိုက်လျှင် သူက ဝတ်လွှာရဲ့ဆံပင်တွေကို ရှုပ်ဖွပစ်သည်။

"နေရာတကာ As u like ပဲ၊ လုပ်မှာလား ဝတ်လွှာ ... ဟင် ? "

"ဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ"

"ဟား ဟား ... လူလည်ကြီး ဝတ်လွှာ။ အင်း ... ဝတ်လွှာတော့ မသိဘူး၊ ကိုယ်တော့ အရမ်းပျော်တယ်ကွာ...



www.burmeseclassic.com

www.burmeseclassic.com

အကယ်၍ ဝတ်လွှာသာ မလိုက်ဖြစ်ခဲ့ဘူးဆိုရင် ကိုယ်က ၄လေယာဉ်နဲ့ပဲ ပြန်မလို့။ တစ်ယောက်တည်း ကားမောင်းရမှာ ပျင်းစရာကြီးလေ"

"အင်း ... ရှင် ညောင်းရင် ပြောနော်။ ကျွန်မ တစ်လှည့် မောင်းပေးမယ်"

"အိုခေ ... မိတ္တီလာကနေ (၁၁၅)မိုင်ထိ ဝတ်လွှာ မောင်းချင်မောင်းလေ"

ဝတ်လွှာက သူ့ကိုအပြုံးနှင့် ခေါင်းညိတ်ပြလိုက်သည်။ ဝတ်လွှာနှင့် သူဟာ ပြင်ဦးလွင်ကနေ၍ နံနက်ငါးနာရီခွဲလောက်က စတင်ထွက်လာကြခြင်းဖြစ်သည်။ ဝတ်လွှာကို သူက ဝင်ခေါ်သောအခါ နှစ်ယောက်သား ကော်ဖီနဲ့ကိတ်တို့ကို အဆာပြေစားသောက်ခဲ့ကြပြီး မန္တလေးသို့ ခုနစ်နာရီလောက်မှာရောက်သည်။ ဗိုက်မဆာသေးသောကြောင့် မိတ္ထီလာသို့ရောက်အောင် မောင်းလာခဲ့ကြပြီး မိတ္ထီလာက Feel မှာ Breakfast စားကြရင်း ခဏနားကြသည်။

သူက ဆီချက်ခေါက်ဆွဲစားရင်းမှ ဝတ်လွှာကိုပြောသည်။

"ဝတ်လွှာ ဒီကနေ တောင်ကြီးတို့ ကလောတို့ကို တက်လို့ရတယ် သိလား။ ဒီက သွားရတာလေ"





"အင်း ... သိတယ်"

"သွားမလား။ ကိုယ် အင်းလေးမှာ ဝတ်လွှာနဲ့တူတူ ဘုတ်စီးချင်လိုက်တာ"

ဝတ်လွှာက ကိုယ့်စတိုင်လ်အတိုင်း ဘာမှပြန်မပြောမိဘဲ ပြုံးနေမိသည်။

"ဟင် ? လို့။ သွားမလား"

ဝတ်လွှာက ကော်ဖီကို တစ်ကျိုက်မော့လိုက်ပြီးမှ သူ့ကို သေချာစွာ စိုက်ကြည့်မိသည်။

"ဖြစ်ချင်တာတွေ သိပ်များနေပြီလို့ မထင်ဘူးလား"

"အင်း ... အပေါ်ယံကြည့်ရင်တော့ ဖြစ်ချင်တာတွေ သိပ်များနေတယ် ထင်ရတာပေါ့။ ဒါပေမဲ့ ကိုယ် တကယ်အဖြစ်ချင်ဆုံး ဆန္ဒကတော့ တစ်ခုတည်းပဲ ရှိတာပါ"

ဝတ်လွှာက ဘာလဲ ဟူသော အဓိပ္ပာယ်ဖြင့် သူ့ကို ကြည့်မိသည်။

"ကိုယ့်အနားမှာ ဝတ်လွှာ အမြဲရှိနေဖို့ပဲ။ အဲဒါ ကိုယ့်ရဲ့ တကယ့်ဆန္ဒ အစစ်ပဲလေ"

ဝတ်လွှာက ပြောစရာ စကားမရှိသဖြင့် ဘာမှပြန်မပြောမိချေ။ သူနဲ့ချစ်နေသည့် ကာလတစ်လျှောက်လုံးမှာဆန္ဒ၊



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်၊ အနာဂတ် စတာတွေကို ဖျောက်ထားနိုင်ရင် စိတ်ချမ်းသာရမယ် မဟုတ်လား။

"ဝတ်လွှာ ရန်ကုန်ရောက်ရင် ဘာတွေလုပ်မလဲ"

"ကျွန်မ မရောက်ဖူးသေးတဲ့နေရာတွေ သွားမယ်။ နောက် Resturant တွေပေါ့၊ နောက် ... ရှင်နဲ့တူတူ ရွှေတိဂုံဘုရား တက်ချင်တယ် ...

ဒါလောက်ပါပဲ"

"အင်း ... ကိုယ်လည်း ရှိနေမှာပါ။ ဒါပေမဲ့ ကိုယ်မအားတဲ့အချိန်ကျရင် ဝတ်လွှာ ဘာသာ သွားချင်တာ သွားလို့ရအောင် ကားတစ်စီးပေးထားမယ်လေ"

"မပေးပါနဲ့။ ကျွန်မ ရန်ကုန်လမ်းတွေ သိပ်မမောင်းတတ်ဘူး။ ကိုယ့်ဘာသာ Taxi နဲ့ပဲ သွားပါ့မယ်"

"မဟုတ်ဘူးလေ။ ကိုယ်က ဒရိုင်ဘာပါ ပေးထားမှာပါ"

"နီး ... နီး ...။ မလုပ်နဲ့ ကျွန်မ ဘာသာ Taxi နဲ့ပဲ အဆင်ပြေတယ်။ တခြားလူပိုတွေနဲ့ မပတ်သက်ချင်ဘူး"

"အင်း ... အဲဒါလည်း ကောင်းပါတယ်။ ဝတ်လွှာ အဆင်ပြေရင် ပြီးတာပဲ၊ ကိုယ်က ဝတ်လွှာ အဆင်မပြေမှာ စိုးနေတာ"





"ပြေပါတယ်။ မြို့လယ်ကောင်မှာ နေရမှာပဲ။ ဘာအဆင်မပြေစရာရှိလဲ"

"အေးပါကွာ။ ကိုယ်က ပြင်ဦးလွင်သူလေးကို ရန်ကုန်ခေါ်လာပြီး ဟိုမှာ ပူလောင်အိုက်စပ်နေမှာကိုပဲ စိုးရိမ်တာ"

"ရှင်ရှိနေတဲ့ နေရာပဲ မဟုတ်လား။ ပူတာက သိပ်ပြဿနာ မရှိပါဘူး"

ဝတ်လွှာရဲ့စကားကြောင့် သူက တယ်ဟုတ်ပါလား ဟူသော ပုံစံဖြင့် မျက်လုံးပင့်ကြည့်သည်။

"မောင့် ဝတ်လွှာက ဒီလိုတွေလည်း ပြောတတ်သားပဲ"

"မိန်းမတွေက ဘယ်လောက်ပဲ မာကျောခက်ထန်တဲ့ မိန်းမပဲ ဖြစ်ပါစေ။ ချစ်တဲ့ယောကျ်ားကိုတော့ တစ်ကြိမ်တစ်ခါလောက်တော့ ချွဲနွဲ့ဖူးကြတယ်တဲ့"

"ဟုတ်လား ... ကိုယ့်ကိုတော့ တစ်သက်လုံး ချွဲစမ်းပါကွာ"

အဲဒီစကားကြောင့် ဝတ်လွှာက အသာယာရယ်မောမိသည်။ တကယ်ပါပဲကွယ်။ ချစ်သူနဲ့အတူတူ ခရီးသွားရတာဟာ ကမ္ဘာလောကကြီး တစ်ခုလုံး သူနဲ့ကိုယ် နှစ်ယောက်သား ရှိနေတဲ့ အတိုင်းပဲလေ။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဟာလည်း သာယာရင်ခုန်စရာကောင်းတဲ့ ဟိုင်းဝေးလမ်းမကြီးပါပဲ။ နေ့ခင်း



www.burmeseclassic.com

www.burmeseclassic.com



မှာ (၁၁၅)မိုင်သို့ရောက်တော့ ဝတ်လွှာနှင့်သူဟာ ပိုင်အိုးနီးယားမှာ နေ့လယ်စာ စားကြသည်။ အဲဒီနောက် ဟိုဘက်သို့ ဝတ်လွှာက ဆက်မောင်းသည်။ စကားတွေပြောလိုက် ရယ်လိုက် မောလိုက်ဖြင့် ကြည်နူးစရာ ကောင်းလိုက်တာ မပြောပါနဲ့တော့။ ဝတ်လွှာကားမောင်းနေသည့် တစ်ချိန်လုံး သောကနေ၍ နေကြာစေ့ခွာကျွေးလိုက်၊ လိမ္မော်သီးခွာကျွေးလိုက်ဖြင့် သူက အလုပ်ရှုပ်နေတတ်သည်။

မိန်းကလေးဖြစ်သည့် ဝတ်လွှာတောင် ဒီလောက်ပျော်နေလျှင် ယောကျ်ားလေးဖြစ်သည့် သူက ဘယ်လောက်တောင်ပျော်နေလဲဆိုတာ ပြောစရာလိုမည် မထင်တော့ပါ။ ရန်ကုန်ရောက်ခါနီး ညနေစောင်းအချိန်မှာတော့ ကားရော လူရော ခဏနားကြကာ ဟိုင်းဝေးလမ်းမကြီး လမ်းဘေးတစ်နေရာမှာ ကားထိုးရပ်ပြီး ကော်ဖီသောက်ကြသည်။ ဒီအစီစဉ်ကို သူက စီစဉ်ခဲ့တာဖြစ်ပြီး (၁၁၅)မိုင်မှာထဲက ဓာတ်ဘူးနှင့် ပိုင်အိုးနီးယားကနပ်ကော်ဖီကို ဝယ်လာခဲ့ခြင်းဖြစ်သည်။

ပြီးတော့ ဝတ်လွှာကို တစ်ခါသုံးဖော့ခွက်လေးနှင့် ထည့်တိုက်သည်။ တမြတ်တနိုး ယုယကြင်နာပုံများကို ကြည့်ကာ ဝတ်လွှာမှာ စိတ်ချမ်းသာရပါသည်။ အင်း … ဒါကြောင့်လည်း လူတွေဟာ ကိုယ်ချစ်တဲ့သူတွေနဲ့ တစ်ဘဝလုံးအတူနေသွားချင်ကြတာကိုး။





ဝတ်လွှာနှင့် သူသည် အိပ်တန်းတက်ဖို့ တန်းစီပြီး စနစ်တကျ ပျံသန်းသွားကြသော ငှက်တစ်အုပ်ကို ကော်ဖီတစ်ခွက်စီနှင့် ငေးမောမိကြသည်။ မကြာမီ ဝင်တော့မည့် နေလုံးကြီးသည် အလင်းရောင်နှင့် အပူရှိန်လျော့ကျကာ ဆည်းဆာရဲ့သရုပ်ပီပြင်နေသည်။ လယ်ကွင်းတွေကို အင်းအိုင်တွေကိုဖြတ်ပြီး တိုက်ခိုက်လာသော လေနုအေးဟာ ညနေခင်းလေးကို ပိုပြီးအေးမြစေသလား။

ဝတ်လွှာသည် သူ့ပခုံးလေးပေါ်မှာ အသာယာခေါင်းမှီတင်ရင်း ဇော်ပိုင်ရဲ့ မြို့အဝင်ညသီချင်းလေးကို ဖျတ်ခနဲသတိရမိသည်။ ဟုတ်တယ် … ရန်ကုန်ရွှေမြို့တော်ကြီးကို ဝင်တော့မှာပဲလေ။

"ဝတ်လွှာ"

"အင်း"

"ဘာတွေ စဉ်းစားနေတာလဲ။ အိမ်ကိုလွမ်းနေတာလား"

"မဟုတ်ပါဘူး"

"ကိုယ် ဝတ်လွှာကို အရမ်းချစ်တယ် သိလား"

"အင်း"

"ကိုယ်ချစ်တာလေ မင်း ဘာဆိုတာ သိပ်မသိဘဲနဲ့ချစ်တာ။ ကိုယ်သိတာ မင်းဟာ Nature House ကို ပိုင်တယ်။ ဥယျာဉ်ခြံမြေတွေ ပိုင်တယ် …



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ မရှိတော့ဘူး။ ဆွေမျိုးဘာညာတွေ ရှိ,မရှိ ဆိုတာလည်း ကိုယ် မသိဘူး။ မင်း ဘာနဲ့ကျောင်းပြီးထားတာလဲ၊ ကိုယ်နဲ့မတွေ့ခင်ကရော မင်း ဘာတွေဖြစ်ထားခဲ့လဲ ဘာဆို ဘာမှ မသိဘဲ စိတ်လည်းမဝင်စားဘဲ မင်း တစ်ယောက်တည်းကိုပဲ ချစ်တာ ဝတ်လွှာ”

“သင့်ခ်ယူ ချို”

“ကျေးဇူးတင်စရာ မလိုပါဘူး ဝတ်လွှာ။ မင်းကို ကိုယ်နားလည်ပေးထားသလို ကိုယ့်အလုည့်ကျရင်လည်း နားလည်ပေးဖို့ပဲ ကိုယ် မျှော်လင့်တာပါ”

သူ့စကားရဲ့အဓိပ္ပာယ်ဟာ ဘာကိုဆောင်သလဲတော့ ဝတ်လွှာလည်း မသိချေ။ သိအောင်လည်း မစဉ်းစားကြည့်ချင်ပါ။ ဝတ်လွှာက အချစ်တစ်ခုထဲကိုပဲ ရင်ထဲမှာ ထည့်ထားဖို့ ဆုံးဖြတ်ထား၍တည်း။

♣ ❤ ♣





၂၁

“မေမေ အစည်းဝေးပြီးရင် တခြားကိစ္စ မရှိတော့ဘူး မဟုတ်လား။ သား အပြင်ခဏ သွားဦးမယ်နော်”

သူက ကုမ္ပဏီမှာ အစည်းဝေးမ,စခင် သူ့အမေကို လှမ်းပြောလိုက်လျှင် သူ့အမေက မျက်မှန်ပေါ်မှကျော်ပြီး သူ့ကို ကြည့်သည်။

“ဘယ်သွားမလို့လဲ သား”

“ကိစ္စလေးတစ်ခုရှိလို့ပါ မေမေ။ မေမေ ဘာခိုင်းစရာရှိလို့လဲ”

“ခိုင်းစရာ မရှိပါဘူး။ ဒါပေမဲ့ ညနေဘက်ကျရင်တော့ သား အားအောင်လုပ်ထားလေ”

“မေမေ သွားစရာရှိလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"သွားစရာ မရှိပါဘူး။ ဒါပေမဲ့ အိမ်ကို စည့်သည်လာဖို့ ရှိတယ်၊ မေမေ့ကို ကြည့်ပေးနေတဲ့ ဒေါက်တာမြင့်ကောင်းကို အိမ်မှာ ဒင်နာစားဖို့ ဖိတ်ထားတယ်"

သူက မေမေ့ကို တစ်ချက်ကြည့်လိုက်လျှင် မေမေ့ မျက်မှန်က အေးအေးဆေးဆေးပဲ ရှိနေသည်။ မေမေက နှလုံး ရောဂါရှိပါသည်။ ဖေဖေ ဆုံးသွားပြီးတည်းက နှလုံးသိပ်မကောင်း ခဲ့တာဖြစ်ပြီး နောက်ပိုင်းမှာ အလုပ်တွေအရမ်းလုပ်သောကြောင့် နှလုံးက ပိုးဆိုးလာခဲ့သည်။ ခုတော့ ဆရာဝန်နှင့် ပုံမှန်ပြကာ စောင့်ကြည့်နေရသော အနေထားဖြစ်လေသည်။

မေမေ့ရဲ့ဆရာဝန်ကို သူ မြင်ဖူးပါသည်။ ဆုံလည်း ဆုံဖူးထားပြီ၊ ဘာအကြောင်းကြောင့် အိမ်မှာ ဒင်နာဖိတ်ထားလည်း ဆိုတာတော့ သူ နားမလည်တော့ချေ။

"သူ တစ်ယောက်တည်း လာမှာမဟုတ်ဘူး သား။ သူ့သမီး လေးပါ ပါတယ်"

"ဗျာ"

သူက မေမေ့ကို အလန့်တကြား မော့်ကြည့်မိလျှင် မေမေက အဓိပ္ပာယ်တွေ ပါဝင်သော မျက်လုံးများဖြင့် ကြည့်နေ သည်။ ဒီမျက်လုံးတွေထဲမှ တစ်ခုခုကို သူ သိမြင်လို့နေပါသည်။





"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ သူ့သမီးလေးနဲ့ သားကို ရည်မှန်းထားတယ်"

"မေမေ"

သူက စားပွဲမှယောင်ယမ်းပြီး ထမိတော့မလို ဖြစ်သွားသည်။ မေမေကတော့ သူ့ကို တည်တည်ငြိမ်ငြိမ်ပဲ စိုက်ကြည့် နေလေသည်။

"ဘာလဲ သား။ ဘာပြောစရာ ရှိလို့လဲ"

"မဟုတ်ဘူးလေ မေမေ။ တစ်ခုခုတော့ မှားနေပြီ။ သားကို လည်း ဘာမှမပြောဘဲနဲ့။ ဒီကိစ္စကြီးကိုမလုပ်နဲ့လေ မေမေ ရာ ...

ဟာ ... မေမေက တကယ် ဆပ်ပရိုက်ပဲ"

သူက နည်းနည်းစိတ်ရှုပ်ထွေး သွားရသည်။ အဲဒီလို သူ့ကိုမပြောမဆို မတိုင်ပင်ဘဲနှင့် လုပ်တာလောက် စိတ်ပျက်ရ တာ မရှိပါ။ အထူးသဖြင့် ဒီလိုအရေးကြီးသော ကိစ္စမျိုးက ပိုတောင်ဆိုးသေးသည်။ တစ်ဖက်က မိန်းကလေးရှင်တွေ အတွက် လည်း မကောင်းသောကိစ္စ ဖြစ်ပါသည်။

"ဆပ်ပရိုက် မဟုတ်ပါဘူး။ ဒါ အင်ထရိုပါ၊ မိတ်ဆက်ပေး ရုံပါပဲ။ ဒါပေမဲ့ မေမေ့စိတ်ထဲမှာ ဒီလိုတွေရှိတယ် စီစဉ် တော့မယ် ဆိုတာကို သားကို ပြောထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... မဟုတ်သေးဘူးလေ မေမေရာ"

သူ စကားပြောဖို့ ပြင်စဉ်မှာပဲ သူ့အမေက လက်ကာပြကာ စကားစကို ဖြတ်ဖို့ပြင်သည်။

"ဒါတွေက ဒီအချိန်မှာ ပြောရမယ့်စကား မဟုတ်ဘူးသား။ ပြောချင်ရင် ညကျမှ အေးအေးဆေးဆေး ပြောကြတာပေါ့။ ကဲ ... Meeting စ,တော့မယ်။ လုပ်စရာရှိတာ လုပ်ထားတော့"

သူ့အမေက စကား,စကို ဖြတ်လိုက်လျှင် သူက ဘာမှမပြောနိုင်တော့ဘဲ အသာငြိမ်သက်လိုက်ရသည်။ သူ စီစဉ်ထားတာက ညဘက်မှာ ဝတ်လွှာနှင့်အတူတူ ဒင်နာစားဖို့လေ။ ဒင်နာစားမည် စားပြီးတာနှင့် ဘုရားတက်မည်ဟု စိတ်ကူးစီစဉ်ထားခဲ့တာဖြစ်သည်။

အခုတော့ ဝတ်လွှာကို ဘယ်လိုပြောရမလဲ။ ချစ်သူလေး သူ့မျက်နှာတစ်ရှာထင်ပြီး လိုက်လာခဲ့တဲ့ ချစ်သူကို ဖြစ်နိုင်လျှင် နှစ်ဆယ့်လေးနာရီလုံး အချိန်ပေးချင်လှသည်။ ညနေအတွက် စိတ်တွေကျဉ်းကျပ်သွားပြီး သူ့မျက်မှောင်တွေကလည်း အလိုလိုကုပ်ကျသွားသည်အထိ သူဟာ ဟန်မဆောင်တတ်ခဲ့သူ ဖြစ်ပါသည်။

♣ ❤ ♣





ဝတ်လွှာသည် ရန်ကုန်မြို့၏ရှုခင်းကို ကွန်ဒိုအပေါ်ထပ်ကနေ၍ ရှုစားငေးမောနေမိသည်။ ပြတင်းတံခါးချပ်မှတစ်ဆင့် တွေ့မြင်နေရသော မြစ်ပြင်ကျယ်ရဲ့ရှုခင်းများ၊ ပင်လယ်ကူးသင်္ဘောကြီးများကို ငေးမောနေရင်းမှ ပြင်ဦးလွင်သို့ ဖျတ်ခနဲ သတိရသွားသေးသည်။ ပြင်ဦးလွင်ကို ချစ်တယ်ဆိုပေမယ့်လည်း ခေတ်မီမြို့တော်ကြီးဆီ ရောက်တဲ့အခါမှာတော့ လေ့လာရှုစမ်းရင်း မြို့ပြအရသာကိုလည်း နှစ်ခြိုက်ခံစားမိပါသေးသည်။

ဝတ်လွှာက ရှုခင်းကို ကြည့်နေရာမှ အကြည့်ကိုလွှဲဖယ်ရင်း နောက်သို့ ပြန်လှည့်ကြည့်ကာ လျှောက်ဝင်လာခဲ့သည်။ ကျယ်ဝန်းသားနားသော ကွန်ဒိုအခန်းကြီးကို ကြည့်ကာ ဘစ်ချက် ပင့်သက်ရှိုက်မိသည်။ လူ့အသုံးဆောင်ပစ္စည်းအပြည့်အစုံဖြင့် လူမနေတာတောင် ဒီလောက် ပြည့်စုံအောင်ဖန်တီးထားလျှင် လူနေသောအိမ်ဆိုတာဟာ ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားလိမ့်မလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိပ်ချမ်းသာသော ယောက်ျားတစ်ယောက်ဖြစ်နေသလို သူ့မိခင်ဟာလည်း ဂုဏ်မနေတွေကို ရှေ့တန်းတင်တတ်သူဆိုတော့ ဝတ်လွှာသည် သူ့ကို လက်ထပ်ဖို့ဆိုတာဝေးသူ့အသိုင်းဝန်းနှင့်ကို မပတ်သက်ချင်တော့တာပါ။ ဒီယောက်ျားကို ချစ်ဖို့ကလွဲပြီး ဘာမျှော်လင့်ချက်မှ မထားတာ စိတ်ချမ်းသာဖို့ အကောင်းဆုံးပဲ မဟုတ်လား။

ဝတ်လွှာက စဉ်းစားရင်းမှနေ၍ နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဆယ့်နှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်သာ လိုတော့သည်။ သူနှင့်ဝတ်လွှာ နေ့လယ်စာ အတူထွက်စားဖို့ ချိန်းထားကြပါသည်။ ဒီအတွက် ဝတ်လွှာဘက်က Ready ဖြစ်နေပြီ။ သူ့ထံက ဆက်သွယ်မှု တစ်စုံတစ်ရာ ရောက်မလာသေးချေ။

ဟော ... တေလာဆွဖ်ရဲ့အသံလေးနဲ့ သူ့ရဲ့ဖုန်းခေါ်ဆိုမှု ရောက်လာပါပြီ။ ပျော်ရွှင်သွားတယ် ဆိုတာကို ကိုယ့်ကိုယ်ကိုယ် သတိထားမိရင်း ဝတ်လွှာက ဖုန်းဖွင့်ထူးလိုက်သည်။

"ဟယ်လို"

"အင်း ... ဝတ်လွှာ။ ကိုယ် လာနေပြီ သိလား"

"အင်း ... ရပါတယ်"

"ဘယ်လိုလုပ်မလဲ။ အခန်းထိ ကိုယ် လာရမလား။ ဒါမှမဟုတ် ကားပါကင်ကို ဝတ်လွှာ ဆင်းလာမလား"





"ဆင်းလာခဲ့လိုက်မယ်လေ။ ကျွန်မ ရယ်ဒီ ဖြစ်နေပါပြီ"

"အိုကေ ... ကိုယ် စောင့်နေမယ်"

သူက ဖုန်းချသွားသည်။ ဝတ်လွှာသည် အခန်းထဲသို့ ပြန်ဝင်လာရင်း မှန်ထဲမှာ ကိုယ့်ရုပ်သွင်ကို ပြန်ကြည့် ကြည့်မိသည်။ ဘယ်လိုမိန်းမမျိုးပဲ ဖြစ်ပါစေ ချစ်သူနဲ့ အပြင်သွားဖို့အတွက်တော့ ကိုယ့်အလှကိုယ် ယုံကြည်စိတ်ချချင်သူတွေပဲ များပါမည်။

ရန်ကုန်က ပူသည်။ ဝတ်လွှာသည် အဖြူရောင်ချည်သား ဘလောက်စ်လေးကို မဲပြာရောင်စိုအိနေသော ခြေသလုံးတစ်ဝက် ဂျင်း(န်)ဘောင်းဘီလေးဖြင့် တွဲဖက်ဝင်ဆင်ပြီးနောက် ဆံပင်တွေကိုတော့ ခေါင်းပေါ်မှာ ဆံထုံးခပ်ပွပွ ပုံ့ပုံ့လေးထုံးထားလေသည်။ မျက်နှာကတော့ ဘာမှ ထူးထူးခြားခြား မခြယ်သဘဲ ပန်းနုရောင်နှုတ်ခမ်းနီကိုသာ ဆိုးထားခဲ့သည်။ အိုခေ ... ဝတ်လွှာရဲ့အသည်းစွဲ Jean Poul Gaultier ရေမွှေးကို ဆွတ်ဖျန်းပြီးသောအခါ အပြင်ထွက်ဖို့ ရယ်ဒီဖြစ်ပြီ။

ခဏနေသောအခါ သူ့ထံက ရောက်နေပြီဟူသော မတ်ဆေ့ချ်ကို ရလျှင် ဝတ်လွှာက အခန်းကိုသော့ပိတ်ကာ ကားပါကင်သို့ ဆင်းလာခဲ့သည်။ ဓာတ်လှေကားကတစ်ဆင့် ဆင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံအောက အပေါက်သို့ ထွက်လိုက်လျှင် ဂျင်းရှင်းမော်တင်ရဲ့ ကားပါကင်သို့ ရောက်ပြီတည်း။

တွေ့ပါပြီ သူ့ကားကို။ သူက ချစ်ခင်နှစ်သက်ဖို့ ကောင်းစွာဖြင့် အဖြူရောင်မိကျောင်းတံဆိပ် စပို့ရှပ်ကို ဂျင်း(န်)တစ်ထည်ဖြင့် ရိုးရိုးလေးပဲ ဝတ်ဆင်ထားတာဖြစ်သည်။

"ဟား ... ကိုယ်တို့က တိုင်ပင်မထားဘဲ ဆင်တူဖြစ်နေပါလား"

သူ့စကားကို ဝတ်လွှာက တစ်ခုခု ပြန်ပြောမလို့ ဟန်ပြင်ပြီးမှ မပြောဖြစ်တော့ချေ။ ရင်ထဲမှာပဲ တိတ်တဆိတ်ပြောမိသည်။ နှလုံးသားချင်း နီးစပ်နေတယ်လေလို့။

"ဘယ်ဆိုင်မှာ စားမလဲ။ ဪ ... ဘာစားချင်လဲ အရင်ရွေး။ မြန်မာ၊ တရုတ်၊ ကုလား၊ ယိုးဒယား၊ ဂျပန်"

သူက လက်ပိုက်ထားရင်းမှ ပြုံးစစဖြင့် တစ်ခုချင်း ရွတ်ပြသည်။ ဝတ်လွှာကတော့ အဲဒါတွေထက် သူ့ကိုသာ ချစ်စနိုး စိုက်ကြည့်မိသည်။ မိန်းကလေးတွေဟာ သူတို့ တကယ်ချစ်မြတ်နိုးမိပြီဆိုရင် အဲဒီယောကျ်ားလေးရဲ့ သာမန်အပြုအမူလေးကအစ ဂရုတစိုက် ချစ်တတ်ကြတာပါ။

"မြန်မာထမင်းဟင်းပဲ ... စားမယ်"





"အိုခေ ... ဒါဆိုရင် ဒီနားက Feel ပဲ သွားကြမယ်လေ"

အဲဒီနောက် သူက ကားကို စတင်မောင်းထွက်သည်။ သူ့ကားထဲက Air Con က အေးစိမ့်နေတာမို့ အပြင်မှာဘယ်လောက်ပူလဲဆိုတာ မသိသာပေမယ့် ထမင်းဆိုင်ရှေ့မှာ ကားရပ်ပြီး ဆင်းလိုက်တော့မှာပဲ ရန်ကုန်ရဲ့နွေနေ့လယ်ခင်း အပူရှိန်ကို နဖူးတွေ့ ဒူးတွေ့ ကြုံလိုက်ရတာဖြစ်သည်။

Feel မြန်မာထမင်းဆိုင်ထဲမှလည်း အလှူပေးနေသည့်အလား စည်ကားသိုက်မြိုက်လို့နေသည်။ ပန်ကာကြီးတွေ ဖွင့်ထားပေမယ့်လည်း ပူလောင်အိုက်စပ်မှုကိုတော့ အန်မတုနိုင်ချေ။ သူက အိုက်စပ်ချွေးပြန်လာသည့် ဝတ်လွှာကို ကရုဏာသက်သလို ကြည့်ကာ ...

"ဝတ်လွှာ ... ပူနေပြီနဲ့ တူတယ်"

"အင်း ... ရပါတယ်။ လူများသားပဲနော်"

"ဟုတ်တယ်။ ဒီဆိုင်က အရမ်းရောင်းရတာလေ။ ဘာစားမလဲ ဝတ်လွှာ၊ ဟင်းသွားရွေးလို့ ရတယ်"

"မရွေးတော့ပါဘူး။ ဟိုမှာ ပင်လယ်စာ သိပ်မရတော့ အင်း ... ကျွန်မ ပုစွန်တုပ်ဆီပြန်ပဲ စားမယ်"

"အိုခေ ... စားလေ။ ကိုယ်က ဝက်သားပုန်းရည်ကြီးစားမလို့။ ဟုတ်ပြီ ညီလေး၊ ပုစွန်တုပ်ရယ် ဝက်ပုန်းရည်ရယ်။ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေး ထွက်သွားလျှင် သူက ဝတ်လွှာကို ပြုံးစစဖြင့်ကြည့်ကာ ...

"ဘယ်လိုလဲ ဝတ်လွှာ။ ညက ကောင်းကောင်းအိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်။ မနက်ကတောင် အောက်ဆင်းပြီး ရှောပင်းမောထဲ လျှောက်ကြည့်ဖြစ်သေးတယ်။ တော်တော်စုံတာပဲနော်"

"အင်း ... ဝတ်လွှာ ကြိုက်လား။ ကိုယ်တို့ လက်ထပ်ပြီးရင် အဲဒီနေရာလေးမှာ နေမလား"

အဲဒီစကားကြောင့် ဝတ်လွှာ နှလုံးသားတွေ ချက်ချင်းပဲ အေးခဲသွားသလို ခံစားရသည်။ သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်မိသောအခါ အတည်အတန့်ပြောနေသော မျက်လုံးများနှင့် ဆုံရလေသည်။ အင်းလေ ... အတည်မပြောလို့လည်း ဒီစကားမျိုးက နောက်စရာမှ မဟုတ်တာ။ လက်ထပ်ပြီးရင် ... တဲ့။ လက်ထပ်ပြီးရင် ဆိုပါလား။ အဲဒီစကားလုံးသည် ဝတ်လွှာအတွက် စိမ်းသက်နေသည်ဆိုတာ သူ မသိပါ။

ဘာမှ ပြန်မဖြေသော ဝတ်လွှာကို သူ့ဟာသူပဲ မှတ်ချက်ပြန်ပေးသည်။





"အင်း ... ဝတ်လွှာက ရန်ကုန်မှာ ဘယ်နေချင်မလဲနော်။ ဒီတော့ ကိုယ်ကပဲ ဆံထုံးနောက် သျှောင်ပါရတော့မယ် တူပါတယ်"

အဲဒီစကားကိုလည်း ဝတ်လွှာက ဘာမှပြန်မပြောမိပါ။ ဟင်းထမင်းတွေ ရောက်လာသဖြင့် စားနေသောကြောင့် စကားစပြတ်သွားသည်။

ခဏနေတော့မှပဲ သူက ရေသောက်ရင်း စကားပြန်စပါသည်။

"ဒါနဲ့ ဝတ်လွှာကို ကိုယ် ပြောစရာရှိလို့။ ဒီညနေဘက်လေ ကိုယ် အလုပ်တစ်ခု ပေါ်လာတယ်ကွာ ... အဲဒါ ..."

"ရပါတယ်။ လုပ်စရာရှိတာသာ လုပ်ပါ။ ကျွန်မက ဘာမှမဖြစ်ပါဘူး"

"ဝတ်လွှာ ... အဲလောက် သဘောမကောင်းနဲ့လေ"

"ဘာဖြစ်လို့လဲ"

"ယောက်ျားလေးတွေ ကတိပျက်တဲ့အခါ မိန်းကလေးတော်တော်များများက ပြဿနာရှာမယ်။ ရစ်မယ်။ ရန်လုပ်မယ် စိတ်ကောက်မယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း ဖြစ်စဉ်တစ်ခုက သဘာဝကျသလိုပဲလေ။

ခုတော့ ဝတ်လွှာက အေးဆေးသဘောကောင်းပြနေတော့ တစ်မျိုးကြီးပဲ။ ကိုယ့်ကို စိတ်ကောက်ပါလား ဝတ်လွှာ။ ဝတ်လွှာ စိတ်ကောက်တာ ကိုယ် တစ်ခါမှ မခံဖူးဘူး။ ဝတ်လွှာ စိတ်ကောက်တာကို ခံချင်တယ်"

သူ့စကားက အဆန်းဖြစ်သောကြောင့် ဝတ်လွှာမှာ တစ်ချက်တော့ အံ့သြသွားရပြီးနောက် ဟက်ဟက်ပက်ပက်ပဲ ရယ်မောမိလေသည်။

"ကိုယ် တကယ်ပြောနေတာ ဝတ်လွှာ။ စိတ်ကောက်စမ်းပါကွာ၊ ကိုယ် ချော့ချင်လို့ပါ"

"ဘယ်လိုဖြစ်ရတာလဲ ရှိုရယ်။ ကျွန်မမှ စိတ်မကောက်တတ်တာ။ ပြီးတော့ ရှင့်မှာ တကယ်အလုပ်ကိစ္စ ပေါ်လာတဲ့ ဥစ္စာ ဘယ်တတ်နိုင်မှာလဲ ...

ဒီမှာ ကျွန်မ ရှင့်ဆီက ဘာကတိမှလဲ မတောင်းဘူး။ ကျွန်မတွက်က အချစ်တစ်ခုတည်းနဲ့တင် ပြည့်စုံတယ်"

ဝတ်လွှာရဲ့စကားကြောင့် သူ့မျက်နှာတွင် အရောင်တွေ အမျိုးမျိုး ဖြတ်ပြေးသွားသည်။ ဝတ်လွှာကိုကြည့်လာသော သူ့အကြည့်များမှာ တောင့်တမွတ်သိပ်နေသည်ဟု ထင်ပါသည်။

"ဝတ်လွှာရယ် ... အဲဒီထက် ပိုလိုက်ပါဦးကွာ"





ဝတ်လွှာက အဲဒီစကားကို ဘာမှတုံ့ပြန်မှုမပေးဘဲ ပြုံးနေခဲ့ပါသည်။ ရင်ထဲမှာတော့ တိတ်တိတ်လေးပဲ ပြောနေခဲ့သည်။ ဟင့်အင်း ... မပိုဘူး။ နည်းနည်းလေးမှ မပိုဘူး ရှိုရယ်။

ကျွန်မဘဝရဲ့ ခံယူချက်ဟာ ရိုးရိုးရှင်းရှင်းလေးပဲ။ လူတစ်ယောက်ကို ချစ်တယ်ဆိုရင် ချစ်နေရုံနဲ့ ပြီးပြီပဲလေ။ ပေါင်းစည်းရမှ အဲဒီလူနဲ့အတူနေရမှ အမြဲမြင်တွေ့နေရမှ အဲဒါမျိုးတွေ လုံးဝမရှိဘဲ ချစ်နေခွင့်လေး၊ တကယ်ကို ရိုးရိုးရှင်းရှင်း ပကတိအတိုင်းလေးပဲ။

ချစ်တဲ့ ယောကျ်ားတစ်ယောက်ထံက အချစ်ဆိုတာ ကလွဲပြီး ဘာမှမမျှော်လင့်ခဲ့တဲ့ မိန်းမဆိုတာ စိတ်ချမ်းသာရဆုံး လူပဲမဟုတ်လား။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

စိတ်နှင့်ခန္ဓာမကပ် ဟူသည့် အဖြစ်မျိုးကို လူတိုင်း လိုလို ဖြစ်ဖူးကြပါလိမ့်မည်။ အခုရော သူလည်း အဲဒီလိုပဲ ဖြစ်နေတာဖြစ်သည်။ လူကတော့ မေမေ့ရဲ့ဆရာဝန်၊ သူ့ရဲ့သမီး စသည့် သူများနှင့် တွေ့ဆုံနေရပေမယ့်လည်း သူ့စိတ်တွေကတော့ အနားမှာရှိသည့် လူများထံတွင် လုံးဝမရှိပါ။

ဒီတော့ သူတို့တွေ ဘာပြောနေလဲဆိုတာ ကြားတစ်ချက် မကြားတစ်ချက်။ သူ့စိတ်တွေက တစ်ယောက်တည်း ဖြစ်နေမည့် ဝတ်လွှာထံမှာပဲ အစဉ်တစိုက် ရောက်ရှိလို့ နေပါသည်။ ဒီအချိန် ဝတ်လွှာ ဘာလုပ်နေမလဲ။ ညစာရော စားရဲ့လား၊ ဘာတွေစဉ်းစားနေမလဲ့ သူ့အကြောင်း စဉ်းစားနေမလား စသဖြင့် မျိုးစုံအောင် လျှောက်တွေးနေမိသည်။





"ဟဲ့ … သား။ ဒီမှာ ဒေါက်တာမေးနေတယ်လေ။ ဩော် … ဒီကလေးနှယ် ခက်လိုက်တာ။ ဘာတွေများ အတွေးလွန်နေလဲ မသိပါဘူး"

သူ့မိခင်ရဲ့အသံကို ကြားတော့မှပင် သူက ဖျတ်ခနဲ သတိဝင်လာသည်။ ဟဲခနဲ အရှက်ပြေရယ်ရင်း သူ့အမေကိုကြည့်လိုက်လျှင် မေမေက သူ့ကို မနှစ်မြို့သော မျက်နှာထားဖြင့် စိုက်ကြည့်နေသည်။

"ဆောရီး အန်ကယ်။ ကျွန်တော် မကြားလိုက်လို့ပါ။ ဘာမေးတာလဲ မသိပါဘူး"

"ဩော် … ပြင်ဦးလွင်ရဲ့ စီးပွားရေးက ဒီနောက်ပိုင်းမှာ အတော်တိုးတက်လာတယ်လို့ ပြောရမှာပေါ့လို့။ မောင်နေမင်းရော ဟိုမှာလုပ်လို့ကိုင်လို့ ကောင်းလားပေါ့"

"ဟုတ်ကဲ့ … ကောင်းပါတယ် အန်ကယ်။ စီးပွားရေးတိုးတက်လာသလို လူတွေကလည်း မြို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရင်တော့ ပိုကောင်းတာပေါ့ …

မြို့သားတွေကတော့ သူတို့မြို့ကို ချစ်ပြီးသားပဲလေ။ သူစိမ်းတွေများလာတဲ့အခါ မြို့အလှကို ပျက်စီးမှာကြောက်ရတာပါပဲ။ နောက်တစ်ခုက အပင်တွေ နည်းသွားတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



နော်။ အရင်လောက် ကျွန်တော်တို့ ငယ်ငယ်ကလောက်တော့ မအေးတော့သလိုပဲ။ နွေမှာလေ ...

ဒါပေမဲ့ ရန်ကုန်နဲ့တော့ အပြတ်သတ် ကွာတုန်းပါပဲ အန်ကယ်"

"အေးပေါ့ ... အေးပေါ့"

"သမီးလေး ... ဘာမှမပြောဘဲ တိတ်ဆိတ်နေပါလား။ စားလေ ... အသီးလေး စားပါဦး"

"ဟုတ်ကဲ့ အန်တီ"

အခုမှပင် သူသည်လည်းပဲ ငုတ်တုတ်ငြိမ်သက်တိတ်ဆိတ်နေသော ကောင်မလေးကို သတိထားမိတော့တာဖြစ်သည်။ ကောင်မလေးက ယုန်သူငယ်လေးလို ဖြူဖြူစင်စင်ပုံစံလေးနှင့် ချစ်စရာကောင်းသည်မှအပ သူ့အတွက် ဘာမှမထူးခြားသော မိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။ အင်းလေ ဘာထူးခြားစရာလိုလို့လဲ။ သူ့မှာ အင်မတန်ချစ်မြတ်နိုးရသော ဝတ်လွှာတစ်ယောက်လုံး ရှိနေမှပဲ မဟုတ်လား။

"သမီးရော ... ပြင်ဦးလွင်ကို ရောက်ဖူးလား"

"ဟုတ် ... ငယ်ငယ်ကတော့ ရောက်ဖူးတယ် အန်တီ။ ကြီးမှတော့ မရောက်ဖူးတော့ဘူး"





"ဟုတ်လား။ ဒါဖြင့်ရင် အန်တီသွားရင် သမီးကိုခေါ်သွားရမယ်။ အန်တီလည်း ဒီမှာ အလုပ်တွေရှုပ်နေလို့သာ သွားမနေဖြစ်တာ။ သားကတော့ ကံကောင်းတယ်လေ"

"ဟုတ်ကဲ့ အန်တီ။ ကျေးဇူးပါပဲ"

"ကဲ ... ထမင်းစားလို့လည်း ကောင်းပါတယ်။ မဝတ်ရည်တို့လည်း တစ်နေကုန် ပင်ပန်းထားကြတော့ နားချင်ရောပေါ့ ...

ကျွန်တော်တို့ သားအဖကို ခွင့်ပြုဦးဗျာ။ နောက်မှ ထပ်ဆုံကြတာပေါ့"

"သြော် ... ပြန်ကြတော့မလို့လား။ ကောင်းပါပြီရှင်၊ ကဲ... ဒါဖြင့်ရင် သမီးလေးရေ နောက်မှဆုံမယ်နော်။ ဒေါက်တာ့ကိုလည်း ခုတည်းက ကြိုခွင့်တောင်းထားဦးမယ်။ ကျွန်မ ပြင်ဦးလွင်တက်ရင် သမီးလေးကို ခေါ်သွားမယ်နော်"

"ဟား ဟား ... ရပါတယ်ဗျာ။ မဝတ်ရည်နဲ့ ဆိုရင်တော့ သမီးကို စိတ်ချပြီးသားပါ"

"အို ... စိတ်ချရမှာပေါ့။ ကျွန်မက ယမုံ့ကို သမီးအရင်းလေးလို ချစ်နေတာ။ ကျွန်မ သမီးလေးဖြစ်ဖို့လည်း ရည်စူးထားတာ ... ဟင်း ... ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မမေ့စကားကြောင့် သူ မျက်နှာတွေ ပြန်းခဲ့ပူသွားရသည်။ ဆရာဝန်ကြီးနှင့် သူ့သမီးကတော့ ဘယ်လိုနေမယ် မသိဘဲ သူကတော့ ကြားထဲကနေ၍ အငွေ့ပျံ ပျောက်ဆုံးချင်စိတ် ပေါက်သွားသည်။ ဆရာဝန်ကြီးသားအဖရဲ့ကား အိမ်ထဲက ထွက်သွားသောအခါ သူနဲ့ မေမေတို့ ဧည့်ခန်းထဲမှာ ထိပ်တိုက်ရင်ဆိုင်မိကြပါသည်။

"မေမေ ဘာတွေလျှောက်လုပ်နေတာလဲဗျာ"

"လျှောက်လုပ်နေတာ မဟုတ်ဘူး၊ အတည်လုပ်နေတာ"

"ဟာ ... မေမေရာ။ အဲဒီကောင်မလေးကို သား ကြိုက်လည်း မကြိုက်ဘူး။ ယူလည်း မယူချင်ဘူး။ စိတ်လည်း မဝင်စားဘူးနော် ...

မလုပ်ပါနဲ့ မေမေ။ သားလည်း အရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်ပါ။ သား အိမ်ထောင်ရေး၊ အချစ်ရေးကို သား စိတ်ကြိုက်ဖန်တီးခွင့် ရှိပါရစေ"

"မင်းက အချစ်တစ်ခုတည်းနဲ့ ရွေးချယ်ဆုံးဖြတ်မှာ မဟုတ်လား သား။ မေမေ မွေးထားတာ ဒီသားတစ်ယောက်တည်းပါ။ အဲဒီတော့ ချွေးမဆိုတာလည်း တစ်ယောက်တည်းပဲ ရမှာ ...



အဲဒီ ချွေးမဆိုတာနဲ့ မေမေနဲ့ ပတ်သက်နေရမှာ။ မေမေ စိတ်ချမ်းသာ ကြည်ဖြူတဲ့ ချွေးမဖြစ်ဖို့က အရမ်းအရေးကြီးတယ်။ မေမေနဲ့သားကို ခွဲထုတ်သွားမယ့် ချွေးမမျိုး ရှင်းရှင်းပြောရရင် ဘာအသိုင်းအဝန်းမှမရှိ ဥတစ်လုံးတစ်ကောင်ကြွက် ချွေးမမျိုးနဲ့ သားကို လုံးဝသဘောမတူနိုင်ဘူး"

နောက်ဆုံးစကားသည် မေမေ့အသံကို ပိုပြီးတိုးမြှင့်ပေးလိုက်သလိုရှိကာ ကျယ်လောင်တုန်ခါ သွားလေသည်။ သူက မေမေ့ကို အံ့သြစွာ ကြည့်မိသည်။

"မေမေ ဘာပြောတာလဲ"

သူ့ရဲ့အံ့သြတကြီး ပုံစံကို မေမေက မဲ့ပြုံးတစ်ချက်ခွက်ကာ ဆက်ပြောသည်။

"မင်းကို မေမေ မွေးထားတယ်ဆိုတာ သတိရဦးလေ သား"

သူက မေမေ့ကို စိုက်ကြည့်ရင်း မေမေ ဘာပြောချင်တာယ်ဆိုတာကို စူးစမ်းရှာဖွေနေမိသည်။ မေမေ ဘာတွေသိထားလဲ။ ဘယ်အထိ သိထားတာလဲ။ သူ့စိတ်ထဲက မေးခွန်းတွေကို မေမေက ရိပ်မိသည့်ထင့်။ ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"သား ... ဟိုကလေးမကို ခေါင်းထဲကနေ စောစောစီးစီး ထုတ်ထားပါတော့။ သူ့ကို မေမေ သဘောမကျဘူး"

"ဗျာ။ သဘောမကျဘူး ဟုတ်လား ... မေမေ"

"ဟုတ်တယ်။ လူငယ်သဘာဝ စိတ်ကစားတာ၊ ဒါမှမဟုတ် တခြားမိန်းမတွေနဲ့မတူတဲ့ Style လေးကို ခိုက်သွားတာ၊ ဒါကို လက်ခံနားလည်ပေးနိုင်တယ် ...

ဒီလောက်ပဲ တော်သင့်ပြီ သား။ ဘဝတစ်ခုလုံး လက်တွဲသွားဖို့ဆိုတာတော့ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရတာလဲ မေမေ။ သားတို့ ဘာမှတောင် မဆွေးနွေးရသေးဘူးလေ။ ခုမှ အစပဲ ရှိသေးတာ"

ပြောရင်းနဲ့ သူ့စကား ကျွံသွားပြီဆိုလား သတိထားရသေးသည်။ သို့သော် မေမေလည်း ဒီပုံတိုင်းဆို အားလုံးသိနေပြီးသား ဖြစ်လောက်ပါမည်။

မေမေ့မှာ နားတွေ မျက်စိတွေ အများကြီးရှိတယ်ဆိုတာ သူ မေ့ထားလို့မရပါ။

"အစမို့ ပြောနေတာပေါ့။ အစဆိုတာ အရာရာအချိန်မီသေးတယ်။ ဒီမိန်းကလေးနဲ့ မေမေနဲ့ ဘယ်လိုမှ ဖြစ်မှာ မဟုတ်ဘူး သား ...





ကိုယ့်အမေအရွယ် မိန်းမတစ်ယောက်ကိုတောင်မှ ပြေပြေလည်လည် ချေချေငံငံ မဆက်ဆံတတ်တဲ့ မိန်းကလေးဟာ ဘယ်လိုလုပ် ချွေးမတော်ဖို့ ဖြစ်နိုင်မှာတဲ့လဲ ...

သူ့ကို မေမေ လုံးဝမနှစ်သက်ဘူး။ ချွေးမတော်ဖို့လည်း လုံးဝစိတ်ကူး မရှိဘူး။ သားအတွက် ရည်ရွယ်ထားတာသည် ယမုံမြင့်ကောင်းပဲ။ ကောင်မလေးက ဘယ်လောက်အေးဆေးနူးညံ့လဲ။ အမေ မရှိတော့ပေမယ့် အဖေရဲ့အုပ်ထိန်းမှုအောက်မှာ လုံးဝယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ရှိတယ် ...

မေမေက သားတို့နှစ်ယောက်ကို အမြန်ဆုံးလက်ထပ်ပေးပြီး အခြေတကျဖြစ်တာကို မြင်ချင်ပြီ"

သူက ဘာမှပြန်မပြောနိုင်ဘဲ ရှော့ရသူလို မေမေ့ကို ကြောင်ပြီးကြည့်နေမိသည်။ မေမေရယ် ... ဘယ်ဘဝက ရေစက်ကြောင့် ဝတ်လွှာကို အဲဒီလောက်တောင်ကြည့်မရဖြစ်နေတာပါလဲ။

သူ့အတွက်တော့ အရေးကြီးသော ချိန်ခါကို ရောက်နေပြီဟု ထင်ပါသည်။

"သားဘက်လည်း နည်းနည်းထည့်စဉ်းစားပါဦး မေမေ။ မေမေတောင် ဖေဖေ့ကိုချစ်လို့ လက်ထပ်ခဲ့တာပဲ မ··· ဘူးလား ...



www.burmeseclassic.com

www.burmeseclassic.com


သားတစ်ဘဝလုံး ပေါင်းရမယ့်မိန်းမကို သားချစ်တဲ့လူကိုပဲ သားယူပါရစေ။ နရျိန်မှာ မေမေ သူ့ကို လက်မခံနိုင်ဘူးဆိုရင်လည်း လက်ခံနိုင်တဲ့ အခြေနေဖြစ်လာအောင် သား ကြိုးစားညှိယူပေးပါ့မယ်။ ဒီလို လွယ်လွယ်နဲ့တော့ မဆုံးဖြတ်လိုက်ပါနဲ့ ...

သားကို ထည့်စဉ်းစားပေးပါ မေမေရာ ... နော်"

မေမေက သူ့ကို ဘာမှမပြောဘဲ ခပ်တည်တည်သာကြည့်ပြီး ထိုင်ရာမှ ထထွက်သွားလေသည်။ သူကတော့ ဆိုဖာပေါ်တွင် အရုပ်ကြိုးပြတ် ကျန်ရစ်ခဲ့သည်။

စိတ်ကူးထဲတွင် ဝတ်လွှာရဲ့အပြုံးချိုချို ပုံရိပ်တို့ကဖျတ်ခနဲ ပေါ်လာသည်။

ဝတ်လွှာရေ ... မင်းကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်တာ ကိုယ့်ရဲ့ဆန္ဒစစ် တစ်ခုပါ။ ယောကျ်ားတစ်ယောက်အနေနဲ့ ကိုယ် ရင်ခုန်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်နဲ့ပဲ တစ်သက်လုံး အတူနေသွားချင်တာလေ။

ဒီအတွက် ကိုယ်နဲ့မင်း စည်းလုံးညီညွတ်မှ ရမယ်ဝတ်လွှာ။ ပြီးတော့ မင်း ကိုယ့်ဘက်ကို နားလည်ပေးမှ ရမယ်။ ဘယ်လိုလဲ ? ... ? ...။

သူသည် ဖြေသူမရှိသေးသော မေးခွန်းတွေကို ကိုယ့်ဟာကိုယ် ပြန်မေးမိကာ တစ်ယောက်တည်း သက်ပြင်းရှိုက်မိ၏။ ဝတ်လွှာနှင့် အမြန်ဆုံးပဲ တွေ့ချင်လာမိပါသည်။

✤ ❤ ✤




www.burmeseclassic.com

www.burmeseclassic.com

## ၂၃

သာယာသော ညနေခင်းတစ်ခုရဲ့ အစဖြစ်ပါသည်။ နေ့အပူရှိန်များ လျော့ကျသွားချိန် ဆည်းဆာချိန်တစ်ခု အစပြုဖို့ ဖြစ်နေသော ဒီအချိန်လေးတွင် ဝတ်လွှာမှာ ချစ်သူကို ထိုင်စောင့်စားနေသည်။ သူနှင့် ဝတ်လွှာမှာ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြေတွင် အတူသွားထိုင်ဖို့ ချိန်းထားကြသည်။ သူက ယခုမှ အိမ်ကထွက်လာမှာမို့ နာရီဝက်လောက် ထိုင်စောင့်နေမယ့်အတူတူ ဝတ်လွှာက အောက်ထပ်ရှိ Shopping Mall ထဲက Branded ပစ္စည်းတွေနား မျက်စိအစာကျွေးဖို့ ဆုံးဖြတ်လိုက်သည်။

ပိုက်ဆံအိတ်နှင့်ဖုန်းကို ကောက်ယူလိုက်စဉ်မှာပဲ ဝတ်လွှာရဲ့ဖုန်းလေးက မြည်လာသည်။ သူ့ထံကဖုန်းလားဟု





ကြည့်လိုက်စဉ်မှာပဲ သူ့ဆီက ဖုန်းမဟုတ်ဘဲ ဝတ်လွှာ မသိသော နံပါတ်အစိမ်းတစ်ခု ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် ဝတ်လွှာက ဖုန်းဖွင့်ကိုင်လိုက်ပါသည်။

"ဟယ်လို"

"………"

တစ်ဖက်မှ စကားပြောသံ မကြားရချေ။ ဝတ်လွှာက ထပ်မံပြီး စကားပြောလိုက်သည်။

"ဟယ်လို … ပြောပါ။ ဘယ်သူပါလဲ"

"ဝတ်လွှာလား"

ယောကျ်ားတစ်ယောက်၏အသံ။ တစ်နည်းအားဖြင့် အသက်ကြီးကြီး ယောကျ်ားတစ်ယောက်ရဲ့အသံ၊ ပြီးတော့ ဒီအသံကို ဝတ်လွှာ ကောင်းကောင်းသိသဖြင့် တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားရသည်။

"ဝတ်လွှာ … သမီး။ ဒယ်ဒီပါ"

ဝတ်လွှာသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ အသက်ရှူသံတွေ မြန်လာသည်။ မျက်လုံးထဲတွင် နာကျင်ပေါက်ကွဲနေသော မာမီ့ရဲ့ပုံရိပ်တွေကို မြင်ယောင်လာသည်။ နှလုံးသားတွေ ပေါက်ကွဲမတတ် အော်ဟစ်ငိုကြွေးနေသော မာမီ၊ အိမ်ကနေ

www.burmeseclassic.com

အိတ်တစ်လုံးနှင့် စွန့်ခွာသွားခဲ့သော ဒယ်ဒီ၊ ဒါတွေကို ချောင်းကြည့်နေခဲ့သော ငါးနှစ်သမီးလေး ဝေ့ဝတ်လွှာရဲ့ အရှိုးရာထင်ခဲ့သော ငယ်စဉ်ဘဝ ဒဏ်ရာနက်နက်များ။

ဝတ်လွှာရဲ့ စိတ်ရေလျှင်သည် အတိတ်ခါးခါးသို့ အပြေးအလွှား ပြန်လည်ရောက်ရှိသွားသည်။

"ဟယ်လို ... သမီး ကြားလား ... ဝတ်လွှာ။ ဒယ်ဒီပါ"

"ဘာကိစ္စလဲ"

ဝတ်လွှာရဲ့အသံက တင်းတင်းပြတ်ပြတ် ထွက်သွားသည်။

ဝတ်လွှာသည် မသိမသာ အံကြိတ်ထားမိလေသည်။

"ဪ ... ကိစ္စကတော့ အထွေထူး မရှိပါဘူး သမီးရယ်။ သမီး နေကောင်းတယ် မဟုတ်လား"

သေသွားတော့ရော ဘာဆိုင်လဲဟု ဝတ်လွှာက စိတ်ထဲမှနေ၍ ပြန်ပြောနေမိသည်။ ပါးစပ်ကတော့ ဘာမှပြန်မပြောမိပါ။

"သမီး ... အခု ပြင်ဦးလွင်မှာပဲလား"

"ဘယ်မှာဖြစ်ဖြစ် ဒယ်ဒီနဲ့ ဘာဆိုင်လဲ။ ကျွန်မဆီကို မဆက်သွယ်ပါနဲ့လို့ ပြောထားတယ် မဟုတ်လား"





"အဲလို မပြောနဲ့လေ သမီး။ ဘာပဲဖြစ်ဖြစ် သမီးဟာ ဒယ်ဒီ့သမီးပဲလေ။ သမီးအမေ ရှိတုန်းကတော့ သမီးအတွက် စိတ်မပူရတော့ပေမယ့် ခုတော့ သမီးမှာ အမေလည်းရှိတော့တာ မဟုတ်ဘူး ...

သမီး တစ်ယောက်တည်း ရပ်တည်နေရတာမျိုးကို ဖေဖေ စိတ်မချဘူး"

ဝတ်လွှာက နာကြည်းခြောက်ကပ်စွာ ရယ်မောမိသည်။ မျက်လုံးထဲမှာ မာမီ ခံစားခဲ့ရသော ရုပ်ပုံလွှာများကို ပြန်လည်မြင်ယောင်လာသည်။ ဝတ်လွှာတို့သားအမိကို ရက်ရက်စက်စက် စွန့်ပစ်ထားခဲ့ကာ နောက်အိမ်ထောင်ပြုဖို့ ထွက်ခွာသွားခဲ့သော ဖခင်ကို ဝတ်လွှာက ဘယ်လိုနှလုံးသားမျိုးနဲ့ ကြည်ဖြူကျေနပ် အဖေတော်စပ်ရမှာလဲ။

တစ်ခုလပ်ဘဝနှင့် ယောကျ်ားက စွန့်ပစ်ခံ မိန်းမ တစ်ယောက်ဘဝဖြင့် ကြိုးစားရပ်တည်ရုန်းကန်ခဲ့ရသော မာမီ့ကို သနားလွန်းသဖြင့် ဒယ်ဒီ့ကို မုန်းတီးလွန်းခဲ့ရသည်။ ဒါကြောင့် ဝတ်လွှာဟာ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက် ဘဝကိုလည်း ခံယူခဲ့တာပါပဲ။ ဘာအပြစ်မှ မရှိသော မိခင်ကို ရက်ရက်စက်စက် စွန့်ပစ်ကာ နောက်အိမ်ထောင်ပြုခဲ့သော ဒယ်ဒီ့ကို မုန်းတီးခါးသီးလွန်းလှသည်။


www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ ဆက်ဆံနေရလျှင် မုန်းတီးစိတ်ဖြင့် အကုသိုလ်များလွန်းသောကြောင့် မပတ်သတ် မဆက်ဆံချင်တာ ဖြစ်သည်။

"ဒယ်ဒီ ပြောတာ ကြားလား သမီး"

"ကျွန်မဆီ ဖုန်းမဆက်ပါနဲ့၊ နောက် ... ဘယ်တော့မှ မဆက်ပါနဲ့။ ကျွန်မ ဒယ်ဒီနဲ့ မပတ်သက်ချင်ဘူး"

ပြောလိုက်တာ ဝတ်လွှာရဲ့အသံမှာ တုန်ခိုက်နေသည်။ ဒယ်ဒီက စိတ်မကောင်းဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"သမီးရယ် ... သမီးတို့ ဘယ်လောက်ခံစားကြေကွဲခဲ့ရသလဲဆိုတာ ဒယ်ဒီ နားလည်ပါတယ်။ ဒယ်ဒီ့ကို မုန်းချင်မုန်းပါ၊ ဒါပေမဲ့ အဆက်သွယ်တော့ မဖြတ်ပါနဲ့ သမီးလေးရယ် ...

အားလုံးဟာ မမျှော်လင့်ဘဲ ဖြစ်ခဲ့ရတဲ့ အမှားတွေပါ။ နောက်ကျရင် သမီး နားလည်လာမှာပါ"

"အို ... နားမလည်ဘူး၊ ဘယ်တော့မှ နားမလည်ဘူး။ ဒယ်ဒီနဲ့တွေ့လည်း မတွေ့ချင်ဘူး။ နောက်ကို လုံးဝဖုန်းမဆက်ပါနဲ့





ကျွန်မဘဝထဲမှာ ဒယ်ဒီ မရှိဘူး။ မာမိနဲ့ ကျွန်မဘဝထဲမှာ ဒယ်ဒီ့ကို ထုတ်ပစ်ခဲ့တာ ဒယ်ဒီထွက်သွားတဲ့ အချိန်ကစပြီးတော့ပဲ"

ဝတ်လွှာက အဆုံးသတ်စကားကို အာခေါင်ခြစ်ကာ အော်ပြီးလျှင် ဖုန်းကိုပိတ်ချပစ်ကာ ဆိုဖာပေါ်သို့ လှဲပစ်မိသည်။ ပြီးတော့ မျက်နှာကို လက်ဝါးနှစ်ဖက်ထဲထည့်ကာ သွေးရူးသွေးတမ်းပဲ ထပ်၍အော်ဟစ်မိလေသည်။ မုန်းသည် ... ဒယ်ဒီ့ကိုအရမ်းမုန်းသည်။

အပြစ်မရှိသော ဇနီးနှင့်သမီးကို ရက်ရက်စက်စက် စွန့်ပစ်ကာ နောက်မိန်းမတစ်ယောက်နှင့် ဘဝသစ်တစ်ခုကို ထူထောင်သွားသော ဒယ်ဒီ့ကို ငယ်စဉ်တည်းက မုန်းတီးခဲ့မိရာ ဒီအမုန်းတွေကို မာမီကလည်း ဖြေလျှော့မပေးခဲ့ချေ။ မာမီသည်လည်း ဒယ်ဒီ့ကို နောက်ဆုံးအချိန်ထိ ခွင့်လွှတ်မသွားနဲ့ပါ။ မာမီ့ဘဝတစ်လျှောက်လုံးမှာလည်း ဒယ်ဒီ့ကို အမြဲမုန်းတီးခဲ့ပါသည်။

ဝတ်လွှာသည် ဒေါသတကြီး ပူလောင်နေသော ရင်ခွင်ဖြင့် ဘယ်လောက်ကြာအောင် မောဟိုက်နေလဲတော့ မသိချေ။ နောက်တစ်ခါ ဖုန်းလာတော့မှပဲ ပစ္စုပ္ပန်သို့ သတိပြန်ကပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... လို"

"အင်း ... ဝတ်လွှာ။ ပါကင်မှာ ကိုယ်ရောက်နေပြီ"

"အင်း ... လာခဲ့ပြီ"

ဝတ်လွှာက ခြောက်ကပ်ကပ်အသံဖြင့် ပြန်ဖြေရင်း အိမ်တံခါးကိုပိတ်ကာ အောက်သို့ ဆင်းလာခဲ့သည်။ ကားပါကင်မှာ သူက ကြည်နူးရွှင်လန်းသော အနေထားဖြင့် စောင့်နေပြီး ဝတ်လွှာကို မြင်သောအခါ လက်လှမ်းပြသည်။

ဝတ်လွှာသည် နောက်ကျိုရှုပ်ထွေးနေသော စိတ်တို့ကို အတတ်နိုင်ဆုံး မြင်ဆင်ကာ သူ့ကို ပြုံးပြလိုက်သည်။

"ဝတ်လွှာ ... အရမ်းလှ"

"ထင်လို့နေမှာပါ"

"မထင်ပါဘူး။ ပန်းဆီရောင်တောက်တောက်လေး ဝတ်တာ တစ်ခါမှ မမြင်ဖူးတော့ ကိုယ့်မျက်လုံးထဲ ဆန်းနေတာပေါ့"

ဝတ်လွှာက ဘာမှပြန်မပြောတော့ဘဲ သူ့ဘေးကခုံမှာ ဝင်ထိုင်လိုက်သည်။ ဒီနေ့ စိတ်လိုလက်ရရှိသဖြင့် လည်ပင်းစတစ် ပန်းဆီရောင် လီနင်အင်္ကျီလေးကို ခါးပတ်သေးသေးလေး တစ်ခုပတ်ကာ နက်ပြာရောင်စိုအိနေသော TBY Skinny ဂျင်း(န်) ဖြင့် တွဲဖက်ဝတ်ဆင်ထားတာဖြစ်သည်။





သူနဲ့ ဝတ်လွှာသည် ထွေရာလေးပါးပြောရင်း စိမ်းလန်းစိုပြေသို့ ရောက်လာသည်။ ဝင်ခွင့်လက်မှတ်ဝယ်ပြီး ဝန်ထမ်းကောင်မလေးများက သူ့လက်မောင်းမှာ စတစ်ကာအဝိုင်းလေးကပ်ပေးတာကို သူက သဘောတကျဖြင့် ရယ်မောနေသည်။ ပြီးတော့ အထဲသို့ လျှောက်ဝင်လာချိန်မှာ သူက ဝတ်လွှာရဲ့လက်လေးတစ်ဖက်ကို လာရောက်တွဲယူဆုပ်ကိုင်ရင်း ...

"ကိုယ့်ဘဝမှာ ချစ်သူမိန်းကလေးတစ်ယောက်နဲ့ စိမ်းလန်းကို လာတာ ပထမဆုံးပဲ"

"အင်း ... ခါတိုင်းက အရင်နေရာတွေ သွားခဲ့တာကိုး"

"ဟား ဟား ... မဟုတ်ပါဘူး ဝတ်လွှာရယ်။ အင်း ... ဝတ်လွှာ ဘာစားချင်လဲ။ ဒီမှာ Zephyr စားသောက်ဆိုင်လေ"

"မစားချင်ဘူး။ ကန်ရေပြင်ကို ငြိမ်ငြိမ်လေးပဲ ထိုင်ကြည့်ချင်တယ်"

"ဟုတ်ပြီ ... ကိုယ် သဘောပေါက်ပြီ"

သူက ဝတ်လွှာကို Boat Club ဘက်ရှိသော အခြမ်းဘက်ထိ ခေါ်သွားကာ ရေစပ်နားက ခုံတန်းလေးမှာ ထိုင်မိကြသည်။ ရွက်လှေလေးတွေကို ငေးကြည့်ရင်း သာယာအေးချမ်းသော ညနေခင်းလေးက ဝတ်လွှာရဲ့စိတ်တို့ကို နူးညံ့ပျော့ပျောင်းလာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဝတ်လွှာရဲ့လက်လေးတစ်ဖက်ကို တစ်ချက် ဖျစ်ညှစ်ရင်းမှ ...

"သဘောကျရဲ့လား ဝတ်လွှာ"

"အင်း ... ကျတယ်"

"ဝတ်လွှာ"

သူက တိုးဖွဖွခေါ်လျှင် ဝတ်လွှာက နှုတ်ဖျားက မထူးမိဘဲ မျက်လုံးများဖြင့် ထူးမိသည်။

"ချစ်သူတွေကြားမှာ ပွင့်လင်းမှုရှိဖို့ လိုအပ်တယ်လို့မြင် လား။ နေဦး ... မဟုတ်သေးဘူး။ ပွင့်လင်းမှုက အရေး ကြီးတယ်လို့ မြင်လား"

သူ့မျက်လုံးတွေထဲသို့ သေချာစွာ စိုက်ကြည့်လိုက် သောအခါ သူ့ဆီမှာ ဝတ်လွှာအတွက် ပြောစရာစကားတွေ ရှိနေ တယ်ဆိုတာ သိလိုက်ရသည်။

"ဘာကိုပြောချင်တာလဲ ချို"

"ကိုယ် နည်းနည်းစိတ်ရှုပ်နေတယ် ဝတ်လွှာ"

ကျွန်မလည်းတူတူပဲဆိုသော စကားကိုတော့ ဝတ်လွှာ က ထုတ်မပြောမိတော့ပါ။ သူ့ကိုသာ ငေးကြည့်နေမိသည်။ သူက ဝတ်လွှာရဲ့လက်တစ်ဖက်ကို သူ့ရင်ဘတ်နားမှာ မှ ...





"ဝတ်လွှာ ... ဝတ်လွှာကို ကိုယ် အရမ်းချစ်တယ်ဆိုတာ ယုံတယ် မဟုတ်လား"

"အင်း ... ယုံပါတယ်။ ဘာဖြစ်လို့လဲ ချို"

"ကိုယ့်ဘဝမှာ ကိုယ်အရမ်းချစ်တဲ့မိန်းမနဲ့ပဲ သက်ဆုံးတိုင် အတူနေသွားချင်တဲ့ဆန္ဒ ရှိတယ် ဝတ်လွှာ။ မင်း မဟုတ်တဲ့ မိန်းမတစ်ယောက်ကို လက်မထပ်ချင်ဘူး"

သူက ဆက်မပြောသေးသော်လည်း ဝတ်လွှာကတော့ အရိပ်ပြရာ အကောင်မြင်တတ်သူ ဖြစ်ပါသည်။ သူ့အမေဟာ သူ့ကို မိန်းမပေးစားဖို့ စီစဉ်နေပြီ။ သူက ဝတ်လွှာကို သူ့အမေ နှင့်တွေ့ကာ အဆင်ပြေစေဖို့ ရည်ရွယ်ပေမည်။

ဒါပေမဲ့လည်း ... ဒါပေမဲ့လည်း ...။ ဝတ်လွှာသည် သူ့မိခင်နှင့် ရင်ဆိုင်ရမှာကို အင်မတန် စိတ်ပျက် တွန့်ဆုတ်နေ ပါသည်။ ရင်ထဲကမပါသော စကားတွေကိုပြောမှ လောကွတ်တွေ လုပ်တတ်မှ အဆင်ပြေမည့် သူ့မိခင်နှင့် ဝတ်လွှာ တစ်သက်လုံး ဘယ်လိုဆက်ဆံသွားရပါမည်တဲ့လဲ။

"ဝတ်လွှာ ... ကိုယ့်ကို ချစ်တယ် မဟုတ်လား"

"အဲဒါပဲ။ ချစ်တယ်ဆိုတာနဲ့ တခြားအရာတွေပါ လိုက်လျောညီနိုင်းရမယ်ဆိုတာ လူတွေ အလွဲသုံးစားလုပ်နေတဲ့ အချစ်ရဲ့ ဆိုးကျိုးတစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ ဝတ်လွှာရယ်။ ဝတ်လွှာ ... ကိုယ်နဲ့ ခွဲနိုင်လား"

"ခွဲနိုင်တယ်"

"ဘာရယ်"

သူက အလန့်တကြားနှင့် ဝတ်လွှာရဲ့လက်ကိုတောင် လွှတ်ချလိုက်ကာ ထနုန်လိုက်သလိုရှိသည်။ ပြီးတော့ ရှေ့တည့်တည့်မှနေ ဝတ်လွှာကို အံ့သြသလို စိုက်ကြည့်နေလေသည်။ ဝတ်လွှာက ဘာမှမပြောဘဲ ဝေးဝေးက ရွက်လှေတစ်စင်းကိုသာ ငေးနေမိသည်။

အင်း ... စိတ်ရှုပ်သည်။ ဝတ်လွှာ ပြင်ဦးလွင်ကို ပြန်ချင်လာပါသည်။

"ဝတ်လွှာ ... ဘယ်လိုပြောလိုက်တယ်"

"ချို ကြားပါတယ်"

"ကြားတယ်။ ဒါပေမဲ့ ကိုယ့်နားကိုယ် မယုံနိုင်ဘူး ဖြစ်နေတာ တကယ် ပြောနေတာလား ဝတ်လွှာ"

"ဟုတ်တယ် ချို"

"ဝတ်လွှာ"

သူက မယုံကြည်နိုင်သလို ထအော်သည်။ ဝတ်လွှာသည် သူ့ကိုကြည့်ကာ ရင်ထဲမှာ နာကျင်လာပါသည်။ ချစ်





ရယ် ခွဲခွာခြင်းအတွက် ရှင်က ကြိုတင်ပြင်ဆင်မထားခဲ့တဲ့သူဆိုတော့ ရုတ်တရက် SHOCK ရမှာပဲနော်။ ကျွန်မက ရှင့်ကို ချစ်ရုံသက်သက်လေးပဲလေ။

"စိတ်ကို အေးအေးထားပါ ချို။ ကျွန်မနဲ့ ရှင့်ရဲ့အနေအထားက နီးမလိုလိုနဲ့ ဝေးကြပါတယ် ...

ကျွန်မလေ ... (ဝတ်လွှာက ပြောမယ့်စကား လေးနက်စေရန်အတွက် ထိုင်ရာမှ ဖြည်းညင်းစွာ မတ်တတ်ထရပ်လိုက်သည်။)

ကျွန်မလေ ရှင့်ကို ပြန်မချစ်ဘူးလို့ အတန်တန်ဆုံးဖြတ်ခဲ့ဖူးတယ်။ ဒါပေမဲ့ နှလုံးသားဆိုတာ အဲလိုတားဆီးလို့ ရကောင်းသလား။ ဒါကြောင့် လွှတ်လပ်စွာပဲ ချစ်ခဲ့တယ်။ ဒါပေမဲ့ ချစ်ရုံသက်သက်ပဲ ချို။ ကျွန်မဟာ ရှင်တို့အသိုင်းဝန်းက လက်ခံနိုင်လောက်တဲ့ သတို့သမီးလောင်းမျိုး မဟုတ်ပါဘူး"

သူက ဝတ်လွှာကို အံ့သြစွာ ငေးကြည့်နေတုန်းပဲဖြစ်သည်။ ဝတ်လွှာက သူ့အနားသို့ တိုးကပ်သွားရင်းမှ ရှေ့တည့်တည့်မှ ကြည့်ပြောမိပါသည်။

"ကျွန်မကို လက်မထပ်ချင်ပါနဲ့ ချိုရယ်"

"ဝတ်လွှာ ... မင်း ဘာပြောလိုက်တာလဲကွာ ... ဟင်?"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဆိုးပါနဲ့ ချို။ ကျွန်မတို့ တကယ်ပဲ မဖြစ်နိုင်ပါဘူး"

"ဝတ်လွှာ ...၊ ဟာ ... မင်းကတော့ တကယ်စံပါပဲကွာ။ မင်းကို ကိုယ် ဘယ်လိုနားလည်ရတော့မှာလဲ။ မင်းနဲ့ကိုယ်က ဘာတွေများ ကွာခြားနေလို့လဲ။ မင်းမှာ မိဘတွေမရှိတော့ဘူး။ မင်းတစ်ယောက်တည်း ရပ်တည်နေတယ်။ အဲဒါ ဘာဖြစ်လဲ။ မင်းက အကျင့်စာရိတ္တချို့ယွင်းနေတဲ့ မိန်းကလေးလည်း မဟုတ်ဘူး ...

မင်းမှာ လက်မခံနိုင်စရာ ဘာတွေများ ရှိနေလဲ။ ရှိရင်လည်း ပွင့်ပွင့်လင်းလင်း ပြောလို့ရတာပဲ ဝတ်လွှာ ...

အခု ကိုယ့်အမေက ကိုယ့်ကို မိန်းမပေးစားချင်တယ်။ ကိုယ် မယူချင်ဘူး။ မင်းနဲ့ ကိုယ့်အမေကို တွေ့ပေးပြီး အဆင်ပြေဆုံးဖြစ်အောင် ညှိချင်တယ်။ အဲဒါ ကိုယ့်ဆန္ဒပဲ။ မင်း ချစ်သူတစ်ယောက်အနေနဲ့ ကိုယ့်ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ဘူးလား ဝတ်လွှာ ...

ဟင် ? ပြောစမ်းပါ။ မင်း ကိုယ့်ကို ချစ်တယ်ဆိုရင် ကိုယ့်ကို နားလည်ပေးပါ ဝတ်လွှာရာ"

ဝတ်လွှာက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းမိသည်။





"အဲဒီလို ပြောစတမ်းဆို ရှင်လည်း ကျွန်မကို နားလည်ပေးလေ။ ကျွန်မရဲ့လက်ရှိအနေထားအတိုင်း ရှင် လက်ခံပေါ့"

"ဟာ ... ကိုယ်က လက်ခံတယ်။ မင်း ဘာပဲဖြစ်ဖြစ် ကိုယ် ချစ်တယ် ဝတ်လွှာ ...

ဒါပေမဲ့ ကိုယ့်မှာ အမေရှိတယ်လေ။ ဒီအချိန်မှာ ဝတ်လွှာ အမေရှိခဲ့ရင်လည်း ကိုယ် ဝတ်လွှာအမေရဲ့ဆန္ဒကို အလေးထားပေးမှာပဲ။ နားလည်ပေးမှာပဲ။ အခုလည်း ကိုယ် ပြောနေတာက လုံးဝကြီးပြောင်းလဲယူဖို့ မဟုတ်ဘူး။ ကိုယ့်ရဲ့ချစ်သူတစ်ယောက်အနေနဲ့ မေမေ့ကို လိုက်တွေ့ဖို့။ ပြီးတော့ အဆင်ပြေပြေလေး စကားပြောပေးဖို့"

"ဟင်း ... ဟင်း ... ဟင်း ...။ ရှင်းရှင်းလေး ပြောလိုက်စမ်းပါ။ ကျွန်မရဲ့အရိုးမပြေတဲ့ပုံစံကိုဖယ်ပြီး ရှင့်အမေကို သူ့စိတ်ကြိုက်စကားလုံးတွေနဲ့ ဆက်ဆံပေးရမယ်လို့ ပြောနေတာ မဟုတ်လား"

"ကျွတ် ... အဲလိုမဟုတ်ပါဘူး ဝတ်လွှာရာ။ ကိုယ်က အားလုံးအဆင်တပြေပြေ ဖြစ်စေချင်လို့ပါ။ ကိုယ် မင်းနဲ့ပဲ လက်ထပ်ချင်တယ်လေ ဝတ်လွှာ ...

မင်းကလွဲပြီး ကိုယ် ဘယ်မိန်းမကိုမှ လက်မထပ်ချင်ဘူး။ ကိုယ့်ကို ကူညီပါ ဝတ်လွှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီရမယ် ! ဟုတ်လား"

ဝတ်လွှာက ခြောက်ကပ်စွာဖြင့် နှာခေါင်းထဲက လေထွက်ရုံ ဟက်ခနဲ ရယ်မောမိသည်။ ရှင် ကျွန်မကို စိတ်မကုန် သေးဘူးလား နေမင်းချိုရယ်။

"ဝတ်လွှာ ... နည်းနည်းလောက် လျှော့ပေးပါကွာ ... ကွာ"

"မဖြစ်နိုင်ဘူး ထင်တယ် ချိုရယ်"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ဝတ်လွှာ။ မင်းလည်း ကိုယ့်ကို ချစ်တယ်၊ ကိုယ်ကလည်း မင်းကိုသိပ်ချစ်တယ်။ ကိုယ်တို့ နှစ်ယောက် နားလည်မှုအပြည့်နဲ့ ရှေ့ဆက်လို့ ရတာပဲ မဟုတ်လား"

သူက ဝတ်လွှာရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ ကြေကွဲနေဟန်ဖြင့် မေးသည်။ သူ့ကို ကြည့်ပြီး ဝတ်လွှာ ဘာ ပြန်ပြောရမှန်း မသိပါ။ အဲဒီလို စိတ်ရှုပ်ရတာတွေ ဝါသနာမပါ။ ညှိနှိုင်းရတာတွေ ဝါသနာမပါ။ ချစ်ရုံသက်သက် ချစ်နေခြင်းက စိတ်အချမ်းသာဆုံး ဖြစ်လိမ့်မည်ဟု ထင်ပါသည်။

"ကျွန်မ တစ်ခုပြောမယ် ချို။ ရှင်နဲ့ကျွန်မ ချစ်ခဲ့ကြတာ ခြောက်လတောင် မပြည့်သေးပါဘူး ...





ကျွန်မတို့ချင်းတောင် နားလည်မှုတွေ များများ စားစား မတည်ဆောက်ရသေးတဲ့အချိန်မှာ ကျွန်မကို ဒီလိုမျိုးတွေ pressure မပေးပါနဲ့ ...

ကျွန်မအတွက် အချိန် လိုအပ်တယ်"

"ဒါပေမဲ့ အခုလက်ရှိ ပြဿနာဖြစ်နေတယ်လေကွာ"

"ဆောရီးပါ။ ကျွန်မ လုပ်နိုင်မယ် မထင်ဘူး"

သူက ဘာမှမပြောတော့ချေ။ ဝတ်လွှာကို အံ့ဩ နာကျင်သော၊ မယုံကြည်နိုင်သော မျက်လုံးရဲရဲများဖြင့် အတန်ကြာ စိုက်ကြည့်နေပြီးမှ ချာခနဲ လှည့်ထွက်သွားလေသည်။ ဝတ်လွှာ ရင်ထဲမှာ ဆစ်ခနဲ ဖြစ်သွားသော်လည်း ဒီအခြေအနေကို မပြောင်း လဲနိုင်ခဲ့ချေ။

♣ ♥ ♣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညက ဘယ်အချိန်မှ အိပ်ပျော်သွားလဲ မပြောတတ်ပေမယ့် တော်တော်ညဥ့်နက်တာတော့ သူ မှတ်မိနေသေးသည်။ ဘာလို့လဲဆိုတော့ သူ နောက်ဆုံး နာရီကြည့်မိတာကကို နှစ်နာရီထိုးပြီးသွားပြီ။ ဒီတော့ နှစ်နာရီခွဲလောက်မှ အိပ်ပျော်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်သည်။

မနက်မှာ ရုံးတက်စရာမလိုသော တနင်္ဂနွေဖြစ်တာကြောင့်လည်း စိတ်ရှိလက်ရှိ အိပ်ပစ်လိုက်သောအခါ ဆယ့်တစ်နာရီမှ နိုးလေသည်။ သူ နိုးသောအခါ ပထမဆုံး သတိရမိတာက နှလုံးသားမရှိလွန်းသော နွေဝတ်လွှာကိုဖြစ်သည်။ တကယ်ဆိုလျှင် ဒီနေ့ဟာ မိုးလင်းလို့ မနက်စောစောတည်းက ညထိတိုင်အောင် သူမနဲ့ပဲ အချိန်ဖြုန်းရမှာပါ။ ရန်ကုန်မှာ လုပ်စရာရှိသော အလုပ်





တချို့လည်း လက်စသတ်ကာ ပြင်ဦးလွင်သို့ ပြန်ရတော့မှာမို့ သူမကို နေရာစုံအောင် လိုက်ပို့ပေးဖို့ ကျန်သေးသည်။

သို့သော် အခြေအနေတွေက ပြောင်းလဲရှုပ်ထွေးနေသလို သူ့စိတ်တွေလည်း နာကျင်ဝမ်းနည်းနေရသဖြင့် ဘယ်သူနဲ့မှလဲ စကားမပြောချင်ချေ။

သူမကိုလည်း အံ့သြထူးဆန်းစွာ ရင်နာနေရပါသည်။ ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့အထိ စဉ်းစားပြီး ချစ်ခဲ့တာမဟုတ်သော မိန်းမတဲ့။

ဟား ... သူ့ကို ဝိုင်းဝိုင်းလည်နေကြပါတယ်ဆိုသော မိန်းမတွေကြားရင် ဘယ်လောက်တောင်များ ဟားလိုက်မလဲ။ သူက နာနာကြည်းကြည်းနှင့် တစ်ချက်ရယ်သွမ်းသွေးမိလိုက်စဉ်မှာပဲ ခုတင်ခေါင်းရင်းမှာ တင်ထားသော သူ့ဖုန်းမှ မြည်သံထွက်ပေါ်လာသည်။ Ring Tone သံနားထောင်လိုက်တာနှင့် ဘယ်သူ့ဆီက ဆိုတာကိုသိသော သူ့သွေးများမှာ ပူနွေးသွားသည်။ သူက ခဏအကြာတွင် ဖုန်းဖွင့်ကိုင်လိုက်သော်လည်း မထူးမိချေ။

"ဟယ်လို ... ဟယ်လို"

သူ ဘာမှမထူးသဖြင့် တစ်ဖက်က တစ်ဟယ်လိုထဲ ဟယ်လိုနေသည်။ သူက စိတ်လျှော့လိုက်သည်။ ဘာပြဿနာပဲရှိရှိလေ အဲဒါက တစ်ကန့်ဖြစ်ပြီး သူမက သူ့ဆီအလည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသော ညှိသည်မဟုတ်လား။ ပြီးတော့ ရန်ကုန်မှာ ဘယ်သူနဲ့မှလဲ သိကျွမ်းခင်မင်တာ မဟုတ်ချေ။

"အင်း ... ပြောလေ ဝတ်လွှာ"

"ရှင် နေမကောင်းဘူးလား"

သြော် ... မေးဖော်တော့ ရသားပဲ။ သူ့အသံက ခပ်အစ်အစ် ဖြစ်နေလို့နေမည်။

"ကောင်းပါတယ်။ ခုမှ အိပ်ရာက နိုးလို့ပါ"

"သြော် ... ညက အိပ်ရာဝင်တာ နောက်ကျလို့လား"

"အင်း ... မင်း Breakfast စားပြီးပြီလား"

"စားပြီးပါပြီ"

"ဘာစားတာလဲ"

"အိမ်မှာရှိတဲ့ ကော်ဖီနဲ့ ကိတ်ပေါ့"

သူ ဘာပြန်ပြောရမှန်း မသိပါ။ ဒီနေ့မနက် သူမကို ရန်ကုန်မြို့ရဲ့ နာမည်ကြီး မုန့်ဟင်းခါးကျွေးမယ်လို့ ပြောခဲ့ဖူးသည်။ အင်းလေ ... သူမလည်း နားမလည်ပဲ နေမှာမဟုတ်ပါ။ ဝတ်လွှာသည် တော်တော်နားလည်ရခက်သော မိန်းကလေးတစ်ယောက်ဆိုတာ ကြာလေ သိလာလေလေပါပဲ။

"ဆောရီးကွာ။ ကိုယ် ကတိပျက်သလို ဖြစ်သွားတယ်"

"ဘာကိုလဲ"





"သြော် ... မင်းဆီကို ဆန်းဒေးမှာ စောစောလာပြီး မုန့်ဟင်းခါးသွားစားကြမယ်။ နေရာစုံသွားမယ်လို့ ပြောထားတာ မဟုတ်လား ...

အခု ဆယ်တစ်နာရီတောင် ထိုးနေပြီ။ ကိုယ် အိပ်ရာထဲမှာပဲ ရှိသေးတယ်လေ"

"ရပါတယ်"

"ကိုယ် နောက်တစ်နာရီအတွင်း မင်းဆီ ရောက်လာခဲ့မယ်လေ။ တစ်ခုခုသွားစားပြီးမှ မင်း ရှော့ပင်းလုပ်ပေါ့"

"ကျွန်မ စာအုပ်တွေပဲ ဝယ်ချင်တာပါ"

"ရတယ်လေ။ တော်ဝင်စင်တာ သွားကြတာပေါ့။ အဲဒီက TAB မှာ စာအုပ်ကမ္ဘာကြီးပဲ။ မင်း အေးအေးဆေးဆေးရွေးလို့ရတယ် ...

အဲဒါမှ မ,ဝသေးရင် ညနေစောင်းလောက် ပန်းဆိုးတန်းဘက် လမ်းလျှောက်ရင်း စာအုပ်ဆိုင်တွေ ဝင်မွှေလို့လည်း ရတယ်"

"အင်း ... ပြီးရောလေ ကျွန်မ စောင့်နေပါ့မယ်"

"အိုခေ ... ဆီးယူ"

သူက ဖုန်းချပြီးနောက် ရေချိုးခန်းထဲ ဝင်လာရင်း ဆယ့်ငါးမိနစ်လောက် ရေစိမ်ကာ ချိုးလိုက်တော့မှ လန်းလန်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဆန်း ဖြစ်သွားသည်။ ပြီးတော့ အပြင်ထွက်ဖို့ အဝတ်စားလဲကာ သူ့အခန်းထဲမှ ထွက်လာခဲ့ပါသည်။ အောက်ထပ်ဧည့်ခန်းထဲတွင် သူ့အမေကို တွေ့ရသည်။ သူ့အမေက အပြင်သွားတော့မယ့်ပုံစံ ဖြစ်နေသော သူ့ကို မော့်ကြည့်ကာ ...

"အခုမှ နိုးလာတာလား။ မေမေတောင် တက်နှိုးတော့မလို့။ ဒါက အပြင်သွားမလို့လား"

"ဟုတ်တယ် မေမေ"

"ဘယ်ကိုသွားမှာလဲ သား"

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာပါ မေမေ"

"အင်း ... ကောင်းပြီလေ။ ဒါဆို ဘာမှစားမသွားတော့ဘူးပေါ့"

"ဟုတ် ... အပြင်ရောက်မှပဲ စားတော့မယ်။ သွားပြီနော် မေမေ"

"အင်း ... ကောင်းပြီလေ"

သူက ဂိုဒေါင်ထဲမှ ကားကိုထုတ်ကာ မောင်းထွက်လာခဲ့သည်။ တနင်္ဂနွေဆိုတော့ လမ်းတွေရှင်းသဖြင့် သူမဆီကို သိပ်မကြာဘဲ ရောက်သွားပါသည်။ တောင်ပေါ်က ပန်းတစ်ပွင့်သည် မြေပြန့်ရောက်တော့လည်း အလှတရားက ကွဲထွက်မနေဘဲ သူ့အရပ်နဲ့သူ အံဝင်ခွင်ကျ ရှိလှသည်။ အနက်ရောင်စွပ်ကျယ်





အောက်ခံပေါ်မှာ တက်တင်းဇာနို့နှစ်ရောင်အင်္ကျီကို Skinney အနက်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားပုံမှာ အထာကျလှသည်။

ဘာဆံထုံးမှန်း မသိသော ဆံထုံးပုံ့ပုံ့လေး တစ်ခုကို ထုံးထားသဖြင့် ရှင်းလင်းဝင်းမွတ်နေသော ကုပ်ပိုးသားလေးများက ရင်ခုန်ချင်စရာ ကောင်းပါသည်။ ဒီနေရာလေးကို သူ တစ်ခါမှ မနမ်းရှိုက်ဖူးသေးချေ။ တခြားဘယ်နေရာမှလဲ မနမ်းဖူးသေးပါ။ ပြောရလျှင် သူမနဲ့တွေ့လေတိုင်း နမ်းဖို့တောင် မေ့နေခဲ့သည်အထိ မျက်နှာလေးကိုသာ တစိမ့်စိမ့် ကြည့်နေခဲ့ရတာ ဖြစ်ပါသည်။

"တာအုပ် ဝယ်မယ်နော်"

သူက ကားကို တော်ဝင်စင်တာသို့ ဦးတည်ပြီး ပြောလိုက်လျှင် သူမက ငဲ့စောင်းကြည့်ကာ ...

"ရှင် ဘာမှမစားရသေးဘူး မဟုတ်လား။ တစ်ခုခု အရင်စားလေ"

"ရပါတယ်။ ပြီးမှပဲ ထမင်းစားကြတာပေါ့"

"ခုပဲ စားပါ။ ကျွန်မလည်း စားလို့ရပါတယ်။ ကော်ဖီနဲ့ ကိတ်က မနက်တည်းက စားထားတာပဲ"

"အိုခေလေ ... ဒါဆို မင်း ဘာစားချင်လဲ"

"ရှင် ကြိုက်တာစားပါ"

"မင်း ရွေးပါ။ ကိုယ်က ဘာမဆို မင်းသဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက အစိမ့်ပွာယ်ပါစွာဖြင့် ငုံ့စောင်းကြည့်သည်။ သူကတော့ ခပ်တည်တည်ပဲ ကားမောင်းနေတာဖြစ်ပါသည်။

"ကျွန်မ ယိုးဒယားစာ စားချင်တယ်"

"ကောင်းပြီလေ။ ရှေ့ဆို ရောက်ပြီ။ Thai Kitchen ကိုပဲ သွားတာပေါ့"

Thai Kitchen ယိုးဒယားစားသောက်ဆိုင်သို့ရောက်လျှင် သူမက စိတ်ကြိုက်ပဲ ယိုးဒယားဟင်းလျာများကို ဝိတ်တာထံ မေးမြန်းပြီး အေးအေးဆေးဆေး မှာနေပုံလေးကို သူ့ကလည်း အေးဆေးပဲ လက်ပိုက်ကြည့်နေမိလေသည်။

သူမ ကြည့်ရသည်မှာ သူနဲ့ ဘာမှဖြစ်မထားသည့်အတိုင်း၊ ချစ်သူရည်းစားတွေ မဟုတ်ကြတော့သည့်အတိုင်း။ နွေဝတ်လွှာရယ် ... မင်းကို ဘယ်လိုနားလည်ပေးရတော့မလဲကွာ။

"ရှင်ရော ... ဘာမှာမလဲ မှာလေ"

"ရပါတယ်။ မင်း မှာတာတွေ အဆင်ပြေသားပဲ"

သူမက မီနူးကိုပိတ်ကာ ဝိတ်တာကို ရပြီဆိုသောသဘောဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ပြီးတော့ သူ့ကို အသာယာပဲ မော့်ကြည့်ကာ ...

"ရှင် ဘယ်တော့ပြန်မလဲ"





"မင်း ပြန်ချင်နေပြီလား"

"အင်း ... ပြန်ချင်တယ်လို့တော့ မဟုတ်ပါဘူး။ ဒီနေ့ပဲ ငါးရက်ရှိနေပြီဆိုတော့ ...။ ရှင်က တစ်ပတ်လောက်ပဲနေမယ်လို့ ပြောထားတာ မဟုတ်လား"

"ဟုတ်ပါတယ်။ ဗုဒ္ဓဟူးနေ့လောက်ဖြစ်ဖြစ် သွားကြတာပေါ့"

သူ့စကားကို သူမက ခေါင်းတစ်ချက် ဆတ်ပြသည်။ သူက ဝတ်လွှာကို တစ်ချက်အကဲခတ်လိုက်ပြီးလျှင် ...

"ဝတ်လွှာ ... ညက ကိုယ်ပြောခဲ့တာတွေကို စဉ်းစားကြည့်သေးလား"

"စဉ်းစားမိတော့မလို့ပဲ။ ဒါပေမဲ့ ခေါင်းထဲက လုံးဝကို ထုတ်ပစ်လိုက်တာ"

ဘယ်လောက်များ မုန်းဖို့ကောင်းသော မိန်းမပေလဲ။ သူ ဝတ်လွှာကို လိုက်လို့ကို မမီတော့ပါ။ ကြာလာသောအခါ ကိုယ့်ကိုယ်ကိုယ်တောင် သနားလို့ လာလေသည်။

"မင်းကို နားမလည်နိုင်တော့ဘူး ဝတ်လွှာရယ်"

"ဟုတ်တယ်။ ကျွန်မဟာ နားမလည်စရာ ကောင်းတယ်။ နားမလည်နိုင်လောက်အောင်လည်း ကျွန်မ ခံယူချက်တွေက တစ်မျိုးဖြစ်နေခဲ့တာကိုး ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို နားမလည်တာ ပိုကောင်းပါတယ်။ နားလည်ဖို့ မကြိုးစားရင် အကောင်းဆုံးပဲ”

“ကောင်းလိုက်တာ မွေ့ဝတ်လွှာရာ”

သူက ဘာမှပြောချင်စိတ် မရှိတော့ပါ။ စိတ်ကုန်သည်ဆိုတာမျိုးပဲဖြစ်မည်။ သူမကိုယ်တိုင်က လောလောဆယ်မှာ လက်ထပ်ဖို့ စိတ်ကူးမရှိပါဘူးလို့ စကားအကုန်ပြောထားပြီးမှတော့ ဒီအကြောင်းအရာကိုပဲ ဆက်ပြောနေလျှင် ရန်ဖြစ်ရ စိတ်မချမ်းသာဖြစ်ရရုံအပြင် တခြားမရှိချေ။

မှာထားသော အစားအသောက်တွေ ရောက်လာလျှင် သူမက စိတ်ဝင်တစား စားသောက်သည်။ စားမဝင် အိပ်မပျော်တာမျိုးလည်း ရှိပုံမပေါ်သော မွေ့ဝတ်လွှာကို ကြည့်ကာ အထူးပဲ သဘောကျမိပါသည်။

“စားကောင်းရဲ့လား ဝတ်လွှာ”

“အင်း … ကောင်းတယ်။ မဆိုးဘူးနော်”

“အင်း … များများစားလေ။ နည်းသေးရင် ထပ်မှာဦး”

“ရပါပြီ။ ဒီလောက် အတော်ပဲ”

“ဒါပြီးရင် စာအုပ်သွားဝယ်မယ်လေ။ ပြီးရင် ဘယ်သွားချင်သေးလဲ”





“မသွားချင်တော့ဘူး။ ပူတယ်။ အိမ်ပဲပြန်မယ် ညနေမှပဲ အပြင်ထပ်သွားမလို့”

“အိုခေလေ … As u like”

အဲဒီစကားကို ရွဲ့ပြောနေတယ်ဟု ထင်သွားလားမသိ။ စားရင်းသောက်ရင်းမှ မျက်လုံးပြူးကြည့်သည်။ စားပြီးသောအခါ သူမကို တော်ဝင်စင်တာက စာအုပ်ဆိုင် TAB ကို လိုက်ပို့ဖြစ်သည်။ စာအုပ်ဆိုင်ကြီးက ကြီးကျယ်ခမ်းနားကာ စာအုပ်ကမ္ဘာကြီး အတိုင်းပဲမို့ သူမက တော်တော်သဘောကျနေဟန်တူသည်။

သူ့ကိုကြည့်ဖူးသော မျက်လုံးတွေတောင် ဒီလောက်မတောက်ပ မရွှန်းလက်ဖူးဘူးဟု ထင်သည်။ သူမကလည်း စိတ်တိုင်းကျ စာအုပ်တွေ ရွေးနေသလို သူကလည်း ကိုယ့်ဟာကိုယ်စိတ်ပျော်ရာ ရွေးနေလိုက်သည်။ စာအုပ်ဆိုင်ထဲမှာ စိတ်ကြိုက်ဝယ်ပြီးတော့မှ သူမက cosmetics တချို့ဝယ်သည်။

အားလုံးပြီးသောအခါ သူမကို သူက ပြန်လိုက်ပို့သည်။ ကားပါကင်သို့ရောက်လျှင် သူက မဆင်းသေးဘဲ သူမကို ကြည့်ကာ …

“ကိုယ် ညနေမှ ပြန်လာခေါ်မယ်လေ”

“ရှင် သွားစရာရှိလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ရှိတော့ မရှိပါဘူး။ ဘာဖြစ်လို့လဲ ... မင်းပဲ ပူလို့အခန်းကိုပြန်မယ်ဆို"

"အင်းလေ ... ဒါပေမဲ့ ရှင့်ကိုတော့ ပြန်လို့မပြောပါဘူး"

သူက ကြည့်မိသော နက်နဲသည့် အကြည့်များကို သူမကလည်း နက်နဲစွာ တန်ပြန်စိုက်ကြည့်နေခဲ့သည်။ မင်းကို ဘယ်လိုနားလည်ရတော့မလဲ နွေဝတ်လွှာရယ်။

"ကိုယ်နဲ့ စကားပြောမလို့လား နွေဝတ်လွှာ"

"ရှင် မပြောချင်လို့လား"

"မဟုတ်ပါဘူး၊ မင်းနဲ့ ကိုယ် ဘာစကားတွေ ပြောကြမလဲ ဆိုတာ စဉ်းစားလို့ မရလို့ပါ"

သူမက ဘာမှ ဆက်မပြောတော့သလို သူကလည်း ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ အဲဒီနောက် အခန်းထဲကဆိုဖာတွင် နှစ်ဦးသား မျက်နှာချင်းဆိုင် ထိုင်မိကြလေသည်။ သူက တမင်ပင် သူမ ထိုင်နေသော ဆိုဖာရှည်တွင် ဝင်မထိုင်ဘဲ စားပွဲခြားသည့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်တာ ဖြစ်သည်။

အတန်ကြာ စကားမပြောဘဲ နေနေကြပြီးမှ သူမထံက စကားသံ ထွက်လာသည်။

"ကော်ဖီသောက်မလား"





"ခဏနေမှ သောက်မယ်လေ။ နည်းနည်းစောနေသေးလား 'လို့"

"ဒါဖြင့်ရင် အသီးတစ်ခုခု စားမလား"

သူက ဝတ်လွှာကို အဓိပ္ပာယ်ပါစွာ မော့်ကြည့်မိသည်။ ကိုယ်က မင်းအတွက် ဒီလိုစကားမျိုးတွေပဲ ပြောရတဲ့ လူလားကွာ။

"မင်း စားချင်နေရင်တော့ လုပ်ပါ။ ကိုယ်က ဘာမှမစားချင်ပါဘူး"

သူမက ဘာပြန်ပြောရမှန်း မသိသလို ခဏငြိမ်သွားသည်။ သူက ဆိုဖာပေါ်တွင် ခပ်လျော့လျော့ မှီထိုင်ရင်း ဝတ်လွှာကို နှစ်မျောစွာ ငေးကြည့်နေမိသည်။ သူတို့နှစ်ယောက်ရဲ့ ကံကြမ္မာသည် ဘယ်လိုလာမယ် မပြောတတ်ချေ။

"ဝတ်လွှာ"

"အင်း ... ပြော"

"ဒီအခန်းထဲမှာ မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းနော်"

အဲဒါ ဘာဖြစ်လဲဆိုသော မေးခွန်းပါသည့် အကြည့်ကို လက်ခံရပြီးနောက် ပြောင်းလဲသွားသော အကြည့်တွေက ရှင် ဘာမဟုတ်တာ လုပ်ချင်လို့လဲ ဟူသည့် အကြည့်တွေဖြစ်သည်။ သို့သော် သူ ဆက်ပြောသည့် စကားကို နားထောင်ကြည့်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ချစ်သူနှစ်ယောက်တည်း လွတ်လွတ်လပ်လပ်ရှိနေရတာ ဘယ်လောက်သာယာတဲ့ အနေအထားလဲ။ ပြီးတော့ မင်းက သိပ်လှတဲ့မိန်းမတစ်ယောက် ဖြစ်တဲ့အပြင် ကိုယ့်ရဲ့ချစ်သူလည်း ဖြစ်နေသေးတယ် ...

ပုံမှန်တိုင်းဆို ကိုယ့်ရင်ခုန်သံတွေ မြန်နေရမှာ နွေဝတ်လွှာရယ်။ ဒါပေမဲ့ ရင်ခုန်စိတ်လှုပ်ရှားတဲ့စိတ်မျိုး ဖြစ်မနေတာကို ကိုယ့်ဘာသာကိုယ်လည်း အံ့သြမိတယ် ...

ကိုယ် တစ်ခုခု ချို့ယွင်းနေတာတော့ မဟုတ်လောက်ပါဘူးနော်"

သူ့စကားကြောင့် သူမက မျက်စောင်းလှဲလှဲထိုးကာ နှုတ်ခမ်းတွေက ယောင်ယောင်မှု ပြုံးသွားသည်။ ပြီးတော့ သူ့ကို တည့်တည့်ရင်ဆိုင်ကြည့်ကာ ...

"ရှင်နဲ့ ကျွန်မ နည်းနည်းဝေးနေလို့ ဖြစ်ပါလိမ့်မယ်"

"ဟုတ်လား ... ဒါဆိုရင် ကိုယ့်အနားကို မင်း လာခဲ့စမ်းပါ"

သူမက ဟာသတစ်ပုဒ်ကို ကြားရသည့်အလား ဟက်ခနဲ ရယ်မောသည်။ သူ့စကားကိုလည်း စိတ်ဝင်စားပုံမပေါ်ချေ။



"ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်ဟာ ဘယ်လောက်နွေးထွေးလုံခြုံတယ်ဆိုတာ မင်း မခိုလှုံဘူးသေးတော့ တန်ဖိုးကို နားမလည်နိုင်ဘူးပေါ့ နွေဝတ်လွှာရယ်"

"ထားပါတော့"

မရတော့။ သွေးအေးနေသော ဒီမိန်းမကို နည်းနည်းတော့ လှုပ်ပေးမှ ရတော့မည်။ သူ ကိုယ်တိုင်လည်း ဒီလို အေးတိအေးစက် အခြေနေမျိုးကို မလိုလားပါ။ အချစ်ဆိုတာ ပူနွေးသက်ဝင်နေမှ အရောင်လက်ပါသည်။

"ကဲ ... ပျင်းစရာကြီးကွာ။ ဒီလို လုပ်ပါလား။ မင်းနဲ့ကိုယ်နဲ့ ကစားရအောင်။ ရှုံးတဲ့သူက ဖက်ကြောဆွဲပေးကြေး"

သူမက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ တစ်ခုခု ပြောတော့မည်ပြင်ပြီးမှ စိတ်ကူးပြောင်းသွားဟန်တူသည်။

"ဘာကစားမှာလဲ။ ဖဲရိုက်ဖို့ ဆိုရင်တော့ မရိုက်တတ်ဘူးနော်"

"ဟား ဟား ... ဖဲမရိုက်ပါဘူး။ ဖဲထုပ်မှ မရှိတာ။ တူတူပုန်းတမ်း ကစားမယ်လေ"

သူမက သူ့ကို ရူးနေလားဟူသော အကြည့်မျိုးဖြင့် ကြည့်သည်။ သူက ဟက်ခနဲ ရယ်ကာ ...

www.burmeseclassic.com

www.burmeseclassic.com



"တာကယ်ပြောနေတာ မင်း ပုန်းမလား၊ ကိုယ် ပုန်းရမလား။ တစ်မိနစ်ပဲ ရှာချိန်ရမယ်။ ရှုံးတဲ့လူက စက်ကြောဆွဲပေးရမယ် ...

ဘယ်လိုလဲ"

သူမက သူ့ကို စူးစမ်းသလို စိုက်ကြည့်နေပြီးတော့မှ တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့် မတ်တတ်ထရပ်ကာ ပြောလိုက်သည်။

"ရှင်ပုန်း ... ကျွန်မရှာမယ်"

♣ ♥ ♣





"တူပြီဟေ့"

သူက အသံကျယ်ကျယ် အော်ပြီးနောက် ပလတ်စတစ်လိုက်ကာစကို ဆွဲပိတ်ကာ ရေချိုးကန်ထဲမှာ ဝင်ထိုင်နေလိုက်ရင်း ကျိတ်ပြုံးမိသည်။ ဝတ်လှာ တစ်ယောက် ဘယ်လိုနေရာမျိုးတွေမှာ ရှာမလဲ။ ရှာစမ်း။ တစ်အိမ်လုံးမှာ ဘာသံမှ မကြားရအောင် တိတ်ဆိတ်လို့နေသည်။ သူ့အာရုံထဲမှာ လာထင်တာကတော့ ရေချိုးခန်းတံခါးနားကို သူမ ရောက်လာပြီဆိုတာပဲ ဖြစ်သည်။

ထင်တဲ့အတိုင်းပင်။ တံခါးလက်ကိုင်ဘုလေးကို ကလစ်ဆိုပြီး လှည့်ဖွင့်လိုက်သောအသံလေးကို ကြားလိုက်ရလျှင် သူက အသက်တောင်မရှူဘဲ အောင့်ထားမိသည်။ သူမ ... သူမ ... သူ ဆင်သောအကွက်ထဲသို့ ဝင်လာပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတွင် သူမက သူရှိနေသော လိုက်ကာကို ဖြန်းခနဲဆွဲဖွင့်လိုက်လျှင် သူကလည်း ဝါးခနဲအသံပေးကာ ခြောက်လိုက်သည်။ သူမက ဘယ်နှယ်ရှိစဟူသော အပြုံးမျိုးပေါ်လာပြီး ...

"ကဲ ... ရှင် ရှုံးပြီ"

"အိုခေလေ ... ဒါပေမဲ့ မင်းကိုတော့ ရေစိုအောင်လုပ်ချင်သေးတယ်"

သူက ပြောပြောဆိုဆိုဖြင့် ရေပန်းကို ဖွင့်ချလိုက်လျှင် ရေတွေက ဝေါခနဲကျလာသည်။ လုံးဝထင်မထားတာမို့ သူမလည်း အငိုက်မိသွားဟန်တူကာ အံ့သြတကြီးဖြင့် ရေတွေရွှဲရွှဲစိုသွားသည်။

"ဟင် ... ရှင် ... ဒါ ... ဘာလုပ်တာလဲ"

"ရေကစားတာလေကွာ။ ကိုယ်က ငယ်ငယ်ကဆို လူကြီးတွေမသိအောင် ရေပန်းအောက် ဝင်ဆော့နေကြတဲ့ ...

အခု ... မင်းနဲ့အတူ ဆော့ချင်လို့"

"ရှင် ... ရူးနေလား"

သူမက ရေပန်းအောက်မှ လှည့်ထွက်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ခဲ့ချေ။ သူက လက်ကို ဖျတ်ခနဲလှမ်းဆွဲပြီး သူမက ချာခနဲပါလာသောအခါ သူနဲ့ သူမ ရင်ချင်းအပ်မိသွားသည်။ ရေတွေရွှဲနေသော ရေစက်ရေပေါက်တွေ သီးနေသော





သူမမျက်နှာလေးဟာ သူ့ကို အံ့သြခြင်း၊ စိတ်လှုပ်ရှားခြင်းများစွာတို့ဖြင့် မော့ကြည့်နေသည်။

ပန်းနုရောင်ဆိုးထားသော နှုတ်ခမ်းလေးဟာ Revlon ဂုဏ်သတ္တိပြစွာ ရေစိုသော်လည်း မပျက်သေး။ ကြော်ငြာမှာကြားဖူးထားတော့ ဒီနှုတ်ခမ်းနီဟာ အနမ်းလေးတွေ အရမ်းပေးတာတောင် မပျက်ဘူးဆိုပဲ။ လက်တွေ့သိရတော့မည်။ ရေစက်လေးတွေတွဲရရွဲခိုနေသော နှုတ်ခမ်းလေးဟာ တဆတ်ဆတ် တုန်နေသည်။ သူက ဝတ်လွှာရဲ့မျက်နှာလေးကို လက်မနှင့် လက်ညှိုးညှပ်ယူကာ သူ့မျက်နှာနဲ့ကို နီးကပ်အောင် ဆွဲယူပင်တင်လိုက်သည်။

ဝတ်လွှာရဲ့လက်ချောင်းလေးများက သူ့ရင်ဘတ်ကို တွန်းလွှတ်နေသော်လည်း အားမပါလှပါ။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



အချစ်သည် လူတစ်ယောက်ကို ခံစားချက်မျိုးစုံ ပေးစွမ်းနိုင်သည် ဆိုတာကို စာဖတ်သူများ လက်ခံမည်ဟု ထင်ပါသည်။ တစ်ခါတစ်ရံမှာ အေးစက်သော အခြေအနေတစ်ခုကို ပူနွေးသက်ဝင်လာအောင် ပြောင်းလဲယူလိုက်လျှင်လည်း အချစ်က တစ်သက်မမေ့နိုင်စရာ ခံစားချက်မျိုး ဖြစ်သွားတတ်သည်။

ဝတ်လွှာနှင့် သူသည် ရင်ခုန်သံရေစက်များအောက်မှာ နှလုံးသားတွေ အပျော်လွန်ခဲ့ကြသည်။ သူက ဝတ်လွှာရဲ့ ခေါင်းပေါ်သို့ ရှန်ပူတွေ ညှစ်ချလိုက်သောအခါ ဝတ်လွှာက စိတ်ဆိုးပြီး သူ့ကို Bath-tub ထဲသို့ တွန်းချသည်။ သူကလည်း ဒီတိုင်းတော့ အကျမခံပါ။ ဝတ်လွှာကိုပါ ဆွဲချသွားလျှင် နှစ်ယောက်သား Bath-tub ထဲမှာ လုံးထွေးသွားကြသည်။ ရေချိုးဆပ်ပြာရည်တွေကိုပါ သူက ညှစ်ချလိုက်လျှင် ဆပ်ပြာမြှုပ်တွေ တထွေးသားဖြင့် နှစ်ဦးသား ဆော့လို့ကောင်းသွားကြလေသည်။





ဝတ်လွှာသည် စိတ်တွေကို ဖွင့်ထုတ်လိုက်ဟန်တူပါသည်။ သူနှင့်အတူ ပျော်ရွှင်မြူးတူးစွာဖြင့် ရေပက်ကစားခဲ့သည်။ နှစ်ယောက်လုံး မောသွားတော့မှပဲ ကန်ထဲမှာ ခြေပစ်လက်ပစ် ဖြစ်ကြတော့တာဖြစ်သည်။ သူက ဝတ်လွှာရဲ့ခေါင်းပေါ်သို့ ဆပ်ပြာရည်တစ်ချို့ လောင်းချကျီစယ်ရင်း ...

"ဝတ်လွှာ"

သူမက စကားနှင့်မထူးဘဲ မျက်လုံးရွှဲကြီးများဖြင့် မော့ကြည့်ကာ ထူးသည်။ သူက ဝတ်လွှာရဲ့ပခုံးပေါ် သူ့မေးကို တင်ရင်းမှ ...

"ကိုယ့်ကိုချစ်လား"

"ချစ်တာပေါ့"

"ကိုယ့်ကိုခွဲဖို့ မကြိုးစားပါနဲ့လား ဝတ်လွှာရယ်"

သူက ဝတ်လွှာရဲ့လည်တိုင်မှာ မျက်နှာအပ်ပြီး ဆိုမိသည်။ ဝတ်လွှာရဲ့လည်ပင်းက သွေးကြောလေးတွေ ခုန်ပေါက်နေတာတောင် သိရှိနိုင်သည်အထိ သူမအသားအရေက ကြည်စင်ဝင်းမွတ်လွန်းပါသည်။ သူမက သူ့နဖူးပြင်ပေါ် နှုတ်ခမ်းလေးနှင့် ဖိကပ်ရင်းမှ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။ သူက လည်တိုင်လေးကို နှုတ်ခမ်းဖြင့် ထိကပ်ကာ ထပ်၍ စကားဆိုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းနဲ့တစ်သက်လုံး ဒီလိုလေးပဲ ပျော်ပျော်ရွှင်ရွှင်
နေသွားချင်တယ် ဝတ်လွှာတယ် ...

မင်းနဲ့ မခွဲပါရစေနဲ့ ... နော်။ မင်းကို ကိုယ်
Request လုပ်နေတာပါ အချစ်ရယ်"

ဝတ်လွှာ ဘာမှပြန်မဖြေပါ။ ငြိမ်သက် တိတ်ဆိတ်နေတာသည် တစ်ခုခုကောင်းဖို့အတွက် စဉ်းစားနေသည်ဟု မြင်ပါသည်။

"ကျွန်မ အဲလောက် သတ္တိမရှိဘူး ထင်တယ်"

"သတ္တိရှိဖို့ မလိုပါဘူး ဝတ်လွှာ။ နည်းနည်းလေး ရှေ့ထွက်လိုက်ရင်ပဲ ရပါပြီ ... နော်။ အိုခေ ? "

သူက ဝတ်လွှာရဲ့မေးဖျားလေးကို ဆွဲယူပင့်တင်ရင်း မေးလိုက်လျှင် သူမက ကြည်နူးစွာ ပြုံးပြလာသည်။ အဲဒီနောက် သူ့ကို ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် သူက အဆုံးမရှိ ပျော်ရွှင်သွားခဲ့ရသည်။ ဝတ်လွှာကို အားရပါးရပဲ မွှေ့ယမ်းမိလေသည်။

ဒီနေ့လေးကို သူ ဘယ်တော့မှ မေ့တော့မည်မထင်တော့ပါ။ သူ မြတ်နိုးစွာ ရင်ခုန်ချစ်ခင်ရသော ချစ်သူနှင့်အတူ နားလည်မှုတစ်ခု တည်ဆောက်နိုင်ခဲ့သည့်အတွက် အင်မတန်ကျေနပ်ခဲ့ရသည်။ အဲဒီနေ့က နှစ်ယောက်သား ဟပ်ချိုးချော်တော့မှ ရေထဲက တက်ခဲ့ကြကာ တစ်ယောက်နဲ့တစ်ယောက် နွေးထွေး





အောင် ဂရုစိုက်ခဲ့ရင်း ပြင်ပကမ္ဘာကို သတိမရတော့ဘဲ အိမ်တောင်မပြန်ချင်လောက်အောင်အထိ ဝတ်လွှာကို သည်းထန်စွာ ချစ်မိခဲ့လေသည်။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



## ၂၅

ဖျတ်ခနဲနိုးလာသော ဝတ်လျှာရဲ့မျက်လုံးများသည် လုပ်နေကြအကျင့်အတိုင်း နာရီကိုကြည့်တတ်လေရာ ဘေးကဖုန်းကိုဖွင့်ပြီး ကြည့်လိုက်လျှင် နံနက်ဆယ်နာရီတောင် ထိုးတော့မည်ကို တွေ့လိုက်ရသည်။ ဝတ်လျှာသည် အိုးခနဲတောင် အသံထွက်သွားမိသည်။ ဒီအချိန်ထိ ဘယ်တုန်းကမှ မအိပ်ခဲ့ဖူးချေ။

ကြည့်စမ်း … ရန်ကုန်ရောက်မှ အကျင့်တွေပျက်နေပါလား။ ညက သူနဲ့ဖုန်းပြောတာ မနက်သုံးနာရီလောက်ထိ မနားစတမ်း ပြောခဲ့ကြပြီး အိပ်ရာထ နောက်ကျခဲ့တာဖြစ်သည်။ အေးစက်တွန့်ဆုတ်နေသော ဝတ်လျှာတို့အနေထားကို သူက ရင်ခုန်ကြည်နူးဖွယ်ကောင်းအောင် ပြောင်းလဲပေးလိုက်တာဖြစ်သည်။





အဲဒီအတွက်လည်း ဝတ်လျှာရဲ့စိတ်တွေဟာ အရင်ကနဲ့မတူဘဲ ပြောင်းလဲခဲ့ရသည်။ ကိုယ့်ဘဝရဲ့အဖြစ်မှန်၊ အနေအထား စတာတွေကို ပွင့်ပွင့်လင်းလင်း ခင်းကျင်းပြလိုက်ဖို့ စိတ်ကူးရခဲ့ပြီဖြစ်သည်။ အင်း … သူရော အိပ်နေတုန်းပဲလား မသိ။ ဖုန်းလည်း မဆက်ပါလား။ ဒီအချိန်ထက် ကျော်ပြီးတော့တော့ အိပ်ဖို့မကောင်းတော့တာမို့ ဝတ်လျှာက သူ့ထံဖုန်းခေါ်ရန် ဖုန်းကိုယူလိုက်စဉ်မှာပဲ …

"တင်းတောင် xx တင်းတောင် xx တင်းတောင် xx "

ဘဲလ်သံကြောင့် ဝတ်လျှာက မျက်ခုံးပင့်သွားရသည်။ ဘယ်သူပါလိမ့်။ သူများ ရောက်လာတာလား …။ ဝတ်လျှာထံကိုတော့ သူကလွဲပြီး ဘယ်သူမှ လာစရာမရှိချေ။ ဝတ်လျှာသည် သွားဖွင့်ရကောင်းနိုး၊ မဖွင့်ရကောင်းနိုး စဉ်းစားနေတုန်းမှာပဲ ဘဲလ်သံက ထပ်မြည်လာသည်။

ဝတ်လျှာက စောင်ကိုဖယ်ခွာကာ အိမ်ရှေ့သို့ထွက်လာခဲ့လိုက်သည်။ အပြင်ကိုကြည့်သည့် လုံခြုံရေးတီဗီခလုတ်လေးကို ဖွင့်ကြည့်လိုက်လျှင် မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ ရုံးအဝတ်အစားပုံစံမျိုး နက်ပြာရောင်ကုတ်လက်တိုလေးကို ဝတ်ဆင်ထားသည့် မိန်းကလေးဟာ ဒီကွန်ဒိုကြီးရဲ့ဝန်ထမ်းတစ်ဦးဦးလား …။



www.burmeseclassic.com

www.burmeseclassic.com

ဝတ်လွှာက အထွေထူး စဉ်းစားမနေတော့ဘဲ တံခါးကိုဖွင့်လိုက်သည်။

"ဘယ်သူနဲ့တွေ့ ... ..."

မေးခွန်းမေးသည့် ဝတ်လွှာ၏ နှုတ်ခမ်းများမှာ အံ့ဩစိတ်ကြောင့် တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားရသည်။ ဝတ်လွှာ ခုမှ မြင်လိုက်ရတာက လုံးဝမျှော်လင့်မထားသော သူတစ်ယောက်ရဲ့မျက်နှာပဲ ဖြစ်ပါသည်။

"တို့ကို သိပါတယ်နော် နွေဝတ်လွှာ"

"ဟုတ် ... ဟုတ်ကဲ့"

"အိမ်ထဲမှာ အေးအေးဆေးဆေး စကားပြောချင်တယ်"

"ရှင် ... ဪ ... ဟုတ်ကဲ့"

လုံးဝမျှော်လင့်မထားသဖြင့် ဝတ်လွှာက အယောင်ယောင်အမှားမှား ဖြစ်နေရသည်။ ဒေါ်ဝတ်ရည်ချိုက ဘေးကကောင်မလေးကို ...

"ကေသီ အပြင်ကပဲ စောင့်ပါ"

"ဟုတ်ကဲ့ အန်တီ"

ဒေါ်ဝတ်ရည်ချိုက ဦးဆောင်ပြီး အိမ်ထဲသို့ ဝင်သွားသည်။ ဒီလိုမျိုးဆုံတွေ့ရလိမ့်မည်ဟု လုံးဝထင်မထားသဖြင့်





ဝတ်လွှာမှာ အံ့ဩတာရော၊ စိတ်ရှုပ်တာရော ပေါင်းဆုံပြီး အနေခက်နေသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ရောက်နေတာ သူ့တိုက်ခန်းမှာမဟုတ်လား။ ဒါကြောင့်လည်း ဝတ်လွှာတောင် ဘာမှမပြောရသေး။ ဒေါ်ဝတ်ရည်ချိုက သူမဘာသာပင် ဆိုဖာ၌ ဝင်ထိုင်သည်။

"ခုမှ အိပ်ရာနိုးတယ်နဲ့တူတယ်၊ အိပ်ရေးပျက်သွားမှာပေါ့"

မေးတဲ့လေသံက သဘောရိုးနဲ့ မေးတာမဟုတ်ပါ။ ခနဲ့ခနဲ့မေးသော လေသံဆိုတာကို ဝတ်လွှာက မှန်းဆမိသော်လည်း ဘာမှပြန်မပြောချင်သဖြင့် အသာပဲ ခေါင်းညိတ်ပြလိုက်သည်။ နာမည်ကြီး ဒီဇိုင်နာတစ်ဦး၏ လက်ရာဖြစ်ပုံရသော မြန်မာဝတ်စုံဖြင့် ဒေါ်ဝတ်ရည်ချိုမှာ တစ်ကိုယ်လုံး လင်းလက်တောက်ပြောင်နေသည်။ ဒါကြောင့်လည်း သူ့နားရောက်သွားတဲ့ လူတော်တော်များများက အဲဒီ လွှမ်းမိုးမှုတွေအောက်က ရုန်းမထွက်နိုင် ဖြစ်ကြရတာကိုး။

"ရန်ကုန်ရောက်နေတာ ကြာပြီလား နွေဝတ်လွှာ"

"ကျွန်မ နေမင်းချိုနဲ့ အတူတူ ရောက်တာပါ"

"ဪ ... တစ်ပတ်လောက်တောင် ရှိတော့မှာပေါ့။ လာလည်တာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝတ်ရည်ရှိုက ဝတ်လွှာကို တစ်ချက်အကဲခတ်သလိုကြည့်သည်။ သူ့အမေဟာ ဝတ်လွှာ ရောက်နေတယ်ကြား၍ နှုတ်ဆက်ရုံသက်သက်တော့ ရောက်လာမှာ မဟုတ်ပါ။ တစ်ခုခုအတွက် ရောက်လာတယ်ဆိုတာ ကိုယ်စောင့်နတ်က နှိုးဆော်နေလေသည်။

"အန်တီ ကျွန်မကို တစ်ခုခုပြောဖို့ လာတယ် ထင်ပါတယ်"

"သိပ်ဟုတ်တာပေါ့ နွေဝတ်လွှာ။ အိုခေလေ ... မင်းကိုတို့ ပွင့်ပွင့်လင်းလင်းပဲ မေးပါမယ်။ မင်းနဲ့သား ချစ်သူတွေ ဖြစ်နေကြတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့်ရင် နွေဝတ်လွှာကို တစ်ခုမေးမယ်။ သားနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ မျှော်လင့်ထားသလဲ"

"အဲဒီစကားကို ကျွန်မ နားမလည်ပါဘူး။ ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောတာလဲ"

ဒေါ်ဝတ်ရည်ရှိုက အကယ်ဒမီမင်းသမီးတစ်ယောက်သဖွယ် ရယ်သည်။ ဝတ်လွှာက ထိုအမျိုးသမီးကို စူးစိုက်ပြီးကြည့်မိသည်။

"မင်း နားလည်သလို ဖြေပါကွယ်"





ဝတ်လွှာက အံ့ကိုမသိမသာကြိတ်မိသည်။ ဒီအမျိုးသမီးဟာ စီးပွားရေးသမားပီပီ တော်တော်ဉာဏ်များတာပဲ။

"ကျွန်မ ယောက်ျားတစ်ယောက်ကို ဘာမျှော်လင့်ချက်နဲ့မှ မချစ်တတ်ဘူး၊ နောက်ဆုံး သူ့ဆီက အချစ်ကိုတောင် မမျှော်လင့်ဘူး ...

ချစ်သူဆိုတာ ပတ်သက်မှုတစ်ခုပါ"

"အိုး ... Very Amazing ပဲ။ (ပခုံးကို ဟန်ပါပါတွန့်လိုက်သေးသည်) ဒါဆို ဘာဖြစ်လို့ ချစ်သူတော်စပ်ထားသေးသလဲကွယ်"

"ဒါကတော့ အခြေအနေ အချိန်အခါ တိုက်ဆိုင်နေမှုပါပဲ"

"နွေဝတ်လွှာဟာ ထူးဆန်းတဲ့ အတွေးအခေါ်တွေကို ပိုင်ဆိုင်ထားတဲ့သူ ထင်တယ်နော်"

သူမရဲ့မှတ်ချက်ကို ဝတ်လွှာက တစ်စုံတစ်ရာ ပြန်မပြောမိပါ။ ဒီအမျိုးသမီး လာတာဟာ ကောင်းသောလာခြင်း မဟုတ်ဘူးဆိုတာ ဝတ်လွှာ သိနေခဲ့ပါ၏။

"အန်တီ ဘာပြောချင်တာလဲ မသိဘူး။ ပြောချင်တာကို ပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ်"

"အိုခေလေ ... နွေဝတ်လွှာလည်း ခပ်တုံးတုံး မဟုတ်ဘူးဆိုတော့ တို့ ဘာဖြစ်စေချင်တယ် ဆိုတာကို သဘောပေါက်နေမှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာရဲ့ life style နဲ့ တို့တွေရဲ့ life style ဟာ မတူညီဘူးဆိုတာ ဝတ်လွှာလည်း သိမှာပါ။ ပြီးတော့ တို့ရဲ့ပတ်ဝန်းကျင်မှာလည်း ဝတ်လွှာက လိုက်လျောညီထွေအောင် ပြောင်းလဲနေနိုင်ပေးမယ် မထင်ဘူး"

ပြုံးပြုံးလေးနှင့် လှည့်ပတ်ပြောနေသော စကားလုံးတွေရဲ့နောက်ကွယ်က ဆိုလိုရင်းမှာ ငါ့သားနဲ့ နင့်ကို သဘောမတူပါဘူး ဟူသော အဓိပ္ပာယ်ပဲမို့ သူမနှင့် မျက်နှာချင်းဆိုင် နေရတာကို ဝတ်လွှာက ခါးသီးလာသည်။ ဒါကြောင့် ဘာမှမပြောဘဲ ဒေါ်ဝတ်ရည်ချိုကိုသာ စိုက်ကြည့်နေမိသည်။

တစ်ယောက်နဲ့တစ်ယောက် ကြည့်နေသော အကြည့်တွေမှာ ... ရင်ထဲထိ ထွင်းဖောက်မြင်နေရသော အကြည့်များဖြစ်ပါသည်။

"အန်တီ ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုတည်းကိုပဲ ပြောပါ"

"သားကို တို့ သဘောကျတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးတော့မလို့ပါ။ ဒီတော့ နွေဝတ်လွှာက သားနဲ့အေးအေးဆေးဆေး လမ်းခွဲပေးဖို့ပါပဲ"

"ဒီလောက်ပဲလား အန်တီ"

"ဘာပြောတာလဲ နွေဝတ်လွှာ"





အမျိုးသမီးကြီးက နွေဝတ်လွှာကို မျက်မှောင်ကြုတ်ကြည့်သည်။

ဝတ်လွှာသည် နာကြည်းရိပ်နည်းနည်းလေး စွန်းနေသော အပြုံးမျိုးဖြင့် ပြုံးလိုက်ပါသည်။

"ဪ ... အန်တီ တောင်းဆိုတာ ဒီလောက်ပဲလားလို့ပါ"

"မင်း ငါ့ကို လှောင်နေတာလား"

"မဟုတ်ရပါဘူး။ ကျွန်မအတွက် ခက်ခဲမယ်ထင်တဲ့ တောင်းဆိုမှုတွေ တောင်းမလားလို့ စိတ်ပူနေရတာပါ။ ဒါလောက်ကတော့ ကျွန်မ ကောင်းကောင်းလုပ်နိုင်ပါတယ်"

ဝတ်လွှာက ပြုံးပြုံးလေး ပြောလိုက်သော်လည်း ဒေါ်ဝတ်ရည်ချိုက ခံမှဝုန်းခနဲ ထ,ရပ်လိုက်သည်။

"မင်း တော်တော်ကြောက်စရာကောင်းတဲ့ မိန်းကလေးပဲ နွေဝတ်လွှာ။ တကယ်ကို အတင့်ရဲတယ်"

ဝတ်လွှာက ဘာမှပြန်မပြောတော့ပါ။ နှုတ်ခမ်းကိုသာ တင်းတင်းစေ့ပြီး ဒေါ်ဝတ်ရည်ချိုကို စိုက်ကြည့်နေမိသည်။ ကြည့်ရင်း ကြည့်ရင်းနဲ့ ဝတ်လွှာ မြင်လာတာက နေမင်းချိုရဲ့ မျက်နှာကိုပဲ ဖြစ်လေသည်။ သူနဲ့ ဝတ်လွှာ ဘယ်လိုပဲ ညှိနှိုင်းထားခဲ့ပေမယ့်၊ သူ့အတွက် အဆင်ပြေဆုံးဖြစ်အောင် နေပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားထားတယ် ဆိုပေမယ့် လာတည်းက မောင်းတင်ထားသော ရာဇသံနဲ့ ဒေါ်ဝတ်ရည်ချိုကို ဘယ်လိုစွမ်းရည်နဲ့ ဆက်ဆံရမှာ တဲ့လဲလေ။

နေမင်းချိုရေ … အမေတစ်ခု သားတစ်ခုဖြစ်တဲ့ ရှင်ဟာ ဘယ်နည်းနဲ့မှ အမေကို တော်လှန်စွန့်ပစ်ခဲ့ဖို့ မစဉ်းစားနဲ့လေ။



## ၂၆

"ဟာ … လုံးဝမဖြစ်နိုင်ဘူး မေမေရာ။ အဲလို မလုပ်ပါနဲ့။ သား သူနဲ့ သေချာညှိပြီးသားပါ။ သူကလည်း …"

"တိတ်စမ်း … နေမင်းချို။ ဆက်မပြောနဲ့တော့"

မေမေက ဒေါသသံအပြည့်ဖြင့် အော်လိုက်လျှင် သူက မေမေ့ကို အံ့သြစွာကြည့်မိသည်။ မေမေ ဘာကြောင့် ဒီလောက်တောင် ဒေါသတွေကြီးကာ ဝတ်လှာအပေါ် ခါးသီးနေရလဲ ဆိုတာ ဘယ်လိုမှ စဉ်းစားလို့ မရတော့ချေ။ အခုလည်း ဝတ်လှာ ရန်ကုန်ကို ရောက်နေတာ ဘယ်လိုတွေသိပြီး ဘယ်လိုတွေသွားပြောလိုက်လည်းတော့ မပြောတတ်ပါ။ သူ့ကို ချက်ချင်းပင် ဒေါက်တာမြင့်ကောင်းရဲ့သမီးနဲ့ ပေးစားတော့မယ် ဆိုတာတွေ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ခြည်း ပြောင်းလဲသွားသော အခြေအနေများကြောင့် သူ တော်တော်စိတ်ရှုပ်နေရပါသည်။

"မေမေ"

"ဘာမှ ထပ်မပြောနဲ့။ ဒီမိန်းကလေးက တကယ်ကို သွေးအေးအေးနဲ့ ရက်စက်ပြီး ငါ့ကို အသေသတ်မယ့် မိန်းကလေးမျိုးပဲ"

"မဟုတ်ပါဘူး မေမေရယ်။ ဘာဖြစ်လို့ ဝတ်လှာကို အဲလိုတွေ အထင်မြင် လွဲနေရတာလဲ။သူ့ဟာသူ အေးအေးနေတဲ့သူပါ။ မေမေနဲ့ ဘာမှအဆင်မပြေစရာ အကြောင်းလည်း မရှိပါဘူး"

"ဘာလို့ မရှိရမှာလဲ။ သူ ငါ့ကိုကြည့်တဲ့ မျက်လုံးတွေက ထိမထင်တဲ့ မျက်လုံးတွေ၊ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူးဆိုတဲ့ မျက်လုံးတွေ အဲဒီမျက်လုံးတွေကို လုံးဝမကြိုက်ဘူး ...

သူ့ကို တစ်ခါတွေ့လိုက်တိုင်း တစ်ခါ အမုန်းတိုးတယ်။ ဘယ်နေရာကမှ မနှစ်မြို့ဘူး။ မေမေ စကားအကုန်ပြောလိုက်မယ်။ သူ့ကို ချွေးမ လုံးဝမတော်နိုင်ဘူး"

"မေ ... မေ"

သူက ထိတ်လန့်ချောက်ချားစွာ ကြည့်လိုက်လျှင် မေမေက သူ့ကို အလျှော့မပေးဘူး ဟူသော ပုံစံဖြင့် တန်ပြန်စိုက်ကြည့်နေသည်။





"ဘာလို့လဲ မေမေ။ သားကို ပြောပါ။ ဝတ်လှာကို ချွေးမမတော်ချင်တာ ဘာအကြောင်းကြောင့်လဲ"

"အကြောင်းတရားတွေက အများကြီး။ အေး ... ပြောရရင်တော့ သူ့ကို မေမေ စတွေ့တည်းက သဘောကျခဲ့တာ ...

သူ့ပုံစံကို သဘောမကျတာ။ လောကကြီးအကြောင်းကို မေမေတို့ထက်တောင် ကျေညက်နေတယ်ဆိုတဲ့ သူ့ပုံစံကို မကြိုက်ဘူး ...

ပြီးတော့ မိဘဘယ်သူဘယ်ဝါဆိုတာလဲ မပြောနိုင်၊ မိဘဆွေမျိုးဆိုတာလည်းမရှိ။ သူ့အကြောင်း ဘာဆိုဘာမှ မသိရတဲ့ မိန်းကလေးတစ်ယောက်ကို မေမေရဲ့ တစ်ဦးတည်းသော ချွေးမအဖြစ် ဘယ်လိုမှ လက်မခံနိုင်ဘူး ...

ခုပဲကြည့်လေ။ ယောက်ျားလေးတစ်ယောက်နဲ့ တစ်မြို့တစ်ရွာကို လိုက်လာရဲတဲ့၊ အဲဒီယောက်ျားလေးပိုင်တဲ့ အခန်းမှာ တစ်ယောက်တည်း နေတယ်ဆိုတဲ့ မိန်းကလေးရဲ့ အနေအထိုင်ကို မေမေ ဘယ်လိုအထင်ကြီးရမလဲ ...

သူ့မှာ ဆိုဆုံးရမယ့် မိဘရှိရင် ဒီလိုလုပ်လို့ရမလား။ ခုတော့ အကွပ်မရှိတဲ့ကြမ်း၊ ပရမ်းပတာပဲ"

"မဟုတ်ဘူး မေမေ။ သူ လိုက်လာတယ် ဆိုတာလည်း သားနဲ့ ကားကြုံရှိတုန်း ရန်ကုန်ကို အလည်လိုက်လာတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ တည်းတာထက်စာရင် သားအခန်းမှာတည်းတာက သူ့အတွက် ပိုပရိုက်ဗေးဆီဖြစ်မယ် ထင်လို့ပါ ...

ပြီးတော့ မြို့ထဲမှာဆိုတော့ သား မအားတဲ့အခါ သူ့ဟာသူ လျှောက်သွားလို့ရအောင်ပါ။ ဝတ်လွှာကို အထင်မလွဲပါနဲ့ မေမေ။ သူက မေမေ ထင်သလို ပေါ့သွမ်းတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး ...

သူ့ခြေထောက်ပေါ်သူ ရိုးရိုးသားသားရပ်တည်ပြီး ကောင်းကောင်းမွန်မွန် နေ,နေတာပါ။ သူ့မှာ မိဘတွေ မရှိတော့တဲ့အတွက် နည်းနည်းစိတ်ဒဏ်ရာ ရနေတဲ့သဘောပါ"

သူ ဘာပဲပြောပြော မေမေက နားမဝင်နိုင်စွာဖြင့် ခေါင်းတွေကို ခါယမ်းသည်။

"ဘယ်လိုပဲဖြစ်ဖြစ် သား။ သူကိုယ်တိုင် မေမေ့ကို ပြောပြီး သား။ သားကို သူ အဆက်ဖြတ်တော့မှာ"

မေမေ့စကားက သူ့နားထဲတွင် ဗုံးတစ်လုံးကွဲသလို ဖြစ်သွားသည်။

သူ အံ့ဩ အငိုက်မိနေပုံကို မေမေက အောင်နိုင်သူ သဖွယ် ပြုံးကြည့်နေလေသည်။

"မေမေ ဘာတွေပြောနေတာလဲ မေမေရာ"





"အမှန်တွေပဲ သား။ ဒီမိန်းကလေးဟာ သားကိုလည်း တကယ် နှစ်နှစ်ကာကာ ချစ်ပုံမပေါ်ပါဘူး ...

သားနဲ့ပတ်သက်ပြီး ဘာတစ်ခုမှလဲ အလေးမထားဘူးဆိုတာ သူနဲ့ စကားပြောကြည့်တာနဲ့တင် မေမေ သိခဲ့ရပြီ ...

ဒီတော့ သူ့ကို အဲလောက် အစွဲလမ်းမထားပါနဲ့။ သားနဲ့သူဟာ ပြဒါးတစ်လမ်း သံတစ်လမ်းပါ။ သား ယမုံနဲ့ပဲ လက်ထပ်ပါ"

"ဟာ ... ဘာလို့ လက်ထပ်ရမှာလဲ မေမေကလည်း။ သားမှ သူ့ကို မချစ်တာ ...

ပြီးတော့ ... သားအနေနဲ့ ဒီလိုအရေးတကြီး လက်ထပ်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဟဲ့ ... ဘာလို့မရှိရမှာလဲ။ မင်းကို မိန်းမကောင်းကောင်း မရသေးခင် မင်းဘဝ အခြေတကျ မဖြစ်သေးသရွေ့ ငါ ဘယ်လိုလုပ် စိတ်ချရမှာလဲ။ မင်းဘဝ အခြေတကျဖြစ်နေတာကို ငါ အမြင်ချင်ဆုံးပဲ။ နားလည်လား"

"အဓိပ္ပာယ်မရှိတာပဲ မေမေရာ"

"နေမင်းရို ... မင်း ဘာဖြစ်လို့ မအေ စိတ်မချမ်းသာတာကိုပဲ ရွေးချယ်ချင်နေရတာလဲ။ ခုချိန်ထိ ငါ့ဆန္ဒကို ဘာလို့ မလိုက်လျောချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မေမေလည်း သားကို နားလည်ပေးဦးလေဗျာ"

သူက မပြောစဖူး ခပ်ဆတ်ဆတ် ဆိုမိလျှင် မေမေက သူ့ကို အံ့သြတကြီး စိုက်ကြည့်သည်။ ပြီးတော့ ဒေါသပေါက်ကွဲလာသော မျက်နှာဖြင့် ...

"မင်း ဘာလို့ ငါ့ကို အတိုက်အခံ လုပ်နေတာလဲ နေမင်းချို။ ဟင် ... ? မိန်းမတစ်ယောက်အတွက်နဲ့ တစ်သက်လုံး ကျွေးမွေးပြုစုလာခဲ့တဲ့ အမေကို ဆန့်ကျင်ရဲ ပြောထွက်ရဲနေပြီပေါ့ ... ဟုတ်လား ...

မင်း မှတ်ထားစမ်း။ မင်း ပြင်ဦးလွင်ကို လုံးဝပြန်မသွားရဘူး။ ဒီနေ့ကစပြီး ရန်ကုန်ကနေပြီး ဘယ်မှမသွားရဘူး"

"မေမေ အဲလိုမလုပ်ပါနဲ့။ အဲလိုတွေ ဖွတ်လုပ်နေမယ်ဆိုရင် သား ဒီအိမ်ပေါ်က ဆင်းရလိမ့်မယ်"

သူက စိတ်ပျက်လက်ပျက်နှင့်ပြောကာ ချာခနဲလှည့်ထွက်လာခဲ့သည်။ ဆက်ပြောနေလျှင်လည်း ဘယ်လိုမှ စိတ်ချမ်းသာစရာ ကောင်းတော့မှာ မဟုတ်ဆိုတာ သိနေ၍ဖြစ်သည်။ သို့သော် သူ့ခြေလှမ်းများ သုံးလေးလှမ်းလောက်ပဲ လှမ်းရသည်ရှိသေး။ ဝုန်းခနဲ ပြိုလဲသံကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်လျှင် သူ့အမေကို လဲကျနေသော ပုံလျက်သား အနေအထားဖြင့် တွေ့လိုက်ရလေသည်။





"မေမေ"

သူက အော်ခေါ်ပြီး အပြေးသွားကာ မေမေ့ကို ပွေ့ယူလိုက်သော်လည်း မေမေက မလှုပ်တော့ချေ။ သူက ဒိန်းခနဲ ဆောင့်ခုန်သွားပြီး စိုးရိမ်ပူပင်စိတ် အပြည့်ဖြင့် မေမေ့ကို လှုပ်ခေါ်မိသည်။

"မေမေ ... မေမေ။ သတိထားပါဦး"

မေမေက တစ်ချက် လူးလွန့်သလို ဖြစ်လာပြီး အသက်ရှူမဝသလို ပုံစံမျိုးဖြင့် ပြန်လည်ငြိမ်သက်သွားသည်။ သူက စိတ်ဆင်းရဲမှုအပေါင်းဖြင့် အံကိုတင်းတင်းကြိတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂၇

ဝတ်လွှာသည် အနည်းငယ်မျှသော ပစ္စည်းတွေကို သိမ်းဆည်းရင်းမှ စားပွဲပေါ်မှာ တင်ထားသောဖုန်းကို တစ်ချက်ကြည့်ကာ သက်ပြင်းရှိုက်မိသည်။ မနေ့က သူ့အမေ ဝတ်လွှာဆီ လာခဲ့သည်။ လာပြီးသည့်နောက် သူ့ဆီသို့ ဝတ်လွှာ ဖုန်းမဆက်ခဲ့ပါ။ သူ ဆက်လာမည့်အချိန်ကို စောင့်နေခဲ့တာ ဖြစ်သည်။ သို့သော် ... သူလည်းပဲ ဆက်မလာခဲ့ချေ။ မဆက်တာမှ ထိုနေ့တစ်နေ့လုံးရော၊ နောက်တစ်နေ့ (ဒီနေ့)နေ့လယ်ထိပါ ဆက်မလာခဲ့ပေ။ ဝတ်လွှာ ရန်ကုန်မှာလည်း နေချင်စိတ် မရှိတော့ချေ။

ဒါကြောင့် ကားလက်မှတ် လှမ်းမှာပြီး ပစ္စည်းတွေသိမ်းဆည်းနေခြင်းဖြစ်သည်။ ခုချိန်ထိ ဖုန်းဆက်မလာသော သူ





ဟာ သူ့အမေရဲ့စကားကို တစ်သဝေမတိမ်းနားထောင်ပြီး ဖုန်းမဆက်ခြင်းပဲဟု မှတ်ယူကာ ဝတ်လွှာသည်လည်း ဖုန်းဆက်ချင်စိတ် မရှိပါချေ။ အစတည်းက ကြိုတင်မျှော်လင့်ပြီးသား ဖြစ်ပေမယ့် ဘာကြောင့်မှန်း မသိဘဲ ရင်ထဲမှာ နာကျင်နေပါသည်။ တကယ်ဆို သူ့အမေ ရောက်လာတာ သူသိလျှင် ဝတ်လွှာကို သူ ဖုန်းဆက်ရမည်။ မရောက်လာတာ သိလျှင်လည်း ဝတ်လွှာကို ဖုန်းဆက်ရမည် မဟုတ်ပါလား။

ရန်ကုန်မှာ သူကလွဲပြီး ရင်းနှီးမိတ်ဆွေ တစ်ဖုံတစ်ရာ မရှိဘူးဆိုတာ သိလျက်နှင့် ဝတ်လွှာကို လာတွေ့ဖို့နေနေသာသာ ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရတာကတော့ ...။ ဝတ်လွှာ ဆက်မတွေးချင်တော့ပါ။ အင်းလေ ... ဒီလိုပဲ ဖြစ်သင့်တာပေါ့။ ဒါက အဖြစ်သင့်ဆုံးပါပဲ။

ဒါပေမဲ့ ဝတ်လွှာက ဒီအိမ်ခန်းရဲ့သော့ကို သူ့ကိုပေးဖို့ရာ ရှိသေးသည်။ ဝတ်လွှာသည် ကျစ်ခနဲ စုတ်သပ်ကာ နောက်ဆုံးတော့ သူ့ဖုန်းကို ခေါ်လိုက်သည်။ ကြားလိုက်ရသောအသံသည် ဝတ်လွှာကို အံ့ဩထူးဆန်းသွားစေပါသည်။

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသည်ရှင် xx Sorry ... "



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လွှာသည် ဖုန်ကိုနားမှာကပ်ထားရင်း အသက်နှတ်ခံထားရသူလို တိတ်ဆိတ်သွားသည်။ ဒီလောက်တောင် ဖြစ်သွားပြီလား။ လိုလို့လား။ ဒီလောက် လိုလို့လားကွယ်။ ဝဲတက်လာသော မျက်ရည်စများကို အသာပုတ်ခတ်ပစ်ရင်း ဝတ်လွှာက ခေါင်းကိုမော့်ပစ်လိုက်သည်။ ကိစ္စမရှိချေ။ သော့က ပြင်ဦးလွင်ထိယူသွားပြီး သူတို့ဟိုတယ်က သူ့မန်နေဂျာကို အပ်လိုက်လျှင်လည်း ရတာပဲဖြစ်သည်။ ဝတ်လွှာက အဆုံးသတ်အကျိုကို လတ်ဂေ့ရျ်ထဲသို့ ပစ်ထည့်ပြီးနောက် ဇစ်ကို ပိတ်ချလိုက်သည်။ ပြီးတော့ မတ်တတ်ထရပ်ရင်း အသက်ကို ဝဝရှူမိလေသည်။

♣ ❤ ♣





နေမင်းချိုသည် မှန်ချပ်ကြီးမှတစ်ဆင့် ထွင်းဖောက်မြင်နေရသော ဗန်ကောက်မြို့တော်ကြီးရဲ့ရှုခင်းကို ကြည့်နေသော်လည်း သူ့စိတ်တွေက ဒီမှာရှိမနေခဲ့ပါ။ ဝတ်လွှာကို သတိရနေမိ၏။ ခုချိန်ဆို ဝတ်လွှာ ဘယ်ရောက်နေမလဲ။ ပြင်ဦးလွင်ကို ပြန်သွားလောက်ပြီလား။ ပြန်တော့ ပြန်မည်ထင်သည်။ သူက လက်ထဲကဖုန်းလေးကို ပွတ်သပ်ကြည့်ပြီးသော်လည်း တကယ်တမ်း ဆက်ပြီးရင် ဘာပြောရမှန်းလဲ မသိပါ။ နေကောင်းလား၊ အခု ဘယ်မှာလဲ၊ ပြင်ဦးလွင်ကို ပြန်ရောက်သွားပြီလား စသော မေးခွန်းစကားတွေထက် အရေးပါသော၊ အရေးကြီးသော စကားတွေကို ပြောချင်သည်။ ဒါပေမဲ့လည်း သူ့မှာ ပြောစရာစကား မရှိပါ။

သူက ပင့်သက်တစ်ချက်ရှိုက်ပြီး နောက်ဘက်သို့ လှည့်ကြည့်လိုက်လျှင် ခုတင်ပေါ်မှာ မေမေက အိပ်မောကျနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးခဲ့တဲ့မိနစ်ပိုင်းက ဖြစ်ပျက်ခဲ့သလို အဖြစ်အပျက်တွေကို သူက ကွက်ကွက်ကွင်းကွင်း မြင်တုန်းပဲ ဖြစ်သည်။ သူနဲ့ စကားများပြီးနောက် မေမေ လဲကျသွားခဲ့သည်။ လဲကျတာက ရိုးရိုးလဲကျတာ မဟုတ်ဘဲ **Heart Attack** ရခြင်းဖြစ်ကာ ချက်ချင်းပဲ ဆေးရုံတင်ရသည်။ နှလုံးတိုက်ခိုက်ခြင်း ခံရသော လူနာများဟာ လေးဆယ့်ငါးရက်ကျော်မှ (မကျော်မခြင်း) စိတ်မချရလေရာ မေမေ့ရဲ့နှလုံးအထူးကုက မေမေ့ကို ဗန်ကောက်သို့ ပို့လိုက်တာ ဖြစ်သည်။

"ဒီအချိန်မှာ လူနာ စိတ်ချမ်းသာဖို့ကိုပဲ အတတ်နိုင်ဆုံး ဂရုစိုက်ပါ။ လူနာရဲ့အခြေအနေက သိပ်စိတ်မချရသေးလို့ ပါ"

ဒီကဆရာဝန်တွေကလည်း အဲဒီလိုပဲ ပြောသော အခါ သူသည် ဘာမှမပြောနိုင်တော့ပါ။ မေမေ သတိရလာပြီး သူ့ကို ဘာစကားမှ မပြောသောအခါ သူက မေမေ့လက်ကိုကိုင်ပြီးတော့ စကားတစ်ခွန်း ပြောပေးခဲ့ပါသည်။

"မေမေ နေကောင်းအောင်နေပါ။ ဘာမှ မစဉ်းစားပါနဲ့။ သား မေမေစိတ်ချမ်းသာဖို့ အားလုံးလုပ်ပေးပါ့မယ်နော်။ မေမေ နေကောင်းဖို့က အရေးကြီးဆုံးပဲ။ ကျန် ... ကျန်တာတွေက ဘာမှအရေးမကြီးပါဘူး မေမေ"





မေမေက သူ့ကို မယုံသင်္ကာသလို အကဲခတ်ကြည့်သေးသည်။ သူက မေမေ့လက်တွေကို မလွှတ်သေးဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ရင်းမှ ...

"**Promise** ပါ မေမေ။ သား ကတိတစ်လုံးကို လွယ်လွယ် မပေးတတ်တာ မေမေ သိပါတယ်"

အဲဒီခါမှ မေမေ့ရဲ့နှုတ်ခမ်းတွေက ယောင်ယောင်လေး ပြုံးလာခဲ့တာဖြစ်သည်။ ဒီအပြုံးလေး ရဖို့အတွက် သူ့နှလုံးသားတစ်ခုလုံး ပေးလိုက်ရတာတော့ သူကိုယ်တိုင် အသိဆုံးပါပဲ။ ဒတ်လွှာသည်လည်း ထူးဆန်းနားလည်ရခက်သော နှလုံးသားကို ပိုင်ဆိုင်ထားပြီးမှတော့ သူ့အတွက် ရွေးစရာလမ်း မရှိပါချေ။ ဒါပေမဲ့ သူကိုယ်တိုင် ရန်ကုန်မြို့သို့ အလည်ခေါ်လာခဲ့သော ချစ်သူ မိန်းကလေးတစ်ယောက်ထံ ဒီအချိန်မှာ ဘယ်လိုပဲဖြစ်ဖြစ် ဖုန်းဆက်ရပါမည်။ သူက ဝတ်လွှာ ကိုင်ဆောင်ထားသော ဖုန်းနံပါတ်တို့ကို နှိပ်လိုက်သည်။ လိုင်းဝင်သွားတဲ့အချိန်မှာ သူ့နှလုံးသားတွေ တဒိတ်ဒိတ် ခုန်နေခဲ့သည်။ သူမဆီကို ပထမဆုံးဖုန်းဆက်တုန်းက ဗီလင်ကို ပြန်သတိရမိလေသည်။

**Ring** မြည်သံ သုံးချက်အပြီးမှာပဲ သူမက ဖုန်းကို ဖွင့်ထူးသည်။ သူမ မသိသော နံပါတ်အစိမ်းတစ်ခုအတွက် ဟယ်လိုထူးသံက သက်သောင့်သက်သာ ရှိလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လွှာ ... ကိုယ်ပါ"

သူမဘက်မှ ခေတ္တတော့ တိတ်ဆိတ်သွားသည်ဟု ထင်သည်။ သို့သော် ချက်ချင်းပဲ ပြန်လည်စကားပြောလာပါသည်။

"အင်း ... ပြောလေ နေမင်းချို"

"ဝတ်လွှာ ပြင်ဦးလွင်မှာလား"

"ဟုတ်တယ် နေမင်းချို။ သြော် ... ရှင့်အခန်းသော့ကို ကျွန်မ ရှင်တို့ဟိုတယ်က မန်နေဂျာဆီမှာ အပ်ပေးထားတယ်။ ရှင့်ဆီမပြန်ခင် ဖုန်းဆက်ပါသေးတယ်။ ရှင့်ဖုန်းက စက်ပိတ်ထားတယ်ဆိုလို့"

သူမအသံက အရိပ်ကဲဖမ်းရခက်စွာ ဘာအရောင်အဆင်းမှ ရှိမနေပါ။ ပုံမှန်ဆိုလျှင် သူ့ကို စိတ်ဆိုးရမည်။ ဒေါသထွက်ရမည်။ ခနဲ့ရမည်။ ရွဲ့ရမည်။ ပေါက်ကွဲရမည်။ အော်ဟစ်ရမည် စသဖြင့် ... စသဖြင့် ချစ်သူမိန်းကလေးတို့ လုပ်တတ်သော အခွင့်အရေးများအားလုံး သူမမှာ လုပ်ပိုင်ခွင့်ရှိလေသည်။ သို့သော် ဘာမှမဖြစ်ခဲ့သည့်အလား ဘယ်လိုခံစားချက်မျိုးမှ ရှိမနေသည့်အလား။ အင်းလေ ... အဲဒါကြောင့်လည်း ကမ္ဘာပေါ်မှာ နားလည်ရအခက်ဆုံး မိန်းမဟာ နွေဝတ်လွှာ ဖြစ်နေရတာပေါ့။

"ဆောရီး ဝတ်လွှာ။ ကိုယ် စိတ်မကောင်းပါဘူး"

"ဘာကို စိတ်မကောင်းတာလဲ"



"အရာအားလုံးအတွက်ပါ။ ကိုယ် အခု ဗန်ကောက်မှာလေ၊ မေမေ ဆေးရုံတက်နေရတယ်"

သူမထံက စကားသံမကြားရပါ။ အသက်ရှူသံသဲ့သဲ့ကိုတော့ ကြားနေရသည်။ ဝတ်လွှာရေ ... ကိုယ်တို့တွေ တစ်စတစ်စနဲ့ ဝေးကွာသွားရတော့မယ်။ အံ့သြစရာကောင်းစွာ မင်းက အနာဂတ်ကို ကြိုမြင်သူတစ်ယောက်လား။ ကိုယ်နဲ့ပတ်သက်ပြီး ခွဲခွာခြင်းကို ကြိုတင်ပြင်ဆင်ထားခဲ့လို့လေ။

"အဲဒီနေ့က ဝတ်လွှာဆီက ပြန်လာပြီး ကိုယ်နဲ့မေမေ စကားများကြတယ်။ နောက်တော့ မေမေ Heart Attack ရတယ်။ အခု ကိုယ် ဗန်ကောက်မှာ မေမေ့ကို ဆေးရုံတင်ထားရတယ်လေ"

သူမထံမှ စကားသံ ဘာမှထွက်မလာပါ။ တကယ်ဆိုရင် ပြောစရာစကားတွေ အများကြီးရှိတာပဲ မဟုတ်လား။ ရှင့်အမေက ကျွန်မကို ဘာတွေပြောသွားတယ် ဆိုတာတွေ၊ ကျွန်မ ခံစားချက်က ဘာတွေဆိုတာတွေ။ ပြောမယ်ဆိုရင် ပြောစရာစကားတွေက အများကြီးဖြစ်သည်။ ဒါပေမဲ့ ဝတ်လွှာသည် ဘာစကားတစ်ခွန်းမှ မပြောပါ။

"ဝတ်လွှာ ... ကိုယ့်ကို ပြောစရာ မရှိဘူးလား"

"အထွေအထူး မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြေသော လေသံလေးက ပါးလျလျလေး ဆို ပေမယ့် သူ့ရင်ထက်ကို ဓားသွားနှင့် ခွဲချလိုက်သလိုပဲဖြစ်သည်။ အထွေအထူး မရှိဘူး ဆိုပါလား ဝတ်လှာရယ်။

"ဝတ်လှာ"

"ပြောလေ"

"ကိုယ့်ကို နားလည်တယ် မဟုတ်လား"

"ရှင့်ကို ကျွန်မ အမြဲနားလည်ပေးထားတာပဲ နေမင်းရို ရယ်"

အဲဒီလိုပြောသံလေးဟာ တကယ်ကို ရင်ထဲကလာ သော ေဂ ား မှန်း သိသာသေချာနေတာမို့ သူ့ရင်ထဲတွင် ထစ်ခနဲ ဖြစ်သွားသည်။ ဆက်ပြီး ပြောလိုက်သော ဝတ်လှာရဲ့စကားသံ ကြောင့် သူ့နှလုံးသားတစ်ခုလုံး ပြုတ်ကျသွားသလို ခံစားလိုက်ရ သည်။

"အစတည်းက ကျွန်မ ပြောခဲ့တာပဲ။ ကျွန်မက ရှင့်ကို ချစ်ရုံသက်သက်ပဲ ချစ်ခဲ့တာ။ ဘာမျှော်လင့်ချက်မှ မပါဘဲ ချစ်ခဲ့တာ။ ကျွန်မဟာ ရှင့်အတွက် ဘယ်တော့မှ ဝန်ထုပ် ဝန်ပိုး မဖြစ်အောင် ချစ်ခဲ့တာ။ ဒီတော့ ကျွန်မနဲ့ပတ်သက် ပြီး ဘယ်လိုကြောင့်ကြမှုမျိုးမှ မဖြစ်ဘဲနဲ့ ရှင့်အတွက် အရေးကြီးတယ်လို့ ထင်တဲ့အရာတွေကို ရဲရဲဝံ့ဝံ့ လုပ်ပါ ...

အဲဒီအတွက်လည်း ကျွန်မ ကျေနပ်ပါတယ်"





"ဝတ်လှာရယ်"

သူ့ရဲ့မရိုတင်ခဲ့သံအဆုံးတွင် သူမဘက်မှ တိတ်ဆိတ် သွားသည်။ ခဏကြာတော့မှ သက်ပြင်းရှိုက်သံလား သက်ပြင်းချ သံလား မသဲကွဲသော အသံတစ်ခုကို ကြားလိုက်ရပြီးလျှင် ...

"ကျွန်မ အဆင်ပြေပါတယ် နေမင်းရို။ ရှင်လည်း အဆင်ပြေ အောင်နေပါ။ အင်း ... ဒါဆို ကျွန်မ ဖုန်းချလိုက်တော့ မယ်နော်"

သူက ဘာမှပြန်မပြောမိခင်မှာပဲ သူမက ဖုန်းချလို့ သွားခဲ့သည်။ အဲဒီဖုန်းသံလေးရဲ့ အဆုံးမှာတော့ သူ့နှလုံးသားသည် ဟိုး ... အသူတရာချောက်နက်ကြီးထဲသို့ ထိုးကျသွားလေသည်။

✤ ❤ ✤



www.burmeseclassic.com

www.burmeseclassic.com



## "ခြောက်လခန့် ကြာသောအခါ"

"မိုးမိုးရေ ... တို့ဟူးကြော်လို့ ပြီးပြီလား။ ခဏနေ ညှို့သည်တွေ ရောက်တော့မှာနော်"

"ဟုတ် ... ပြီးပါပြီ အန်တီ။ ဆယ်ပြီး ဆီစစ်ထားပါတယ်"

"အေး ... ပြီးရော။ ကြက်ရိုးဟင်းချိုလေးလည်း သေချာ ရွှေးထား"

"ဟုတ်ကဲ့ ... အန်တီ"

"ချစ်စုနဲ့ ဂျမ်းဘုံက အသီးနှံတွေနွှာပြီး သေချာလေး လှီးထားဟော့။ ပြီးရင် ရေခဲသေတ္တာထဲ ထည့်ထားလိုက်"

"ဟုတ်"

သူက အိမ်ပေါ်ထပ်မှ ဆင်းလာရင်း ကြားလိုက်ရသော အသံများကြောင့် အသာပြုံးမိသည်။ မေမေရယ်လေ ...





အိမ်က ကောင်မလေးများနဲ့ အပြန်အလှန် စကားပြောနေပြီး ရွှင်လန်းတက်ကြွနေတဲ့ပုံစံကို မြင်ရတာ သူ တကယ်ပဲ စိတ်ချမ်းသာပါသည်။ မေမေလည်း စိတ်ချမ်းသာ ပျော်ရွှင်နေခဲ့သည်။ မေမေ ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ကတိပေးလိုက်လျှောခဲ့ပြီးတဲ့ နောက်ပိုင်းမှာ မေမေက ယမုံနှင့် သူ့ကို လက်ထပ်ပေးဖို့အတွက် ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကြီးများကို စီစဉ်နေသည်။ ဒီနေ့ အလုပ်အားလပ်ရက်ဖြစ်သော ဆန်းဒေးဖြစ်သည့်အတွက် ဒေါက်တာမြင့်ကောင်းတို့ သားအဖကို မေမေက အိမ်မှာမုန့်လာစားဖို့ ဖိတ်ထားသည်။ ရှမ်းခေါက်ဆွဲ လုပ်ကျွေးဖို့ စီစဉ်ထားတာ ဖြစ်ပြီး ဖိတ်စာရေးဖို့ကိစ္စလည်း ဆွေးနွေးကြမည်ဖြစ်သည်။

မေမေက လှေကားထစ်က ဆင်းလာသော သူ့ကို မြင်လျှင် အပြုံးနှင့်မော့ကြည့်ကာ ...

"သားတောင် ဆင်းလာပြီ။ ဆာပြီလား သား"

"မဆာသေးပါဘူး။ မေမေ မောနေဦးမယ်နော်။ နေမကောင်း ဖြစ်ဦးမယ်"

"အမယ်လေး ... မမောပါဘူးတော်။ နေလည်း ကောင်းမှ ကောင်း။ ငါ့သားလေးက မေမေ့ကို စိတ်ချမ်းသာအောင် ထားတာပဲ။ နေကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက ဘာမှပြန်မပြောတော့ဘဲ ပြုံးရုံသာ ပြုံးနေလိုက်တော့သည်။ တစ်ယောက်ယောက်က တစ်ခုခုပြောလိုက်လျှင် သိပ်အကြောင်းထူးကိစ္စမရှိဘဲ စကားပြန်မပြောတတ်ကာ ပြုံးပဲပြုံးနေတတ်သူ တစ်ယောက်ရဲ့အကျင့်တွေက သူ့ထံသို့ ကူးစက်ခဲ့ပြီလား မပြောတတ်ပါ။ အခုနောက်ပိုင်းမှာတော့ သူဟာ စကားနည်းသွားလျက် ပြုံးပဲ ပြုံးနေတတ်ခဲ့သည်။

"ညနေကျရင် ယမုံနဲ့သား ဒီနိုင်နာဆီ သွားဖို့ရှိတယ်နော်။ ဖစ်တင်ပြန်ချိန်ရဦးမယ်။ ပြီးရင် ဖိတ်စာရွေးဖို့ သွားရဦးမယ် သိလား။ ဖြစ်နိုင်ရင် ဖိတ်စာကို ဗန်ကောက်ကိုမှာနိုင်း။ သူများနဲ့မတူတာတွေ ရွေး"

"မေမေရယ် ... မသိရင် မေမေလည်း ဝယ်ဒင်မန်နေဂျာ ဖြစ်နေပါပြီ။ သားဘာသာ ကြည့်လုပ်ပါ့မယ်။ မေမေ ပင်ပန်းနေမှာပေါ့။ အရမ်းကြီး serious မဖြစ်ပါနဲ့ မေမေရာ။ အဲဒါလည်း စိတ်ကို တစ်မျိုးပင်ပန်းစေတာပဲ။ မေမေ့ရောဂါက စိတ်လှုပ်ရှားခံတာ မဟုတ်ဘူးလေ"

"ဟုတ်ကဲ့ပါ ဆရာလေးရယ်။ ဟော ... ပြောရင်းဆိုရင်း ကားသံကြားတယ်။ ရောက်လာပြီနဲ့တူတယ်"

အဟုတ်ကိုပဲ သူတို့အိမ်ရဲ့ ပေါ်တီကိုအောက်သို့ ယမုံတို့သားအဖ စီးလာသော ကားလေးက ထိုးရပ်လာသည်။





သူနဲ့ မေမေက ကြိုဆိုရင်း ဧည့်ခန်းမှာထိုင်ကာ စကားပြောကြသည်။ ခဏနေတော့ ယမုံရဲ့အဖေ ဒေါက်တာမြင့်ကောင်းက စာရွက်လေးတစ်ရွက်ကို ထုတ်ပေးကာ ...

"ဖိတ်စာရိုက်ဖို့ စီစဉ်တော့မယ်လို့ ကြားတယ်လေ။ ဒါက ကျွန်တော့်ဘက်က ရေးရမယ့် နာမည်စာရင်းလေးပါ။ တစ်ချက်လောက် ကြည့်ကြပါဦး ဒေါ်ဝတ်ရည်ချို ...

ဪ ... ပြီးတော့လေ ကျွန်တော် ပြောစရာလေး တစ်ခုရှိပါတယ်။ ကျွန်တော့်ဘက်ကို ဖိတ်စာရိုက်တဲ့အခါမှာ ကျွန်တော့်သမီးကြီးနာမည်လေး ထည့်ရိုက်ခွင့်ပေးပါလို့"

"ဘယ်လို ... သမီးကြီး ! ဟုတ်လား။ ယမုံလေးက တစ်ဦးတည်းသောသမီး မဟုတ်ဘူးလား"

"ဒီလိုပါ။ ကျွန်တော့်မှာ ပထမအိမ်ထောင်နဲ့ရတဲ့ သမီးတစ်ယောက် ရှိပါတယ်။ ပထမအိမ်ထောင်နဲ့ ကွာရှင်းပြီးတော့ နောက်အိမ်ထောင်က ယမုံတို့အမေပါ။ အဲ ... နှစ်ယောက်လုံးကတော့ အခု ဆုံးသွားကြပြီဗျ ...

သမီးကြီးနဲ့က သိပ်တော့ အဆင်မပြေပါဘူး။ ကျွန်တော့် အမှားတွေကြောင့် သမီးက ကျွန်တော့်ကို စိတ်နာနေခဲ့တာ ခုချိန်ထိပဲ ဆိုပါတော့။ ဒါကြောင့် သူ့ကို အသိမှတ်ပြုတဲ့အနေနဲ့ အမှတ်တရ ထည့်ပေးချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ရပါတယ်။ ကိစ္စမရှိပါဘူး။ ကြည့်ရအောင်လေ"

မေမေက ဒေါက်တာမြင့်ကောင်းထံမှ စာရွက်လေးကို လှမ်းယူသည်။ ပြီးတော့ ဖတ်ကြည့်သည်။ အဲဒီနောက် ဆတ်ခနဲ မော့ကြည့်လာကာ အံ့သြသော မျက်နှာထားဖြင့် ...

"ဒေါက်တာနွယ်ဝတ်လွှာ ... ဆိုတာက"

"ဟုတ်ကဲ့ ... အခုနကပြောတဲ့ ကျွန်တော့်သမီးကြီး ဆိုတာပါ"

"သူ ... သူက ... ဒေါက် ... တာ"

မေမေက အထစ်ထစ် အငေါ့ငေါ့ဆိုရင် သူ့ဘက်သို့ လှည့်ကြည့်သည်။ သူသည်လည်း ချက်ချင်းပင် ရင်တွေ တဒိုင်းဒိုင်း ခုန်လာကာ ခြေဖျားလက်ဖျားတွေ အေးစက်လာသလို ခံစားရသည်။

"ဟုတ်ကဲ့။ သူက ဆရာဝန်ပါ။ ဒါပေမဲ့ ပရော်ဖက်ရှင်နယ်တော့ မလုပ်ဘူးဗျ။ သူက ပရဟိတသမား။ ရွာလေးတွေမှာလိုက်ပြီး အခမဲ့ကုပေးတာမျိုးပေါ့။ ဪ ... မောင်နေမင်းကလည်း ပြင်ဦးလွင်မှာ အလုပ်သွားလုပ်နေတဲ့သူဆိုတော့ သမီးဆိုင်ကိုတောင် သိရင် သိမှာပါ ...

ပြင်ဦးလွင် အဝင်နားက Nature House ဆိုတဲ့ ဆိုင်လေးက သမီး ဖွင့်ထားတာပေါ့"



BURMESE CLASSIC .com



မေမေသည် လက်ထဲမှ စာရွက်လေးကို မသိမသာ ဆုပ်မိသွားသည်ဟု ထင်သည်။ သူကတော့ ရှော့ခ်ရနေသူလို ဘာစကားမှ မပြောနိုင်ရှေး။ ယမုံက ပြောလာသော စကားတို့မှာ ဝါးတားတားပင်။

"ကိုကိုနဲ့ လက်ထပ်ပြီးရင် ဟန်းနီးမွန်းကို ပြင်ဦးလွင်ကိုပဲ သွားမယ်နော်။ မမနဲ့လည်း တစ်ခါတည်း တွေ့လို့ရအောင်ပေါ့။ ကောင်းတယ် မဟုတ်လား ကိုကို"

"ဪ ... အင်း ... ကောင်း ... ကောင်းတာပေါ့"

"ဒေါ်ဝတ်ရည်ရှို လက်ခံပေးတဲ့အတွက် ကျေးဇူးပဲဗျာ။ တကယ်တော့ သမီးကြီးက သနားစရာကောင်းပါတယ်။ သူ့အမေ ဆုံးသွားပေမယ့်လည်း သူ့ဟာသူ အောင်မြင်အောင် ရပ်တည်နိုင်တဲ့ မိန်းကလေးပါ။ ငယ်ငယ်တည်းက အမေနဲ့ပတ်သက်ပြီး စိတ်ဒဏ်ရာရခဲ့တော့ တစ်ခါတလေကျရင် သူ့အတွေးအခေါ်တွေက တစ်မျိုးတော့ ဖြစ်နေတတ်တယ်"

ဪ ... တစ်မျိုး ဖြစ်နေတတ်တယ်တဲ့လား။ သူက နာကျင်စွာဖြင့် တစ်ချက် ပြုံးလိုက်သည်။ သူ့ရဲ့မျက်လုံးထောင့်များ ရုတ်တရက် စိုစွတ်လာသည်ဟု ထင်ရ၏။ သူ၏မျက်လုံးများကို အပြီးတိုင် မှိတ်ချလိုက်ချိန်ဝယ် နှင်းဆီခင်းများသြား၌



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရှုပ်နေသော သူမကို လောကကြီးအား ကျေနပ်သည့်အပြုံး တစ်ခုဖြင့် လွမ်းမောဖွယ်ရာ တွေ့မြင်လိုက်ရလေသည်။

အားလုံးက မင်းကို ပေးဆပ်သူလို့ ထင်ကြေးပေးကြမယ် ဝတ်လွှာ။ တကယ်တော့ မင်းကသာ အားလုံးဆီက ရသွားခဲ့တာပါ။ ။

ဆုမွတ်မွန်မွန်

11-4-2012

3:30 (A:M)

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com